


PUBLISHING GROUP

လုံးချင်းဝတ္ထုရှည်

# ရင်မြတ်နိုး

ရင်ခုန်ခဲ့ဖူးတယ်

ခွင့်ပြုချက်အမှတ် - (၅၀၀၅၅၀၀၅၀၇)

ာ်နာဖုံးခွင့်ပြုချက်အမှတ် - (၅၀၀၅၄၃၀၅၀၇)

အကြိမ်၊ ၂၀၀၇ - ခုနှစ်၊ ဇွန်လ

င်ရေ - ၅၀၀၊ တန်ဖိုး - ၁၀၀ ကျပ်

ာ်နာဖုံးသရုပ်ဖော် - ပန်းချီ သိန်းရွှေကြည်

ပျူတာစာစီ - "စံ" ကွန်ပျူတာ

ာ်ဝေသူ - ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ် (၆၃)၊ ဩဘာလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။

ာ်နာဖုံးပုံနှိပ် - ဦးတိုးဝင်း (၀၂၄၃၁)

နေလရောင်အော့(ဖ်)ဆက်

အမှတ် (၉၆ - ခ) (၁၁)လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

တွင်းပုံနှိပ် - ဦးတင်မင်းလှ (လင်းလက်အိမ် အော့(

၂၂၂၂၊ (၃၅)လမ်း၊ ကျောက်တံတား၊

ပ်ချုပ် - ကိုတင်အေး (လှိုင်)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



လင်းလက်အိမ်စာပေ

# ရှင်မြတ်နိုး

ရင်ခုန်ခဲ့ဖူးတယ်





ာက်
ယက်

## အခန်း [ ၁ ]

ာ်ချင်
ာသည်။
ာ့လည်း
ဟင်း"

လှလိုက်တာ … မေမွန်ရယ်။

ဆောင်းတွင်းနံနက်ခင်းရဲ့ … ချမ်းအေးမှု..
အကာအကွယ်ပြုသည့် အနွေးထည်မထူမပါးစင်းကြားလေး တွေ့နှံကို
အတူ ဂျင်းဘောင်းဘီအကျပ်လေး ဝတ်ထားသော မေမွန့်ကိုကြည့်
ခင်း သူစိတ်ထဲမှာ လိုက်လှဲစွာပြောမိခြင်း ဖြစ်ပါသည်။

အိမ်နီးချင်းငယ်သူငယ်ချင်းတွေဆိုတဲ့ ခင်မင်မှု
အတိုင်းအတာလေးအတွင်း မေမွန်သည် တစ်နေ့တခြား ပိုပိုပြီး ဖွံ့
ဘွားကာ အလှကြီးလှလာတာမို့ ထိန်းချုပ်ထားရတဲ့ … စည်းက
လေးက ကျိုးပေါက်ချင်ချင် … ။ နေ့စဉ်မြင်တွေ့နေရသော်လည်း
အပြောင်းလဲကြီး ပြောင်းလဲလာတဲ့ မေမွန်သည် သူမျက်လုံးထဲတွင်
ဘယ်သောအခါမျှ ရိုးအီမသွားပါချေ။

အဲ့ဒီလိုဖြစ်နေရခြင်းကလည်း ... မေမွန်ကိုယ်တိုင်က အမြဲဆန်းသစ်လန်းဆန်းတက်ကြွအောင် ပြင်ဆင်မှုကလေးတွေနှင့် ဆွဲဆောင်နေခဲ့သည်လေ။ ဖြူဥဝင်းနှစ်နေသော အသားအရည်လေးနှင့်အတူ သေးသွယ်သွယ် မျက်ခုံးတန်းရှည်လေးတွေ၊ ပိုင်းနက်က်မျက်ဆံလေးပါသော ကော့ရွန်းလက်နေသည့် မျက်ဝန်းလေးဒ ... နှာတံချွန်ချွန်လေးတွေ၊ နှုတ်ခမ်းပါးလေးတွေက မြင်ရသူးလုံး သမင်လည်ပြန်ငေးမောစရာကောင်းလောက်အောင်ပင်ခဲ့ပါ၏။

ရှေ့ဆုတောင်း ကောင်းသည်ဟု ပြောရလောက် မြင့်မားတဲ့အရပ်အမောင်းလေးနှင့်လိုက်ဖက်ကာ ခန္ဓာကိုယ်ကြောင်းလှလှတို့က သူနေရာနှင့်သူ ပြီးပြည့်စုံစွာ ပဏ္ဍာခဲ့သည်။ ဘယ်သွားသွား မျက်နှာပွင့်လန်းလွန်းသော မေမွန်ကို အမြဲ သဝန်တိုရသူက ဆွေသဟာဆိုတဲ့သူပါပဲ။

အဓိက ... ။

ကောင်လေးတွေနဲ့ ပတ်သက်ပြီး ပြဿနာတက် ရန်ဖြစ်ရတာ တကြိမ်းကြိမ်းပဲ ... ။ အဲ့ဒီလောက်တောင်ဖြစ်ရတဲ့အထိ လူငယ်တွေနှုတ်ဖျား မေမွန်က ရေပန်းစားခဲ့လေသည်။ လှပါတယ်ဆိုမှ ပို၍လှချင်ပချင်စိတ်များသော မေမွန်က ပုံစံဒီဇိုင်းမျိုးစုံနှင့် ရှိနေပြတော့ ပိုပြီးတော့တောင် ခက်ရတာပေါ့ ... ။

သူ ... ။





မေမွန့်ရဲ့ အလှအပလေးတွေကိုကြည့်ရင်း စိတ်တွေပြောင်းလဲနေရပြီ။ သိပ်ကိုလှပလွန်းတဲ့ မေမွန်ရဲ့ မျက်နှာလေးကို ငေးမောနေချင်စိတ်တွေ ပြင်းထန်နေခဲ့၏။ တစ်ယောက်တည်း သီးသန့်လေးပဲ ခံစားချင်မိသည်။ သူများတွေပိုင်းကြည့်လျှင် အသည်းဆတ်ဆတ်ခါအောင် နာနေတတ်၏။

မေမွန့်ရင်ထဲက အချစ်ပန်းပွင့်လေးကို တစ်ယောက်တည်း ပိုင်ဆိုင်ချင်စိတ်တွေ ပြင်းထန်လာသည်။ မေမွန်နဲ့ ပတ်သက်တဲ့ သေးမွှားတဲ့အရာလေးကိုကအစ ဆွေသဟာ လက်မလွှတ်ချင်ပါ။ ရူးသွပ်စွာပင် မက်မက်မောမောလေး ဖက်တွယ်နေမိသည်။

"ကြည့်လှချည်လား ... သဟာ၊ မျက်လုံးကြီးတွေလည်း ငါ့ဆီ ကျွတ်ထွက်ပြီး လာမှန်နေဦးမယ် ... ဟင်း ... ဟင်း"

မေမွန်က ကျောလယ်သာသာရှိ ဆံနွယ်ကလေးကို လက်ချောင်းသွယ်လေးနှင့် တစ်ချက်သပ်တင်လိုက်ရင်း ဆိုဖာခုံပုလေးတွင် ဝင်ထိုင်ကာ ရှူးဖိနပ်လေးစီးနေရင်းမှ သူ့ဆီ တစ်ချက်လှမ်းကြည့်လျက်ပြောပြီး ရယ်လေလျှင် ဆွေသဟာဆိုတဲ့ သူ့မျက်နှာလေး ရှက်သွေးလေး ရဲစိုသွားရသည်။ မေမွန့်အား တငေးတမော နိုးကြည့်နေတာကို မိသွားပြီလေ ... ။

"အပိုတွေပြောမနေနဲ့ မေမွန်၊ ကျန်းမာရေးအတွက် အပြေးလေ့ကျင့်ဖြစ်ပါဦးမလား ... မနက်စောစောစီးစီးလာနှိုးတာ၊ အလှတွေစွတ်ပြင်ပြီး ဟန်ရေးပြရအောင် မဟုတ်ဘူးနော်၊

အခုလိုကြည့်နေတာ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီ ထင်မနေနဲ့ ... စိတ်မရှည်တော့ဘူး"

"ဟာ ... သဟာကလည်း"

မနှစ်မြို့ဟန်လေးနှင့် မျက်စောင်းလေး လှမ်းထိုးတဲ့ မေမွန့်ကို ခပ်စူးစူးလေးပင် စိုက်ကြည့်နေမိသည်။ ဘာပဲပြောပြော မေမွန် တအားလှနေတာကိုတော့ အသိအမှတ်မပြုလို့ မရချေ ...။ ပြုံးနေတဲ့နှုတ်ခမ်းလှလှလေးတွေ၊ ဆတ်ခနဲကျရောက်လာတတ်တဲ့ မှုန့်ခဲ့ခဲ့မျက်စောင်းလေးက ရင်ခုန်စရာကောင်းလွန်း၏။

"ဖိနပ်စီးပြီးရင် သွားရအောင် ... မေမွန်"

"အေးပါ ... ဘယ်လိုဖြစ်လို့ လောနေတာလဲ ... အခုမှ ငါး နာရီပဲရှိသေးတဲ့ဟာကို ... "

"အခုလောက်မှ ... အတော်ပဲကွ၊ အားကစားကွင်းထဲမှာ လူရှင်းတာလေ ... "

"ဟယ် ... လူရှင်းနေရင် ကြောက်စရာကောင်းမှာပေါ့ ... သဟာရဲ့၊ ငါက သရဲအရမ်းကြောက်တာနော်၊ နည်းနည်းနောက်ကျမှသွားရအောင် ... "

"ဘာ ... "

"အမ်လေး ... "

ဆွေသဟာ့အော်သံကြီးက ဆောင့်ကြီးအောင့်ကြီး ထွက်လာတာမို့ အသံလေးထွက်ကာပင် ယောင်ယမ်းအော်မိသည်





အထိ မေမွန် လန့်သွားရသည်။ ဆောင်းနံနက်ခင်းသည် အမှောင်ထု ကြီးစိုးလွန်းပြီး နံနက်ငါးနာရီဆိုပေမဲ့ မှောင်မည်းနေဆဲပင် ...။

ဒီအချိန်ကြီးကိုသွားရမှာ ဘယ်လောက်ကျောချမ်းစရာကောင်းလဲလို့။ ဒါကို ဆွေသဟာ နည်းနည်းလေးမှ အရေးစိုက်ဟန်မရှိဘဲ ခပ်အေးအေးပင် သွားဖို့ဟန်ပြင်နေ၏။

"မေမွန်နော် ... မင်းရဲ့အကြောင်းကို မသိရင်ခက်သွားမယ်၊ လူများချိန်ကို တမင်စောင့်နေတာ မဟုတ်လား ... ဒါမှ ဟန်ရေးပိုပြလို့ကောင်းမှာလေ ... ဒီဇင်ဘာဇာတ်လမ်းလေး ရှာလို့ကောင်းမှာလေ ... မဟုတ်ဘူးလား"

"မဟုတ်တာ ... "

"ဘာမှစကားမရှည်နဲ့တော့ မေမွန် ... သွားမယ်ဆိုသွားမယ် ပဲ ... ထတော့ ... "

ပြောလည်းပြော ... ဆတ်ခနဲထရပ်လိုက်တဲ့ ဆွေသဟာ့ကြောင့် မေမွန် စိတ်လည်းညစ်ရ ... ရယ်လည်းရယ်ချင်သွားသည်။ ဆွေသဟာတစ်ယောက် အခုတလော ဘာတွေဖြစ်နေမှန်းပင် မေမွန် မစဉ်းစားတတ်အောင် ဖြစ်နေရတော့၏။

စိတ်သဘောထားပြည့်ဝကာ မေမွန့်ဆန္ဒအတိုင်း လွှဲမသွေ လုပ်ဆောင်ပေးတတ်သော ဆွေသဟာတစ်ယောက် အခုတလော စိတ်မရှည်စွာ ဟိန်းဟောက်တတ်လာသည်။ မှုန်ကုတ်ကုတ်လေးနှင့် ဒေါသထွက်နေတတ်၏။ သို့သော် ... ဆွေသဟာ

ဘယ်လိုပဲနေနေ ငယ်သူငယ်ချင်းဆိုသည့် သံယောဇဉ်လေးကြောင့် အရာအားလုံး စိတ်မဆိုးရက်ခဲ့ပါချေ ... ။

"ကဲ ... ပြီးပြီ သဟာ ... သွားကြစို့ ..."

ရှုံးဖိနပ်ဖြူဖြူလေးကိုစီးပြီးတာနှင့် ချက်ချင်း နေရာကနေ ထရပ်ကာ ဆွေသဟာ့နောက်လိုက်ဖို့ အသင့်ဖြစ်နေသော မေမွန့်ကိုကြည့်ပြီး ဆွေသဟာတစ်ယောက် ကျေနပ်သွားဟန်ရှိသည်။ စောစောကလို မျက်နှာထားကြီးတင်းမာမနေတော့ချေ။

အိမ်လေးထဲကနေ နှစ်ယောက်သား အပြင်သို့ထွက်ခဲ့ကြသည်။

ဆောင်းလေတစ်ချက် ... ဝှေ့ဝဲတိုက်ခတ်[illegible]ကြောင့် မေမွန့်ခန္ဓာကိုယ်လေး တွန့်ခနဲ ဖြစ်သွားရ၏။ ကတ္တရာလမ်းတစ်လျှောက် ဖြည်းညင်းစွာ လျှောက်လှမ်းရင်း ထွက်ခဲ့၏။ လမ်းမကြီးတစ်လျှောက် လူရိပ်လူယောင်မတွေ့ရအောင်ပင် ရှင်းလင်းတိတ်ဆိတ်လျက်ရှိသည်။

ဆွေသဟာအစွယ်ကောင်းလို့သာ အခုလို ချမ်းချမ်းစီးစီး ဒီဇင်ဘာနံနက်ခင်းတွင် ထပြေးဖို့ ခေါင်းညိတ်မိခြင်းဖြစ်သော်လည်း စိတ်က သိပ်မပါလှချေ။ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ ဆွေသဟာ့ကို စိတ်ထဲကနေကျိတ်ပြီး အပြစ်တင်နေမိ၏။

ဆောင်းတွင်းရောက်တိုင်း သူများတွေနည်းတူ လမ်းထလျှောက်ဖို့၊ အပြေးလေ့ကျင့်ဖို့ ခဏခဏပြောနေပေမဲ့ မေမွန်





ခေါင်းခါခဲ့သည်ချည်းပင် ... ။ ဆွေသဟာတစ်ယောက် ပြောလွန်းကပြောသည်ကတစ်ကြောင်း ... လမ်းလျှောက်လျှင် ဗိုက်ချပ်တယ်၊ ကိုယ်ခန္ဓာအဆီပိုမတက်ဘူးဆိုတဲ့ အချက်လေးတွေကြောင့် အလှအပမက်မောသော မေမွန်တစ်ယောက် ဒီတစ်ခါတော့ ဆွေသဟာ့စကားကို လက်ခံသဘောတူခဲ့မိသည်။

"သဟာ ..."

"ဘာလဲ ..."

"ငါ ... ငါကြောက်လာပြီ ..."

"ဘာကိုလဲ ... မေမွန် ..."

"နင် ကြည့်ဦးလေ ... သဟာ ... လမ်းမကြီးတစ်လျှောက် မီးရောင်လေး လင်းတာကလွဲပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေတာပဲဟာ ... သရဲခြောက်မှာတောင် စိုးရတယ် ... နောက်ခါ ... မိုးလင်းမှသွားရအောင်ဟာ ..."

"မေမွန်ကလည်းကွာ ... ဘာကြောက်စရာရှိလို့လဲ ... ကားတွေဒီလောက်ဖြတ်ဖြတ်မောင်းသွားတာ မမြင်ဘူးလား"

"ဟာ ... အဲ့ဒါက ... တစ်ခါတလေပဲဟာကို ... တော်ပြီ၊ တော်ပြီသဟာ ... နောက်ဘယ်တော့မှ လမ်းထမလျှောက်တော့ဘူး ..."

ကြောက်စိတ်တွေနှင့်အတူ နောက်ကျောမလုံစွာ သဟာ့လက်မောင်းလေးကို ဖက်တွယ်ပြီး ဖွတ်ပြောနေတဲ့ မေမွန့်

ကို စကားနိုင်လုဖို့ စိတ်ကူးမရှိတော့ချေ ... ။ မေမွန်က တကယ် ကြောက်နေတာဆိုတော့ ဆွေသဟာပင် သနားနေမိသည်။

"သဟာ ... ငါပြောတာကြားလား ... "

"အင်းပါ ... "

"ဒါဆိုလည်း ... ငါ့ကိုဖက်ထားလေသဟာ ... "

"ဟင် ... "

"ဖက်ထားလို့ပြောတာ ... ငါကြောက်လို့ ... "

မေမွန့်စကားလေးကြောင့် ဆွေသဟာ့ရင်တွေ အခုန် မြန်သွားရသည်။ တအံ့တသြ မယုံကြည်နိုင်သလိုလည်း ကြည့်မိ၏။ ဆံနွယ်ဖြောင့်စင်းစင်းလေးတွေ လေမှာဝဲလွင့်ပြီး လှပဖူးစင်နေတဲ့ မျက်နှာလေးမှာ ကြောက်စိတ်တွေနှင့်အတူ စိုးထိတ်မှုတွေ ခိုတွယ် နေခဲ့သည်။

"သဟာ ... "

"ဘာ ... ဘာလဲ မေမွန် ... "

"ငါ ... ကြောက်လို့ ... ငါ့ကိုဖက်ထားပါဆို ... မကြားဘူး လား ... "

"ကြား ... ကြားပါတယ် မေမွန် ... "

"ကြားရင်လည်း ဖက်ထားလေဟာ ... "

"အင်း ... အင်း ... "

တုန်ယင်လှုပ်ရှားနေသောစိတ်ကို အတတ်နိုင်ဆုံး





ဘိန်းချုပ်ရင်း မေမွန့်ပခုံးလေးကို မရဲတရဲလေး လှမ်းဖက်လိုက်သည်။ မေမွန်ကလည်း သူ့ခါးလေးကို ပြန်လည်ဖက်တွယ်လိုက်တာကြောင့် င်ထဲက နှလုံးသားနုနု ဖြောင်းဆန်သွားရ၏။

"မေမွန် ... "

"ဘာလဲ ... သဟာ ... "

"နင် အကြောက်ပြေသွားပြီလား ... "

"ကြောက်တုန်းပဲ ... "

"ဒါဆို ... ငါ ဒီ့ထက်ပိုပြီး ဖက်ပေးရမလား ... "

"တော်စမ်းပါ ... လမ်းလျှောက်ရခက်အောင် မလုပ်စမ်းပါ နဲ့ ... "

မေမွန့်စကားကြောင့် ဆွေသဟာ အသံလေးထွက် ပင် ရယ်လိုက်မိသည်။ တစ်ယောက်ကိုတစ်ယောက် ခပ်တင်း င်းလေး ဖက်တွယ်ပြီး အားကစားကွင်းရှိရာသို့ လျှောက်ခဲ့ကြ သည်။ အားကစားကွင်းကြီးထဲ ဝင်လိုက်တာနှင့် ကွင်းထဲလှမ်း ျှောက်နေကြသော လူများကို တွေ့လိုက်တာနှင့် တစ်ယောက် ော်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိသွားသည်။

"ဟယ် ... လူတွေရှိနေသားပဲနော် သဟာ ... ကြည့်စမ်း၊ ငါက ဒီလောက်အစောကြီး လူတွေလာမှာမဟုတ်ဘူးလို့ ထင်ထားတာဟ ... ဟင်း ... ဟင်း ... အခုတော့လည်း ကြောက်စရာမကောင်းဘဲ ပျော်စရာကြီး သဟာရယ်"

"အမျိုးမျိုးပြောတယ် ... "

နှုတ်ခမ်းစူစူနှင့် ဆွေသဟာပြောတော့ ... မေမွန်ဘာမှ ပြန်မပြောဘဲ ရယ်နေ၏။ တကယ်ပါပဲ ... အားကစားကွင်းအပြင်ဘက် ပတ်လမ်းတစ်လျှောက် ဘောလုံးကန်နေသူတွေ၊ လမ်းလျှောက်နေသူတွေ၊ အပြေးလေ့ကျင့်နေသူတွေ၊ ကြက်တောင်ရိုက်နေသူတွေနှင့် စည်ကားနေသည်။

သူတို့ ... ဘယ်အချိန်ကတည်းကများ ရောက်နေခဲ့ပါလိမ့်။ မေမွန်တစ်ယောက် သူတို့တွေအားလုံးကို ကြည့်နေရင်းအလိုလိုပျော်မွေ့လာခဲ့လေသည်။ နှစ်ဦးသား ခြေလှမ်းမှန်မှန်လေးနှင့် လျှောက်ခဲ့ကြ၏။ တစ်ခါတစ်ရံ ... ဆွေသဟာက ခပ်မှန်မှန်ပြေးလျှင် မေမွန်လည်း လိုက်ပြီးပြေးမိသည်။ ဒီလိုနဲ့ ... အားကစားကွင်းကြီး တစ်ပတ်ပတ်ခဲ့ကြ၏။

"ဘုတ် ... "

"အင့် ... "

"ဟာ ... "

"အမေ့ ... "

တစ်စုံတစ်ခုနှင့် အရှိန်ပြင်းစွာ တိုက်မိပြီး မေမွန်ခန္ဓာကိုယ်လေး ဟန်ချက်ပျက်ကာ ဖင်ထိုင်လျက် လဲကျသွားတော့၏။

"ဟင် ... မေမွန် ... "





ရှေ့ကနေပြေးနေတဲ့ ဆွေသဟာတစ်ယောက် စိုး...မ်တကြီး မေမွန့်အနား ပြန်ပြေးလာ၏။ ...လဲကျနေတဲ့ မေမွန့်အနား...ိုင်ကာ ... စိုးရိမ်တကြီး မေးရှာ၏။

"မေမွန် ... နင် ... နင် ... ဘာဖြစ်သွားသေးလဲ ... "

"အား ... ကျွတ် ... ကျွတ် ... "

"မေမွန် ... "

"ရတယ် ... ရတယ် ... သဟာ ... ငါ ဘာမှမဖြစ်ဘူး ... ငါ့ကို ဆွဲထူဦး သဟာ ... ငါ့ကို သူများတွေ ဝိုင်းကြည့်ကုန်ဦးမယ် ... "

"အေး ... အေး ... "

ရှက်သွေးလေးများ ရဲစိုကာ မေမွန်တစ်ယောက် ငို...မျက်နှာလေးနှင့် အတင်းဆွဲထူခိုင်းနေတာမို့ သူမ လက်မောင်း...းနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲထူကာ ထရပ်စေလိုက်သည်။

"အား ... "

"ဟင် ... မေမွန် ... နင့် ... နင့်ခြေထောက် ... "

"လေနိုသွားတယ် ထင်တယ် ... "

ဟင် ... ။

ထိုစကားသံသည် မေမွန့်ဆီမှ ထွက်လာခြင်းမဟုတ်... မေမွန့်အား မညှာမတာ ဝင်တိုက်ခဲ့သော သူစိမ်းယောက်ျား...မှ ထွက်လာသော အသံပင်ဖြစ်သည်။ ဆွေသဟာ ဒေါသတကြီး

ထိုလူ့ အကြည့်စူးစူးများ ဆတ်ခနဲကျရောက်သွားရတော့၏။

"ဆောရီးပဲကွာ ... တောင်းပန်ပါတယ် ... မတော်တ[illegible] တိုက်မိသွားတာပါ ... "

"ဘာ ... "

"အမှောင်ရိပ်ကျနေတော့ ... "

"တိတ်စမ်း ... အမှောင်ရိပ်ကျပေမဲ့ ... လူတစ်ယောက်[illegible] လာတာကြီးကို မမြင်ရလောက်အောင် ... မင်းမျက်[illegible] ကန်းနေလား ... "

"မဟုတ်ပါဘူး ... ကိုယ် ... ကိုယ်ပြောတာက ... "

"ခေါင်းတွေ ... ကိုယ်တွေလုပ်မနေနဲ့ ... ဒီအိုင်တင်[illegible] ရိုးသွားပြီ ကိုယ့်လူ ... မိန်းကလေးတစ်ယောက်ကိုဝင်တို[illegible] **ပြီးရင် စတောင်းပန် ... ရင်းနှီးမှုရအောင်လုပ် ... ဒီလိုနည်း** လမ်းမျိုးတွေ ရိုးစင်းနေပြီကွ သိလား ... "

"ဟာကွာ ... မဟုတ်တာ ... "

"ဒီမှာ ဟေ့ကောင် ... မင်းသိထားဖို့က မင်းရဲ့ အောက်တ[illegible] ကျတဲ့လုပ်ဇာတ်ထဲ မျောမဲ့သူ မဟုတ်ဘူးကွ ... "

"ကျွတ် ... မင်း ဘယ်လိုကြီးပြောလိုက်တာလဲ ... ငါ[illegible] ဘယ်လိုကောင်စားများ မှတ်နေလဲ ကိုယ့်လူ ... အဲ့[illegible] အလုပ်မျိုးတွေ ဝါသနာလုံးဝမပါဘူးကွ ... "

"သွားစမ်းပါ ... အပိုတွေ ... "





တစ်ဘက်က ရင့်သီးသော ဆက်ဆံရေးကြောင့် ငုံ့ခံ[illegible]တဲ့စွမ်းအားတွေ ကြယ်စင်ခထံတွင် ရှိမနေတော့ချေ။ ကိုယ့်ဘက်[illegible] ဝင်တိုက်မိတဲ့ အမှားတစ်ခုဖြစ်ပေမဲ့၊ သူ တောင်းပန်ပြီးပြီလေ... [illegible]ကို ... မကျေနပ်ဘူးဆိုတော့ ဘယ်လိုလုပ်ပေးရတော့မလဲ။

"မင်းမယုံလည်း မတတ်နိုင်ဘူးကွာ ... အခုကိစ္စကို ... မင်းက မကျေနပ်ဘူးလား ... "

"မကျေနပ်ဘူး ... "

"မကျေနပ်တော့ မင်းက ဘာလုပ်ချင်လဲ ဟေ့ကောင်"

"ဒါလုပ်ချင်တယ်ကွာ ... ဗိုး ... ခွပ် ... "

"အ ... "

"သဟာ ... မလုပ်နဲ့ ... "

အခြေအနေက ရုတ်တရက် တင်းမာကာ ... ထုံးစံအတိုင်း လက်မြန်လွန်းတဲ့ ဆွေသဟာ့လက်သီးချက်များက တစ်ဘက်လူဆီသို့ ကျရောက်သွား၏။ မေမွန် သတိရှိစွာ တားဆီးလိုက်သော်လည်း မမီတော့ချေ ... ။

"ခွပ် ... "

"အား ... "

ဆွေသဟာတစ်ယောက် ... ။

ဒေါသတွေ ပေါက်ကွဲကာ စိတ်တွေ ထိန်းချုပ်မရတော့။ လျင်မြန်သော လက်သီးချက်များနှင့် တစ်ဘက်လူကို ထိထိ

မိမိ တိုက်ခိုက်နေမိသည်။ သူ့ရဲ့တိုက်ကွက်က မထင်မှတ်ထား
မို့ တစ်ဘက်လူ ဘာမှပြင်ဆင်မှု မရှိစွာဘဲ ... ဖင်ထိုင်လျက်ကျ
၏။

မေမွန့်ရဲ့ အလန့်တကြား တားဆီးသံကိုလည်း ...
ဆွေသဟာ လှည့်မကြည့်မိတော့ချေ ... ။ တစ်ဘက်လူပြန်ပြီး
နောက်ထပ်လက်သီးတစ်ချက် ပစ်သွင်းလိုက်၏။ သို့သော် ...
တစ်ခါတော့ ... သူက ရှောင်ကာ ကိုယ်ကို တစ်ပတ်လည်ပြီး
သဟာ့လက်ကောက်ဝတ်လေးကို အမိအရ ဖမ်းဆုပ်ကာ နော
ကျောဘက်သို့ လိမ်ချိုးကာ ဖမ်းချုပ်သွားတော့၏။

လက်တစ်ဘက်ဆီက နာကျင်မှုအပြင် ဆွေသ
လှုပ်ရှားလို့ မရတော့ ... ။

"ဟော့ကောင် ... လွှတ်စမ်း ... "

"လွှတ်လို့ ... ပြောနေတယ်လေ ... "

ဆွေသဟာ ဘယ်လောက်ရုန်းရုန်း တစ်ဘက်လူ
အလျှော့မပေးစွာ ဆုပ်ကိုင်ထားသည်။

"လွှတ်စမ်း ... ဟော့ကောင် ... "

ကြယ်စင်ခ နည်းနည်းလေးမှမလွှတ် ... ။

ပို၍တင်းကျပ်အောင်ပင် ဖမ်းချုပ်ထားမိသည်။
ကလေးကိုတော့ အားနာပါရဲ့ ... ။ ဝင်တိုက်မိသူရဲ့အမှားဆို
သူမလေးဆီက ပေးလာမဲ့ အပြစ်ဒဏ်ကိုသာ ခေါင်းငုံ့ခံချင်ခံ

ဆီမဆိုင်ဘေးကနေပါလာတဲ့ အဖော်ကောင်ရဲ့ စော်ကားမှုကို
ဘာ့ သူ လက်မခံနိုင်ချေ ... ။

ယောကျ်ားချင်းဆိုတဲ့ မာနကြောင့် အလစ်အငိုက်
ှင် တစ်ဖက်သတ်တိုက်ခိုက်လာတဲ့ ... လက်သီးချက်များကိုမှ
ရှောင်နိုင်ဘဲ ထိသွားရ၏။ အားမပြင်းလှသော်လည်း ... မပျော့
သော ထိုးချက်များက သူ့မျက်နှာထက်ဆီ ကျလာသည်။

ဒါကိုတော့ ... ။

သူ ငုံ့ပြီးမခံနိုင်ပါ။ တစ်ဘက်ကကောင်ရဲ့ လက်တွေ
ဲ့ ရအောင်ဖမ်းချုပ်ပစ်လိုက်သည်။ မနက်စောနေသေးတာကြောင့်
ည်း အနည်းငယ်ပြတ်နေသည့်အပြင် အလင်းရောင်ခပ်ရေးရေး
ာရှိတာမို့ ရန်ဖြစ်နေသည်ဟု မထင်ဘဲ သူတို့ ဆော့ကစားနောက်
ပြောင်နေကြသည်ဟု ထင်ကြမှာပဲ ... ။

"ဟော့ကောင် ... လွှတ်နော် ... "

"မလွှတ်ဘူး ... ဘာဖြစ်လို့လွှတ်ရမှာလဲ ... မင်းအလှည့်ကျ
ခံရမှာကြောက်လို့ မဟုတ်လား ... မင်း ... ဂန်ဒူးလား
ဟော့ကောင် ... "

"ဘာ ... မင်း ... မင်း ... "

ဂန်ဒူးဟုအခေါ်ခံလိုက်ရသဖြင့် ဆတ်ဆတ်ခါမတတ်
ာရကာ ... တစ်ဘက်လူရဲ့ စော်ကားမှုကို တုံ့ပြန်ရန်အရှန်း ...
ာစ်ဘက်ကလည်း ချုပ်နှောင်အထား ... ဟန်ချက်ပျက်ကာ လမ်း

နံဘေးမြက်ခင်းပြင်ကွက်လပ်ပေါ်သို့ အရှိန်နှင့် ပစ်လဲကျသွား[...] တော့သည်။

နှစ်ဦးသား လုံးထွေးကျသွားသော အရှိန်ကြောင့်[...] နီးကပ်သွားစဉ် ... နုအိနွေးထွေးညင်သာလွန်းတဲ့ အတွေ့အထိ[...] ကြောင့် ... ကြယ်စင်ခတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ[...] ထောင်ထသွားရသည်။ အံ့ဩစိတ်ကြောင့် ရင်တွေ လှစ်ခနဲ [...] တက်သွားရသည်။ အပေါ်စီးမှ အောက်ကကောင်ရဲ့ ကော်လံ[...] ဆွဲထိုးမည့် ပြန့်ပြင်နေသည့် လက်များက ရပ်တန့်သွားရ၏။

"မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ... သဟာ့ကို မထိုးပါနဲ့ရှင် ... ဟင့် ... ဟင့် ... မေမွန် တောင်းပန်ပါတယ် ... သဟာ့[...] မထိုးပါနဲ့ ... "

ဟာ ... ။

ကြယ်စင်ခရဲ့ လက်တွေကို အတင်းဆွဲထားပြီး ငိုမ[...] ကာ တောင်းပန်လိုက်တဲ့ မိန်းကလေးကို တစ်ချက်ကြည့်ပြီး နေ[...] ကနေ ထထွက်ခဲ့လိုက်သည်။ ထူးဆန်းလွန်းတဲ့ တိုက်ဆိုင်မှုအ[...] စိတ်တုန်လှုပ်ချောက်ချားစရာအဖြစ်လေးတွေကို ကျောခိုင်းရင်း ... ကြယ်စင်ခတစ်ယောက် ထွက်လာမိခဲ့တော့သည်။





## အခန်း [၂]

"ဝါး ... ဟား ... ဟား ... "

ကြယ်စင်ခရဲ့ စကားအဆုံး သူငယ်ချင်းတွေအားလုံး[...]ကာ ထရယ်ကုန်တော့၏။

"ဟား ... ဟား ... ဖြစ်မှဖြစ်ရလေကွာ ... ယောက်ျားရှာထိုးတာ မင်းကခံလာရတယ်လို့ ... ရှေ့ခေတ်သူရဲကောင်းကြီးတွေသာကြားရင် ... ဒီလောက်ညံ့တဲ့မင်းကို ... စွဲချက်အမျိုးမျိုးတင်ပြီး တစ်ခါတည်းကိစ္စတုံးစေလို့ အမိန့်ချမှာသေချာတယ် ... ကြယ်စင်ခ ... "

"ဟုတ်ပါ့ကွာ ... ယောက်ျားရှာမှန်း ယောက်ျားမှန်းတောင် မခွဲခြားတတ်တာ ... မင်းညံ့တာပဲ ... "

သူငယ်ချင်းတွေရဲ့ကြား ... ခေါင်းမဖော်ရဲဘဲ ကိုယ့်အဖြစ် ကိုယ်ပြန်မြင်ယောင်ကာ ရယ်နေမိသူက ကြယ်စင်ခရယ်ပါ။ သူ့အဖြစ်က ... ကြားရသူတိုင်း ကဲ့ရဲ့စရာ၊ ဝေဖန်ရှုံ့ချစရာလေး တကယ်ပဲ ဖြစ်နေတာကို။

သို့သော် ... ။

မပြောဘဲဖုံးကွယ်ထားဖို့ကျပြန်တော့လည်းမျက်နှာနုချောချောလေးပေါ်က ဒဏ်ရာအညိုအမည်းကြီးတွေက အထင်းသားမို့ ဖုံးမရချေ ... ။

တွေးကြည့်တော့လည်း ... ။

သူ့အဖြစ်က တကယ့်ရယ်စရာပဲ ... ။ မလောက်လေးမလောက်စား ယောကျ်ားရှာကောင်က ရေရေလည်လည် ကျေးသွားတဲ့ လက်သီးချက်တွေ။ အီစိမ့်သွားတာတော့ အမှန်ပင်။ အိမ်ရောက်တော့ ... ရေခဲတောင်ကပ်ခဲ့ရ၏။

သူငယ်ချင်းတွေကိုပြောပြတော့ ... အားလုံးပွဲကျကုန်၏။

"ကြယ်စင်ခ ... "

"ဟေ့ကောင် ... ကြယ်စင်ခ"

"ဘာလဲကွာ ... "

"ဟာကွာ ... ခေါ်လိုက်ရတာ၊ ဘာတွေတွေးနေတာလဲ ... ကြယ်စင်ခရ"





"မဟုတ်ပါဘူးကွာ ... ငါ့အတွေးထဲ ပြန်သတိရသွားမိလို့ပါ။ ပြောလို့ပြောတာ မဟုတ်ဘူး ဟေ့ကောင်တွေ ... ဒီကောင့်လက်သီး တကယ်ပြင်းတယ် ... "

"ဘယ်ကောင်လဲကွ ... "

"ဆွေသဟာလေ ... "

"ဘာ ... ဘာရယ်၊ ဆွေသဟာ ... ဟုတ်လား"

ကြယ်စင်ခ ခေါင်းညိတ်ပြလိုက်မိသည်။

"နာမည်က အဆန်းပဲကွ ... ဒါကြောင့် လူကလည်းဆန်းတာပဲဖြစ်ရမယ် ... "

"ဝါး ... ဟား ... ဟား ... "

သူငယ်ချင်းဖြစ်သူ ဇင်ကိုရဲ့စကားကြောင့် အားလုံး …းရယ်မိပြန်သည်။

"ဟေ့ကောင် ... ကြယ်စင်ခ"

"ဘာလဲ ... တိမ်ပျံ"

"မင်း ... ဘယ်အချိန်မှာ သူ့ကို ယောကျ်ားရှာမှန်း သိသွားတာလဲကွ ... "

"မြက်ခင်းပေါ်ကို သူရောငါပါ လုံးထွေးကျသွားချိန်မှာပဲကွ၊ အဲ့ဒီအချိန်မှာ မိုးကလည်းမှောင် ... မီးတိုင်ရဲ့ အလင်းနဲ့လည်း ဝေးနေတော့ ဒီကောင့်မျက်နှာကို သဲသဲကွဲကွဲမမြင်ရဘူးလေကွာ သိသိချင်း ငါလှည့်ထွက်လာခဲ့မိတော့တာပဲ"

"အေးလေ ... ဟုတ်ပါပြီ၊ မျက်နှာမြင်ရတာထားဦး ... လုံးထွေးကျတာနဲ့တင် မင်းက ဘယ်လိုလုပ်သူဟာ မိန်းကလေးတစ်ယောက်ပါလို့ သိရတာလဲ"

"ဟာကွာ ... မင်းတို့ကလည်း"

ဒီကောင်တွေ တအားလွန်သွားပြီ။ သိတယ်ဆိုပြီးပြီပေါ့ ... ဒါကို အတွင်းကျကျ မေးခွန်းထုတ်တာတော့ လွန်လွန်းသည်။

"ကြယ်စင်ခ ... ပြောလေကွာ ... သိချင်လွန်းလို့ပါကွ"

မျက်နှာကြီးတွေ စပ်ဖြီးဖြီးနှင့် မေးလာသော ဖင်ကို့အမေးကို တိမ်ပျံရော၊ မန်းဝင်းပါ သိလိုဇောကပ်နေတဲ့ အရောင်တဖျပ်ဖျပ် လက်ထနေသော မျက်လုံးကြီးတွေနဲ့ စိုက်ကြည့်ပြီး စောင့်မျှော်နားထောင်နေကြသည်။

တစ်ဘက်သား တအားစိတ်ဝင်စားလေ ... ကြယ်စင်ခ ပိုပြီးမပြောပြချင်လေပါပဲ။ နောက်ပြီး ... ဒါက ဆွေသဟာ့ရဲ့ဂုဏ်သိက္ခာနှင့်လည်း ဆိုင်သည်မို့ မပြောပြချင်။ ဘာပဲပြောပြော ထိုနေ့က သူလွန်ခဲ့တာပါ။ မေမွှန်ဆိုတဲ့ ကောင်မလေးကို မထင်မှတ်ဘဲ ဝင်တိုက်မိခဲ့သည့် အပြစ်ကြောင့် အခုလို ပြဿနာတွေဖြစ်လာရတာ မဟုတ်ပါလား။

ဆွေသဟာဆိုတဲ့ ယောကျ်ားမကျ မိန်းမ မကျကောင်ရဲ့ ခပ်ရင့်ရင့် ဆက်ဆံမှုကြောင့်ကာ ဒေါသတွေမထိန်းနိုင်ဘဲ ပေါက်ကွဲသွားရတာ။ ရန်ဖြစ်ဖို့ သူ လုံးဝမရည်ရွယ်ခဲ့ပါချေ ... ။





တစ်ဘက်က ... ခြေမြန်လက်မြန် ထိုးနှက်တိုက်ခိုက်လာမှုကြောင့် ခံမခံတတ်သောစိတ်ကြောင့်ပြန်ခုခံဖို့ကြိုးစားလိုက်ခြင်းဖြစ်သည်။

လက်နှစ်ဖက်ကိုချုပ်ကိုင်ထားသော်လည်း ရုန်းအားနတာကြောင့် အရှိန်မထိန်းနိုင်ဘဲ ... မြက်ခင်းစိမ်းပေါ် ပြိုလဲကျသွားရ၏။ သို့သော် ... သတိကြီးစွာပင် ကြယ်စင်ခ အပေါ်စီးကရအောင်ကြိုးစားလိုက်သည်။ လဲကျနေတဲ့ ... အဲ့ဒီကောင်ရဲ့ အင်္ကျီဘတ်စကိုဆွဲပြီး ထိုးဖို့လက်သီးအရွယ် ... ကြယ်စင်ခစိတ်တွေသိတ်ထိတ် လှုပ်ရှားသွားရသည်။

ယောကျ်ားတစ်ယောက်ရဲ့ ကျစ်လျစ်တောင့်တင်းသော ရင်အုပ်ကားကားရှိနေရမည့်အစား နူးညံ့အိထွေးထွေးအသားခင်များကြောင့် ကြယ်စင်ခ ကြောင်သွားရသည်။ ရေရေလည်လည်းသွားရ၏။

တစ်စုံတစ်ခုကို ရိပ်မိလိုက်တာနှင့် ထိုကောင့်ကိုယ်ပေါ်ကနေ ချက်ချင်းခွာလိုက်သည်။ ပြီးနောက် ... သူ့လက်လေးအတင်းဆွဲထားပြီး တောင်းပန်နေတဲ့ ကောင်မလေးရဲ့ သနားစရာအသံလေး ... ။

သူ ...

အားလုံးကို ကျောခိုင်းကာ လှည့်ထွက်ခဲ့လိုက်သည်။

အခုတော့ အရာအားလုံးက ရှုပ်ထွေးသွားရချေပြီ။

ကြယ်စင်ခ ...

စိတ်မကောင်းပါ။

ဒါတွေအားလုံးဟာ ... သူ့အမှားကြောင့်သာ အစပျိုးသွားတာလေ ... ။ ကားလေးနှင့် ပြန်လာခဲ့ရပေမဲ့ ... စိတ်တွေက ဟိုနှစ်ယောက်ထံတွင် ကျန်နေရစ်ခဲ့၏။

"ဟေ့ကောင် ... ပြောလေကွာ"

"ပြောပါကွ ... ငါတို့ လျှောက်မဖွပါဘူးကွ၊ စိတ်ချစမ်းပါ၊ ဟဲ ... ဟဲ ... သိသွားရတဲ့အကြောင်းလေး ပြောပြစမ်းပါ၊ ကြယ်စင်ခရဲ့"

"ဟာကွာ ... မင်းတို့ကလည်း၊ ဒါက ... ထိပ်တန်းလျှို့ဝှက်ချက်ကွ ... ပိတ်ကားပေါ်မှာပဲ ဆက်လက်အားပေးကြည့်ရှုတော့ ... ကဲ ငါလစ်တော့မယ် ... ဟေ့ကောင်တွေ"

ပြောပြောဆိုဆို ... ထဟန်ပြင်လိုက်တဲ့ ကြယ်စင်ခကို သူငယ်ချင်းတွေအားလုံး ဝိုင်းဆွဲထားကြ၏။

"အဲ့ဒီလိုမရဘူး ... ကိုယ့်လူ၊ မင်း ... ပြောမှသွားရမယ် ... လက်သီးရွယ်ပြီး ... မထိုးရက်လောက်အောင် ဖြစ်သွားရတဲ့ အကြောင်းရင်းလေးတော့ သိရမှဖြစ်မယ် ကြယ်စင်ခ၊ မဟုတ်ရင် ... ဒီကနေ အိမ်ပြန်ခွင့်လုံးဝမပြုနိုင်ဘူး ..."

"ဟုတ်တယ်ကွာ ... မင်းကလည်း၊ အားလုံးသိချင်နေတဲ့ဟာကို ... ပြောသွားပါကွာ ဟဲ ... ဟဲ"

သူငယ်ချင်းတွေ အတင်းမေးသဖြင့် ... ကြယ်စင်ခ





...့ မျက်နှာချောချောလေး မှုန်ကုတ်သွားရသည်။ မျက်ခုံးထူနက်...က်တန်းကြီးတွေ ကြုတ်တက်သွားရ၏။ သူငယ်ချင်းဖြစ်သူတွေရဲ့အကြောင်းကို ကောင်းကောင်းသိနေတာကြောင့်လည်း ဦးနှောက်...ကို ကောင်းကောင်းအသုံးချကာ စဉ်းစားနေရသည်။

ဒီကောင်တွေရဲ့ ရှေ့ကနေ ဒီလိုနည်းနဲ့ ထွက်သွား...့ မရနိုင်ဘူးဆိုတော့ အကြောင်းပြချက်ကောင်းကောင်းရှာရချေပြီ။

"ကောင်းပြီ ... ငါပြောပြမယ်"

"အိုကေ ..."

"ဒီလိုမှပေါ့ကွ ..."

"တော်တော်သဘောပေါက်လွယ်တဲ့ ကောင်လေး ... ဟဲ၊ ဟဲ ..."

"အခုမှ ... လာပြီးသွားဖြမ်မနေနဲ့ ငါ နွားပွဲစားမဟုတ်ဘူး"

"အေးပါကွာ ... အေးပါ၊ ဒေါသလည်းကြီးပ့ါ ..."

"ကဲ ... သေချာနားထောင်"

"ဟုတ်ကဲ့ ... ဆရာကြီး ကြယ်စင်ခ"

အရိုအသေပြုသလို အားလုံးခေါင်းလေးငုံ့ရင်း တစ်...င်တည်း ပြောကြတာမို့ ကြယ်စင်ခ ရယ်ချင်သွားရသည်။ စိတ်ဝင်...စားစောင့်ကြည့်ကာ နားထောင်နေကြသော သူငယ်ချင်းဖြစ်သူ...ရဲ့ မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး ...

"မေမွန့်ကြောင့် ..."

"ဘာ … ဘာရယ်"

"ဘာဆိုင်လို့လဲကွ … မေမွန်ဆိုတာ … ဘယ်သူလဲ"

တစ်ယောက်တစ်ပေါက် မေးသံတွေ ထွက်လာကြပြန်၏။

"အဲ့ဒါတော့ မသိဘူး … ဟေ့ကောင်တွေ၊ ငါ့နားထဲမှာ … ငိုရှိုက်သံသဲ့သဲ့လေးနဲ့ စိုးရိမ်တကြီး တားဆီးသံက … ခန္ဓာကိုယ်တစ်လုံးမှာရှိတဲ့ အင်အားတွေ ကင်းမဲ့သွားအောင် ဖမ်းစားသွားတော့တာပဲ၊ ဒါကြောင့် … ငါ ရန်ပွဲကို ချက်ချင်းအဆုံးသတ်လိုက်တာ"

"မေမွန် … ဆိုတာက"

"ငါနဲ့ မတော်တဆဝင်တိုက်မိတဲ့ ကောင်မလေး … "

"ဟင် … "

"ဟုတ်တယ်ကွ … အဲ့ဒီသူယောင်မယ်လေးရဲ့အသံ ကြားလိုက်ရတာနဲ့တင် ငါ ဘယ်လိုမှ ရှေ့မဆက်ရက်တော့တာ၊ ညို့ယူမှုအရမ်းကြမ်းတယ် ဟေ့ကောင် … ကဲ … ဒီလောက်ဆို သဘောပေါက်ကွာ … မနက်ဖြန်ကျောင်းတက်ရတော့မှာကွ၊ ငါသွားတော့မယ် … "

ပြောပြီးတာနှင့် ကြယ်စင်ခ လက်ဖက်ရည်ဝိုင်းလေးကနေထပြီး ထွက်လာခဲ့မိတော့သည်။





## အခန်း [၃]

"မေမွန် … "

" … "

"မေမွန် … "

" … "

"စိတ်မဆိုးပါနဲ့ကွာ … ငါ တောင်းပန်ပါတယ်၊ အဲ့ဒီလိုကြီး ငါ့ကို အတွေ့မခံဘဲ ရှောင်မနေပါနဲ့ဟာ … ငါ မနေတတ်လို့ပါဟနော်၊ မေမွန် … ငါ နောက်တစ်ခါ နင်မကြိုက်တာဘာတစ်ခုမှ မလုပ်တော့ပါဘူး မေမွန်ရာ … ငါ တကယ်ကတိပေးပါတယ်ဟာ … "

မေမွန်တစ်ယောက် … ။

နားလေးနှစ်ဖက်ကို ခပ်တင်းတင်းဖိကပ်ကာ ပိတ်ထားမိသည်။ ဆွေသဟာ့ကို စိတ်ဆိုးလွန်းလို့ မေမွန် စကားလည်းလုံးဝမပြောတော့။ မနက်ကအဖြစ်အပျက်ကိုပဲကြည့်လေ ... ကောင်လေးတစ်ယောက်နဲ့ ထိုးလား ကြိတ်လား ရန်ဖြစ်တဲ့ ဆွေသဟာ၊ မေမွန် ... ဘယ်လိုမှ တားဆီးမရ။ ကြောက်လွန်းလို့ စိတ်တေ တုန်လှုပ်ချောက်ချားလိုက်ရတာ မပြောပါနဲ့တော့ ... ။

ဒေါသကြီးသလောက် ... လက်မြန်လိုက်တာလည်း မပြောပါနဲ့တော့ ... ။ ဆွေသဟာ့ကြောင့် မကြာခဏ ပြဿနာရှင်းရတာ မနည်းချေ။ အခုဟာက ... အခြေအနေပိုပြီး ဆိုးဝါးလာသည်။ ပြဿနာတိုင်း ... မေမွန့်ကြောင့်ဖြစ်ရတယ်ဆိုပေမဲ့ ... ဆွေသဟာရဲ့ တစ်ဘက်စွန်းရောက်စိတ်ကြောင့်လည်းဖြစ်သည်။

မေမွန့်အလှကို ခံစားချင်တဲ့ကောင်လေးတွေအားလုံးကို ဆွေသဟာ ရန်လုပ်တော့တာပဲ။ ဆွေသဟာ ... ဘာ့ကြောင့် ဖြစ်နေသလဲဆိုတာ စဉ်းတောင်မစဉ်းစားတတ်တော့ချေ ... ။ ပန်းပွင့်လေးရှိရာ လိပ်ပြာလေးတွေ ရစ်ဝဲချင်တာ ထုံးစံတစ်ခုပဲဟာ။

ဒါကို ... ။

ဆွေသဟာတစ်ယောက် ... သရဲဘီလူးစီးချင်နေသည်။ လိုက်ပြီးရန်ရှာတိုက်ခိုက်နေတတ်၏။ သို့သော် ... တစ်ရပ်ကွက်သားချင်း အကြောင်းသိနေကြသူတွေမို့ ကောင်လေးတွေက ဆွေသဟာရှိနေလျှင် ရှောင်နေတတ်သည်။





ဒီမနက်က ... ။

သူ့အကြောင်းမသိတဲ့ သူစိမ်းလူလေ ... ။ တော်သေးတာပေါ့ ... မေမွန် အတင်းဒိုင်ယိုပြီး တောင်းပန်လို့ ဟိုဘက်က စိတ်လျှော့သွားတာ ... မဟုတ်ရင် ဖြူနေနေတဲ့ ဆွေသဟာ့မျက်နှာချောချောလေး ယောင်ကိုင်းနေလောက်ပြီ။

တိုက်မိတဲ့အရှိန်နဲ့ ခြေထောက်နာရတဲ့အထဲ ... ရန်ပွဲကို မနည်းတားဆီးခဲ့ရတဲ့ သူမရဲ့ အဖြစ်က တွေးမိတိုင်း ရင်နာစရာပါ။ အတန်တန်တားဆီးထားပါလျက် ထစ်ခနဲဆို ထိုးမယ်ကြိတ်မယ် ဘုကဲကဲဖြစ်နေတတ်တဲ့ ဆွေသဟာ့ကို ဒီတစ်ခါတော့ မှတ်လောက်သားလောက်ဖြစ်အောင် ပညာပေးဖို့ ဆုံးဖြတ်ထားလိုက်သည်။

အရင်ကဆို ... ။

ဆွေသဟာ အနားမှာမရှိလျှင် မနေတတ်လောက်အောင်ဖြစ်ပြီး လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဆက်ပြီးဖြစ်စေ ... မေမွန်သွားခေါ်တတ်သည်။ အခုတော့ မေမွန် လုံးဝသွားမခေါ် ... ဆွေသဟာ စကားပြောလျှင်ပင် မကြားချင်ယောင်ဆောင်နေလိုက်သေးသည်။

လူကြီးတွေကတော့ ... ပြန်လာကတည်းက မျက်နှာသုန်မှုန်မှုန်ဖြစ်နေတာကို သတိထားမိသော်လည်း ထုံးစံအတိုင်း ဘာအခန့်မသင့်ဖြစ်လာပြီဆိုတာ သတိထားမိကြ၏။ သို့သော် ... သိဟန်ဆောင်နေကြသည်။

သူမ ... ။

အားကစားကွင်းထဲ ပြဿနာတက်ခဲ့တဲ့အကြောင်းကို ဘယ်သူ့မှ မပြောရဲချေ။ ဘာမဟုတ်တဲ့ကိစ္စလေးနှင့် မေမွန် အနေကျုံ့ရမဲ့အရေးကို လက်မခံနိုင်ပါ။ လူကြီးတွေမသိအောင် ထိုကိစ္စကို ဖုံးကွယ်ထားမိသည်။

သို့ပေမဲ့ ... ။

ထိုကိစ္စနှင့် ပတ်သက်ပြီး အစဖော်ခဲ့တဲ့ ဆွေသဟာ့ကိုတော့ အလျှော့မပေးစတမ်း စိတ်ကောက်နေလိုက်သည်။ မာမီက ဆွေသဟာရှိနေတာကို ထွက်တွေ့ဖို့ လာခေါ်သော်လည်း သူမ ထွက်မတွေ့ခဲ့ပါ။

"မေမွန် ... "

" ... "

"တကယ်ပဲ တောင်းပန်ပါတယ်ဟာ ... နောက်လုံးဝ အဲ့ဒီလို မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်ကွာ၊ စကားတစ်ခွန်းမှ မပြောဘဲ ငြိမ်မနေပါနဲ့ကွာ၊ မေမွန် အခုလိုကြီးနေတာ ကိုယ့်ကိုသိပ်ပြီးရက်စက်တာပဲ"

ဟွန်း ... ။

မေမွန် နှုတ်ခမ်းသားလေးတွေ စူတင်းသွားရသည်။

"မေမွန်ရယ် ... သဟာတကယ်ပဲတောင်းပန်ပါတယ်ကွာ နောက်ဆို မေမွန့်စကားကို တကယ်နားထောင်ပါ့မယ်





မေမွန်ရယ် ... အခုလိုကြီးအခန်းတံခါးပိတ်ပြီးမနေပါနဲ့ကွာ၊ ခဏလေးပဲ သဟာ့ကို ထွက်တွေ့ပါ ... "

အပြောကောင်းလိုက်တဲ့ ဆွေသဟာ ... ။

လူကို သနားအောင်လာပြောနေ၏။ မျက်စောင်းလေးက ... တံခါးချပ်လေးဆီ ဒိုင်းခနဲရောက်သွား၏။ အခန်းကနေ တောင်းပန်နေတဲ့ ဆွေသဟာ့ကို လုံးဝထမဖွင့်ပေးမိသေး ... ။ ဒါကို ... အထဲဝင်နိုင်အောင် ဆွေသဟာ တောင်းပန်နေဖြစ်သည်။ မေမွန့်ကို သူကပဲ ရက်စက်တယ်ပြောသေးတယ်။

ဟွန်း ... ။

သူကရော မေမွန့်အပေါ် ဘာတွေငဲ့ညှာထောက်လို့လဲ။ အမြဲပြဿနာရှာနေတတ်တာပဲ မဟုတ်လား။ မေမွန့်ရဲ့ သိက္ခာကို တစ်စက်မထောက်ဘဲ ... ခိုက်ရန်ဖြစ်လွန်းလို့ ရပ် ရုံးလိုက်ရှင်းရတာ မနည်းတော့။

ဆွေသဟာ့ကို ... မေမွန် မချစ်လို့ မဟုတ်ပါဘူး။ ယ်လေးကတည်းက ခြံချင်းကပ်လျက်နေခဲ့ကြသူတွေမို့ ... န် တအားခင်သည်။ အတန်းချင်းတူ၊ ကျောင်းချင်းတူ ပေါင်း ခဲ့ကြသော ငယ်သူငယ်ချင်းတွေပဲလေ ... ။

ပြီးတော့ ... ။

ဆွေသဟာက ယောကျ်ားလေးစိတ်ပေါက်နေတဲ့သူ းမချင်းပေမဲ့ အပြိုင်အဆိုင်မရှိဘဲ မေမွန်ကချည်းသာ အနိုင်ရ

သည်ချည်းပင်။ ဆွေသဟာ အခုလိုဖြစ်ရတာကလည်း ... သူ့အမေ ဒေါ်သီတာဆွေကြောင့်ပဲ။

ဒေါ်သီတာဆွေက သူ့မိဘတွေလက်ထက်ကတည်းက သမီးတွေချည်းပဲမွေးတာကြောင့် ... သူ့လက်ထက်မှ သားယောကျ်ားလေးကို အလွန်အမင်းလိုချင်ခဲ့သည်။ စိတ်အားထက်သန်ခဲ့သော်လည်း ကံကြမ္မာက အခွင့်မပေးခဲ့ပါ။ ဒေါ်သီတာဆွေမွေးတာလည်း မိန်းကလေးပဲဖြစ်ခဲ့၏။

ဒါကို ...

စိတ်မပျက်၊ အားမလျှော့ဘဲ နောက်တစ်ယောက်ထပ်ယူဖို့ ကြိုးစား၏။ သားယောကျ်ားလေးမရမချင်းမွေးမည်ဟု တွေးထားသော်လည်း ... ကံဆိုးစွာ ဆရာဝန်ဆီမှ သားသမီးထပ်ယူလျှင် အန္တရာယ်ဖြစ်မည်ဆိုးသဖြင့် ဘယ်လိုမှ နောက်ထပ်ကလေး ထပ်မရတော့ချေ။ ထို့ကြောင့် ... ဆွေသဟာက ဒေါ်သီတာဆွေ၏ အတွက် စိတ်ဖြေသိမ့်စရာ သားသမီးရတနာလေးဖြစ်ခဲ့သည်။ သို့သော် ... သားရူး ရူးနေသော ဒေါ်သီတာဆွေ့ကြောင့် ဆွေသဟာ တစ်ယောက် ... အခုလိုပုံစံ ဖြစ်သွားရခြင်းပင် ဖြစ်တော့၏။

စကားပြောလျှင်လည်း ယောကျ်ားလေးအသုံးအနှုန်းတွေ ပြောဆိုတတ်သည်။ အဝတ်အစားဝတ်တော့လည်း တီရှပ်တွေ ဂျင်းဘောင်းဘီတွေဝတ်ပြီး နေတာထိုင်တာက ကျားကျားယားယားမို့ မသိတဲ့သူတွေက ဆွေသဟာ့ကိုမြင်လျှင် ကောင်လေးတစ်





ယောက်ဟုပဲ ထင်ကြမည်။

သို့သော် ... ။

အနီးကပ်သေသေချာချာကြည့်ပါက ... မျက်ခုံးလေး သွယ်သွယ်တန်းလေးတွေ ... ကော့ရွန်းလက်ဖြာနေတဲ့ မျက်တောင်ခပ်စိတ်စိတ်လေး ဝန်းရံနေတဲ့ မျက်နက်ဝန်းလှလှလေးတွေ ... နှာတံသွယ်ချွန်ချွန်လေးတွေနှင့်အတူ ပန်းသွေးရောင်ရဲရဲစိုနေသော နှုတ်ခမ်းဖူးအိအိလေးတွေနှင့် တကယ့်ငေးမောစရာ မိန်းမလှလေးတစ်ဦးပင်ဖြစ်သည်ဟု သိကြမှာမလွဲပါချေ ... ။

ဖြူဝင်းစိုအိနေသော အသားအရည်လေးနဲ့ လိုက်ဖက်စွာ ဆံပင်တိုရှင်းရှင်း ညှပ်ထားတာကြောင့် ... အလှအပတွေ စုစည်းနေသော မျက်နှာလေးက ထင်းကာ ရှင်းသန့်လျက်ရှိသည်။ ခပ်ပို့ရှပ်ကို စတိုင်ပန်လေးတွေနဲ့ တွဲဝတ်ပြီး ရှူးဖိနပ်အနက်ပြောင်ပြောင်လေး တွဲဝတ်ထားတဲ့ ဆွေသဟာ့ပုံစံလေးက မိန်းမချောချောဘဲ့ ကောင်ငယ်လေးတစ်ယောက်ပုံစံ ဖြစ်နေသည်။

ဆွေသဟာ့ကိုကြည့်ရင်း မေမွန် သက်ပြင်းမောလေး ချမိ၏။

"မေမွန် ..."

" ... "

"စိတ်ဆိုးပြေပါတော့ကွာ ... သဟာ ... တောင်းပန်နေပြီပဲဟာ၊ နောက်ဘယ်တော့မှ ရန်မဖြစ်စေရဘူးလို့ ... ကတိပေး

တယ်ကွာ ... ကိုယ့်ကို ... အဲ့ဒီလိုကြီး စကားမပြောဘဲ မနေပါနဲ့ မေမွန်ရယ်၊ မေမွန် ... မကြိုက်တာ သဟာ ဘယ်တော့မှ မလုပ်တော့ပါဘူး ... သဟာ့ကို စကားပြန်ပြောပါနော် ... "

"ဟွန်း ... ရပ်ကိုက"

"ဟဲ ... ဟဲ ... မေမွန် စကားပြန်ပြောပြီကွ ... ဒါဆို ... သဟာ့ကို စိတ်မဆိုးတော့ဘူးပေါ့နော် ... "

"သဟာ ... "

"ပြော ... "

"သိပ်ပြီးအူမြူးမနေနဲ့ဦး၊ မေမွန် ... သဟာ့ကို ပြောစရာတွေရှိသေးတယ်သိလား၊ ကတိတောင်းစရာလည်းရှိတယ်"

"ဘာ ... ဘာကိုလဲ မေမွန်"

"စောစောက ... သဟာပြောတဲ့စကားတွေကို တကယ်ပဲ တိတိကျကျလိုက်နာပါ့မယ်ဆိုတဲ့ ကတိလေ ... "

"ဩော် ... ဒါလား"

"ပေါ့ပျက်ပျက်မလုပ်နဲ့ ... သဟာ၊ ဒီတစ်ခါတော့ ... မေမွန်ဘက်က မလျှော့နိုင်ဘူးနော်၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ သဟာ ရန်မဖြစ်ရဘူး"

"အေးပါကွာ ကိုယ်ကတိပေးပါတယ်၊ နောက်မဖြစ်စေရဘူး"

"သဟာရယ် ... ဘာပဲဖြစ်ဖြစ် မေမွန့်မျက်နှာကိုတော့ ...





ထောက်ထားညှာတာပါဦး၊ နင်ရန်ဖြစ်တိုင်း အရှက်သိက္ခာကျရသူက ငါပါဟ ... အဲ့ဒီအချက်ကိုတော့ နင့်ခေါင်းထဲစွဲနေအောင် ထည့်မှတ်ထားပေးစမ်းပါ သဟာရာ ... "

မေမွန်ရယ် ... ။

ဘယ်လိုပြောလိုက်တာလဲကွာ။

မင်းအရှက်ရစရာကောင်းအောင် ... ဆွေသဟာဆိုဘဲ့ ကိုယ်က တမင်ဖန်တီးလုပ်ဆောင်နေတယ်လို့ ထင်ရက်တယ်နော်။ ရက်ရက်စက်စက် စွဲချက်တင်ရက်တယ်ဟာ ... ။ မေမွန့်ရဲ့ စွပ်စွဲချက်တွေက သဟာ့ရင်ကို ဘယ်လောက်ထိနာကျင်စေသွားလဲဆိုတာ မေမွန်စဉ်းစားမိရဲ့လားဟင်။ ပြီးပြီးရောဆိုပြီး မျက်စိစုံမှိတ်ပြီး မပြောလိုက်ပါနဲ့မေမွန်ရယ်။ သဟာ ဘယ်လိုမှ ခံနိုင်ရည်ရှိလို့ပါနော်။

"ဒီမှာ ... သဟာ၊ နင့်ကို အတန်တန်တားဆီးတာတွေဟာ နင်တစ်ယောက်တည်းအတွက်လို့ ထင်နေလားဟင် ... ပြသနာတိုင်းရဲ့ အရင်းခံက ငါ့ကို ကာကွယ်ချင်လို့ဆိုတာထက် ... နင်ဆွဲထိုးလို့ ရပ်ကွက်ရုံးက ခေါ်ဝေါ်မေးလို့ ဖြေရှင်းရတာတွေရော ကျောင်းရုံးခန်းအထိ လိုက်ရှင်းရတာတွေနဲ့ ယှဉ်မိတိုင်း ငါလေ သေချင်လောက်အောင် ရှက်ရတယ် သဟာ ... "

"ဟာကွာ ... "

"ငါပြောတာ ... မဟုတ်လို့လား သဟာ"

"ဒါ ... ဒါကတော့"

"ငါ့စကားမဆုံးသေးဘူး သဟာ"

"ဟင် ... "

"နင် ... အခုတလော ဘာတွေဖြစ်နေလဲ သဟာ ... နင့်ပုံ က ... ငါ့ကို စောင့်ရှောက်ပေးနေတဲ့ပုံစံထက် လွန်ကျူးနေပြီး ထိန်းချုပ်ကန့်သတ်တဲ့အဆင့် ရောက်နေပြီဆိုကာရေး သတိထားမိရဲ့လား"

"ကိုယ် ... ကိုယ်က"

"ငါပြောတာပဲ ... နားထောင်စမ်းပါ သဟာ၊ ဒီတစ်ခါတော့ နင်နဲ့ အပြတ်သားဆုံး ပြောမှကိုဖြစ်တော့မယ် သိလား နင့်ကို ... ငါအလျှော့မပေးနိုင်တော့ဘူး သဟာ ... နင့် ကြောင့် စိတ်ဒုက္ခရောက်ခဲ့တာတွေ၊ အရှက်ကွဲ ဂုဏ်သိက္ခာ ကျခဲ့ရတာတွေ တအားကိုများလွန်းနေပြီ"

"မေမွန် ... "

မေမွန့်စကားလုံးတွေက တဖြည်းဖြည်း ရင့်သီးလာတာမို့ ဆွေသဟာပင် အံ့သြနေရပြီ ... ။ အသံတုန်အက်အက်မျှ ရည်လေးအဝဲသားနှင့် အချက်ကျကျ ဖြေရှင်းပြနေတဲ့ မေမွန့် ကြည့်ပြီး ဘာပြန်ပြောရမှန်းပင် မသိတော့ချေ ... ။

မထင်ဘဲလုပ်မိခဲ့တဲ့အဖြစ်အပျက်လေးတွေအားလုံးဟာ ... မေမွန့်ရင်ထဲ နိုင်မာမြဲမြံနေအောင် အခုလောက်ထိ အစိုင်အခဲကြီးကြီးမားမား ဖြစ်တည်နေလိမ့်မယ်ဟု ထင်မထားမိခဲ့တာ





သိပ်ကိုမှားယွင်းသွားတာပါပဲလားဆိုတဲ့ အသိလေးကို ဝင်သွားရသည်။

"ဆောရီးပဲ ... မေမွန်ရာ၊ ကိုယ် ... ကိုယ် သိပ်ကိုမှားသွားပါတယ်ကွ၊ ဒါပေမဲ့ ... အဲ့ဒါတွေအားလုံးဟာ ... မင်းကို သိပ်ချစ်လွန်းလို့ လုပ်ခဲ့မိတာပါကွာ"

"ငါနားလည်ပါတယ် ... သဟာ၊ ဒါပေမဲ့ ... အတိုင်းအတာတစ်ခုအထိပဲ ကောင်းတယ်"

"မေမွန်ရယ် ... "

"နင် ... နားမခံသာလည်း မတတ်နိုင်တော့ဘူး သဟာ၊ ငါကတော့ ... အပြတ်သားဆုံးပြောရတော့မှာပဲ ... "

"ဘာကိုလဲ ... မေမွန်"

"နင့်ရဲ့ အတွေးတွေ တအားလွန်ကျူးပြီး အကာအကွယ်ပေးတာ မဟုတ်ဘဲ ... ငါ့ကို စိတ်ဒုက္ခရောက်စေတာမျိုး အရှက်ကွဲဂုဏ်သိက္ခာကျအောင်လုပ်တာမျိုးကိုပေါ့ ... "

"မေမွန်ရယ် ... "

"ငါတကယ်ပြောတာ ... ဆွေသဟာ၊ အဲ့ဒါတွေ နောက်ထပ် ဘယ်သောအခါမှ မရှိစေရတော့ပါဘူးလို့ နင် ကတိပေးနိုင်မှပဲ ငါ နင့်ကို ဆက်ခင်နိုင်တော့မှာ၊ အဲ့ဒီလိုမှမဟုတ်ရင် ... နင်နဲ့ ငါ လက်တွဲဖြုတ်ပြီး သူငယ်ချင်းအဖြစ်ကနေ ရပ်စဲကြရုံပဲရှိတော့တယ် ... ဆွေသဟာ"

"ဟာကွာ ... "

တုန်လှုပ်ချောက်ချားစွာပင် ဆွေသဟာ ခေါင်းလေးကို ခါယမ်းပစ်လိုက်မိသည်။ မေမွန်က ... လက်တွဲဖြုတ်ဖို့အင် တောင် စဉ်းစားနေပြီတဲ့ ... ။ ဒါ ... ဘယ်လိုမှ မယုံကြည်နိုင်ဖ အချက်တစ်ချက်ပါပဲ ... ။ ဒီစကားတွေကို ဆွေသဟာ တကယ် ကြားခွင့်ရတာပေါ့နော် ... ။ မေမွန်ဟာ ... ဒီလောက်တောင်ပြော သားရက်စက်နိုင်ခဲ့ပြီလားကွာ ... ။

ဆွေသဟာ ဒူးတွေကွေးညွတ်ကာ ထိုင်ကျသွားသည်။ ရင်ထဲမှာ ... တိတ်တဆိတ်မြတ်နိုးနေမိသော မိန်းကလေးဆီက ရင့်သည်းစိမ်းသက်လွန်းတဲ့ စကားသံတွေကို ဆွေသဟာ မကြားရဲ။ မခံယူရဲလောက်အောင်ဖြစ်ရပေမဲ့ တကယ်လည်း မှန်နေတာမို့ ခေါင်းငုံ့လက်မခံချင်ပါဘဲ လက်ခံရတာလောက် ရင်နာစရာကောင်းတာမရှိတော့ ... ။

မာနတွေ၊ အတ္တတွေ၊ မခံချင်စိတ်တွေနဲ့ ဆတ်ဆတ်ကြဲတတ်တဲ့ ဆွေသဟာအသွင်လေးက ဘယ်ဆီပျောက်ရှကုန်မှန်းပင် မသိတော့ပါချေ ... ။ မေမွန့်ရှေ့တွင် ခေါင်းလေးငိုက်စိုက်ခကာ တိတ်ဆိတ်ငြိမ်သက်နေမိတော့သည်။

"ဘယ်လိုလဲ ... ဆွေသဟာ"

"ဘာ ... ဘာကိုလဲ မေမွန်"

"ငါပြောတဲ့အတိုင်း ... နင်တကယ်လက်ခံပြီးနေမလားဆိုတာလေ"

မေမွန် ... မေးနေချေပြီ။





မေမွန် အထက်စီးနင်းငုံ့မိုးကြည့်ပြီး မေးနေချေပြီ။

မေမွန်ရယ် ... ။

ငါ့ကို ... အဲ့ဒီလိုကြီး မဆက်ဆံပါနဲ့ကွာ။

တကယ်တော့ ... ငါ ... ငါလေ။ အခုလိုဖြစ်ရတာ ...အားလုံးက ... မင်းကို သိပ်ချစ်လွန်းလို့ ဖြစ်ရတာပါကွာ။ ...နဲ့ဝေးရမှာစိုးလို့။ ငါ့ရဲ့အနီးကနေ မင်းရဲ့အရိပ်လေးတွေ ပျောက် ...သွားမှာကြောက်လွန်းလို့ ငါကလိုက်ပြီးတားဆီးနေခဲ့တာပါ ...မွန်ရယ်။ အဲ့ဒါကို ... မင်းဘာကြောင့် နားမလည် နိုင်ရတာလဲ ... ။

"ဆွေသဟာ"

"ပြောလေ ... မေမွန်"

"နင် ... ငါပြောတဲ့အတိုင်းနေမှာလားလို့ မေးနေတယ်လေ"

"မေမွန်ရယ် ... ငါ ... ငါကလေ ... နင့်ကို"

"ဘာအကြောင်းပြချက်တွေနဲ့မှ ကွေ့ဝိုက်မနေနဲ့တော့ ... ဆွေသဟာ"

"ကောင်းပြီ မေမွန် ... ကိုယ် ကတိပေးပါတယ်၊ နောက် ဘယ်တော့မှ နင်မကြိုက်တာ မလုပ်တော့ပါဘူး၊ နင်အမြဲပဲ စိတ်ချမ်းသာရစေမယ် မေမွန် ... ဒါဆိုဖြစ်တယ် မဟုတ်လားဟင် ..."

"ကောင်းပြီ ... ဆွေသဟာ၊ ဒါပေမဲ့ ... အခုလိုပေးထားတဲ့ ကတိကိုတော့ တည်ပါစေနော် ..."

"အင်းပါဟ ... "

မေမွန်မျက်နှာလေးက စောစောကလို စူတင်းမှုန်ကုတ်မနေတော့ဘဲ အပြုံးလက်လက်လေးတွေနှင့် ပြန်လည်၍ လန်းဆန်းလာခဲ့သည်။

"မေမွန် ... "

"ဘာလဲ ... ဆွေသဟာ"

"ငါလည်း နင်လိုချင်တဲ့ ကတိကိုပေးထားပြီးပြီနော်"

"အင်းလေ ... အဲ့ဒါဘာဖြစ်လို့လဲ ... "

"ဒါဆို ... နင်လည်းကတိပြန်ပေးရမယ်"

"ဘာ ... ဘာရယ်၊ ဆွေသဟာ ... "

"ဟုတ်တယ် ... မေမွန်၊ ဆွေသဟာဆိုတဲ့ ငါကလွဲပြီး ... ဘယ်ယောကျ်ားလေးကိုမှ အရောမဝင်ပါဘူးဆိုတဲ့ကတိ နင်ပေးရမယ် ... "

ဆွေသဟာ့စကားကြောင့် မေမွန် မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။ ဆွေသဟာ ... ဦးနှောက်မှကောင်းပါသေးရဲ့လား။ ဒီလိုကတိမျိုး ... ဘာကြောင့် တောင်းဆိုလိုက်ရတာပါလိမ့်။ မေမွန်နှုတ်ခမ်းလေးတွေ ပြုံးသွားရ၏။

ခေါင်းလေးကို ညင်သာစွာပင် ခါယမ်းပစ်လိုက်သည်။

"ငါ ... မပေးနိုင်ဘူး ဆွေသဟာ"

"ဘာ ... "





"ငါ ... တကယ်မပေးနိုင်ဘူး ဆွေသဟာရယ်"

"အဓိပ္ပာယ်မရှိတာ ... မင်းတောင်းတဲ့ ကတိကို ... ကျိန်ဆိုပြီးတော့တောင် ကိုယ်က မင်းစိတ်ချမ်းသာမှုတစ်ခုကို ရှေ့တန်းတင်ပြီး ပေးရဲခဲ့သေးတာပဲ မေမွန်၊ အခုတော့ ... "

"နေဦး ... ဆွေသဟာ၊ နင်ပေးရဲခဲ့တာ မှန်ပေမဲ့ ငါကတော့ မပေးရဲဘူး ဆွေသဟာ၊ အဲ့ဒါ ... ဘာဖြစ်လို့လဲဆိုတော့ ... ငါဟာ အသက်ရှင်သန်လှုပ်ရှားနေတဲ့ လူသားတစ်ဦးဖြစ်နေခဲ့လို့ပဲ ဆွေသဟာ ... "

"ဘာဆိုင်လို့လဲ ... မေမွန်၊ ဒါ ... မင်း တမင်အကြောင်းပြချက်ရှာတာပဲ ... "

ဆွေသဟာရှုံ့မဲ့ရှုံ့မဲ့ဖြစ်သွားရသည်။ စိတ်တွေသည်း ... ဆောက်တည်ရာမရလောက်အောင် ဖြစ်သွားရသည်။ မေမွန့်မျက်နှာလှလှလေးကို စိမ်းတောက်စွာ စိုက်ကြည့်ပစ်လိုက်သည်။

"နင်ဘာတွေဖြစ်နေတာလဲ ... ဆွေသဟာ၊ ငါတော့ ... နင့်ကို နားမလည်နိုင်တော့ဘူးသိလား၊ လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းဆိုတာ ဘာလဲ နင်သိလား ဆွေသဟာ ... လူလို့သတ်မှတ်ထားတဲ့ ခေါင်းတစ်လုံး ခြေလက်အစုံနဲ့ ခန္ဓာကိုယ်ရှိတဲ့သူတို့ စုပေါင်းနေထိုင်ရာ ဒေသကိုခေါ်တာ ဆွေသဟာ ... အဲ့ဒီလူတွေထဲမှာ ... ယောကျ်ားတွေ၊ မိန်းမတွေ၊ ကလေး တွေ၊ အဘွား အဘိုးတွေအားလုံးရှိကြတယ်၊ ဒါ

ကို … နင်က ခွဲခွာပြီး မပတ်သတ်ရဘူးဆိုတော့ … ငါ ဘယ်လိုလုပ်ပြီး နင်ပြောတဲ့အတိုင်း နေရမလဲ ဆွေသဟာ အဲ့ဒီအတွက် … နင်တောင်းတဲ့ကတိကို ငါ ငြင်းပယ်တာပါ ဆွေသဟာ … နင် … ငါ့ကိုနားလည်ပါ”

“ဒါ … ဒါပေမဲ့”

“နင် ငါ့ကို ကတိပေးထားတယ် မဟုတ်လား ဆွေသဟာ ငါ့ကို … စိတ်မညစ်စေရဘူးဆို … နင် … စိတ်ညစ်အောင် လာမလုပ်နဲ့ဟာ၊ နင်သွားတော့ … ”

ပြောပြီးတာနှင့် မေမွန်တစ်ယောက် အနားကနေ ချာခနဲနေအောင် လှည့်ထွက်သွားတော့သည်။

ဆွေသဟာတစ်ယောက်တည်း နေရာလေးမှာ ငိုင်တွေစွာ ကျန်နေရစ်ခဲ့သည်။

မေမွန်ရဲ့ အတွေးအခေါ်တွေက ဆွေသဟာ မထင်မှတ်လောက်အောင် ရင့်ကျက်နေတာပါလား။ သို့ပေမဲ့ … ဆွေသဟာ လက်မခံချင်ပါ။ ကလေးဆန်တယ်ပဲပြောပြော၊ သဝန်တိုတယ်ပဲထင်ထင် … သဟာ့တစ်ယောက်တည်းကိုပဲ မေမွန် အလေးအနက်ထားစေချင်မိသည်။

မေမွန်ရယ် … ။

မင်း … တကယ့်ကိုပဲ အပြောင်းလဲကြီး ပြောင်းလဲသွားတာပါလားကွာ။





## အခန်း [၄]

ကျောင်းတွေပြန်ဖွင့်ပြီမို့ … ။

မေမွန်နှင့် ဆွေသဟာတို့ … ပထမနှစ်တက္ကသိုလ် က်ရချေပြီ။ အထက်တန်းမှာ ကျောင်းစိမ်းပုဆိုးနှင့် ရှပ်အဖြူ င်လေးဝတ်ခဲ့ရသော ဆွေသဟာတစ်ယောက် … တီရှပ်အကွက် လေးနှင့် စတိုင်လ်ပဲန်အနက်ရောင်လေး တွဲဝတ်ကာ နုငယ်ချော နေသော အသွင်လေးကို မှန်ထဲမှာ စူးစိုက်ကြည့်ပြီး အကျေနပ် ကျေနပ်နေရသည်။

တိုရှင်းရှင်းညှပ်ထားသော ဆံပင်ကို ခေါင်းလိမ်းဆီ နှင့် သေသေသပ်သပ်လိမ်းဖြီးထားသဖြင့် နုချောသော မျက်နှာ နှင့် လိုက်ဖက်စွာ ရှင်းသန့်ကြည်မွေ့နေသည်။ အရောင်ဖျော့

ဖျော့တီရုပ်လေးကြောင့် ဝါဝင်းနုဖတ်နေသော သူ့အသားအရည်လေးနှင့် လွန်စွာပင် ကြည့်လို့ကောင်းနေခဲ့သည်။

"သားငယ် ... မုန့်ကြီးထဲလည်း ကျွဲဝင်သွားဦးမယ်ကွယ် နည်းနည်းလည်း နောက်ဆုတ်ပါဦး ... "

"ဟင် ... "

"အဟင်း ... ဟင်း။ ဘယ်လောက်တောင်ပြင်ဆင်ထားသလဲ မသိဘူး ... တစ်ကိုယ်လုံးလည်း မွှေးကြိုင်နေတာပဲကွယ်"

"အဲ ... ဟို ... ဟိုလေ"

"အောက်ထပ်မှာ မေမွန် ရောက်နေပြီ သားငယ်"

ဆွေသဟာ့မျက်နှာချောချောလေးကို ကြည့်နူးပြုံးကြည့်ပြီး ဒေါ်သီတာဆွေ ပြောလိုက်တော့ ဖျတ်ခနဲ အရောင်လက်သွားတဲ့ မျက်နက်ဝန်းလေးတွေ။ မေမွန်ဆိုတဲ့ နာမည်လေးကြားလိုက်ရတာနှင့် ဖုံးဖိမရအောင် ဝမ်းသာပျော်ရွှင်သွားတတ်တဲ့ ဆွေသဟာ့ကိုကြည့်ပြီး ပီတိလွှံကြဖြာသွားရသူက ဒေါ်သီတာဆွေရယ်ပဲ ဖြစ်သည်။

သားယောကျ်ားလေးသာ လိုချင်တောင့်တခဲ့သော ဒေါ်သီတာဆွေအတွက် ဆွေသဟာက စိတ်ဖြေသိမ့်စရာကောင်းလောက်အောင်နေပေးတဲ့အတွက်လည်း ကျေးဇူးတင်လို့မဆုံးတော့ပါချေ ... ။

ခုလည်း ... ။





ဆွေသဟာတစ်ယောက် တက္ကသိုလ်တက်ဖို့ အစွမ်းကုန် အလှအပတွေ တအားကို ပြင်ဆင်နေသည်။ နုငယ်ချောမော လှန်းတဲ့ မျက်နှာလေးကို ငေးမောရင်း ... တစ်နေ့တခြား အလှကြီးထွားနေသော ဆွေသဟာ့ကို သတိထားမိသွားရ၏။

"ဆွေသဟာ ... "

"ဗျာ ... "

"အလှအပတွေ ... ဒီလောက်တောင်ပြင်ဆင်နေတာ ... ရည်းစားရှိနေပြီလားကွယ် ... "

"အဟက် ... မာမီကလည်းဗျာ ... ရှိပါတယ်ဗျ"

"ကဲပါ ... ရှိတယ်ဆိုလည်းပြီးတာပဲ၊ မြန်မြန်ဆင်းခဲ့တော့၊ အောက်ထပ်မှာ မေမွန်လေးစောင့်နေပြီ ... "

"ဟုတ်ကဲ့ ... မာမီ"

သူ ... ။

ကျောပိုးအိတ်လေးကို ပခုံးလေးတစ်ဘက်တွင် ချိတ်လေးလွယ်လိုက်ပြီး မာမီ့အနောက်ကနေ လိုက်ဆင်းလာခဲ့လေတော့သည်။ အောက်ထပ်ရောက်တော့ ... ဧည့်ခန်းလေးထဲတွင် ထိုင်စောင့်နေသော မေမွန့်ကို တွေ့လိုက်ရသည်။ လှပတဲ့မျက်နှာလေးက အနည်းငယ်သုန်မှုန်မှုန်လေးဖြစ်နေပြီး ... နှင်းဆီနှုတ်ခမ်းလေးလေးတွေက စူတူတူလေးဖြစ်နေ၏။ စောင့်ရလို့ မေမွန် ... မကျေမနပ်ဖြစ်နေပုံပါပဲ ... ။

"မေမွန် ... "

ထင်းလင်းတောက်ပလွန်းသော ... အဝတ်အစ
များနှင့် ဖူးဖူးရွရွလေး လှနေတဲ့ မေမွန့်ကို ငေးမောကြည့်ရင်း လို
ဖြာသောအသံလေးနှင့် ဆွေသဟာ ခေါ်မိသည်။

"ဘာလဲ ... "

ထူးသံလေးက ဆောင့်ဆောင့်အောင့်အောင့် ...

"ဒီနေ့ ... အရမ်းလှတယ်"

"တော်ပါ ... ဒီမှာစောင့်နေရတာ ဘယ်လောက်ကြာနေ
မှတ်လဲ၊ ကျောင်းကို စောစောသွားပါမယ်လို့ ပြောထ
လျက်နဲ့ မေမွန့်စကားကို နည်းနည်းမှ မလေးစားဘူး"

"မေမွန်ကလည်းကွာ ... အိပ်ရာထနောက်ကျသွားလို့ပါကွ"

"ကဲပါ ... အကြောင်းပြချက်တွေ ပေးမနေနဲ့၊ ကျောင်းသွ
ရအောင် ... "

"အေးပါကွာ ... စိတ်မလောပါနဲ့ တက္ကသိုလ်က ထွက်မပြေ
ပါဘူး မေမွန်ရဲ့ ... "

"ဆွေသဟာနော် ... "

ဒိုင်းခနဲ ... ။

မေမွန့်မျက်စောင်းလှလှလေးက ဆွေသဟာ့ဆီသို့
ရောက်လာ၏။ စိတ်မဆိုးရက်စွာပင် ရယ်နေလိုက်ပြီး စိတ်ကော
ချင်နေတဲ့ မေမွန့်ကို မျက်စိလေးတစ်ဘက်မှိတ်ပြကာ ရှေ့က





သွက်နေအောင် ထွက်ခဲ့လိုက်တော့သည်။

ဒီထက်အချိန်ဆွဲနေလျှင် ... မေမွန်တစ်ယောက်
ဆွေသဟာ့ကားနှင့် ကျောင်းတောင်လိုက်တော့မှာ မဟုတ်ဘူးလေ။
မေမွန်က သိပ်ပြီးစိတ်ကောက်မြန်တဲ့ မိန်းကလေးပဲ ... ။

သို့သော် ... စိတ်အပြေလည်းမြန်လွန်းသည်။ ဆွေ
သဟာနဲ့ မေမွန်က မတည့်အတူနေတွေလေ ... ။ ထီးတစ်ချောင်း
အတူစောင်းရင်းနဲ့လည်း စကားများရင်များရတာ ... ။ ဒါပေမဲ့ ...
ဘယ်လောက်ပဲရန်ဖြစ်ဖြစ် မေမွန်က စိတ်ကောက်ပြီး စမခေါ်တတ်
ချေ။ လိုက်ချော့ပြီး တောင်းပန်ရသူက ဆွေသဟာပါပဲ။ မေမွန်
ဒိတ်ဆိုးမပြေမချင်း ပါးစပ်က အမြုပ်ထွက်အောင် ဆွေသဟာ ရှင်း
ပြရတော့သည်။

အမြဲတမ်းသွေးဆူလွယ်၊ ပေါက်ကွဲလွယ်ကာ လက်
မြန်ခြေမြန်ရှိတတ်လွန်းတဲ့ ဆွေသဟာက မေမွန့်ရှေ့မှာတော့ ဘာ
အဆိပ်မှ မရှိတဲ့ တကယ့်ရေမြွေတစ်ကောင်ပဲ ဖြစ်ရသည်။ မေမွန်က
ဒီလောက်တောင် အစွမ်းထက်ထက်နဲ့ လွှမ်းမိုးနိုင်ခဲ့သည်လေ။

မေမွန်တစ်ယောက် ကားလေးထဲ ဖွေ့ခနဲ ဝင်ထိုင်
လိုက်တာနှင့် ဆွေသဟာ ကားလေးကို ခြံထဲကနေ မောင်းထွက်ခဲ့
လိုက်သည်။ စိတ်ထဲမှာလည်း အပျော်ကြီးပျော်နေမိ၏။ မေမွန်နှင့်
အတူ တက္ကသိုလ်တစ်ခုတည်း၊ မေဂျာတစ်ခုတည်း၊ အခန်းချင်းက
တည်းတူ၊ ခုံနံပါတ်ရှေ့ဆင့်နောက်ဆင့်မို့ ပို၍ပင် ကြည်နူးနေရသည်။

"မေမွန် ... "

"ဘာလဲ ... သဟာ"

"နင် ... မပျော်ဘူးလားဟင်"

"ဘာကိုလဲ ... သဟာ ... တက္ကသိုလ်တက်တာကိုလား"

"ငါနဲ့အတူ အခုလိုရှိနေရတာကိုလေ ... "

"ဟွန်း ... အရူး၊ ပျော်စရာလားဟဲ့၊ နင့်လောက်အူတိုတဲ့သူ ဒေါသထွက်လွယ်တဲ့သူ၊ သံသယစိတ်ကြီးတဲ့သူအနားမှာနေ ရတာ ... စိတ်တောင်မွန်းကျပ်ရသေးတယ် ... သူငယ်ချင်း မိတ်ဆွေမရှိလွန်းလို့သာဘဲ ငါ့မှာ အောင့်အီးသည်းခံပြီး ပေါင်းနေရတာ ... "

"မေမွန်နော် ... "

"မအော်ပါနဲ့ ... ငါပြောတာ မဟုတ်လို့လား"

မေမွန် လေသံမာဆတ်ဆတ်နဲ့အတူ မျက်နှာလေး တည်တင်းသွားတာမို့ ဆွေသဟာ့စိတ်တွေကို လျှော့ချပစ်လိုက်ရ သည်။ ရင်ထဲမှာ ... မေမွန့်စကားလေးကြောင့် အောင့်မျက်နာကျ သွားရသော်လည်း မျက်နှာလေးကိုတော့ အစွမ်းကုန်ပြုံးထားမိသည်။ မေမွန်ပြောချင်တာ ပြောတတ်တာ အကျင့်ပဲဟာ ... ဒါကို သူပြန် ပြောလျှင် နှစ်ဦးသား ပြဿနာတက်ရတော့မည်။ ဒါကြောင့် ... ဆွေသဟာ့ဘက်က စိတ်ကို လျှော့ချလိုက်ခြင်းပင်ဖြစ်သည်။

"ဝါး ... တကယ့်ကို ရောင်စုံအလှအပကလေးတွေပါလား





တက္ကသိုလ်ဝင်းထဲ ကားလေးမောင်းဝင်လာသည် ချင်ပဲ လမ်းဘေးဝဲယာတွင် သွားလာနေကြသော ပုံစံစုံ၊ ဒီဇိုင်းစုံ ကောင်မလေးတွေကို မြင်လိုက်ရတာနှင့် ဆွေသဟာတစ်ယောက် သံလေးထွက်ကာပင် တအံ့တဩလေးလိုက်ငေးကြည့်နေမိသည်။

ဒါကို ... ။

အမြင်ကတ်လှစွာ မျက်စောင်းလေးလှမ်းထိုးသူက မွန်။

"အဟဲ ... ဘယ်လောက်ပဲလှလှ၊ ကိုယ့်ရဲ့နတ်သမီးကိုတော့ မမီပါဘူးကွာ ... ဟော့ဒီကမ္ဘာကြီးထဲမှာ ... မေမွန်ကအလှ ဆုံးပဲ ... "

"တော်စမ်းပါ ... ပေါက်ကရတွေ မပြောနဲ့"

တားဆီးသံလေးထဲတွင် ရယ်သံနှောလေး ရောပါ မို့ ... ဆွေသဟာ့စကားကို မေမွန်တစ်ယောက် နှစ်သက်သွား သည်ဆိုတာ သိသာလွန်းလှသည်။ မျက်စောင်းလေးလှမ်းထိုးပေမဲ့ နှုတ်ခမ်းလေးတွေက ပြုံးနေ၏။

သြို ... ။

မေမွန့်မျက်နှာလေးကို ငေးခနဲ ကြည့်မိသွားရသည်။

လှပသောမျက်နှာလေးတွင် ဆံနွယ်ဖျော့ဖျော့လေး လေအဝှေ့တွင်ဝဲပျံနေတာမို့လည်းကဗျာဆန်လွန်းနေပြန်ကာ လုံးသားလေးတွေတထိတ်ထိတ်အခုန်မြန်ဆန်နေရတော့သည်။

ဓာတုဗေဒမေဂျာအဆောင်ရှေ့ ကားလေးကို အ
အနလေး ထိုးရပ်လိုက်သည်။ ပြီးနောက် ကားပေါ်က နှစ်ယော
သား ဆင်းလိုက်ကြ၏။

ဖြူနီးခနဲဆို ... ကောင်လေးတွေရဲ့မျက်ဝန်း အကြ
စူးလေးက မေမွန့်ဆီသို့ စုပုံကျသွားသလို ... ကောင်မလေးတွေ
ရင်ခုန်ကြည့်လေးတွေက ဆွေသဟာ့ဆီသို့ ရောက်လာ၏။

ထုံးစံအတိုင်း ... ။

မေမွန့်လက်ကလေးကိုခပ်တင်းတင်းလေးဆုပ်ကိုင်
လိုက်မိသည်။ ဒါကို ... မေမွန်က မသိမသာလေး ရုန်းကာ ထွ
သွား၏။ ဆွေသဟာ ငေးကြောင်သွားစဉ် ... မေမွန်က ရှေ့ကနေ
တစ်လှမ်းချင်း ဆက်လျှောက်သွားချေပြီ ... ။

သူ ... ။

စဉ်းစားမနေအားဘဲ ဆွေသဟာ့နောက်ကနေ ခ
သွက်သွက်လိုက်သွားမိသည်။ သို့သော် ... ကျောင်းအောက်ဆုံး
ကားရင်းတွင် ရောင်းနေသော မုန့်ဆိုင်ကလေးကိုတွေ့တာနှင့် မေ
မွန်နှစ်သက်တက်သော နေကြာစေ့၊ ငါးမုန့်ကြော်စသည့် အထုပ်မျ
စုံကိုဝယ်ပြီး လွယ်အိတ်ထဲထည့်ကာ ဆက်တက်လာခဲ့သည်။

စောစောက ... ။

မေမွန့်ရဲ့ လုပ်ရပ်ကို မနှစ်သက်မိသော်လည်း ...
မေမွန် စိတ်ရှုပ်ထွေးသွားအောင်လည်း မလုပ်ရက်ပြန်တာကြော





သူ့စိတ်တွေကို အတတ်နိုင်ဆုံး လျှော့ချထားလိုက်မိသည်။

မေမွန့်မှာတော့ ... ကဲကဲဆတ်လွန်းတဲ့ ဆွေသဟာ့
ကို ကြည့်မရချင်တော့ပါ။ လူထူပြီဆိုလျှင် ဆွေသဟာတစ်ယောက်
အမှန်းမသိ ... လူကို အနားကပ်လာပြီး ပွတ်သီးပွတ်သပ်နှင့် တွယ်
ကပ်နေတော့တာပဲ။

အခုလည်း ကောင်လေးတွေ စိတ်ဝင်တစား ကြည့်
လိုက်တာနဲ့ သူ့ကိုယ်သူ ပိုင်သလို နိုင်သလိုအချိုးမျိုးလေးနှင့် မေ
မွန့်လက်ကို လာဆုပ်ကိုင်၏။ အဲ့ဒါကိုပဲ မေမွန် မကြိုက်တာ ... ။
အပဲပြောပြော မေမွန့်ရဲ့အလှအပကို အားလုံးက စိတ်ဝင်တစား
ဖြစ်နေကြသည်။ ဆွေသဟာဆို မိန်းကလေးဆိုပေမဲ့ ... ဝတ်ထား
သော အဝတ်အစားနှင့် ဒေါင်းတိမောင်းတိပုံစံလေးကြောင့် တကယ့်
ယောက်ျားလေးတစ်ယောက်ဟုပင် ထင်မှတ်ကြမည်ဖြစ်သည်။

ဆွေသဟာ့ကို နံဘေးမှ အဖော်တစ်ယောက်အနေ
နှင့် ရှိစေချင်တာ မှန်ပေမဲ့ နေရာတိုင်း အချိန်တိုင်းမှာတော့ မဟုတ်
။ တစ်ခါတစ်ခါ ... သူရှိနေတာ မေမွန်အတွက် အနှောင့်အယှက်
ပင် ဖြစ်ရသေးသည်။ မေမွန်လက်ကလေးကို လာဆုပ်ကိုင်တဲ့ ဆွေ
သဟာလက်လေးထဲက မသိမသာလေး ရုန်းထွက်ပြီး ရှေ့ကနေ
လျှောက်လှမ်းခဲ့မိ၏။

ပြီးနောက် ... ။

ဆွေသဟာဆီ မသိမသာလေး လှည့်စောင်းကြည့်မိ

… မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည်။ အနောက်ဘ
ဆီတွင် ဆွေသဟာ ကပ်မလိုက်လာချေ … ။ သူမ လန့်သွားရသ
အောက်ထပ်ကနေ တက်လာသော ကျောင်းသားကျောင်းသူမ
ရှိသော်လည်း ထိုလူများထဲတွင် ဆွေသဟာ မပါချေ … ။

ဘယ်ရောက်သွားပါလိမ့် … ။

စိတ်ဆိုးပြီး အနောက်ဘက်ကနေ လိုက်တက်မ
ဘဲ ချန်နေရစ်ခဲ့ပြီထင်သည်။ တစ်ယောက်တည်း အဖော်မဲ့သွား
ခံစားချက်လေးကြောင့် မေမွန့်စိတ်တွေ လှစ်ဟာသွားရသည်။ ဆ
ပြီး တက်ရမည့် ခြေလှမ်းတွေက အင်အားမဲ့သွားရ၏။ ဆွေသ
ကို ပြန်သွားရှာချင်စိတ်နှင့်အတူ … သူမ အောက်ထပ်သို့ ပြန်ဆ
ဖို့ ခြေဦးအလှည့် … ။

"ဟာ … "

"အမေ့ … "

ဘွားခနဲ မျက်နှာချင်းဆိုင်မှ တက်လာသော လူ
ယောက်နှင့် တိုက်မိမလို ဖြစ်သွားရသည်။ နှစ်ယောက်စလုံး သ
ကောင်းကာ အရှိန်ကို ချက်ချင်းထိန်းလိုက်နိုင်ခြင်းကြောင့် 
တော့၏။

"ဆောရီး … "

အို … ။

မေမွန့်ရင်တွေ တဆတ်ဆတ်အခုန်မြန်သွားရသ





တည်တင်းချောမောလွန်းသော မျက်နှာလေးနှင့်
အတူ တောင်းပန်လိုက်တဲ့ သူ့အသံသြရှရှလေးက မေမွန်နှလုံးသား
ရဲ့အနက်ရှိုင်းဆုံးနေရာဆီသို့ တစ်မုဟုတ်ချင်း တိုးဝင်သွား၏။ညို့ငင်
လိုက်ဖြာလွန်းသော မျက်ဝန်းညိုတို့ကြောင့် မေမွန် ရှန်းထွက်ချင်
စိတ်တွေ ကင်းမဲ့သွားရသည်။

ချောလိုက်တာ … ။

ဖြူနုဝင်းစိုနေသော အသားအရည်က ယောကျ်ား
တစ်ယောက်နှင့် မလိုက်ဖက်အောင်ပင် စိုဝင်းနစ်နေခဲ့သည်။ မျက်
ခုံးထူတန်းတန်းအောက်က စူးရှတောက်ပသော မျက်ဝန်းညိုတို့က
ညို့ငင်မှုအပြည့်ရှိကာ ကြည်စင်လွန်းလှ၏။ နှာတံလေးချွန်ကာ ထိပ်
လေးလုံးပြီး ကော့တက်နေပုံက အသည်းယားစရာ။ ပန်းသွေးစို
သွမ်းသော လေးကိုင်းသဏ္ဍာန် နှုတ်ခမ်းလေးက ပြုံးမြနေသည်။

မြင့်မားသောအရပ်အမောင်း၊ တောင့်တင်းသော
ခန္ဓာကိုယ်အနေအထားကြောင့် ယောကျ်ားပီသကာ တည်တင်း
ချောမောသော သူ့ကို မေမွန် ငေးမောကာ ကြည့်နေမိသည်။

"ကိုယ့်ကို … သိလား"

"ရှင် … "

"ကိုယ့်ကို … သိနေသလားလို့မေးတာပါ"

"ရှင် … "

"အဟွန်း … "

ပြူးကြောင်ကြောင်လေးနှင့် သူ့အမေးကို ဘာတစ်ခွန်းမှ ပြန်မဖြေနိုင်သော မိန်းမလှလေးကိုကြည့်ပြီး ကြယ်စင်ခရဲ့ နှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။

"ဘယ်အခန်းကလဲဟင် ... "

"ရှင် ... "

"အခန်းနံပါတ်ဘယ်လောက်ကလဲလို့မေးတာပါ"

"ရှင် ... ဟို ... ဟိုလေ ... အဲ့ ... အဲ့ဒါ ... မေမွန်မသိဘူး ရှင့် ... "

ဟင် ... ။

မေမွန် ... ။

မေမွန်ဆိုပါလား။

ဒီနာမည်ကို ကြားဖူးသလိုပဲ ... ဘယ်မှာကြားဖူးတာပါလိမ့်။ သေချာတာကတော့ ... ဒီနာမည်နဲ့ စိမ်းသက်မနေခြင်းပင်။ ကြယ်စင်ခရဲ့ မျက်ခုံးတန်းထူကြီးတွေ ကြုတ်တက်သွားရ၏။ အူတူတူမိန်းမလှလေးကိုကျော်ကာ အပေါ်ထပ်သို့တက်လာခဲ့ရပေမယ့် သူ့အာရုံထဲတွင် မေမွန်နှင့်ပတ်သက်သည့် အကြောင်းအရာလေးများကို ပြန်လည်ကာ စဉ်းစားနေမိသည်။

ပြီးမှ ဖျတ်ခနဲ ... ကြယ်စင်ခ သတိရသွား၏။

အောက်ထပ်သို့ ဖြည်းညင်းစွာဆင်းသွားတဲ့ ကိုယ်ခန္ဓာသွယ်လျလျနဲ့ ယိမ်းယိမ်းလေးကို တစ်ချက်စိုက်ကြည့်ကာ ...





"မေမွန် ... "

သူ လှမ်းခေါ်လိုက်သဖြင့် ကောင်မလေးက ပြန်လှည့်ကြည့်၏။ သူ ... အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ဝမ်းသော မျက်နှာလေးမှာ ကြည်နူးရိပ်တွေကပြည့်လို့ ... ။

"ကိုယ်က ... မင်းနဲ့ အားကစားကွင်းထဲမှာ ဝင်တိုက်ခဲ့မိသူလေ ... မင်း မှတ်မိတယ် မဟုတ်လားဟင်၊ အဲ့ဒီနေ့က ... ကိုယ်တို့ ပြဿနာဖြစ်ခဲ့ကြတယ်လေ ... "

"ဟင် ... ရှင် ... ရှင်"

"ကိုယ့်နာမည် ... ကြယ်စင်ခပါ မေမွန်"

အို ... ။

ကြယ်စင်ခတဲ့လားရှင်ရယ် ... ။

မေမွန်နဲ့ ဝင်တိုက်မိခဲ့တဲ့လူက ... ကြယ်စင်ခဆိုတဲ့ သေချာကလေးတဲ့လားကွယ်။

## အခန်း [၅]

"မင်းနဲ့ အခုလိုတိုက်တိုက်ဆိုင်ဆိုင် မေဂျာတစ်ခုတည်း အခန်းတစ်ခန်းတည်း ပြန်ဆုံတွေ့ရတာ ... ဝမ်းသာလို တာ မေမွန်၊ ကိုယ်က ... မင်းကို သေသေချာချာမတော ပန်လိုက်ရလို့ တစ်ချိန်လုံး မင်းကို ပြန်ဆုံချင်နေတာ မေ ရယ်၊ အခုမှပဲ ... ကိုယ့်ဆန္ဒလေးပြည့်ဝသွားတော့တ ကိုယ့်ကို ... မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံပါနေ

ကြယ်စင်ခဆီက လှိုက်လှိုက်လှဲလှဲ မိတ်ဖွဲ့လာခြ ကို မေမွန်တစ်ယောက် ချက်ချင်းပင် လက်ခံလိုက်မိခြင်းအတ နောင်တမရမိချေ ...။ ကြယ်စင်ခဆိုတဲ့ သူ့ကို မြင်မြင်ချင်း မေ တွယ်တာသွားမိတာလေ ...။ အာရုံထဲမှာ ဆွေသဟာဆိုတာ





ရလောက်အောင် ပျော်သွား၏။

"မေမွန် ..."

"ရှင် ..."

"ကိုယ်နဲ့ ဝင်တိုက်တဲ့နေ့က ... အဖြစ်အပျက်ကို စဉ်းစားမိတိုင်း ကိုယ် အရမ်းအားနာတာကွ ... မေမွန် ... တော်တော်နာသွားမှာပဲနော်၊ ကိုယ် တကယ်စိတ်မကောင်းပါဘူး မေမွန်ရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ အဲ့ဒီနေ့က ... ကိုယ့်ဘက်ကစပြီး မှားခဲ့တာပါ ...

အမှောင်ရိပ်ကွယ်နေတော့ ရုတ်တရက် မမြင်လိုက်ဘူးလေ၊ ဝင်တိုက်မိမှပဲ ကိုယ် အရမ်းနောင်တရမိသွားတယ်၊ ကိုယ်က အရှိန်မြင့်ပြေးမိတာကို ..."

"ရပါတယ် ... ကြယ်စင်ခရယ်၊ မတော်တဆပဲဟာ ... မေမွန် နားလည်ပါတယ် ..."

"ကျေးဇူးပါပဲ မေမွန် ... ကိုယ်ဒေါသဖြစ်ဖြစ်နဲ့ ထွက်သွားမိပြီးမှ မင်းတို့ဆီ ပြန်လာဖို့ လုပ်သေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ... အဲ့ဒီနေ့က မင်းခြေထောက်နာသွားတာ မဟုတ်လား၊ ပြီးတော့မှ ကိုယ်စဉ်းစားမိတယ် ... မင်းတို့ကို ကွင်းထဲမှာ ရှာလို့တွေ့နိုင်ပါ့မလားဆိုတာလေ ... နောက်ပြီး ပြဿနာထပ်တက်မှာလည်းစိုးတာကြောင့် ကိုယ် ပြန်မလာတော့တာ"

အို … ။

ကြယ်စင်ခရယ်။

အကြင်နာမျက်ဝန်းလေးတွေက အရောင်လင်းလက်ကာ ကြယ်ပွင့်လေးလို ဖြာနေခဲ့သည်။ ပြည့်စုံသော ဖြေရှင်းချက်နှင့် နားဝင်ချိုလှစွာ မေမွန် နားထောင်ရင်း … ထိုယောကျ်ားလေးရဲ့ ရည်မွန်မှု၊ စိတ်သဘောထား ပြည့်ဝနူးညံ့မှုတို့ကို ရင်ထဲကနေကြိတ်ပြီး ချီးကျူးနေမိတော့သည်။

သူ့ကြောင့် ဒဏ်ရာအနာတရဖြစ်သူကို နောင်တကြီးစွာနဲ့ ပြန်ရှာဖို့ စိတ်ကူးတယ်ဆိုတာ တော်ရုံလူတွေ သဘောထားမကြီးနိုင်တဲ့ ကိစ္စပါပဲ။ အဲ့ဒီနေ့က … ဆွေသဟာ့ရဲ့ တုံ့ပြန်မှုက တော်တော်လွန်ကျူးသွားခဲ့တာလေ … ။

ဆွေသဟာ့ကြောင့် လှပတဲ့ဆောင်းနံနက်ခင်းလေးရဲ့ အလှပ သွေးပျက်တုန်လှုပ်ချောက်ချားစရာ ရန်ပွဲလေးကြောင့် အကျည်းတန်ခဲ့ရသည်။ နောက်တစ်နေ့ … လုံးဝအပြင်ထွက်ပြီး အားကစားလေ့ကျင့်ဖို့ စိတ်မကူးရဲလောက်အောင် ဖြစ်ရ၏။ လျှင်မြန်သော လက်သီးချက်များအောက်တွင် ထိထိမိမိခံလိုက်ရသော ကြယ်စင်ခတစ်ယောက် … ပေါက်ကွဲစိတ်များနှင့် တန်ပြန်တုံ့ပြန်က အဆိုးမဟုတ်ချေ … ။ သို့ပေမဲ့ … အဲ့ဒီအချိန်က အနိုင်မယူဘဲ အေးအေးဆေးဆေးပင် သူ့ဘက်က ရန်ပွဲကို အဆုံးသတ်သွားလို့သာ တော်တော့သည်။





"မေမွန် နားလည်ပါတယ် … ကြယ်စခရယ်၊ ရှင့်ဘက်က မမှားပါဘူး၊ ရှင့်ရဲ့အမှားကို ချက်ချင်းတောင်းပန်ခဲ့တာလေ၊ သဟာက တစ်ဖက်သတ်အမြင်နဲ့ … ရှင့်ကို ခွင့်မလွှတ်ပေးခဲ့တာပါ။

သဟာက အဲ့ဒီလိုပဲ ကြယ်စင်ခရဲ့ … မေမွန်နဲ့ ပတ်သက်လာရင် သူ့စိတ်ကို မထိန်းနိုင်လောက်အောင် သွေးဆူလွယ်တတ်တာ အကျင့်ဖြစ်နေပြီ၊ သဟာ့ရဲ့ လုပ်ရပ်ကြောင့် အခုလောက်ထိ ပြဿနာတွေ ကြီးမားသွားရတာပါ၊ ဒါ့ကြောင့် တောင်းပန်မဲ့တောင်းပန် … မေမွန်တို့ဘက်က တောင်းပန်ရမှာပါ … "

"ဟာကွာ … မဟုတ်တာ၊ အပွန်း … ပွန်း"

ကြည်မွေ့လွန်းသော မျက်နှာလေးက သွားဖွေးဖွေးလေးတွေပေါ်သည်အထိ ရယ်လိုက်ခြင်းကို မေမွန် မျက်တောင်မခတ် ငေးကြည့်မိသွားရသည်။ ရင်ထဲမှာ … ထိုယောကျ်ားရဲ့အပြစ်ကင်းစင်တဲ့ အပြုံးလေးကို နှစ်သက်မက်မောလိုက်ရတာ မပြောပါနဲ့တော့ … ။

ထူးဆန်းလိုက်တာ …

ကြယ်စင်ခကို မေမွန် ခင်တွယ်နေပြီ။

ဆွေသဟာသာသိရင် ပြဿနာဖြစ်တော့မှာပဲ။

သို့သော် … ။

မေမွန့်စိတ်တွေက ဒီတစ်ခါတော့ ... ခံစားချက်တစ်ခုနှင့်အတူ နိုင်မာနေခဲ့သည်။ ကြယ်စင်ခနဲ့ မိတ်ဆွေဖွဲ့မိခြင်းအတွက် နောက်ဆုတ်လိုတဲ့စိတ်တွေကိုလည်း ရင်ဆိုင်ရဲတဲ့သတ္တိတွေ အပြည့်အဝရှိနေခဲ့၏။

မေမွန် ဘာတွေဖြစ်နေပြီလဲဆိုတာ ... ကိုယ့်ကိုယ်ကိုယ်ပင် ပြန်မဆန်းစစ်ရဲလောက်အောင်ပင် ဖြစ်နေရသည်။ ရင်ထဲမှာ လှိုက်ဖြာသော ခံစားချက်လေးတွေနဲ့အတူ အခုလို နှစ်ယောက်သား စကားလေးတွေ ပြောနေရတာကိုပဲ သူမ နှစ်သက်နေမိသည်။

စကားလေးပြောတိုင်း မျက်ခုံးလေးပင့်တက်သွားပုံလေးတွေ ... ။ စိုလက်စူးရှတဲ့ မျက်ဝန်းညိုလေးတွေအောက်တွင် ရှုန်းမထွက်နိုင်လောက်အောင် သူမပျော်ဝင်နေခဲ့သည်။ ဒီအကြောင်းကို ... ဆွေသဟာသိကြည့်စမ်း ... မိုးမီးလောင်သွားမှာအမှန်ပဲ။

သို့သော် ... ။

ဆွေသဟာမသိအောင် ဖုံးကွယ်ထားလိုစိတ်လည်း မရှိပါ။ ကြယ်စင်ခနဲ့ အခုလို ခင်မင်ရင်းနှီးသိကျွမ်းခွင့်ရတာလေးကို အဟန့်အတားတစ်ခုလို တားဆီးလာမှာကိုလည်း မေမွန် အဖြစ်မခံနိုင် ... ။ ဆွေသဟာ့ကိုတော့ ... နားချရမှာပဲ။

"မေမွန် ... "

"ရှင် ... "

"ဘာတွေတွေးနေတာလဲဟင် ... "





"ဆွေသဟာ့အကြောင်းပါ ... "

"ဆွေသဟာ ... ဟုတ်လား"

"ဟုတ်တယ် ... ကြယ်စင်ခ၊ သူက ... မေမွန့်ကို ယောကျ်ားလေးသူငယ်ချင်းမိတ်ဆွေထားတာ မကြိုက်ဘူး ... အဲ့ဒါကြောင့် ... "

"အဓိပ္ပာယ်မရှိလိုက်တာ ... "

"ကြယ်စင်ခနဲ့ အခုလို စကားပြောနေတာသာမြင်ရင် ... သူ အရမ်းအံ့သြပြီး ဒေါသတွေ ပေါက်ကွဲသွားမှာ အသေအချာပဲ ... "

"ဆွေသဟာဆိုတာ ... ဟိုတစ်နေ့က ကိုယ့်ကို ရေရေလည်လည် ကျွေးသွားတဲ့ကောင် မဟုတ်လား မေမွန်"

"ဟုတ် ... ဟုတ်ပါတယ်၊ ဒါပေမဲ့ ... ဆွေသဟာ့ကိုတော့ စိတ်မဆိုးပါနဲ့ ကြယ်စင်ခရယ် ... ကျောင်းခန်းကြီးထဲမှာ ရှင်တို့ ပြဿနာဖြစ်ရင် ... မေမွန် တအားကို အရှက်ရတော့မှာပဲ ... "

ဒေါသရောင်ကြောင့် တည်တင်းချောမောလွန်းတဲ့ ...ယ်စင်ခရဲ့ မျက်နှာလေး စောစောကလို တင်းမာမနေတော့ချေ။ ...ယ်စင်နေသော မျက်ဝန်းလေးတွေက စိမ်းလက်ကာ စူးရှလာ အခြေအနေကိုရိပ်မိလိုက်သည်ဆိုလျှင်ပဲ ... မေမွန်တစ်ယောက် ...လှုပ်ရှားကာ ... ကြယ်စင်ခဆီ တောင်းပန်တိုးလျှိုးသော မျက်

ဝန်းအကြည့်လေးများနှင့်ကြည့်ပြီး ကြိုတင်တားဆီးလိုက်မိပါသ…

ဆွေသဟာ့ဘက်က အလျှော့ပေးမှာ မဟုတ်ဘူး… တာ သိထားခြင်းကြောင့်လည်း … ကြယ်စင်ခကို နားလည်မှု… အလျှော့ပေးဖို့ တောင်းဆိုမိခြင်းလည်းဖြစ်၏။ မာမီနဲ့ ဒက်ဒီက ဆွေ… သဟာမှ ဆွေသဟာလေ … ။ ဆွေသဟာ တစ်ခွန်းပြောလိုက်… နှင့် မေမွန့်ဘက်ကိုပဲ အပြစ်တွေတင်တော့၏။ ဆွေသဟာ မပေ… စေချင်တဲ့ အပေါင်းအသင်းကို … မေမွန် မပေါင်းရ … ။ အ… တက်လျှင် … မေမွန် အဆူခံရပြီပဲ … ။

သို့သော် … ။

မေမွန် အဲ့ဒီလိုဖြစ်အောင်လုပ်တဲ့ … ဆွေသဟာ… လည်း ခွင့်မလွှတ်စွာ မခေါ်မပြောဘဲ နေတတ်တာကြောင့်လည်း ဆွေသဟာ တဖြည်းဖြည်း စိတ်လျှော့လာခဲ့သည်။ မေမွန် သူ… အခင်အမင်မရှိ … ။ မဆက်ဆံတော့မှာ ဆွေသဟာ သေလော… အောင်ကြောက်သည်မို့ နောက်ပိုင်း သိပ်ပြီး ပြဿနာမလုပ်တော့… ချေ … ။ ဆွေသဟာလျှော့လေ မေမွန်က ဖိလေဖြစ်လာ၏။

အခု … ကြယ်စင်ခနဲ့ ပတ်သက်ပြီး မေမွန်နဲ့ ဆွေ… သဟာ အကြီးအကျယ် ဆွေးနွေးရမည်။ သို့ပေမဲ့ … မေမွန် သိပ်… တော့ စိုးရိမ်စရာမရှိပါဘူး။ ဆွေသဟာ့ရဲ့ အားနည်းချက်ကို မေ… သိပြီးပြီပဲဟာ … နင်နဲ့ လုံးဝမခေါ်တော့ဘူး ဆွေသဟာလို့ … လိုက်တာနဲ့ ဆွေသဟာ့ဘက်က အလျှော့ပေးမှာ သေချာသ…





…ဆွေသဟာ့ကို ဦးနှောက်ထဲ သိပ်မထားလို့ရပေမဲ့ ကြယ်စင်ခက …ခါကအရေးကြီးနေသည်။ ဆွေသဟာ့ကြောင့် မေမွန်ပါ နာကျင် …န်းတီးသွားမှာ သေလောက်အောင် စိုးထိတ်နေရ၏။

"ကြယ်စင်ခ … "

"ဟင် … "

"ရှင့်ကို … မေမွန် တောင်းပန်ပါတယ်"

"မေမွန် … "

"ပြောပါ … ကြယ်စင်ခ"

"ဆွေသဟာဆိုတဲ့ကောင်ကို လုံးဝမကျေနပ်ဘူး … အဲ့ဒီနေ့က … သူ့ဘက်က ရန်အရင်စတာ … ကိုယ် အေးအေးဆေးဆေး တောင်းပန်နေတာတောင် လက်မခံဘူးလေ၊

အဲ့ဒီနေ့ကလည်း …

မေမွန် အတင်းတောင်းပန်လို့၊

မဟုတ်ရင် … ဒီကောင် တကယ့်ကို အမှုန့်ဖြစ်သွားမှာ … ကိုယ့်စိတ်တွေလျှော့ပြီး လှည့်ထွက်သွားရပေမဲ့ … ဒီကောင့်ကိုတော့ တကယ်မမေ့ဘူး၊ ကိုယ့်ကို ရေရေလည်လည်ကျေးသွားတာလေ … ရေခဲတောင်အုပ်လိုက်ရသေးတယ် … "

"ကြယ်စင်ခရယ် … တကယ်တော့ ဆွေသဟာက သဘောကောင်းပါတယ် … "

"မထင်ပါဘူးကွာ … အဲ့ဒီနေ့က သူ့လေသံ ဒီလောက်မှာ

တင်းတာ၊ အဲ့ဒီလောက်ဆို ... ဒီကောင် ဘယ်လော ဆောင့်ကြွားကြွား၊ ကျွတ်ဆတ်ဆတ်နိုင်မလဲဆိုတာ ခန့်မှန်းလို့ရပါတယ် ... "

"အဟင်း ... ဟင်း"

"ဘာလဲ ... ကိုယ်ပြောတာ မဟုတ်လို့လား မေမွန်"

သူ့အမေးကို ခေါင်းလေးခါယမ်းပြရင်း ... မေ ငြင်းလိုက်သည်။

"အားလုံးမှန်နေလို့ပါ ... ကြယ်စင်ခရယ်၊ ရှင် ... အ တော်တာပဲ၊ ဒါကြောင့် ... ရှင့်ကို မေမွန် ပိုပြီးတောင် သွားပြီ သိလား၊ ဆွေသဟာ့ကို ... အလျှော့ပေးဖို့ ဆုံး လို့လေ ... "

"ကိုယ့်ကို ... သိပ်လည်းအထင်ကြီးမနေနဲ့ဦး မေမွန် ... ကောင့်ကို အလျှော့ပေးနိုင်တယ်ဆိုတာ ... ခံနိုင်ရ သလောက် အတိုင်းအတာအတွင်းပဲရှိမှာ ... "

"မေမွန် ... နားလည်ပါတယ်ရှင်၊ အဲ့ဒီအတွက်လည်း ကျေးဇူးအရမ်းတင်ပါတယ် ... "

"အဟွန်း ... "

"ဟင်း ... ဟင်း"

ဟာ ... ။

ဆွေသဟာ့မျက်လုံးတွေ မိုက်ခနဲပြာဝေသွားရသည်





ယုံကြည်နိုင်စရာ မြင်ကွင်းလေးတစ်ခုပါပဲ ... ။ မေမွန်ရဲ့ ဘေးနားမှာ ရုပ်ချောချောကောင်လေးတစ်ယောက် ... ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စကားတွေ ပြောနေကြ၏။ ရယ်သံလေးတွေက လွင့်ထလာသည်။

ဆွေသဟာ ထိုမြင်ကွင်းကိုကြည့်ပြီး ဒေါသတွေ ရှုခလာရသည်။ ခန္ဓာကိုယ်ထဲက သွေးတို့ ပွက်ပွက်ဆူထလာ၏။ နေရာလေးဆီသို့ သွက်လက်သော ခြေလှမ်းကျဲကြီးတွေနှင့် တိုးဝင်သွားမိသည်။

"မေမွန် ... "

"ဟင် ... ဆွေသဟာ၊ လာလေ ... "

"ဒါ ... ဒါဘာလုပ်နေတာလဲ မေမွန် ... "

"ဘာကိုလဲ ဆွေသဟာ ... မေမွန် ... ဘာလုပ်နေလို့လဲ"

"ဒီကောင်က ... "

"ဒါ ... မေမွန့်သူငယ်ချင်းလေ ... သဟာ၊ ထိုင်ပါဦး ... ဆွေသဟာရဲ့ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ဘာဖြစ်နေတာလဲ ... "

"ကိုယ့်ကို ... ဘာမှပြောမနေနဲ့ မေမွန် ... အခုချက်ချင်း ထစမ်း ... "

"သဟာ ... "

"အခုချက်ချင်း ... ထလို့ပြောနေတယ်လေ မေမွန်"

"ဘယ်လိုဖြစ်နေတာလဲ သဟာ ... ဒါ ... ကျော်ခန်းနေ

"အဲ့ဒါတွေ ... နားမလည်ဘူးကွာ၊ အခုချက်ချင်းထ ...

ဆွေသဟာခေါ်နေပေမဲ့ ... ကြယ်စင်ခဘေးက မေမွန် မထမိပါ။

ကြယ်စင်ခ စိတ်ဆိုးသွားမှာ ကြောက်မိသည်။ သဟာ့ရဲ့ ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲနေတဲ့ မျက်နှာ ကိုကြည့်ပြီး ... မျက်မှောင်လေးတွန့်ကုတ်နေတဲ့ ကြယ်စင် ကြည့်ပြီး ... နေရာလေးမှာပဲ ပေပြီးထိုင်နေမိသည်။

"မေမွန် ... ပြောနေတယ်နော်၊ အခုချက်ချင်းထပြီး ကို လိုက်မှာလား မလိုက်ဘူးလား ဒါပဲပြော ... ကိုယ် တ ထားခဲ့မှာနော် ... နောင်မှ နောင်တရမနေနဲ့ ..."

"ထားခဲ့လိုက်လေ ... ဆွေသဟာ၊ ကိုယ့်မှာလည်း ကား တယ် ..."

ဖြေလိုက်သူက ကြယ်စင်ခရယ်ပါ ... ။ သည်း လှုပ်နေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး အမြင်ကတ်လှသည်မို့ ကြ ပြောလိုက်မိခြင်း ဖြစ်သည်။

"မင်း ... မင်း"

"ဘာကောင်လဲ ... ဘာကြောင့် ... ကိုယ်နဲ့ မေမွန် အခုလိုဝင်ပြောရတာလဲ ဟေ့ကောင် ... မင်းနဲ့ ဘာဆ လဲ ..."





"ငါ့နာမည် ... ကြယ်စင်ခတဲ့၊ မင်း ... ငါ့မျက်နှာကို မမြင် ဘူးရင် သေချာကြည့်ထား၊ မေမွန်က ... ငါ့သူငယ်ချင်းဖြစ် နေပြီ ဆွေသဟာ ... မင်းလိုပဲပေါ့"

"ဟေ့ကောင် ... မင်းပါးစပ်ကို ပိတ်ထားစမ်း၊ ဘာသူငယ် ချင်းလဲ ... လက်မခံနိုင်ဘူး၊ မေမွန့်မှာ ... ဆွေသဟာဆိုတဲ့ ငါကလွဲပြီး ဘယ်သူငယ်ချင်းမှ မရှိစေရဘူး ..."

"အဓိပ္ပာယ်မရှိလိုက်တာ ..."

"ဘာကွ ... မင်း ... မင်း"

"သဟာ ..."

ကြယ်စင်ခရဲ့ အင်္ကျီကော်လံစကို ဆုပ်ကိုင်လိုက် ဘာကြောင့် မေမွန် အလျင်အမြန်တားဆီးလိုက်ရသည်။ ဒီတစ်ခါ တော့ ... ကြယ်စင်ခရှေ့ကနေရပ်တည်ဖို့ ဆုံးဖြတ်လိုက်၏။

"နင်ဘယ်လိုဖြစ်လို့ ရိုင်းစိုင်းချင်နေရတာလဲ သဟာ ... အခု ချက်ချင်းလွှတ်လိုက်စမ်း ... ကြယ်စင်ခက ငါ့သူငယ်ချင်း ဟဲ့ ..."

ဟင် ... ။

ဆွေသဟာရဲ့ လေပေါ်မြောက်တက်သွားသော လက်တွေ ချက်ချင်းရပ်တန့်သွားရသည်။ အသံမာဆတ်ဆတ်နှင့် စူး နဲ့တက်လာသော အသံကြောင့် ဆွေသဟာ မယုံကြည်နိုင်လောက် အောင်ပင် အံ့ဩမှင်တက်သွားရ၏။ မေမွန့်ရဲ့ ဒေါသမျက်ဝန်းစူး

တောက်တောက်တွေက ဆွေသဟာ့ဆီ ကျရောက်နေသည်။

ဘာဖြစ်သွားတာလဲ ... ။

မေမွန် ... ဘာဖြစ်နေတာလဲ။

ဆွေသဟာ ... နားကိုမလည်နိုင်တော့ပါ။

တကယ်ဆို ... ကြယ်စင်ခဆိုတဲ့ ဒီကောင်က အနေ သိကျွမ်းရင်းနှီးခဲ့တဲ့သူလေ ... ။ ဒါကို ... ဒီကောင့်ဘက်က မေမွ ဘာကြောင့်ရပ်တည်ပေးရတာလဲ ... ။ ဘာဆိုင်လို့လဲ ... ဒီကော ထက်ပင် သဟာက ပိုပြီးရင်းနှီးခဲ့တဲ့ ငယ်သူငယ်ချင်းတွေ မဟုတ် လားဟင် ... ။

"ကြယ်စင်ခ ... "

"ပြောလေ ... မေမွန်"

"ဆွေသဟာ့ကို ... နားလည်ပေးပါလို့ တောင်းပန်ပါတယ်"

ဟာ ... ။

မေမွန့်စကားကြောင့် ဆွေသဟာ အံ့သြပြီးရင်း အံ့ သြနေရသည်။

လိုအပ်လို့လား ... ။

အခုလို အထူးတလည် တောင်းပန်နေဖို့ လိုအပ်နေ လို့လားဟင် ... ။ ဆွေသဟာ့စိတ်တွေ ထိန်းချုပ်မရတော့လောက် အောင်ပင် ပေါက်ကွဲသွားရသည်။

"ဘာလဲ ... ဒါ ... ဘာလဲမေမွန်၊ ဘာကိစ္စနဲ့ ဒီကောင့်ကို





မင်း ခခယယတောင်းပန်နေရတာလဲ ... မင်း ရူးနေပြီလား မေမွန်"

"နင့်ပါးစပ်ကို ပိတ်ထားစမ်း ... သဟာ၊ အခုကိစ္စမှာ နင်ဝင် မပါနဲ့ ... "

"ဘာ ... "

"နင် ... ငါ့ကို ဘာကတိတွေပေးထားလဲ သဟာ၊ နောက်ကို ဘယ်တော့မှ ရန်မဖြစ်စေရပါဘူးဆို ... အခု ဘာဖြစ်လို့ အေး ချမ်းနေတဲ့ဟာကို ဆူပူသောင်းကျန်းချင်ရတာလဲ သဟာ"

ဆွေသဟာ ငြိမ်သက်သွားရသည်။

မေမွန့်ကိုပေးထားတဲ့ကတိကို အချက်ကျကျထောက် ိုက်တာမို့ ... ဆွေသဟာ ဘာဆက်ပြောရမှန်းမသိအောင်ကို သွားရသည်။ ပိုပြီးအံ့သြရတာက ... ကြယ်စင်ခဆိုတဲ့ လူဘက်က းမားမတ်မတ်ရပ်တည်မှုပေးနေတာကိုပဲ ... ။

မေမွန့်မျက်ဝန်းတွေထဲမှာ ဆွေသဟာ့အပေါ် စိမ်း က်မှုတွေ ပြည့်နှက်နေသလိုပင် ... ။ မေမွန် ဒေါသတကြီး တို့ တာ ဒါပထမဆုံးအကြိမ်ပါပဲ။ ဆွေသဟာ မလိုချင်ဆုံးက မေမွန့် န်းတွေပဲ၊ ခါးသီးစိမ်းသက်တဲ့ မျက်ဝန်းအကြည့်တွေပါပဲ ... ဒါ ွေကို အခု ခံစားနေရပြီလေ ... ။ ဆွေသဟာ့စိတ်တွေကို အလျှော့ းဖို့ ဆုံးဖြတ်လိုက်သည်။

အခြေအနေက ... ။

ဆက်ပြီးတင်းမာလို့ မဖြစ်တော့ဘူးဆိုတာ ရိပ်မိ
ရ၏။ ဆွေသဟာ့ဘက်က အလျှော့မပေးလျှင် မေမွန်နဲ့ သူငယ်
အဖြစ်က ရပ်စဲပြီး ... လက်တွဲဖြုတ်ရချေတော့မည်။

"သဟာ ..."

"ပြော ..."

အသံက လျော့ကျသွား၏။

မေမွန့်နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းသွား
ဆွေသဟာရဲ့ ပြောင်းလဲသွားသော အရိပ်အခြေကိုကြည့်ပြီး အ
နပ်ကြီး ကျေနပ်သွားမိသည်။

"ကြယ်စင်ခကို ရန်မရှာပါနဲ့ သဟာ ... သူက ... မေ
မိတ်ဆွေပါ ..."

ဆွေသဟာ ခေါင်းလည်းမညိတ်၊ ခေါင်းလည်း
ပေမဲ့ ကန့်ကွက်ခြင်းမရှိတာကြောင့် ဒါဟာ ... လက်ခံလိုက်ပြီ
ယူဆရမည်ဖြစ်သည်။ မေမွန် ... ရှုပ်ပုပ်ပုပ်လေးဖြစ်နေတဲ့ ဆွေသ
မျက်နှာလေးကို အပြုံးလေးတွေနှင့် စိုက်ကြည့်လိုက်မိတော့သ





## အခန်း [ ၆ ]

ဆွေသဟာရဲ့ သဘောတူညီချက်မရဘဲ ကြယ်စင်ခကို သူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်လိုက်တာနှင့် ပတ်သက်ပြီး မေမွန့်ကို စိတ်ဆိုးချင်ပေမဲ့ ... တကယ်တမ်းကတော့ မေမွန့်ကို အပြစ်မတင်ရက်ပါချေ။

မေမွန် ဘာပဲလုပ်လုပ် ... ဘယ်လိုပဲပြောပြော ခွင့်လွှတ်နေမိသည်။

ဆွေသဟာ ခွင့်မလွှတ်နိုင်သူက ... ကြယ်စင်ခပဲ။
ဒီကောင် ဝင်ရှုပ်လို့လေ ... ။

ဆွေသဟာနဲ့ မေမွန် အရင်ကဆို ... တစ်ယောက်နဲ့
ဘယ်သွားသွား ဘယ်လာလာ စကားလေးတွေ တွတ်ထိုးပြီး အတူ

မခွဲ တတွဲတွဲရှိနေတတ်တာ။ အခုတော့ ... ကြယ်စင်ခဆိုတဲ့ ကောင်
က ကန့်လန့်ကန့်လန့်ပါနေသည်မို့ ဇွတ်တိုးလို့မရတော့ချေ။

မေမွှန်နဲ့ ကြယ်စင်ခ ... စကားလေး တပြောပြော
ကျောင်း(canteen)သွားနေချိန်တွင် သဟာက နောက်ကနေ ခေါင်
လေးငိုက်စိုက်ချပြီး လိုက်ပါခဲ့ရသည်။ စာသင်ခန်းထဲမှာဆိုလည်
မေမွှန့်ဘေးတွင် ကြယ်စင်ခ ရှိနေတတ်သည်။

ပရယ်တီကယ်ချိန်မှာဆို တစ်ယောက်စာအုပ် တ
ယောက်လိုအပ်တာလေးတွေ ဖြည့်ရေးပေးရတာနှင့် မျက်စိနော
လောက်အောင်ပင် တပူးတွဲတွဲရှိနေခဲ့တော့၏။ နံဘေးမှာ မေမွှ
ရှိနေပါလျက်နှင့် အထီးကျန်ခြင်း ဝေဒနာဆိုးက ဆွေသဟာ့နှလုံ
သားထဲ နာကျင်ကြေကွဲစွာ စိုးမိုးနေခဲ့သည်။

ရယ်မောပျော်ရွှင်နေတဲ့ မေမွှန့်မျက်နှာလေးကို ငေး
မောကြည့်ပြီး တိတ်တိတ်လေး ဝမ်းနည်းနေရသူက ဆွေသဟာပင်
ဆွေသဟာ့နေရာလေးကို ကြယ်စင်ခက တစ်စတစ်စ နေရာယူလာ
သည်နှင့်အမျှ ဆွေသဟာက အနောက်ရောက်ရောက်သွားရ၏။

မေမွှန်နဲ့ ဝေးသထက်ဝေး ဖြစ်နေရတဲ့ဘဝမှာ မနေ
တတ်လောက်အောင် စိတ်ရှုပ်ထွေးမှုတွေနဲ့ ရှိနေခဲ့ရသည်။ မေမွှ
ကိုကြည့်ရတာ ... အရင်ကထက်ပို၍ လန်းဆန်းတက်ကြွနေ
အလှအပတွေ ပြင်လိုက်တာ ဆွေသဟာပင် ကြည့်မရချေ ... ။

အဝတ်အစားဒီဇိုင်းမျိုးစုံနှင့်တောက်ပကာအလှ





နေတဲ့ မေမွှန့်ကို ဆွေသဟာ စိတ်မချနိုင်လောက်အောင် ဖြစ်နေ
သည်။

"မေမွှန် ... "

"ဘာလဲ ... သဟာ"

စိတ်ရှုပ်ထွေးဟန် မျက်နှာလေးနဲ့ ကြည့်လိုက်တဲ့
မွှန်ကိုမြင်ရတော့ ... ဆွေသဟာ့ရင်တွေ နွမ်းလျသွားရ၏။

"ကျောင်းသားရေးရာသွားရအောင်ကွာ ... ခဏလောက်
အဖော်လိုက်ခဲ့စမ်းပါ ... "

"ဘာသွားလုပ်မလို့လဲ ... သဟာ"

"ဓာတ်ပုံသွားပေးမလို့လေ ... "

"ဟွန်း ... အဲ့ဒါကြောင့် ပြောတာပေါ့၊ ဓာတ်ပုံကို လုံလုံ
လောက်လောက် ယူခဲ့ပါဆိုတာ၊ အခုတော့ ... အလုပ်ရှုပ်ရ
ပြီ၊ သွားရမှာကလည်း အဝေးကြီး ... "

"ခဏလေးပါပဲကွာ ... "

"ဟင့်အင်း ... မေမွှန် မလိုက်ချင်ဘူး ... "

ဟာ ... ။

ခေါင်းလေးကို သွက်နေအောင် ခါယမ်းပြီး ငြင်းဆန်
တဲ့ မေမွှန့်ရယ်ပါ ... ။

ဆွေသဟာရင်ထဲ မျက်ခနဲဖြစ်သွားရ၏။ မျက်နှာ
ကွက်ခနဲပျက်သွားရသည်။

မေမွန် … ။

ဘယ်တုန်းကများ အခုလိုမျိုး ငြင်းဆန်ဘူးလို့ အခုလို အတန်းလွတ်သော အချိန်တွင် ပိုလို့တောင် ထိုင်မနေ တဲ့ မေမွန်ပါ။ အပြင်ထွက်ဖို့လောက်ပဲ ချောင်းနေတတ်တဲ့ မေ က ကြယ်စင်ခရေ့တွင် ဆွေသဟာ့ကို ပြတ်သားစွာပင် ငြင်းဆ သည်။

ကျောင်းအပ်တဲ့နေ့က ဆွေသဟာ ဓာတ်ပုံက မည့် အရေးအတွက် နည်းသွားသဖြင့် ဒီအတိုင်းအပ်ခဲ့ရသည်။ သွားပေးမလို့ အဖော်ခေါ်တာကို မေမွန်က မလိုက်ချင်ဘူးတဲ့ ဆွေသဟာတစ်ယောက်တည်းသွားဖို့ မေမွန် လွှတ်နေ၏။

မေမွန်ရယ် … ။

မင်းသိရဲ့လားဟင်။

မင်းမပါတဲ့ဘယ်လမ်းကိုမှ ကိုယ်တစ်ယောက်တ သွားဖို့ စိတ်မကူးထားဘူးဆိုတာလေ … ။ အဲ့ဒါကို … မင်း ကြောင့် မေ့ပစ်လိုက်ရတာလဲကွာ။

"သဟာ … "

"ဟင် … "

"ဓာတ်ပုံသွားပေးမလို့ဆို … သွားလေ"

"ဟို … ဟို၊ နောက် … နောက်နေ့မှပဲ သွားပေးမလ စဉ်းစားနေတာ"





"ဖြစ်ပြန်ပြီ … "

"တစ်ယောက်တည်းသွားရမှာ ပျင်းစရာကြီး … "

"ကားနဲ့ သွားတာပဲဟာ … "

"မသွားတော့ပါဘူးကွာ၊ မနက်ဖြန်မှပဲ … ကျောင်းစောစော လာပြီး သွားပေးလိုက်တော့မယ် … "

ဆွေသဟာ ညစ်တစ်တစ်ဖြေသံလေးကို နားထောင် ပြီး ဘေးကနေကျိတ်ပြီး ဝမ်းသာနေမိသူက ကြယ်စင်ခရယ်ပါ။

ဆွေသဟာတစ်ယောက် … မေမွန်နဲ့ ကြယ်စင်ခတို့ စကားပြောနေကြတာကို ခွဲချင်လို့ တမင်အကြောင်းရှာတာ … ဒါ ကို မေမွန်က မသိဘဲတစ်ယောက်တည်းသွားခိုင်းတော့ အခက်တွေ့ ပြီး ငိုင်နေတော့၏။

ကောင်းတယ် … ။

စိတ်ထဲကနေကျိတ်တွေးရင်း သူ့မျက်နှာချောချော ကြီးက ပြုံးနေတော့သည်။

တောက် … ။

ကြယ်စင်ခဆိုတဲ့ကောင်ရဲ့ မျက်နှာပေါ်က ကျေနပ် စိတ်ဖြာနေသော အပြုံးတို့ကိုကြည့်ပြီး မခံချိမခံသာဖြစ်ကာ ဆွေ သဟာတစ်ယောက် စိတ်ထဲကနေကျိတ်ပြီး တောက်ခေါက်မိသည်။

ဒီကောင့်ရှေ့မှာမှ အငြင်းခံရတယ်လို့ကွာ … မေမွန် ကတော့ တကယ်ပါပဲ။ အခြေအနေအချိန်အခါကို နည်းနည်းလေး

မှ မကြည့်တာ။ ဆွေသဟာတစ်ယောက် ညစ်တစ်တစ်နှင့် ထိုင်နေ
မိသည်။ ဆွေသဟာ ဘေးမှာရှိတာကိုပင် သတိမထားနိုင်ေ
လောက်အောင်ဘဲ မေမွန်တစ်ယောက် ကြယ်စင်ခနှင့် ရှေ့ဟော
နှောင်းဖြစ်တွေကို မမောနိုင်မပန်းနိုင်လောက်အောင်ပင် ပြော
နေတော့၏။

"မေမွန် ... "

"ရှင် ... "

"နေကလည်းပူလိုက်တာကွာ ... (canteen)သွားပြီး အအေး
လေးဘာလေးသောက်ရအောင် လိုက်ခဲ့ပါလား ... ကို
တိုက်မယ်လေ"

"အို ... တကယ်လား၊ ဒါဆိုရင် လိုက်ရမှာပေါ့ ... မေမွ
လည်း အခုလေးတင် စဉ်းစားနေတာ အအေးသောက်ရ
ကောင်းမယ်လို့လေ ... "

"အဟွန်း ... မေမွန်ကလည်း ... စောစောကပြောရော
ကွာ၊ ကဲ ... သွားရအောင်"

"အခုလည်း နောက်မကျသေးပါဘူး ကြယ်စင်ခရယ် ...

"အဟွန်း ... ဟွန်း"

"ဟင်း ... ဟင်း"

ရယ်သံလွင်လွင်လေးနဲ့ ထိုင်ရာကနေထရပ်ပြီး ...
အအေးသွားသောက်ဖို့ ပြင်ဆင်နေတဲ့ မေမွန်နဲ့ ကြယ်စင်ခကိုကြည့်





ပြီး ဆွေသဟာ အံ့သြလွန်းစွာ ငေးကြောင်ကြည့်နေမိသည်။

မေမွန် ဦးနှောက်မှကောင်းသေးရဲ့လား။

ဆွေသဟာက ကျောင်းသားရေးရာဘက် ခဏသွား
ရအောင်လို့ အဖော်ခေါ်တော့ နေပူတယ်ဆိုပြီး၊ အခုတော့ ... နေပဲ
ပိုသလိုလိုနှင့် ကြယ်စင်ခနောက်လိုက်ဖို့ ဟန်ပြင်နေသည်။ မေမွန်
ဘာလုပ်တာလဲ ... ။ ငြင်းရင် နှစ်ယောက်စလုံးကို ငြင်းသင့်တာ
မဟုတ်လား။

"သဟာ ... ဘာလုပ်နေတာလဲ၊ ထလေ ... "

မေမွန်တစ်ယောက် အေးအေးဆေးဆေးထိုင်နေတဲ့
ဆွေသဟာ့ကို စိတ်မရှည်စွာ သတိပေးမိ၏။

"မေမွန် ... မင်း ... ပြန်ထိုင်စမ်း"

"ဘာ ... "

"ပြန်ထိုင်လို့ပြောနေတာ မကြားဘူးလား ... "

"ဟင် ... "

"မင်းပြောတော့ ... နေပူလို့ အပြင်မသွားချင်ဘူးဆို"

"ဟာ ... သဟာကလည်း၊ ဒါက ... "

"ပြန်ထိုင်စမ်း ... မင်းမသွားရဘူး"

"သဟာ ... "

မေမွန့်အသံလေး စူးခနဲတက်သွားရ၏။

မေမွန် နားမလည်နိုင်လောက်အောင်ပင်ဖြစ်ရသည်။

မျက်နှာထိမျက်နှာထားကြီးနဲ့ တားဆီးနေတဲ့ ဆွေသဟာကို
ပြီး မေမွန် မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရ၏။ ဘာဆိုင်လို့
အခုလို လေသံမာမာနဲ့ တားဆီးရတာလဲ။

အခုလို ... ။

ကြယ်စင်ခဘက်က ကမ်းလှမ်းလာမှုကို ... မေ
ဘယ်လောက်ထိ မျှော်လင့်စောင့်စားနေခဲ့ရတယ်ဆိုတာ ဆွေသ
သိရဲ့လား။ သူငယ်ချင်းအဖြစ် လက်ခံခဲ့ပြီးချိန်ကစပြီး ... မေ
စိတ်တွေထဲမှာ ကြယ်စင်ခနဲ့ ပတ်သက်တဲ့ ခံစားမှု နုနုလေး
စီးဝင်ကာနေခဲ့သည်။ ရင်တွေတုန်တက်လာ၏။

သူနဲ့ စကားတွေပြောနေရတာ ... သူ့ဘေးန
အမြဲရှိနေတာလေးကိုပဲ မေမွန် ကျေနပ်နှစ်သက်နေမိပြီ။ ဒါကို
ဆွေသဟာ သိရဲ့လား။ အရေးမပါတဲ့ တားဆီးမှုတွေနဲ့ ကန့်
ထိန်းချုပ်ဖို့ ကြံစည်နေတဲ့ ဆွေသဟာကို အလျှော့မပေးဖို့ ဆုံး
လိုက်သည်။

"ဒီမှာ ... ဆွေသဟာ၊ အအေးသွားသောက်မဲ့ အစီအ
နင့်ရဲ့တားဆီးမှုကြောင့် အပျက်ခံမယ်ထင်လား ... ဆေ
ပဲ ... သဟာ၊ နင်မလိုက်ရင်နေခဲ့နိုင်တယ်၊ ငါတို့က
သွားမှာပဲ ... သဟာ

ပြောပြောဆိုဆို ... နေရာလေးကနေ ချာ
အောင် လှည့်ထွက်သွားတဲ့ မေမွန့်ကို ... တားဆီးဖို့ ဆွေသ





မေ့သွားရ၏။ ပြတ်သားစွာပင် ... ဆွေသဟာ့ကို မေမွန် ချန်ရစ်
ထားခဲ့သည်။ ထွက်ခွာသွားတဲ့ မေမွန့်နောက်ကျောပြင်လေးကို
ကြည့်ပြီး ဆွေသဟာ ရင်ထဲဝမ်းနည်းကြေကွဲမှုတွေနှင့် ပြည့်သိပ်သွား
သည်။

ကြားကနေ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်
ပင် ဖြစ်သွားရ၏။ မထင်မိပါ။

အခြေအနေတွေ ... အခုလောက်ထိ တင်းမာသွား
ဒိမ့်မည်ဟု မထင်မိပါချေ။

တကယ်တော့ ဆွေသဟာ့ရဲ့ အဖြစ်သည်းမှုကလေး
ကို အမြင်ကတ်လှစွာ ပညာပေးချင်စိတ်လေးကြောင့် အခုလို အစ
မှုံးလိုက်မိခြင်းလည်း ဖြစ်ပါသည်။ ကြယ်စင်ခနဲ့ မေမွန်တို့ စကား
ပြောနေတာကို ဆွေသဟာ နည်းနည်းလေးမှ ကျေနပ်ပုံမရပါ။

စကားစပြတ်သွားအောင် ကျောင်းသားရေးရာဘက်
သွားဖို့ အတင်းခေါ်၏။ မေမွန်က မလိုက်ချေ ... ။ ဒါကြောင့် ...
ဆွေသဟာခေါ်လို့ မလိုက်တဲ့ ... မေမွန့်ကို ကြယ်စင်ခ သူ့ရှေ့မှာ
အောင်ခေါ်ပြလိုက်တာလေ။ မထင်မှတ်စွာပင် မေမွန်က ကြယ်
စင်ခနဲ့ အအေးလိုက်သောက်ဖို့ သဘောတူခဲ့သည်။

ဒါကို ... ။

ဆွေသဟာ ရအောင်တားဆီး၏။ မေမွန်က အပြတ်
သားဆုံး ငြင်းပယ်ချကာ ရှေ့ကနေ ထွက်သွားချေပြီ။ ကြယ်စင်ခ

မျက်ရည်ကြည်လေးများနှင့် စို့ဝိုင်းနေသော ဆွေသဟာ့ရဲ့ မျက်လုံ စိမ်းများကိုကြည့်ပြီး ရင်ထဲဆို့နင့်သွားရသည်။ မှားသွားပြီလားဆို အသိနှောင်တလေးတွေနှင့် ဆွေသဟာ့မျက်နှာလေးဆီ စူးခနဲ စို ကြည့်မိသွား၏။

သို့သော် ... ။

ကြယ်စင်ခရဲ့ ခြေလှမ်းတွေက ... မေမွန့်နောက် မြန်ဆန်သွက်လက်စွာ လှမ်းလျှောက်ကာ လိုက်ပါသွားရသည်။ မေ မွန့်ကို သူဘက်ကစပြီး ကမ်းလှမ်းမိတာကြောင့် သူ့မှာ တာဝန်ရှိ လေပြီ။ ဆွေသဟာ ကျန်နေရစ်ခဲ့တာလေးကိုတော့ စိတ်မကော မိပါချေ ... ။ စာသင်ခန်းလေးထဲမှာတော့ ... ။

ဆွေသဟာတစ်ယောက်တည်း ခုံတန်းလေးမှာ ကျ နေရစ်ခဲ့သည်။ အတန်းသူအတန်းသားအချို့၏ စပ်စုသော သံသ မျက်ဝန်းလေးတွေက ဆွေသဟာ့ထံ စုပုံကာ ကျရောက်လာခဲ့သည်

ကြယ်စင်ခအပေါ် ရှုံးနိမ့်သည့်ခံပြင်းမှုထက် ... မေ မွန့်ရဲ့ ရက်စက်သော တုံ့ပြန်မှုကို ခံရသည့်အတွက် ရင်ထဲ နာက စွာ ခံစားနေရ၏။ မေမွန် ... ဘယ်တုန်းကမှ ဆွေသဟာ့ကို အခု တစ်ယောက်တည်း ချန်မထားခဲ့တတ်ပါ။

ဆွေသဟာ မသွားချင်တဲ့နေရာမျိုးမှာပင် မေ အတင်းဆွဲခေါ်တတ်သည်။ အခုတော့ ... ဆွေသဟာ့ကို မေ ကျောခိုင်းထွက်ခွာသွားခဲ့ချေပြီ။ တစ်စစပြောင်းလဲလာတဲ့ မေမွ





စိတ်သဘောထားတွေက မထင်လောက်အောင်ပင် တင်းမာလွန်း နေသည်။ ဆွေသဟာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်ရ၏။

မေမွန်ရယ် ... ။

သဟာလေ ... သဟာ။

မေမွန့်ကိုစိတ်ညစ်အောင်လုပ်တာမဟုတ်ပါဘူးကွာ။

ကြယ်စင်ခကို အရှုံးမပေးလိုစိတ်နဲ့သာ ယှဉ်ပြိုင်နေရ ပေမဲ့ ... ကိုယ် ရှုံးရတော့မဲ့ အရိပ်အခြည်တွေကို မြင်နေရပါတယ်။ ဒါပေမဲ့ ... ကိုယ် အားမလျှော့ချင်ဘူး မေမွန်။ ကြယ်စင်ခ အနိုင် ပိုင်းသွားမှာကို ခေါင်းငုံ့အရှုံးပေးမခံနိုင်ဘူးကွာ ... ။

မင်းကို ... ကိုယ်ချစ်တယ် မေမွန်။

လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး မေမွန်ရယ်။

ကိုယ် ... ဘယ်လိုလုပ်ရမလဲဟင်။

အတွေးတွေနဲ့ ရှုပ်ယှက်ခတ်ပြီး ဆောက်တည်ရာမရ ဖြစ်နေရသူက ဆွေသဟာပင်ဖြစ်သည်။ အခုလောက်ဆို ... မေမွန် တစ်ယောက် ထီးလေးတစ်ချောင်းကိုကြယ်စင်ခနှင့်အတူတူဆောင်း ပြီး အပျော်ကြီးပျော်ရွှင်နေမည့်ပုံစံလေးကို အာရုံမှာမြင်ယောင်ပြီး ရင်ထဲပူလောင်ပြင်းရှသွားရတော့သည်။

## အခန်း [၇]

အိမ်ကို ဒက်ဒီသူငယ်ချင်းမိသားစု ညစာဖိတ်ကျွေး
မည်ဆို၍ တစ်တိုက်လုံးရှိ လူတွေအားလုံး တစ်ယောက်မှ အငြိမ်
မနေရလောက်အောင် အလုပ်တွေရှုပ်ယှက်ခတ်နေရသည်။ လူက
အစကတည်းကမှ ညစ်နေရတဲ့အထဲ မျက်စိနှောက်စရာတွေချည်း
မြင်နေရ၏။

ဆွေသဟာတစ်ယောက် ... ။

တိုက်ထဲမှာနေရတာ အိမ်သန့်ရှင်းရေးလုပ်နေတဲ့သူ
တွေကြည့်ရင်း အာရုံတွေစားလာတာမို့ ခြံလေးထဲဆင်းခဲ့မိသည်။
ခြံထဲရောက်တော့ ပို၍ပင်ဆိုးသွားချေပြီ ... ။ မြက်ရိပ်စက်ရဲ့ ဆူညံ
သံတွေကြောင့် နားတွေညည်းကာ ခေါင်းပင်ကိုက်တက်လာရသည်။





တစ်ဘက်ခြံကြီးဆီ လှမ်းကြည့်မိတော့လည်း တိတ်
တိတ်ငြိမ်သက်လို့ ... ။

မေမွန့်အရိပ်အယောင် တစ်စက်မျှ မတွေ့ရချေ ...။
ဆွေသဟာ အုတ်တံတိုင်းကြီးနားကပ်ပြီး ချောင်းနေမိသည်။ နေနိုင်
လိုက်တဲ့မေမွန် ... ။

ဆွေသဟာ ... သူ့ကို ... ဖုန်းလေးပင် တစ်ချက်
သောက် လှမ်းဆက်ဖော်မရပေ။ ဟိုနေ့က ... ကြယ်စင်ခနှင့် အအေး
ဆိုင်ထိုင်တဲ့ကိစ္စနှင့် ပတ်သက်ပြီး မေမွန့်ကို စိတ်ကောက်နေမိသည်။
မေမွန့်ဆီက ... တောင်းပန်စကားလေးတစ်ခွန်းဖြစ်ဖြစ်၊ ချော့မော့
သော ညုချွဲချွဲသံလေးဖြစ်ဖြစ် ကြားချင်နေမိသည်။

အရင်ကဆို ...

မေမွန် အဲ့ဒီလောက်ထိ စကားမပြောမဆိုဘဲ မနေ
တတ်ခဲ့ပါ။ စိတ်ဆိုးတတ်တာ၊ စိတ်ကောက်တတ်တာ မဟုတ်ပေမဲ့
မေမွန့်ရဲ့ အချော့လေး ခံယူချင်တဲ့ ဆွေသဟာက မေမွန်နဲ့ ပြဿနာ
လေးတစ်ခုဖြစ်ပြီးတိုင်း အခန်းလေးထဲမှာအောင်းပြီး စောင့်မျှော်နေ
တတ်၏။

မေမွန်ကလည်း သဟာငြိမ်နေပြီဆိုတာနှင့် ခြံဘက်
းလာတတ်ပြီး အတင်းဆွဲခေါ်လို့ခေါ် ... ပါးပြင်လေးကို နမ်းလို့
မ်း ချော့တတ်၏။ ထိုအခါ ... ဆွေသဟာစိတ်တွေ ပြေလျော့ကာ
မေမွန့်အလိုကျ ပြန်နေပြတတ်သည်။ မေမွန်က ဒါဆိုဒါပဲ ... ။ မေမွန်

နဲ့ ပတ်သက်ရင် ဆွေသဟာဆိုတာ တကယ့်ရေမြွေတစ်ကောင်ဖြ
နေရသည်အထိပင် ... ။

အခုတော့ ... ။

မေမွန် သဟာ့ဆီကို မလာချေ။

ဖုန်းလည်းမဆက်ဘဲ အဆက်အသွယ်ဖျက်တော
ထားခဲ့သည်။

မေမွန့်ဘက်က အခုလို သွေးအေးအေး တုံ့ပြန်မှုမျာ
ကြောင့် ဆွေသဟာ့ရင် ဗလောင်ဆူနေခဲ့သည်။ ဘယ်လိုမှနေလို့မ
ချေ။ နောက်ဆုံးတော့ ... သဟာ ဆုံးဖြတ်လိုက်တာက မေမွန့်
သွားဖို့ပဲ။ မေမွန်မလာလျှင် ဆွေသဟာ မနေတတ်လောက်အော
ဖြစ်ရသည်။

မေမွန်နဲ့ အခုလိုမျိုး ... စိမ်းစိမ်းကားကား မခေ
မပြောနဲ့ ဆွေသဟာနေရတာ လုံးဝစိတ်မချမ်းသာ ... ။ စာတေ
လည်း ကျက်လို့မရ ... ။ ဆွေသဟာ့စိတ်တွေက တစ်ချိန်လုံး မေ
မွန့်ဆီ ရောက်နေရသည်။

ဆွေသဟာအကြောက်ဆုံးက ... မေမွန် မုန်းသွာ
မှာကိုပဲ။ မေမွန့်အမုန်းတွေကိုခံရမှာ ... ဆွေသဟာ သေလော
အောင်ကြောက်သည်။ အေးစက်တဲ့ တုံ့ပြန်မှုတွေကို မလိုချင်ခဲ့
ဆွေသဟာ ... ကြယ်စင်ခဆိုတဲ့ ကြားလူဝင်လာမှ စိမ်းကားရ
စက်မှုတွေ ခံနေရသည်။





"သဟာ ... "

" ... "

"ဆွေသဟာ ... "

"ဗျာ ... "

"ခဏလာဦး ... "

ကျွတ် ... ။

မာမီကတော့လုပ်ပြီ။

တစ်တိုက်လုံးလူတွေဒီလောက်အများကြီးရှိနေတာ
ကို ဘာ့ကြောင့် သူ့ကို အော်ခေါ်နေမှန်းမသိ ... ။ မေမွန်မလာလို့
စိတ်ညစ်နေရတဲ့အထဲ ... မာမီက ဆွေသဟာ့ကို ဘာတွေ အလုပ်
ခိုင်းဦးမလဲ မသိချေ။

"ဆွေသဟာ ... "

"လာပြီ ... လာပြီ၊ မာမီရေ ... "

"အသံကိုထားပြီး ... လူအရင်လာဟေ့"

မာမီခေါ်သံကြောင့် ဆွေသဟာ့မျက်နှာလေး ရှုံ့မဲ့
သွားရသည်။

ဆွေသဟာ ... မေမွန်တို့ခြံဘက်သို့ ရောက်နေတဲ့
မျက်ဝန်းအကြည့်လေးတွေကို ရုပ်သိမ်းပြီး အိမ်လေးဘက်သို့ ပြန်
လှမ်းခဲ့ရသည်။

မာမီကတော့ ... စံပါပဲ။ မလာမချင်း အလျှော့ပေး

ပြီး ငြိမ်သက်သွားမည့်ပုံမပေါ်။

ဘယ်လိုမှဆက်ပြီး နေလို့မဖြစ်တော့တာမို့ ... ဆွေသဟာတစ်ယောက် မာမီ့ဆီရောက်အောင်သွားရတော့သည်။

"ဘာနိုင်းမလို့လဲ ... မာမီ"

"မာမီ့ကို ... မီးဖိုချောင်ထဲ ဝိုင်းကူစမ်းပါ သဟာရယ်"

"ဟာဗျာ ... မာမီကလည်း၊ ယောက်ျားလေးနဲ့ မီးဖိုချောင် ဘယ်လိုမှ မအပ်စပ်ဘူး ... သူသူတို့ ဝင်းဝင်းတို့က ဘယ်ရောက်နေလို့လဲ ... သူတို့ကို ဝိုင်းကူခိုင်းပေါ့ မာမီရဲ့"

ဆွေသဟာ့စကားလေးကြောင့် ဒေါ်သီတာဆွေ ပြုံးချင်ချင်ဖြစ်သွားရသည်။

"သြော် ... သူသူနဲ့ ဝင်းဝင်းက သန့်ရှင်းရေးလုပ်နေတဲ့ဟာ မအားကြလို့ပေါ့ ဆွေသဟာရဲ့ လာစမ်းပါ ... ဟင်းလေးတွေ နည်းနည်းပဲကျန်တော့တဲ့ဟာကို ... "

"ဟာဗျာ ... သဟာ မချက်ချင်ပါဘူး"

"ဝိုင်းကူပေးရုံပဲဟာကို ... "

တူ ... တူ။

မာမီနဲ့ အငြင်းအခုန်ဖြစ်နေစဉ် ... တယ်လီဖုန်းမြည်သံလေး ထွက်လာတာမို့ ဆွေသဟာ့မျက်နှာလေး ဝင်းလက်ဖြာသွားရသည်။ တယ်လီဖုန်းစင်လေးဆီသို့ ခြေလှမ်းကျဲကြီးတွေနှင့် လျှောက်လှမ်းသွားပြီး ကောက်ကိုင်လိုက်၏။

ထင်ထားသည့်အတိုင်း မေမွန်ဆက်တာဖြစ်သည်။

ဆွေသဟာ ...

ထခုန်မိမတတ် ဝမ်းသာသွားရ၏။

"သဟာ ... "

"ပြောလေ ... မေမွန်"

"စိတ်ကောက်နေတာလား ... "

"ဘာကိုလဲ ... "

"မနေ့ကကိစ္စကိုလေ ... "

ဆွေသဟာ စကားသံလေး တိတ်သွားတာမို့ မေမွန် ...ခမ်းလေးတွေ ပြုံးမြသွားရ၏။ သေချာတာကတော့ ... ဆွေ...ာတစ်ယောက် စိတ်ကောက်နေတာကို။ ဒါကြောင့် အိမ်ဘက် ...ရောက်မလာတာဘဲဖြစ်မည်။

ဟွန်း ... ။

ဆွေသဟာစုတ်။

နင့်ဟာနင် ... ကောက်ရုံမကလို့ လိမ်ချင်လိမ်ပါစေ ...ျမစိုက်ပါဘူး။ ငါကတော့ ... ကြယ်စင်ခကို ဆက်ပြီးခင်နေဦး ဆွေသဟာ။ ဒါပေမဲ့ ... နင့်ကိုလည်း ငါ ပစ်ထားလို့မရသေး ...ငါ့အတွက် ... ဆွေသဟာဆိုတဲ့ နင်လည်း လိုအပ်တာပဲလေ။ ...ငါ့ရေချိုးခန်းထဲက ရေပိုက်ပျက်နေလို့ နင့်ကို ပြင်ခိုင်းဦးမယ် ...သဟာ။ နင့်ကို ခေါ်ချင်လွန်းအားကြီးလို့ မဟုတ်ဘူး သိလား။

ခိုင်းစရာရှိလို့ ... ခိုင်းစရာရှိလို့ ... ။

ဟင်း ... ဟင်း။

ကိုယ့်အတွေးလေးနဲ့ကိုယ် မေမွန်တစ်ယောက်တ... ကျိတ်ရယ်နေလိုက်သည်။

"မေမွန် ... "

"ပြော ... "

"မေမွန့်ကို ... သဟာ စိတ်မဆိုးပါဘူး ... "

"ဟုတ်ရဲ့လား ... ဒါဆို သဟာ ဘာဖြစ်လို့ မလာတ... ဟင်၊ မေမွန်ကတော့ ... ဒီနေ့ ကျောင်းပိတ်ရက်ဆို... မေမွန့်တို့အိမ်ဘက်ကို သဟာ ကူးလာမှာပဲလို့ ထင်... တာ ... သဟာ မလာလွန်းလို့ ... မေမွန် စိတ်ပူပြီး ဖု... ဆက်လိုက်တာလေ၊ တော်သေးတာပေါ့ ... ဖုန်းနား... သဟာ အဆင်သင့်ရှိနေလို့ပဲ ... "

မေမွန့်စကားကြောင့် ... ဆွေသဟာရဲ့ တင်းမာ... တဲ့စိတ်တွေ ခဏချင်းမှာပင် လျော့ကျသွားရတော့သည်။

တတ်လည်းတတ်နိုင်လွန်းတဲ့ မေမွန်က ... အသ... ချိုလေးနှင့် ဆွေသဟာ့နှလုံးသားတွေကို အရည်ပျော်သွားအော... ပြုစားနေ၏။ မနေ့က ... ကြယ်စင်ခရေ့မှာ ဆက်ဆံခဲ့တဲ့ လေသ... အခုလေသံက တခြားစီပဲ ... ။

သို့သော် ... ။





သဟာ ... ကျေနပ်ပါသည်။

မေမွန့်ဘက်က သဟာ့ကို အခုလိုဖြစ်ပယ်မထားဘဲ ...ခေါ်တဲ့အတွက် ဝမ်းသာနေမိပါ၏။ အဲ့ဒီလိုဖြစ်ဖို့ ... သဟာ ...မ်းကို စောင့်မျှော်နေခဲ့တာလေ။ မေမွန် ... ဖုန်းအဆက်ကို ...ာ တစ်ချိန်လုံးတောင်းတနေခဲ့တာပါ။

"သဟာ ... "

"ပြောလေ ... မေမွန်"

"အိမ်ကို ... ခဏလာခဲ့ပါလားဟင်၊ ရေချိုးခန်းထဲက ရေပိုက်ခေါင်းက တစ်ချိန်လုံးရေကျနေလို့ ... လာလုပ်ပေးပါလား သဟာ၊ အိမ်မှာ ... မေမွန်တစ်ယောက်တည်းဖြစ်နေလို့၊ မာမီနဲ့ အလုပ်သမားကောင်မလေးကလည်း ဈေးဝယ်သွားနေတယ်လေ ... "

"ဟင် ... ဟုတ်လား၊ ဒါဆို ... သဟာ အခုပဲလာခဲ့မယ် ... မေမွန် စောင့်နေနော် ... "

"အင်း ... "

"ဒါပဲနော် ... မေမွန်"

"အခုချက်ချင်းလာခဲ့နော် ... သဟာ"

"အေးပါကွာ ... "

ပြောပြီး ဆွေသဟာတစ်ယောက် ဖုန်းခွက်လေးကို ...ချလိုက်မိသည်။ ရှင်မြူးစွာ နောက်သို့အလှည့် ... မျက်ထောက်

နီနီကြီးတွေနှင့် ခါးကြီးထောက်ကာ စိမ်းစိမ်းကြီးစိုက်ကြည့်နေ
မှာမီဒေါ်သီတာဆွေ့မျက်နှာကြီးကို မြင်လိုက်ရသည်ဆိုလျှင်ပဲ
လေးတွေပေါ်သည်အထိ ရယ်ပြကာ ... ။

"အဟဲ ... မာမီ၊ ဟို ... ဟို ... မေမွန်က ခဏလာပါဦး
သဟာ ... သွား ... သွားမလို့"

"ဆွေသဟာ ... မာမီ့ကို ဝိုင်းကူပါဆိုတဲ့ဟာကိုကျ
အိအဲ့နဲ့ ငြင်းတယ် ... အခုလည်း ... အပြင်ကိုသွားဦး
ဆိုတော့ မလွန်လွန်းဘူးလားကွယ်"

"မာမီကလည်းဗျာ ... ဟိုမှာက မေမွန်တစ်ယောက်
ဖြစ်နေလို့ပါ ... ခဏလေးနဲ့ ပြန်လာမှာပါ မာမီရာ ...
လာရင် ဝိုင်းကူပါ့မယ် ... "

"အမလေး ... မထင်ပါဘူးတော်၊ မေမွန်နဲ့တွေ့ပြီး
ချက်ချင်းပြန်လာမယ်ဆိုတာ"

"အဟဲ ... မာမီကလည်း"

အကြောင်းသိဖြစ်နေတဲ့ မာမီက မေမွန့်ဆီ
ဟန်ပြင်နေတဲ့ ဆွေသဟာ့ကို မျက်စောင်းလေး တထိုးထိုးနှင့်
လိုက်တာမို့ ... ဆွေသဟာ ရှက်သွေးလေးရဲကာ ခေါင်းလေး
သွားရသည်။

သို့သော် ... ။

ခြေလှမ်းလေးတွေကတော့ မေမွန့်ဆီသွားဖို့





နေမိ၏။ မေမွန်က အခုချက်ချင်းလာခဲ့ပါလို့ ပြောထားတာလေ။
နဲ့ဆီကိုသွားဖို့ပဲ စိတ်အားတွေ ထက်သန်နေမိသည်။ အိမ်တံခါး
ကြီးဆွဲဖွင့်ပြီးအပြင်ထွက်ဖို့အလုပ်မှာတော့မာမီခေါ်သံကြားရသည်။

"သဟာ ... "

"ဗျာ ... "

မာမီ့ခေါ်သံကြောင့် နောက်ပြန်လှည့်ကြည့်မိ၏။

"စောစောတော့ပြန်လာနော် ... ဧည့်သည်တွေက ညနေ
စောင်းလောက်ဆိုလာကြမှာ ... "

"အင်းပါ ... မာမီရဲ့၊ ဟိုဘက်ခြံနဲ့ သည်ဘက်ခြံ ကူးလာရမဲ့
ဟာကို မှာနေလိုက်တာ မပြီးတော့ဘူး ... "

"ဟွန်း ... အဲ့ဒီလောက်မှာတာတောင် ရောက်လာပါစေဦး"

"လာမှာပါဗျာ ... "

ပေစောင်းစောင်းလေးနှင့် စိတ်မရှည်လှစွာပင် ဆွေ
ကာ ထွက်လာခဲ့မိသည်။ မာမီစကားတွေပြောနေတာနှင့် မေမွန့်
သွားမှာ နောက်ကျတော့မည်။ ဆွေသဟာက ချက်ချင်းလာခဲ့
လို့ ပြောထားတာလေ ... ။ အပြေးကလေးနှင့် တစ်ဘက်ခြံ
ကူးခဲ့သည်။

မေမွန်တို့ခြံဝရောက်တော့ ... တံခါးလေးအသင့်ဖွင့်
က် စောင့်နေတဲ့ မေမွန့်ကို တွေ့လိုက်ရတာမို့ ဆွေသဟာ့မျက်နှာ
မှာ ကြည်နူးရိပ်ကလေးတွေ ပြည့်သိပ်သွားရ၏။

"သဟာ ... အထဲကိုဝင်လေ ... "

ရှပ်လက်တိုပွပွကို ကွာတားဘောင်းဘီ
တစ်ဝက်လေးနှင့် တွဲဖက်ဝတ်ဆင်ထားသော ဆွေသဟာ့
ကို သဘောကျစွာ တစ်ချက်ပြုံးကြည့်ပြီး အထဲဝင်ခိုင်းလိုက်

"စောင့်နေတာ ... ကြာသွားလားဟင်၊ မာမီနဲ့ စကား
ဖြတ်လို့မရလို့"

"အဟင်း ... ဟင်း၊ မကြာသေးပါဘူး သဟာရယ် ...
အခုလေးတင်မှ ဖုန်းချပြီးလာတဲ့ဟာကို ... "

"ကဲ ... ပြပါဦး၊ ဘယ်ပိုက်ခေါင်းပျက်နေတာလဲ"

"မေမွန့် ရေချိုးခန်းထဲက ပိုက်ခေါင်းပျက်နေတာ

"ဟင် ... ဟုတ်လား၊ ဒါဆို ... သွားကြည့်ရအောင်

မေမွန်နှင့်အတူ ... တိုက်ကြီးထဲဝင်ခဲ့ကြပြီး
ထပ်ရှိ မေမွန့်အခန်းဆီ တက်ခဲ့ကြသည်။ ဆွေသဟာစိတ်
ထူးထူးခြားခြား ဒီနေ့မှ တအားကို လှုပ်ရှားနေရသည်။ တို
တစ်တိုက်လုံး တိတ်ဆိတ်ငြိမ်သက်နေသည့်အပြင် ... မေမွ
ယောက်တည်း ရှိနေရတဲ့ အဖြစ်ကြောင့် ရင်တွေခုန်နေရ

မေမွန့်မျက်နှာလေးဆီ ခိုးကြည့်မိတော့ ...
ငြိမ်နေတဲ့ မျက်နှာလှလှလေးက ပကတိကြည်စင်လို့နေ

"လာလေ ... သဟာ၊ ဒီရေပိုက်ခေါင်းပဲ ... တစ်ချိန်
တစက်စက်ကျနေတာလေ ... "



"သြော် ... အင်း"

မေမွန် လက်ညှိုးထိုးပြတဲ့ ရေတစက်စက်ကျနေ
သာ ပိုက်ခေါင်းလေးကို သေသေချာချာစစ်ဆေးလိုက်ပြီး ... ပြင်
ည့်သည်။

"မေမွန် ... "

"ပြောလေ ... သဟာ"

"ပိုက်ခေါင်းက အသစ်လဲမှ ဖြစ်မှာကွ ... ပိုက်ခေါင်းအသစ်ရှိ
လား"

"ရှိမယ်ထင်တယ် ... သဟာရဲ့၊ မနေ့က ... မာမီဝယ်လာ
တယ်လို့ သတင်းကြားတာပဲ ... ခဏနော် ... မေမွန် သွား
ရှာလိုက်ဦးမယ် ... "

"အင်း ... "

သူ့အနားကနေ ... ချာခနဲနေအောင် မေမွန် ထွက်
ားပြန်၏။ ဆွေသဟာ ရေချိုးခန်းလေးထဲမှာ ကျန်ခဲ့သည်။ ရေ
ဆိုအောင် ပြင်ကြည့်သေး၏။ ခဏကြာတော့ ... မေမွန် အနားကို
ရောက်လာပြီးလက်ထဲမှာရေပိုက်ခေါင်းအသစ်လေးပါလာသည်။

"ရော့ ... သဟာ၊ ဒါဆိုရလား ... "

"ရတယ် ... မေမွန်၊ ပေး ... ကိုယ်လဲတပ်လိုက်မယ်"

ဆွေသဟာတစ်ယောက် ကျွမ်းကျင်စွာပင် ရေပိုက်
င်းလေးကို လဲတပ်ပေးလိုက်သည်။

"ကဲ ... ရပြီ မေမွန် ... "

"တော်လိုက်တာ ... သဟာရယ်၊ အရမ်း ... အရမ်းကို
ကိုးရတာပဲ၊ အိမ်ကိုရောက်တုန်း တလက်စတည်း ...
ပင်တွေ ရေလောင်းပေးသွားပါဦး သဟာရယ်၊ အိမ်က
လီအလုပ်ထွက်သွားလို့ ... အရမ်းကို ဒုက္ခဖြစ်နေတယ်
မွန်ကလေ ... ရေကိုင်ရင် ခြေတွေလက်တွေ၊ အဆစ်အ
တွေကိုက်တက်လာတာတတ်တာ၊ မာမီက မလုပ်နဲ့
ပေမဲ့ ... ပန်းပင်လေးတွေ ရေမလောင်းလို့ သေသွား
လည်း စိုးတယ်လေ ... အဲ့ဒါ ... "

"ရေပိုက်နဲ့ လောင်းတာပဲဟာ ... ရပါတယ် မေမွန်ရဲ့၊ သ
လောင်းပေးမှာပေါ့ ... "

"အို ... ကျေးဇူးတင်လိုက်တာ"

မေမွန်တစ်ယောက် ဆွေသဟာ့ပါးလေးကို ညင်
စွာ ဆွဲလိုက်ပြီး ကြည်ကြည်နူးနူးလေး ပြောလိုက်တာကြောင့်
ရင်ခုန်သံတွေပင် ထိန်းချုပ်မရချင်လောက်အောင်ပင် ဖြစ်သွ
သည်။ ကလေးဆန်လိုက်တဲ့ မေမွန်ရယ်ပါ ... ။

ဆွေသဟာ့ကို ပန်းပင်ရေလောင်းခိုင်းပြီး မေ
ကတော့ အေးအေးဆေးဆေးပင် အခွေလေးထိုးပြီး တီဗွီလေး
ကြည့်နေတော့၏။ ကျေနပ်ပျော်ရွှင်နေသော မေမွန့်ပုံစံလေး
ကြည့်ရင်း ဆွေသဟာပါ ပျော်ရွှင်နေမိသည်။





"မေမွန်ကိုယ်ပန်းပင်တွေရေသွားလောင်းလိုက်ဦးမယ်နော်"

"အင်း ... အင်း ... "

တီဗွီလေး အကြည့်မပျက်ပင် မေမွန် ခေါင်းညိတ်
လိုက်သည်။ ထွက်ခွာသွားတဲ့ ဆွေသဟာ့ခြေသံလေးတရုပ်ရုပ်ကို
နားထောင်ပြီး မေမွန့်နှုတ်ခမ်းလေးတွေ ပြုံးသွားရ၏။ တကယ်တော့
မေမွန်တို့အိမ်က မာလီကြီး အလုပ်မထွက်ချေ။ မာမီ အပြင်ခဏ
ခေါ်သွားတာလေ။ မနက်က ... ဟင်းချက်ခိုင်းတာ ညံ့ဖျင်းပြီး
ဟင်းအိုးတူးသွားလို့ မာမီက အပြစ်ပေးတဲ့အနေနဲ့ ပန်းပင်တွေ ရေ
လောင်းဆိုတဲ့အပြစ်ဒဏ် ပေးခဲ့တာ။

အဟိ ... ။ ဒါကို ... အကြောင်းမသိတဲ့ သဟာက
မေမွန့်စကားကို ယုံကြည်ပြီး ပန်းပင်တွေ ရေသွားလောင်းနေချေပြီ။

ဆွေသဟာရေ ... ။

အခုကိစ္စက ငါ့အလွန်မဟုတ်ဘူးနော် ... နင်ကိုယ်
တိုင်ကိုက ရိုးအ,လွန်း၊ ညံ့ဖျင်းလွန်းလို့ခံရတာ ဆွေသဟာရေ။

ဟင်း ... ဟင်း။

ဟင်း ... ဟင်း။

မေမွန်တစ်ယောက်တည်း အတွေးလေးနှင့် ကျိတ်
ပြီး ရယ်နေမိတော့သည်။

## အခန်း [ ၈ ]

ဟင် ... ။

ဒက် ... ဒက်ဒီကား ပြန်လာပြီ။

မေမွန်တို့ခြံလေးထဲတွင် ပန်းပင်တွေ ရေလော
ပေးနေရင်းမှ ခြံရှေ့က ဖြတ်မောင်းသွားသော ကားလေးကိုကြ
ရင်း ဆွေသဟာ ...က်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

ဟော ... ။

ဒက်ဒီကားရဲ့ မရှေးမနှောင်းတွင် ကပ်ပြီးမောင်း
သွားတဲ့ ကားလေးတစ်စီး။

ဒါ ... ညှို့သည်တွေရဲ့ကားထင်တယ်။

ဒုက္ခပါပဲ။





မာမီ့ကို မကြာစေရပါဘူးလို့ပြောပြီး မေမွန်တို့ခြံ ကူးလာခဲ့တာလေ။ အခုလောက်ဆို ... ဆွေသဟာ့ကို မာမီ တချစ်တောက်တောက်နဲ့ အပြစ်တင်နေတော့မှာပဲ ... ။ ဆွေသဟာတစ်ယောက် ... အခုအချိန်ထိ ရေလည်းမချိုးရသေး။ ပြင်လည်းမပြင်ဆင်ရသေးချေ။

ပိုဆိုးတာက ... ပန်းပင်တွေကလည်း ရေလောင်းလို့ မပြီးသေး။

အခုမှ အခက်တွေ့ရပြီ ... ဒီအတိုင်းပစ်ထားခဲ့လျှင်လည်း မေမွန်က စိတ်ဆိုးဦးမည်။ တစ်ဘက်ကလည်း ညှို့သည်တွေရောက်လာတာတောင်ပြန်မလာရကောင်းလားဆိုပြီး ဆူခံရဦးမယ်။

ဆွေသဟာ့မျက်နှာလှလှလေး ... ရှုံ့မဲ့သွားရ၏။ ရေပန်းဖွားလေးလောက်သာထွက်သော မေမွန်တို့ခြံက ပန်းပင်ရေလောင်းတဲ့ ပိုက်လေးကိုကြည့်ပြီး အားမလိုအားမရတွေ ဖြစ်နေမိသည်။

နောက်ဆုံးတော့ ... ။

သိပ်ပြီးစဉ်းစားတွေဝေမနေတော့ဘဲ ရေပိုက်ထိပ်က ရေပန်းဖွားဂေါက်လေးကို ဖြုတ်ပစ်လိုက်သည်။ ထိုအခါမှ ... ရေပိုက်တစ်လျှောက် ဒလဟောကျရေများကိုကြည့်ပြီး စိုလက်ဖွာတစ်ချက်ပြုံးလိုက်၏။

ပန်းပင်တွေကို ... အထိမနာအောင် ရေအလုံးကို

လက်မလေးနှင့် တစ်ချက်ဖိပိတ်ပြီး ရေလောင်းပစ်လိုက်၏။ ခဏ ချင်းပင် ပန်းပင်တွေအားလုံး ရေလောင်းလို့ ပြီးစီးသွားချေပြီ။

ဟိုက် ...

အခုမှ သူ့ကိုယ်သူ ပြန်ကြည့်မိ၏။

တစ်ကိုယ်လုံးလည်း ရေတွေရွှဲနစ်လို့ ... ။

သွားပြီ ...

ဒီပုံစံကြီးနဲ့ ဧည့်သည်တွေရှေ့ကနေ ဘယ်လိုဖြတ်ပြ ပါ့မလဲ။

"သဟာရေ ... "

" ... ... "

"သဟာ ပြန်လာတော့ဟေ့ ... "

ဟော ...

ဒါ မာမီ့ခေါ်သံပဲ။

ဆွေသဟာ ဒီအတိုင်း ဆက်ပြီး နေလို့မဖြစ်တော့ပြ မို့ ... မေမွန်တို့ခြံလေးထဲကနေ အပြေးထွက်ခဲ့မိသည်။ တစ်ဘက် ခြံကြီးထဲ ကုပ်ချောင်းကုပ်ချောင်းလေး ပြန်နိုးဝင်လာခဲ့မိ၏။ ခြံထဲ မှာ လူရိပ်လူယောင် တစ်စက်ကလေးမှပင် မတွေ့ရတာမို့ ဆွေ သဟာ့မျက်နှာလေး ပြုံးသွားရသည်။ မာမီ့ကိုကြည့်ရတာ ... သဟာ့ ကိုခေါ်ပြီး အသံမကြားရတာနှင့် တိုက်ထဲ ပြန်ဝင်သွားပုံပါပဲ။ ဒါဆို တိုက်ထဲက အလုပ်သမားကောင်မလေးတစ်ယောက်ယောက်





လာခေါ်နိုင်းတော့မည်။

ဆွေသဟာ ... တိုက်ကြီးရှေ့ပေါက်က မဝင်ဖို့ ဆုံး ဖြတ်လိုက်၏။ သဟာ့ရဲ့ ပုံစံ စုတ်ချာချာလေးက ဧည့်သည်တွေရှေ့ ဘွင် ဘယ်လိုမှ မြင်မကောင်းချေ။ ဒက်ဒီနဲ့ မာမီကလည်း ဒီပုံစံနဲ့ မြင်ရင် ဒေါသထွက်မှာပဲ။

ဒီတော့ ခြံဘေးကတစ်ဆင့် အနောက်ဘက်ပေါက် သိ ရောက်အောင်သွားမည်။ ပြီးမှ အပေါ်ထပ်ကို ခိုးတက်ကာ ရေ ခိုးချိုး အဝတ်အစားလဲမည်။ ဒါဆို ... အားလုံး အဆင်ပြေပြီလေ။

ကိုယ့်အတွေးလေးနဲ့ကိုယ် ခြေလှမ်းတွေကို အသွက် သက်ဆုံး လှုပ်ရှားလိုက်၏။ သစ်ပင်ချုံရိပ်လေးတွေကို ကွယ်ရင်း တိုက်အိမ်ကြီးရဲ့ဘေးဘက်သို့ တဖြည်းဖြည်း သွားနေမိသည်။

"ဟိတ် ... မပြေးနဲ့ ... "

"ဟင် ... "

"ဟာ ... "

"ဘုတ် ... "

"အောင်မလေးဗျ ... "

ဩရှရှ အသံတစ်ခု၏ တားဆီးသံနှင့်အတူ သန်မာ ဖျတ်လတ်လွန်းသော လက်တစ်စုံ၏ ဖက်သိုင်းချုပ်နှောင်ခြင်း ကြောင့် သွားနေသောခြေလှမ်းတို့ ယိမ်းယိုင်ကာ နှစ်ဦးသား အရှိန် မထိန်းနိုင်ဘဲ လုံးထွေးပစ်ကျသွားရတော့သည်။

အပေါ်စီးမှ လေးလံသော ဖိအားကြောင့် အသံလေးထွက်ကာပင် ဆွေသဟာ အော်လိုက်မိသည်။

"ဟေ့ကောင် သူခိုး ... မလှုပ်နဲ့နော်၊ ငါ အုတ်ခဲနဲ့ ...
ထုလိုက်မှာ ... "

မှောက်လျက်အနေအထားမှ လက်ကောက်ဝတ်နှ... ဖက်ကို ချုပ်ထားရင်းမှ အပေါ်ကနေ အော်လိုက်တဲ့ အသံစူးစူ... ကြောင့် ဆွေသဟာ့ရင်ထဲ ဒေါသလှိုင်းတွေ တဖျန်းဖျန်း ရိုက်ခတ်သွားရ၏။

"အား ... နာတယ် ... လွှတ် ... လွှတ်စမ်း ... ငါ့ကို အ...
ချက်ချင်းလွှတ် ... "

"အောင်မာ ... သူခိုးကများ လေသံက မာလိုက်တာ ...
မင်းလိုသူခိုးကို ဘာလို့လွှတ်ပေးရမှာလဲ ... ရဲလက်ထဲအပ်
မှာကွ သိလား ... "

"ဘာ ... "

"မဘာနဲ့ ဟေ့ကောင် ... မင်း ခြံထဲကို ခိုးဝင်လာကတည်း
က ငါ သတိထားပြီး စောင့်ဖမ်းဖို့ ပုန်းနေတာကွ ... အဖမ်း...
အခုတော့ မင်း ဘာတတ်နိုင်သေးလဲ သူခိုးစုတ် ... "

"ဖတ် ... "

"အ ... "

ပြောလည်းပြော ... နားရင်းကိုလည်း ခပ်ဆတ်...



...လေး အုတ်လိုက်တာမို့ အသည်းခိုက်မတတ် နာကျင်သွားရသူ ...သဟာရယ်ပါ။ ကိုယ့်ခြံထဲ ကိုယ်ပြန်ဝင်လာတဲ့ဟာကို သူခိုး ...ရုံတင်မက ... လက်နှစ်ဖက်လုံး ချုပ်နှောင်ကာ မှောက် ...ခိုခံထားရတာမို့ တစ်ဘက်လူရဲ့ မျက်နှာကိုကြည့်လို့မရချေ။

"ဟေ့ကောင် ... မင်း ... မင်း ... ငါ့ကို ဘာလို့ရိုက်ရတာ
လဲ ... မင်း ဘယ်သူလဲ ... ဒီခြံထဲကို ဘယ်လိုလုပ်ပြီးရောက်
နေတာလဲ ... "

"အောင်မာ ... သူခိုးကများ ရိုက်တော့ဘာဖြစ်လဲ ... ရိုက်
တယ်ကွာ ... ဖတ် ... ရိုက်တယ်ကွာ ... ဖတ် ... "

"ဟေ့ကောင် ... မင်းနော် ... မင်း ... မင်း ... "

ဆွေသဟာ့အသံလေးတွေ တိမ်ဝင်သွားရသည်။ ရင် ...ကျင်မှုနှင့်အတူ ဒေါသစိတ်ကြောင့် ဝမ်းနည်းမှုတွေက နင့် ...လာ၏။ တစ်နေ့တာလုံး ကံဆိုးမှုတွေချည်းပဲ ဆက်တိုက်ကြုံ ...နေရသည်။

"ဘာလဲ ... မင်းက မကျေနပ်ဘူးလား ... "

တစ်ဘက်လူရဲ့ အမေးစကားသံ ခပ်တင်းတင်းကို ...ကျေနပ်လှသော်လည်း ဆွေသဟာ ဘာမှမတတ်နိုင်ပါ။ ခြံသော့ ...ရှိနေသည့်အပြင် တစ်ခြံလုံး လူတွေအားလုံး နောက်ဖေးမီးဖို ...င်တွင် ဝိုင်းကူနေကြတာမို့ ဆွေသဟာ့အဖြစ်က ကူရာကယ်ရာ ...နေခဲ့ရသည်။

အပေါ်စီးမှ လေးလံသော ဖိအားကြောင့် အ...
လေးထွက်ကာပင် ဆွေသဟာ အော်လိုက်မိသည်။

"ဟော့ကောင် သူခိုး ... မလုပ်နဲ့နော်၊ ငါ အုတ်ခဲနဲ့ ကော...
ထုလိုက်မှာ ... "

မှောက်လျက်အနေအထားမှ လက်ကောက်ဝတ်...
ဖက်ကို ချုပ်ထားရင်းမှ အပေါ်ကနေ အော်လိုက်တဲ့ အသံစူး...
ကြောင့် ဆွေသဟာ့ရင်ထဲ ဒေါသလှိုင်းတွေ တဖျန်းဖျန်း ရိုက်...
သွားရ၏။

"အား ... နာတယ် ... လွှတ် ... လွှတ်စမ်း ... ငါ့ကို အ...
ချက်ချင်းလွှတ် ... "

"အောင်မာ ... သူခိုးကများ လေသံက မာလိုက်တာ ...
မင်းလိုသူခိုးကို ဘာလို့လွှတ်ပေးရမှာလဲ ... ရဲလက်ထဲအ...
မှာကွ သိလား ... "

"ဘာ ... "

"မဘာနဲ့ ဟော့ကောင် ... မင်း ခြံထဲကို ခိုးဝင်လာကတ...
က ငါ သတိထားပြီး စောင့်ဖမ်းဖို့ ပုန်းနေတာကွ ... အဟု...
အခုတော့ မင်း ဘာပြောနိုင်သေးလဲ သူခိုးစုတ် ... "

"ဖတ် ... "

"အ ... "

ပြောလည်းပြော ... နားရင်းကိုလည်း ခပ်ဆ...





...တ်လေး အုတ်လိုက်တာမို့ အသည်းခိုက်မတတ် နာကျင်သွားရတဲ့...
...ာ ဆွေသဟာရယ်ပါ။ ကိုယ့်ခြံထဲ ကိုယ်ပြန်ဝင်လာတဲ့ဟာကို သူခိုး
...ထင်ခံရရုံတင်မက ... လက်နှစ်ဖက်လုံး ချုပ်နှောင်ကာ မှောက်
...က် အဖမ်းခံထားရတာမို့ တစ်ဘက်လူရဲ့မျက်နှာကိုကြည့်လို့မရချေ။

"ဟော့ကောင် ... မင်း ... မင်း ... ငါ့ကို ဘာလို့ရိုက်ရတာ
လဲ ... မင်း ဘယ်သူလဲ ... ဒီခြံထဲကို ဘယ်လိုလုပ်ပြီးရောက်
နေတာလဲ ... "

"အောင်မာ ... သူခိုးကများ ရိုက်တော့ဘာဖြစ်လဲ ... ရိုက်
တယ်ကွာ ... ဖတ် ... ရိုက်တယ်ကွာ ... ဖတ် ... "

"ဟော့ကောင် ... မင်းနော် ... မင်း ... မင်း ... "

ဆွေသဟာ့အသံလေးတွေ တိမ်ဝင်သွားရသည်။ ရင်
...ဲ နာကျင်မှုနှင့်အတူ ဒေါသစိတ်ကြောင့် ဝမ်းနည်းမှုတွေက နင့်
...ည်းလာ၏။ တစ်နေ့တာလုံး ကံဆိုးမှုတွေချည်းပဲ ဆက်တိုက်ကြုံ
...တွေ့နေရသည်။

"ဘာလဲ ... မင်းက မကျေနပ်ဘူးလား ... "

တစ်ဘက်လူရဲ့ အမေးစကားသံ ခပ်တင်းတင်းကို
...ကျေနပ်လှသော်လည်း ဆွေသဟာ ဘာမှမတတ်နိုင်ပါ။ ခြံထော...
...ွင် ရှိနေသည့်အပြင် တစ်ခြံလုံး လူတွေအားလုံး နောက်ဖေးမီးဖို...
...ဆောင်တွင် ဝိုင်းကူနေကြတာမို့ ဆွေသဟာ့အဖြစ်က ကူရာကယ်ရာ
...ဲနေခဲ့ရသည်။

"ဟော့ကောင် ... "

"ဘာလဲ ... "

"ငါ့လက် အရမ်းနာနေပြီ ... လွှတ်ဦး ... "

"အောင်မာ ... ဘာလို့လွှတ်ရမှာလဲ ... မလွှတ်ဘူး"

"ငါ ... ငါ တကယ်သူခိုးမဟုတ်ဘူးကွ ... ဒီခြံထဲက
မင်း မယုံရင် ခေါ်မေးကြည့် ... ဒီတိုက်ကလူဆိုတ
သိလိမ့်မယ် ... "

"ဘာကွ ... "

"ငါ မလိမ်ဘူး ဟော့ကောင် ... ငါက ဒီခြံပိုင်ရှင်ရဲ့
တည်းသောသားကွ ... "

"ဘာ ... ဘာပြောတယ် ... ဒီခြံပိုင်ရှင်ရဲ့ တစ်ဦးတည်း
သား ဟုတ်လား ... ဟား ဟား ... "

"မင်းမယုံရင် သွားမေးကြည့် ဟော့ကောင် ... "

"ဟား ဟား ... ရေရေလည်လည် ဖိန့်တယ်ကွာ ...
ဟား ... "

ဟင် ...

မယုံချေ။

သူ့စကားကို တစ်ဘက်လူက လုံးဝမယုံချေ

ဆွေသဟာ အံလေးကို တင်းနေအောင် စေ့
ထားမိသည်။ စိတ်ထဲကနေ ကြိမ်းဝါးနေမိ၏။ လက်တွေကို





ကြီးစားရုန်းကန်နေမိသည်။

"ဟော့ကောင် ... ငြိမ်ငြိမ်နေ ... "

"အ ... အ ... နာတယ် ... "

လက်နောက်ပြန်ချုပ်ထားသောလက်ကို ဖိလိုက်
တာမို့ အသည်းဆတ်ဆတ်ခါ နာကျင်သွားရသည်။ မြက်ခင်းပြင်နှင့်
မျက်နှာတစ်ခြမ်း ထိအပ်ထားရသဖြင့် ပါးပြင်နုနုလေးတစ်ဖက် နာကျင်
နေရ၏။

"ဟော့ကောင် ... ငါ တကယ်ပြောတာပါကွ ... ငါက ဒီခြံ
ပိုင်ရှင် ဦးဘုန်းမိုးနဲ့ ဒေါ်သီတာဆွေတို့ရဲ့ တစ်ဦးတည်းသော
သားပါ ... ငါ့နာမည် ဆွေသဟာတဲ့ ... မင်း မယုံရင် အခုပဲ
ခြံရှင်တွေနဲ့ တွေ့ပေးပါကွာ ... "

ဟင် ...

ဟားတိုက်ရယ်မောသံလေး တိခနဲ ရပ်သွားရသည်။

ခန္ဓာကိုယ်တစ်ခုလုံးရှိ လည်ပတ်စီးဆင်းနေသော
သွေးတို့ ခဏတာ ရပ်ဆိုင်းသွားရသည်ထင်ရ၏။ ငိုသံစွက်စွက်လေး
နဲ့ ဖြေရှင်းပြတဲ့ စကားသံလေးက သူ့နားထဲ သံရည်ပူနှင့် လောင်းချ
လိုက်သလို ခံစားနေရသည်။ ချုပ်ကိုင်ထားတဲ့ လက်တွေက အင်
အားမဲ့လာရပြီး ဖိထားတဲ့ ခန္ဓာကိုယ်အား ခွာလိုက်၏။

"အို ... ဟဲ့ ... ဟဲ့ ... ဒါ ... ဒါက ဘာတွေဖြစ်နေတာတုန်း"

ဟင် ... မာမီ့အသံပဲ။

ဆွေသဟာ လှိုက်ခနဲ ဝမ်းသာသွားရသည်။

"မာမီ … မာမီ … လုပ်ပါဦးဗျ … ဒီကောင် သဟ…
သူခိုးဆိုပြီး အတင်းဖမ်းထားတာ … အား … ကျွတ်
ကျွတ် … "

"ဟဲ့ … သား … သား … သူ့ကို လွှတ်လိုက် … သ…
လွှတ်လိုက် … အဲဒါ အန်တီ့သား … အဲ … "

စကားသံလေးက တစ်ဝက်တစ်ပျက် ရပ်သွား…

ဒေါ်သီတာဆွေတစ်ယောက် ပျာယာခတ်ရင်း…

မျက်လုံးပြူး၊ မျက်ဆန်ပြူးလေးနှင့် မြေပြင်…
ပြားပြားဝပ် အဖမ်းချုပ်ခံနေရရှာသော ဆွေသဟာ့ကိုကြည့်ပြီး …
တွေ တုန်လှုပ်ချောက်ချားနေရသည်။

"ဗျာ … ဟုတ် … ဟုတ်ကဲ့ အန်တီသီတာ … "

ဒေါ်သီတာဆွေ အမိန့်ကို နာခံစွာပင် သူ့လက်…
ကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်မိ၏။ အားနာလှစွာ ခေါင်း…
ပြီး ခြေလှမ်းတွေကို နောက်သို့ ဆုတ်လိုက်သည်။

ဆွေသဟာ လဲကျနေရာမှ လူးလဲထလိုက်ပြီး …
စောက သူခိုးဟု စွပ်စွဲကာ ဖမ်းချုပ်ခဲ့သောလူဆီ မကြည်မလင်…
မော့ကြည့်ပစ်လိုက်၏။

"ဟင် … မင်း … မင်း … "

"ဟုတ်တယ် … ငါ ကြယ်စင်ခပဲ … "

ကြယ်စင်ခကို ဘွားခနဲ တွေ့လိုက်ရတာမို့ ဇီဆွ…
…ဟာ အရမ်းကို အံ့သြကာ မျက်လုံးပြူးလေးတွေနှင့် စိုက်ကြည့်နေ…
…တော့သည်။

"မောင်ကြယ်စင်ခနဲ့ သားက သိနေတယ်လား … "

"မာမီ … သူ … သူက … "

"ဒက်ဒီကြီးရဲ့ ဧည့်သည်တွေလေ သဟာရဲ့ … မင်းဒက်ဒီ
ရဲ့ ငယ်သူငယ်ချင်း ဦးမိုးတိမ်ခရဲ့ တစ်ဦးတည်းသော သား
ကြယ်စင်ခဆိုတာပေါ့ … "

"ဗျာ … "

ဆွေသဟာ့နှုတ်ခမ်းလေးတွေ ပိပြီးတော့တောင်
…ဟသွားရတော့သည်။ တိုက်ပဲ တိုက်ဆိုင်လွန်းလိုက်တဲ့ အဖြစ်
…။ ဒက်ဒီ့သူငယ်ချင်း ဦးမိုးတိမ်ခရဲ့ သား ကြယ်စင်ခတဲ့လေ …။
…မို့ရှေ့မှာမို့ သဟာ ငြိမ်နေရ၏။

"ဆောရီးပဲ သဟာ … "

ဟင် … ဒီလောက် လူကို နှိပ်ကွပ်သွားပြီးမှ ဆောရီး
…တဲ့ စကားလေးတစ်ခွန်းသာ ပြောပြီး နေရာကနေ ကျောခိုင်း
…ထွက်သွားတဲ့ ကြယ်စင်ခရဲ့ နောက်ကျောပြင်ကြီးကိုကြည့်ပြီး
…လေးတင်းနေအောင် စေ့ကြိတ်ကာ … ဆွေသဟာတစ်ယောက်
…ရာလေးမှာ ရပ်ကျန်နေရစ်ခဲ့ရတော့သည်။

## အခန်း [၉]

ဆွေသဟာ့ကို ...

ခြံထဲ တိတ်တဆိတ် အလစ်ဝင်လာသူနှင့် ထ
ကာ ဖမ်းမိသည့်ကိစ္စအား လူကြီးတွေ ပြောပြောပြီး ပွဲကျနေ
သည်။ အဲဒါကိုပဲ ဆွေသဟာ ခံပြင်းတာပါ။ လူကိုများ အခြေ
မရှိသူလို့ ထင်ရတယ်လို့ ... ။

ကြယ်စင်ခ ဆိုတဲ့ကောင် သိသိကြီးနဲ့ တမင်
ပုတ်တာ ... ။ အမြင်ကတ်စရာကောင်းလိုက်တာ ... ။

ချောမောခန့်ညားလွန်းတဲ့ ရုပ်ရည်လေးနဲ့မှ
စိတ်ကောင်းနည်းနည်းလေးမှ မရှိတဲ့ ကြယ်စင်ခပဲ ... ။ ဆွေ
မှန်းသိလို့ တမင် နားရင်းသုံးချပ် အုပ်သွားတာ။ အခဲမကျေနိုင်





ပြီးဖြီးမျက်နှာကြီးကို ဆွဲထိုးပစ်လိုက်ချင်တာ လက်တွေပင် ယား
၏။

လူကြီးတွေရှေ့မှာမို့သာ အောင့်အည်းသည်းခံပြီး ငြိမ်း
တာ။ အတွင်းစိတ်မှာတော့ ကြယ်စင်ခဆိုတဲ့ကောင်ကို ကျိန်ဆဲ
ဆုံးတော့။ ဆွေသဟာ့ မျက်နှာလှလှလေးက ဒေါသရောင်တွေ
ရဲရဲစိုနေသည်။ နှုတ်ခမ်းဖူးအိအိလေးက စူတင်းနေ၏။

ဘယ်လိုရေစက်ကြောင့်များ ကြယ်စင်ခဆိုတဲ့လူနဲ့
င်းလွှတ်အောင် ဆုံတွေ့နေရသလဲမသိပါဘူး။ ဆိုးဝါးရက်စက်
တဲ့ ကံကြမ္မာပဲ။ ဟောဒီကမ္ဘာကြီးထဲမှာ အမြင်အကတ်ဆုံး၊
ချင်ဆုံးသောလူကိုမှ မျက်နှာနာစရာ အရင်းနှီးဆုံး လူအဖြစ်
တွေ့ပေးလိုက်တာလေ ... ။ တွေးမိတိုင်း ဆွေသဟာ့ရင်ထဲ
တွေသာ တလိပ်လိပ် တက်နေရသည်။

ကြယ်စင်ခကတော့ ...

မျက်နှာလေး စူတင်းမှုန်ကုတ်ကာ ပေစောင်းစောင်း
ထိုင်နေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး ရယ်ချင်နေရ၏။ တကယ့်
မကျေတဲ့ ကောင်မလေးတစ်ယောက်ပါပဲ ... ။ ဝတ်စားထား
လည်း ယောကျ်ားလေးအဝတ်အစားတွေနှင့် တကယ့်ကို
ကြောင်းမသိလျှင် ကောင်ချောလေးတစ်ယောက် ထိုင်နေသည်
င်ကြမည်မှာ မလွဲချေ။

ဆွေသဟာ့မှာတော့ ...

လူကြီးတွေရှေ့မှာမို့သာ ငြိမ်နေရတာ ... ခေ
ခန့်ညားလွန်းတဲ့ ကြယ်စင်ခရဲ့ မျက်နှာကြီးကို မကျေနိုင် မခ
ခပ်စိမ်းစိမ်းလေး စိုက်ကြည့်ပြီး အမြင်ကတ်ပြီးရင်း ကတ်နေ
ကြည့်စမ်းပါဦး ...

ဘယ်လောက် ဒေါသဖြစ်စရာကောင်းတဲ့လူ
မကြာခဏဆိုသလို မျက်ဝန်းအကြည့်ချင်း
ပြောင်စပ်စပ်မျက်နှာပေး၊ မထီတရီ အပြုံးများနှင့် တစ်ဖက်
ခံနိုင်ရည်စွမ်းအားများကို တစ်စစီ ဖွဲ့ခြွေနေခဲ့သည်။ ဒေါသ
နဲ့ ပြဿနာရှာလို့ကတော့ ဆွေသဟာ့ကို ဒက်ဒီ နှင်ချမှာ။
စင်ခက ဒက်ဒီ့အချစ်ဆုံး ငယ်သူငယ်ချင်းရဲ့ သားလေ။ နေ
ဆွေသဟာ့ကိုလည်း ဒက်ဒီ နည်းနည်းလေးမှ ကြည့်မရချေ

သွေးဆူလွယ်တတ်တဲ့ အကျင့်မျိုးကို ဒက်ဒီ
လက်မခံ ... ။ ဆွေသဟာ့ကြောင့် အခုတလော ဒက်ဒီရေ
ပါ မကြာခဏဆိုသလို စကားတွေများနေတတ်ခဲ့သည်။ အ
ယောကျ်ားလေးပုံ နေထိုင်ပြောဆိုတတ်တာကြီးကို ပြင်ဆင်

မာမီက လက်မခံသလို ဆွေသဟာကလည်း
နာဖို့ဆန္ဒမရှိပါ။ အခုလိုနေတာ ဘာဖြစ်လို့လဲ။ ဒက်ဒီက အလ
နေ အမြင်တွေကတ်နေတတ်၏။

ကြယ်စင်ခတစ်ယောက် ဆွေသဟာ့မျက်နှာ
ကို အခုမှပဲ အနီးကပ် မြင်တွေ့ဖူးတော့သည်။ သေသေချာချာ

ခုမှပဲ ဆွေသဟာ့မျက်နှာ ဖူးအိအိလေးက ခွဲမက်စရာကောင်း
ောက်အောင် ခွဲဆောင်မှုတွေရှိနေခဲ့၏။ လူကဲခတ်ညံ့ဖျင်းလို့လား
မှောင်ရိပ်ကြီးစိုး၍ပဲလားမသိ ... ဆွေသဟာနဲ့ စတွေ့တွေ့ချင်း
တုန်းက မိန်းကလေးတစ်ယောက်ဟု လုံးဝ မရိပ်မိခဲ့ချေ။

ဒါကြောင့်လည်း ... ဆွေသဟာနဲ့အပြိုင် ထိုးကြိတ်
ည်အထိ ရန်တွေဖြစ်ခဲ့သည်။

သို့ပေမဲ့ ...

အဲဒီနေ့က လူကောင်သေးသလောက် အင်မတန်
က်မြန်တဲ့ ဆွေသဟာကပဲ သူ့ကို ရေရေလည်လည် နှိပ်ကွပ်သွား
သည်။ သူ ပြန်တိုက်ခိုက်ဖို့ ပြင်လိုက်တော့မှ နူးညံ့အိထွေးလွန်း
အတွေ့အထိကြောင့် မျက်ဝန်းလေးတွေ ပြာဝေကာ ... အလန့်
ကြား ဆုတ်ခွာလိုက်ပြီး ရန်ပွဲကို ချက်ချင်းရပ်ပစ်လိုက်မိ၏။

နေရာလေးကနေ ရှာခနဲနေအောင် လှည့်ထွက်ခဲ့မိ
ည်။

ကြယ်စင်ခ ...

သူ ... ဘယ်တုန်းကမှ သတ္တိကြောင်တတ်တဲ့လူစား
မဟုတ်ပါ။ သို့ပေမဲ့ အားနွဲ့တဲ့ မိန်းမတွေနဲ့ ဖက်ပြိုင်ရန်ဖြစ်ရ
ောက်အောင်တော့ စိတ်ဓာတ်ရေးရာ နိမ့်ကျမနေပါချေ ...
နေရာလေးက ထွက်ခွာလာရပေမဲ့ ဆွေသဟာနဲ့ မေမွန်ဆိုတဲ့
ည်လေးနှစ်ခုက အာရုံထဲတွင် ခိုတွယ်လာခဲ့သည်။

ကျောင်းတွင် မေမွန်နှင့် အမှတ်မထင် ပြန်ဆုံတွေ့ခဲ့သဖြင့် ဝမ်းသာသွားရသည်။ ဘာပဲပြောပြော ... မေမွန့်ကိုတော့ သူ တောင်းပန်ရမည်လေ။ ဆွေသဟာ့ကြောင့် ထိုအချိန်က စိတ်တွေ ရှုပ်ထွေးနောက်ကျိကာ မေမွန်ကို အပြစ်လုပ်ပြီး ကျေအေးအောင် မတောင်းပန်လိုက်ရချေ။ သွေးဆူလွယ်ပုံရသော ဆွေသဟာဆိုတဲ့ ယောက်ျားလျာလေးကို ပညာပေးချင်စိတ်တွေ ဖြစ်ပေါ်နေရသည်

ကဲကဲဆတ်လွန်းတဲ့ ဆွေသဟာ ...

မေမွန်နှင့် ပတ်သက်လျှင် မျက်စိမျက်နှာလေးပျက်ကာ ရှုံ့ရှုံ့ရှားရှားလေး ဖြစ်နေတတ်၏။ ဒေါသတွေ ပေါက်ကွဲတတ်တဲ့ ဆွေသဟာ့ကို ကြာတော့ ကြယ်စင်ခ အသည်းတွေယားလာမိသည်။

သူ မကြိုက်တာကိုမှ တမင် ရွေးချယ်ပြီးလုပ်၏

ထိုအခါမျိုးတွင် ဆွေသဟာတစ်ယောက် ပေါက်ကွဲချင်တိုင်း ပေါက်ကွဲတော့သည်။ ဆွေသဟာ ငြိမ်သက်နေလျှင်ပင် ပျင်းရိစရာလိုလိုပင် ဖြစ်လာရကာ ... အစပျိုးပျိုးပြီး သူမရဲ့ ဒေါသတွေ နှိုးဆွပေးမိ၏။ မခံချင်စိတ်တွေ ဖြစ်အောင် မေမွန့်ကို အတာ ရောနှောကာ နေပြသည်။

တစ်ခါတလေတော့လည်း ...

သူ့ရဲ့ စနောက်မှုက လွန်သွားတတ်၏။ ဆွေသဟာ့ အရမ်းကို နာကျင်စွာ ခံစားသွားရတာမျိုးလည်း ကြုံတတ်သည်





ဒီအခါမျိုးတွင်တော့ ... ကြယ်စင်ခကိုယ်တိုင် ဆွေသဟာ့ကို ပြန်သနားရ၏။ နောင်တရသလို ... စိတ်ထဲ နင့်သည်းကာ သနားလိုဒ်လေး ခံစားရသည်။

သို့သော် ...

ကျွတ်ဆတ်ဆတ်၊ မာကျောကျော ဆွေသဟာ့ပုံစံကြောင့် ညှာတာချင်စိတ်လေးတွေက ပြန်ကင်းလွတ်သွားရပြန်ပါသည်။

"မောင်ကြယ်စင်ခက ဆွေသဟာနဲ့ အခန်းအတူတူဆိုတော့ ဆွေသဟာ့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်းရတော့မှာပဲ ..."

"ဗျာ ..."

ဟင် ...

ဒက်ဒီ့စကားကြောင့် ဆွေသဟာ့မျက်ဝန်းလေးတွေ မှုန်ပိုင်းသွားရသည်။ အကြည့်နက်နက်လေးတွေက ဒက်ဒီ့မျက်နှာလေးဆီ ဖျတ်ခနဲ ရောက်သွား၏။

"ဆွေသဟာ့အကြောင်းလည်း မောင်ကြယ်စင်ခ သိနေပြီပဲလေ ... သူက သူ့မာမီကြောင့် အခုလို ပုံမကျပန်းမကျ ... ဟိုမရောက်ဒီမရောက်ပုံစံ ဖြစ်နေရတာပေါ့ ..."

"ဒက်ဒီကြီးနော် ... ကဲ ... သဟာ ထ ... ထမင်းစားပိုင်းပြင်ဆင်တာ သွားကြည့်လိုက်ဦး ..."

ဒေါ်သီတာဆွေတစ်ယောက် သူ့ဘက်လှည့်လာပြီ

မို့ စကားလမ်းကြောင်းကို တားဆီးပစ်လိုက်မိခြင်းရယ်ပါ။ ထို့အ
ဆွေသဟာ့ကိုလည်း နေရာမှ သွားခိုင်းလိုက်သည်။

သိပါသည်။

မိမိရဲ့ ဖြစ်ချင်စိတ်တွေ ကြီးမားခဲ့လို့ ဒီနေ့လိုအ
မျိုးတွေ ကြုံရသည်ဆိုတာ ဒေါ်သီတာတွေ အသိဆုံးပါပဲ ... ။ သ
မိန်းကလေး မလိုချင်တဲ့ မိမိရဲ့ ဇွတ်တရွတ် အတွေးဆန်မှုကြော
ဆွေသဟာ့ပုံစံလေးက သူ့ကိုယ်သူ ဘာမှန်းပင် ရေရေရာရာ မ
တော့တဲ့အထိ ဖြစ်နေခဲ့ရသည်။

အခုအချိန်မှ မိန်းကလေးလို ဝတ်ပါဟဲ့လို့ ဘယ်
ပုံစံပြောင်းသွင်းရမလဲ။

အခက်ကြီး ခက်နေရသည်။

"ဆွေသဟာ့မှာ ... မေမွန်ဆိုတဲ့ သူငယ်ချင်းကောင်မလေ
တစ်ယောက် ရှိတာ မင်း သိတယ်မဟုတ်လား မောင်ကြ
စင်ခ ... "

"ဗျာ ... ဟုတ်ကဲ့၊ မေမွန်နဲ့ ကျွန်တော် သူငယ်ချင်းတွေ
အန်ကယ်ဘုန်းမိုး ... "

"အေး ... အဲဒီကောင်မလေးနဲ့တွဲပြီး ဆွေသဟာ့အခြေအ
က မထင်မှတ်လောက်အောင် ဆိုးဝါးနေတာလေ ... မေ
က ဆိုးတာမဟုတ်ဘူးနော် ... ဆွေသဟာဆိုတဲ့ အန်က
သမီးကိုက ဆိုးနေတာ ... "





ဟာ ...

ကြယ်စင်ခ မျက်နှာလေး နီရဲတွတ်သွားရသည်။

အန်ကယ့်သမီး ဆိုတဲ့ စကားလုံးက ခေါင်းထဲ မိုက်
နေလောက်အောင်ပင် ပြာဝေသွားသည်။ ရှက်စိတ်ကြောင့်လား
တော့ မသိ ... သိထားသောအကြောင်းအရာတစ်ခုပေမဲ့ သွေးပျက်
တတ် တုန်လှုပ်သွားရတာတော့ အမှန်ပင်။

အာရုံထဲတွင် ...

ဆွေသဟာကို မိန်းကလေးတစ်ယောက်အသွင်
မြင်ယောင်နေမိ၏။

ဟာ ...

မဟုတ်သေးပါဘူး။ ငါ ဘာတွေလျှောက်တွေးမိနေ
ပါလိမ့်။

"ယောကျ်ားမကျ မိန်းမ,မကျ ... ထစ်ခနဲ ချမယ်၊ ရိုက်မယ်၊
နှက်မယ်နဲ့ သဘာဝတရားကို ပြောင်းပြန်လုပ်ချင်နေတဲ့သူ
လေ ... မိန်းကလေးဖြစ်ပြီး ဟိုလူကို ကြည့်မရတာနဲ့ ဒီလူ
ကို အမြင်ကတ်ရတာနဲ့ ပြဿနာတက်တာ ဘယ်လောက်
တောင် ရှိနေပြီလဲ ... မိဘတွေရဲ့ မျက်နှာလည်း နည်းနည်း
မှ မထောက်ညှာဘူး ... မေမွန့်အနား ကပ်တဲ့သူတိုင်းကို
ပြဿနာရှာနေတော့တာပဲ ...
သူ့ကြောင့် မေမွန်လည်း လိုက်ဖြေရှင်းရတာတစ်မျိုး ...

အသနားခံ တောင်းပန်ရတာလည်း အခါခါနဲ့ မပြောချင်ဘူးကွာ ... ”

အန်ကယ်က မပြောချင်ပါဘူးသာ ဆိုတယ် ... ဆွေသဟာ့အကြောင်းက ဘာကျန်သေးလို့လဲ။ အားလုံး သိကုန်ကြလေ။ ဆွေသဟာရဲ့ ဆိုးသွမ်းမှုတွေကို အချက်ကျကျ ထောက်ပြီး အန်ကယ်ဘုန်းမိုးက ကြယ်စင်ခရှေ့မှာ ဖွင့်ချလိုက်ချေ၏။

“ဒက်ဒီကြီးရေ ... ကလေးကို ရှေ့မှာထားပြီး မဟုတ်မဟ ဘာတွေ လျှောက်ပြောနေတာလဲ ... လာ လာ ... ည စားဖို့အချိန်ရောက်နေပြီ ... ဧည့်သည်တွေကိုလည်း အား ပါဦးရှင် ... ”

ကြယ်စင်ခ ... အားနာပြီး ငြိမ်သက်တိတ်ဆိတ် တာကိုကြည့်ပြီး ဒေါ်သီတာဆွေတစ်ယောက် စကားလမ်းကြောင်းလေးကို လွှဲပစ်လိုက်တာမို့ ကြယ်စင်ခလည်း မျက်နှာပူရ သက်သာသွားတာ အမှန်ပါပဲ။

ဒီတော့မှပဲ ...

ဦးဘုန်းမိုးလည်း အခြေအနေ အမှန်ကို ပြန်ရိပ်မိကာ ဖေဖေနဲ့ မေမေ့ရှေ့တွင် ငယ်စဉ်က ရယ်စရာအကြောင်းလေး အဖော်ပြီး ထမင်းစားခန်းဆီသို့ ဦးဆောင်ကာ ခေါ်သွားတော့ လူကြီးတွေ ရှေ့ကနေ ထွက်သွားတော့ ကြယ်စင်ခနဲ့ ဆွေသဟာ နောက်မှာ ကျန်ခဲ့သည်။





တကယ်တော့ ...

အန်ကယ်ဘုန်းမိုး ပြောတာတွေလည်း အမှန်တရားတွေပါပဲ။

မိန်းကလေးတစ်ယောက်ဆိုတဲ့ အသိတရားကို ဆွေသဟာ့ဦးနှောက်ထဲမှာ စွဲမြဲတဲ့ အသိတရားလေးတစ်ခုကို ကြယ်စင်ခကိုယ်တိုင်လည်း ရှိနေစေချင်မိသည်။ ပြီးတော့ ... ဆွေသဟာက အရမ်းကို ချစ်စရာကောင်းလွန်းတဲ့ ကောင်မလေးလေ။

ယောက်ျားလေးပုံစံ ဖမ်းပြီး ဘယ်လိုပဲနေနေ နုအိနေတဲ့ မျက်နှာလှလှလေးက ဖုံးကွယ်လို့မရ ... ။ ဒါဟာ အန္တရာယ်ပဲ။ မထင်မှတ်ထားတဲ့ အခြေအနေတွေအထိ ရောက်သွားရင် မိဘတွေပဲ ရင်ကျိုးရမှာ။ ဒါကို ပြဿနာတော်တော်များများ ဖြေရှင်းလိုက်ရတဲ့ ဒေါ်သီတာဆွေတစ်ယောက်လည်း စိတ်သဘောထားတွေ ပြောင်းလဲနေသလိုပါပဲ ... ။

နောင်တတွေရပြီး ဆွေသဟာ့ကို စိတ်တွေပူနေမှာပဲလေ။

“ဆွေသဟာ ... ”

“ဘာလဲ ... ”

နေရာကနေ ထရပ်ပြီး ထမင်းစားခန်းဘက် ခြေလှမ်းပြင်လိုက်တဲ့ ဆွေသဟာ့ကို ဘာကြောင့်မှန်းမသိ တားဆီးလိုက်မိ၏။

ခေါ်ပြီးတော့မှ ... ကြယ်စင်ခ ဘာပြောရမှန်းမ
တော့။

စိတ်ရှုပ်ထွေးနေဟန်လေးနှင့် ... လှမ်းထူးလိုက်
ဆွေသဟာ့ကိုကြည့်ပြီး ကြယ်စင်ခရဲ့ရင်ထဲ ခံစားချက်တစ်မျိုးလေ
တိုးဝင်လာရ၏။ ဆွေသဟာ မပျော်ရွှင်ဘဲ ငိုင်တိငိုင်တိုင်ကြီး ဖြ
နေတာကို မမြင်ချင်ဆုံးက ကြယ်စင်ခပါပဲလေ ... ။

"မင်းက မိန်းကလေးဆို ..."

"ဘာကွ ..."

"မင်းဒက်ဒီ ပြောတာပဲ ..."

"မင်းနော် ... မင်း မဟုတ်တာတွေ မပြောနဲ့"

"ဒါဆို မင်းက ဘာလဲ ..."

"ယောကျ်ားပေါ့ကွ ..."

"ဟား ဟား ..."

"ဟေ့ကောင် ... ကြယ်စင်ခ၊ မင်း ဘာရယ်တာလဲ"

ကြယ်စင်ခရဲ့ အင်္ကျီကော်လံစကို ဖျတ်ခနဲ လှမ်း
လိုက်ပြီး လက်သီးဆုပ်က ကြယ်စင်ခရဲ့ မျက်နှာလေးဆီ ဝဲသွား
ရယ်သံလေး တိခနဲ ပိတ်သွားသည်။

"မင်းက ငါ့ကို ထိုးမလို့လား ဆွေသဟာ ..."

"မင်း ... ငါ့ကို လာရှိမနေနဲ့ ကြယ်စင်ခ ... ငါ မလုပ်ရ
ဘာမှမရှိဘူး ..."





"တကယ်လား ..."

"စမ်းကြည့်လိုက်လေ ..."

အင်အားပြင်းသော မျက်ဝန်းအကြည့်လေးတွေက
ကြာကြီး တစိုက်မတ်မတ် ဆုံတွေ့သွားသည်။ ကြယ်စင်ခရင်ထဲ
းညံ့တဲ့ ခံစားမှုလေးတွေ ဘယ်ကနေ ရောက်လာမှန်းမသိအောင်
င် တိုးဝင်လာ၏။

စိမ်းတောက်သော ... မျက်နက်ဝန်းလေးတစ်စုံနှင့်
ဘ့ကြည့်နေသော ဆွေသဟာ့ကို ငုံ့မိုးစိုက်ကြည့်နေမိတဲ့ သူ့မျက်
န်းတွေက အကြင်နာတရားလေးများနှင့် နူးညံ့သိမ်မွေ့သွားရ
သည်။ ထူးဆန်းစွာ ကြယ်စင်ခရဲ့ နှလုံးသားတွေ တထိတ်ထိတ်
န်လှုပ်သွားရပြီး မျက်ဝန်းအကြည့်လေးတွေကို စိတ်လှုပ်ရှားစွာပင်
ပ်သိမ်းလိုက်ရသည်။

"မင်းကြောင့် မေမွန် စိတ်တွေတော်တော်ရှုပ်ရမှာပဲနော်
ဆွေသဟာ ..."

"ဘာရယ် ..."

"အခုလိုပုံစံမျိုး ဘယ်နှစ်ခါလောက် သူ့ရှေ့မှာ မင်း လုပ်ခဲ့
ဖူးလဲ ဆွေသဟာ ... မိန်းကလေးဆိုတာ သိပ်ကို နူးညံ့တဲ့
ပန်းကလေးတစ်ပွင့်နဲ့ တူတာကွ ... ခံစားချက်ကလည်း
အရမ်းသိမ်မွေ့တာ ... အဟွန်း ...
ဒီလိုပုံစံနဲ့ မေမွန့်အနား ကပ်နေချင်သေးတယ် ... ဟိုက

ခါချတာတောင် နည်းသေးတယ် ... ငါသာဆို အစေ
တည်းက ဇာတ်လမ်းဖြတ်ပစ်ကယ် ... ”
“ဘာ ... မင်း ... မင်း ... ဘာစကားပြောတာလဲ ... မေ
က မင်းလို စိတ်ရိုင်းမျိုး မရှိဘူးကွ ... ”
“လုပ်မနေပါနဲ့ကွာ ... အကြောင်းမသိသူတွေကျနေတာ
“ဟေ့ကောင် ... မေမွန်နဲ့ငါ ပြန်ပြီးသင့်မြတ်သွားပြီကွ
“ဒါ ... ခဏပါ”
“ဘာ ... ”
“အချိန်တန်ရင် ဘယ်သူ့ကို ချန်ထားခဲ့မလဲဆိုတဲ့အဖြေ
မင်း မကြာခင် သိရလိမ့်မယ် ဆွေသဟာ ... မေမွန်
တစ်ကိုယ်တည်း အပျိုကြီးလုပ်မယ်လို့ မင်း ထင်လား
သူ့ဘဝရဲ့ လက်တွဲဖော်အမှန်ကို တွေ့သွားရင် မင်း ကျ
ပြီသာမှတ် ... ”
“ဘာ ... ဘာရယ် ... ”
“ငါ ပြောတာ မယုံမရှိနဲ့နော် ဆွေသဟာ ... မင်းကို လ
ကြောင်းအမှန်ရောက်အောင် စေတနာနဲ့ လမ်းပြပေး
မေမွန်က မင်းဘဝထဲ ဘယ်တော့မှ ဝင်လာမှာမဟုတ်
သိပ်ပြီး အရူးထမနေနဲ့ ... အိပ်မက်ဆိုတာ အိပ်နေ
မက်တာပဲ သဘာဝကျတယ်ကွ ... အိပ်ရာက နိုးရင်
အိပ်မက်ကို မေ့ဖျောက်ပစ်ရမယ် ...





အဲဒီလိုမှမဟုတ်ဘဲ မျှော်ပါပြီး နေဦးမယ်ဆိုရင် မင်းဟာ သိပ်
ပြီး သနားစရာကောင်းလွန်းတဲ့သူ ဖြစ်သွားပြီ ... ကဲ ...
ဗိုက်ဆာပြီ ဆွေသဟာ ... ကိုယ် သွားတော့မယ်”

ဟင် ...

ဘာတွေလဲ ... ။

ကြယ်စင်ခဆိုတဲ့လူ ဘာတွေပြောသွားတာလဲ။

ဘာတစ်ခုမှ နားမလည်ပါ။

ဆွေသဟာ သိတာ ...

ဆွေသဟာ နားလည်တာ ...

မေမွန့်ကို ချစ်တယ်။ မေမွန်နဲ့ မခွဲနိုင်ဘူး။ မေမွန်
ာ ဆွေသဟာ့ကို ထားရစ်ခဲ့မယ်ဆိုရင် ... ။

ဟာ ...

အတွေးလေးကြောင့်ပင် ဆွေသဟာ့ရဲ့ နှလုံးသား
သး စူးရှနာကျင်သွားရတော့သည်။

## အခန်း [ ၁၀ ]

"မေမွန် ... မျက်နှာလေး မလန်းဆန်းပါလား၊ ဘာဖြစ်နေ
တာလဲဟင် ... "

ခြံထဲက ခုန်းလေးပေါ်မှာထိုင်ပြီး အဝေးတစ်နေ
သို့ ငေးရီကြည့်နေသော မျက်ဝန်းလေးတစ်စုံကြောင့် ဆွေသ
ရင်တွေ မှုန်းကျပ်သွားရသည်။ ကြင်နာစွာ ခပ်တိုးတိုးလေး မေ
၏။

"သဟာ ... "

"ဟင် ... "

"ငါလေ ... ငါ အရမ်းကို စိတ်တွေညစ်နေရပြီ သဟာ
ငါ့ကိုယ်ငါလည်း အရမ်းကို အံ့သြနေရတယ် သဟာ ...





လေ ... ငါ ... သူ့ကို စိတ်ဝင်စားနေမိပြီထင်တယ်"

"ဘယ်လို မေမွန် ... မင်း ... မင်း"

မေမွန့်စကားလေးကြောင့် ဆွေသဟာ အရမ်းကို
ယှုပ်သွားရသည်။

"ဟုတ်တယ် သဟာ ... ငါ့ရင်ထဲမှာ မျိုသိပ်သိမ်းဆည်းထား
ရတာ အရမ်းကို ပြည့်ကျပ်နေလို့ ရင်ဖွင့်ပါရစေတော့ဟာ"

ဟင် ...

ရင်ဖွင့်ပါရစေတော့တဲ့။

မေမွန် ...

မေမွန် ဘာတွေဖြစ်နေပြီလဲ။

ဘယ်သူ့ကို စိတ်ဝင်စားနေတာလဲ။ ကြယ်စင်ခကို
လား ... ။ ဖြစ်နိုင်တယ် ... ကြယ်စင်ခကို စိတ်ဝင်စားနေတာ
ဖြစ်ရမယ်။ မေမွန့်ဘဝမှာ တစ်စုံတစ်ယောက်ကို ဦးစားပေးပြီး
ယ်ကပ်နေတာဆိုလို့ ကြယ်စင်ခတစ်ယောက်တည်းသာ ရှိသည်
... ။

"နင်လည်း သိတဲ့အတိုင်းပဲ သဟာ ... ငါ့ဘဝမှာ နင်ကလွဲ
ပြီး ဘယ်လိုလူမျိုးကိုမှလည်း မခင်တွယ်ဖူးဘူး ... ဘယ်လို
အကြောင်းမျိုးနဲ့မှလည်း ရင်းနှီးကျွမ်းဝင်ဖို့ စိတ်မကူးဖူးဘူး
သဟာ ...

မထင်မှတ်တဲ့အချိန်မှာ ထူးဆန်းတဲ့ တွေ့ဆုံမှုလေးနဲ့ လူတစ်

ယောက်က ငါ့ရဲ့ ရင်ခွင်တံခါးကို ခပ်ကြမ်းကြမ်း ဆွဲဖွင့်

တယ် သဟာ ... သူ့ကို ဘယ်လိုမှ မေ့ပျောက်မသွားအော

အစွမ်းထက်ထက်တွေနဲ့ ပြုစားသွားခဲ့တယ်ဟာ ... ငါ

သူ့ကို စိတ်အာရုံထဲကနေ ဖျောက်ဖျက်လို့မရအောင်ပဲ တ

ငြိနေရပြီ သဟာရယ် ... ”

မေမွန်ရယ် ...

နင်မို့လို့ ဒီလိုစကားမျိုးတွေ ငါ့ကိုမှ ရွေးချယ်ပြီး ဖွင့်ရက်တယ်နော်။ ငါ ဘယ်လောက် ခံစားသွားရလိမ့်မယ်ဆို ရော ... နင့်အတွေးထဲ နည်းနည်းလေး ထည့်တွေးဖူးလား မေမွ

ငါလေ ...

နင့်ဆီက အခုလို စကားမျိုးတွေ မကြားရပါစေ လို့ တစ်ချိန်လုံး ဆုတောင်းနေခဲ့တဲ့သူပါ။ ငါ့အနားကနေ တခြ တစ်ယောက်ဆီ နင့်ခြေလှမ်းတွေ ရွှေ့ပြောင်းသွားမှာ သွေးပျ မတတ် တုန်လှုပ်ခဲ့ရသူပါဟာ။

ဒါပေမဲ့ ...

ငါ သိပ်ပြီး ကြောက်ရွံ့တုန်လှုပ်ခဲ့ရတဲ့ နေ့လေးတ နေ့ဟာ ရောက်လာခဲ့ပြီ မေမွန် ... ။ ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်မထ နိုင်ခင်မှာပဲ အဲဒီနေ့လေးက ရောက်ရှိခဲ့တာကွ။ ဘယ်လိုလုပ်ရမ မေမွန်။ ငါ ဘယ်လိုလုပ်ရမလဲဟင် ... ။

“နင် အပြစ်တင်ရင်လည်း ခံရမှာပဲ ဆွေသဟာ ... ငါဟ





သိပ်ပြီး ခံစားချက် ပြင်းထန်တဲ့လူမျိုးလားတော့ မသိဘူး၊ အရူးအမူးကို ဖြစ်နေရတာဟ ... ”

“နေပါဦး မေမွန် ... နင်က ဘယ်သူ့ကို စိတ်ဝင်စားနေရတာလဲ ... ”

“ကြယ်စင်ခကို ... ”

“ဘာ ... ”

“ဟုတ်တယ် ဆွေသဟာ ... ဟိုနေ့က နင်တို့အိမ်ကို ကြယ်စင်ခတို့မိသားစု အလည်လာတယ်ဆို ... နင် ဘာကြောင့် ငါ့ကို လာမခေါ်တာလဲ ဆွေသဟာ ... ”

“မခေါ်ချင်လို့ပေါ့ မေမွန် ... ”

“ဘာ ... ”

“ဒီကောင့်မျက်နှာကို ငါ နည်းနည်းလေးမှ ကြည့်မရပါဘူး၊ လူကိုများ မှားစရာမရှိ ခြံထဲ ခိုးဝင်လာတဲ့ ကောင်နဲ့ အထင်မှားရတယ်လို့ ... ဒီကောင် တမင်အကျင့်ပုပ်တာ ... သူနဲ့ ပြဿနာဖြစ်တုန်းက ကိစ္စကို အခဲမကျေလို့ လူကြီးတွေရှေ့မှာ တမင် အကွက်ဆင်ပြီး လက်စားချေတာ ... တောက် ... မျက်ခွက်ကိုက မုန်းတီးစရာကြီး ... ”

“သဟာကလည်း မဆိုင်တာတွေ ... သူက အဲဒီလို လူစားမျိုး မဟုတ်ပါဘူးဟယ် ... နင်ကိုက ကြယ်စင်ခဆိုရင် ကြည့်မရဖြစ်နေတာ ... ”

“ငါ ကြည့်လို့ရအောင် ဒီကောင်က ဘယ်တုန်းကရော နေ

"တော်ပါတော့ဟာ ... "

"မတော်နိုင်ဘူး မေမွန် ... ငါ ပြောရမှာပဲ ... ကြ
ကို နင် လုံးဝ စိတ်မဝင်စားရဘူးနော် ... နင့်ရဲ့ စိတ်
ရှုးသွပ်မှုတွေကို အခုချက်ချင်း အဆုံးသတ်ပစ်လိုက်
နင်နဲ့ငါ့ကြားမှာရှိတဲ့သံယောဇဉ်ကြိုးကို ဘယ်လိုလူမျိုး
တောက်တာမျိုး လက်မခံနိုင်ဘူး ... နင့်ကို ငါ ခ
မေမွန် ... "

"ဘာ ... "

မေမွန့်မျက်ဝန်းလေးတွေ ပြူးသွားရသည်။

အံ့ဩမှင်သက်လွန်းသဖြင့် ... နှုတ်ခမ်းလေ
ဝိုင်းဟသွားရ၏။ ဆွေသဟာ့မျက်နှာလေးကို တစ်ခါမှ မ
သလို စူးစူးလေး စိုက်ကြည့်နေမိသည်။

"ဟုတ်တယ် မေမွန် ... ငါ့စိတ်တွေကို တစ်ချိန်လုံး
ချုပ်လာခဲ့ရတာ ဘယ်လောက်တောင် ကြာနေပြီ
သိလား ... ကြယ်စင်ခဆိုတဲ့လူ ငါတို့နှစ်ယောက်ကြား
လာကတည်းက ငါ့စိတ်တွေ အရမ်းကို တုန်လှုပ်ချော
နေခဲ့ရတာလေ ...

ငါ အရမ်းခံစားနေရတယ် မေမွန် ... ငါ့ရင်ထဲကို န
ကြည့်စမ်းပါဟာ ... ငါ့နှလုံးသားမှာ အက်ကြောင်းတွေ
နေပြီ မေမွန် ... နင် ငါ့ကို မုန်းသွားမှာ၊ ငါ့ကို တစ်ယော
တည်း ထားခဲ့မှာ တွေးမိတိုင်း နာကျင်ပြီး အိပ်ပျ
ညတွေ အသနွေ့ပါပဲဟာ ... "

"သဟာ ... နင် ... နင့်ရဲ့ အတွေးအခေါ်တွေ လွဲချော်နေ
ပြီ ... နင် ဘာတွေ လျှောက်ပြောနေတာလဲ သဟာ"

"ငါ ... နင့်ကို ရင်ထဲက ခံစားချက်အတိုင်း ပြောနေတာ
မေမွန် ... ငါ နင့်ကို သိပ်ချစ်တယ် ... အဲဒီလိုပဲ နင်လည်း
ငါ့ကိုပဲ ချစ်ရမယ် ... ငါကလွဲပြီး ဘယ်လိုလူမျိုးကိုမှ နင်
မချစ်ရဘူး မေမွန် ... "

"အရူး ... နင် ... နင် ရူးနေပြီ ဆွေသဟာ ... နင့်စိတ်တွေ
(Normal) မဟုတ်တော့ဘူး ... "

"ဟုတ်တယ် မေမွန် ... နင်ပြောတာ အမှန်ပဲ ... ငါ ရူးနေပြီ
မေမွန် ... နင့်ကို သိပ်ချစ်လွန်းလို့ ငါ ရူးနေပြီ ... "

"တော်စမ်း ... ဆွေသဟာ ... "

"မင်းငါ့အပေါ် ဘာဖြစ်လို့ ရက်စက်ချင်နေရတာလဲမေမွန်၊
ဟိုကာယ်ဆို နင်နဲ့ငါက ဗိုးငယ်ငယ်လေးထဲကနေ အတူတူ
ဖြိခြင်းကပ်နေခဲ့ကြတဲ့ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်
ကြီးတွေပါ ... အခုမှ မြင်တွေ့ဖူးတဲ့လူတစ်ယောက်ကြောင့်
နင်နဲ့ငါ အမုန်းမပွားချင်ဘူးမေမွန် ... "

"ဟင်း ဟင်း ... အဟက် ... ဟား ဟား ... "

ဆွေသဟာ့စကားလေးအဆုံးမှာတော့ မေမွန်တစ်
ယောက် ဤမြွေမဆည်နိုင်တော့လောက်အောင်ပင် ... တဟားဟားနှင့်
ရယ်နေတော့သည်။

"မေမွန် ... မင်း ... မင်း ... ဘာရယ်တာလဲ"

မေမွန့်ရဲ့ လှောင်ရယ်သံတွေကို မခံနိုင်လော
အောင် ဆွေသဟာ့ရင်တွေ ကွဲအက်နေရသည်။

"နင် ဘာရယ်တာလဲလို့ ငါ မေးနေတယ်လေ မေမွန် ... ငါ ပြောတဲ့စကားတွေထဲမှာ ဘာရယ်စရာများ ပါသွား လဲ ..."

"ဘာရယ်စရာပါလဲ ဟုတ်လား ... ဟင်း ဟင်း ... ပါ ပေါ့ ဆွေသဟာ ... သိပ်ပါတာပေါ့ဟာ ... ဒီနေ့ ပြော စကားလောက် ဟောဒီကမ္ဘာမှာ ရယ်စရာကောင်းတာ တော့ဘူး ဆွေသဟာရဲ့ သိလား ... ဟင်း ဟင်း ..."

"ငါ ... ငါ တကယ်ပြောတာပါ မေမွန် ... နင် ... နင် မ ဘူးလားဟင် ..."

"တော်တော့ ဆွေသဟာ ..."

ဟင်း ...

မေမွန့်အသံလေး စူးခနဲ တက်သွားတာကြော ဆွေသဟာပင် လန့်သွားရသည်။ မေမွန် မျက်လုံးလေးတွေက ... သက်စွာ တည်ငြိမ်သွား၏။

"နားထောင်နေလို့ အကောင်းမှတ်နေလား ဆွေသဟာ ..."

"မေမွန် ... ငါ ... ငါက ..."

"တိတ်စမ်း ... မကြားချင်ဘူး၊ နင့်ပါးစပ်ကို ပိတ်လိုက် ဆွေသဟာ ... နင့်ရဲ့ အရူးထမှုတွေကို ရပ်တန်းက ရပ်လို တော့ ဆွေသဟာ ... နင်က ငါ့ကိုချစ်တယ် ဟုတ်လား





ဟင်း ဟင်း ... ငါ့ကို နင့်ဘဝထဲမှာ နေစေချင်တယ်ပေါ့ လေ ... နင်က ဘာလဲ ဆွေသဟာ ... နင့်ကိုယ်နင် တကယ့် ယောကျ်ားတစ်ယောက်လို့ ထင်နေလား ... နင်က မိန်းမ ဟဲ့ မိန်းမ ... ငါ့လို မိန်းမတစ်ယောက် ...
ဟွန်း ...
ဒါနဲ့များ ငါ့ကို ရည်းစားစကား ပြောရသေးတယ် ... ဟား ဟား ဟား ..."

ဟင် ...

မိန်းမတဲ့။

ဆွေသဟာက မိန်းမတဲ့ ... ။

မဟုတ်ဘူး ... လုံးဝမဟုတ်ဘူး။ ဘာတွေလဲ ... ဘာတွေ သွေးရူးသွေးတန်း ပြောနေတာလဲ မေမွန်။ နင် ပြော တွေ ငါ နားမလည်ဘူး။ ငါ သိတာ ... ငါ နားလည်တာ ငါ သိပ်ချစ်တယ်၊ ငါ့အနားကနေ ဘယ်လိုအကြောင်းပြချက်မျိုး နင်ခွဲမသွားရဘူး ... ဒါပဲ။

ကြယ်စင်ခ မပြောနဲ့ ဘယ်လို ကောင်မျိုးပဲ နင့် ားကို ကပ်လာကပ်လာ ငါ တိုက်ခိုက်နေမှာပဲ ... ။ နင့်ဘဝရဲ့ ဘဝလက်တွဲဖော်က ငါပဲ ဖြစ်ရမယ် မေမွန်။

"ငါ ... နင့်ကို စေတနာနဲ့ ပြောလိုက်မယ် ဆွေသဟာ ... နောက်နေ့ကစပြီး နင် ထဘီပြောင်းဝတ်တော့ သိလား၊ ကိုယ့်ကိုယ်ကိုယ် ... ဘာမှန်း ရေရေရာရာမသိတဲ့ဘဝမှာ

မျက်စိမှိတ် တင်းခံပြီးမနေနဲ့ ... နင့်မာမီရဲ့ အတွေ့တွေ
မှာ နင် အရူးဖြစ်ခံမနေနဲ့ သဟာ ... သွား ... ထွက်
ငါ့မျက်စိရှေ့ကနေ ထွက်သွားတော့ ဆွေသဟာ ...

"မေမွန် ... "

"မခေါ်နဲ့ ... နင် ငါ့ကို လာမခေါ်နဲ့ သဟာ ... နင်
ဒီနေ့ကစပြီး သူငယ်ချင်းအဖြစ်ကနေ ရပ်စဲလိုက်ပြီ
သဟာ ... နင့်ကို ငါ အလိုမရှိတော့ဘူး ... ငါ့ရဲ့ စိတ်
မှုကို နှောင့်ယှက်ဟန့်တားမဲ့ ဘယ်လိုလူမျိုးကိုမှ ငါ
လားဘူး ဆွေသဟာ ... "

မေမွန်ရယ် ...

ပြောရက်လိုက်တာဟာ။

ငါ့ရင်ခုန်သံတွေ ရပ်တန့်သွားအောင် အဲဒီလို
ကားရက်စက်တဲ့ စကားမျိုးတွေနဲ့ အသေမသတ်ချင်စမ်းပါနဲ့
ရယ် ... ။ ငါ တောင်းပန်ပါတယ်ဟာ။ ငါ မခံစားနိုင်လွန်းလို့

"မေမွန် ... "

"သွားတော့ သဟာ ... နင် သိထားဖို့က နင့်စိတ်ခံစား
နဲ့ နင် ရှင်သန်ချင်သလို ငါလည်း အတ္တကြီးတဲ့ လူသား
ယောက်ဖြစ်တဲ့အတွက် ငါ့ရဲ့ ခံစားချက်အတိုင်း ငါ ရှင်
ချင်တယ် ...
နင် ငါ့ကို မနှောင့်ယှက်ပါနဲ့ ဆွေသဟာ ... ကြယ်စင်
လည်း ငါ့ကို ဖွင့်ဟမပြောသေးပေမဲ့ သူ စိတ်ဝင်စားနေ





ဆိုတာ ငါ ရိပ်မိပါတယ် ... သူဟာ ငါ့ဘဝရဲ့ ငွေလမင်းပါ။
ငါ့အနာဂတ်ရဲ့ လမ်းပြကြယ်လေးပါ ဆွေသဟာ ... ဒါကို
နင် သဘောပေါက်တယ်ဆိုရင် စာနာစိတ်နဲ့ နောက်ဆုတ်
လိုက်ပါတော့ သဟာ ... နင့်ဘဝ လက်တွဲဖော်အမှန်ကိုပဲ
နင် ရှာပါဟာ ... စိတ်ကူးယဉ် ရူးသွပ်မှုတွေနဲ့ အချိန်အကုန်
မခံချင်စမ်းပါနဲ့ ... "

"ငါ မသိဘူး ... ငါ နားမလည်ဘူး မေမွန် ... နင် ငါ့ကို သံ
ယောဇဉ် မရှိဘူးလားဟင် ... နင် ငါ့ကို မချစ်ဘူးလား
မေမွန် ... "

ဒုက္ခပဲ ...

မေမွန် ဘယ်လိုပြောရတော့မလဲ။

မေမွန့်အဖြစ်က စိတ်ညစ်စရာလည်း ကောင်း၊ ရယ်
ရာလည်း ကောင်းနေ၏။ ဆွေသဟာ နားလည်အောင် ဘယ်လို
ရှင်းပြရမှန်းပင် မသိတော့ပါ။ ချစ်ပါတယ် ... ဆွေသဟာရယ်ဟု
လည်း မပြောရဲပါ။ ဆွေသဟာ တစ်မျိုးထင်သွားမှာ စိုးသည်။

အခုမှ တကယ့်ပြဿနာပဲ။

ဆွေသဟာ တကယ့်ကို ယောကျ်ားစိတ်ပေါက်နေ
တာလေ။

အစကတော့ ...

ဘာမှမဟုတ်လောက်ဘူး ထင်ထားပေမဲ့ ... ဆွေ
သဟာ့ရင်ထဲမှာ အစလောက်ထိ အစိုင်အခဲ ကြီးမားနေလိမ့်မည်ဟု

မထင်ခဲ့မိပါချေ။

"မေမွန် ..."

"ငါ့အသားကို လာမထိနဲ့ သဟာ ..."

ဖျတ်ခနဲ ပုတ်ချလိုက်တဲ့ မေမွန့်လက်လေးကို ေ ကြောင်ပြီး ကြည့်နေမိသည်။ မေမွန်ဟာ အခုလောက်ထိတော ပြောင်းလဲသွားပြီတဲ့လားဟင်။ ဆွေသဟာဆိုတဲ့သူကို အခုလိုဆ ဆံရတဲ့အထိ စိမ်းကားသွားပြီတဲ့လားကွာ ...။

ရက်စက်လိုက်တာ မေမွန်ရယ်။

"ငါ နင့်ကို မချစ်ဘူး သဟာ ... လုံးဝ မချစ်ဘူး ... နင်ဟ ငါ့အတွက် လိုအပ်နေတဲ့ အချိန်လေးအတွင်းမှာပဲ အ တည့်တဲ့ လူတစ်ယောက်ပဲ ... နင် သေချာမှတ်ထားေ သဟာ၊ အခု ငါ့ဘဝအနာဂတ်လမ်းမှာ နင် ပါဝင်ဖို့ မလိုအ တော့ဘူး ... ပြီးတော့ ကြယ်စင်ခကိုလည်း မနာလိုဝန် စိတ်တွေနဲ့ တိုက်ခိုက်ဖို့ နင် မကြိုးစားနဲ့ ဆွေသဟာ ငါ ... နင့်ကို လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူး ..."

"ရက်စက်တယ် ... နင် သိပ်ရက်စက်တာပဲ မေမွန် ... ငါ ဘာအပြစ်ရှိလို့လဲ ... ငါ နင့်အပေါ် ဘာမကောင်းတာေ လုပ်ဖူးသလဲ မေမွန် ... ပြောပါ ... နင် ပြောစမ်းပါ မေ ရာ ...

နင့်စိတ်တိုင်းကျ နင့်အလိုဆန္ဒမှန်သမျှ ငါအားလုံးကို လို လျောဖြည့်ဆည်းပေးခဲ့တာပဲ မဟုတ်လား ... နင်နဲ့င





ဟိုးငယ်ငယ်လေးတည်းက မခွဲတမ်း အမြဲတတွဲတွဲ အတူနေ လာခဲ့တာပါ ... အဲဒါတွေအားလုံး နင် မေ့ဖျောက်နိုင်ပြီလား မေမွန် ..."

"မေ့သင့်ရင် မေ့ပစ်ရတယ် ဆွေသဟာ ... ဒါ ငါမတရားလုပ် တာမဟုတ်ဘူးနော် ... အဓိပ္ပာယ်မရှိတာတွေနဲ့ အချိန်ကုန် ခံဖို့ ငါ ဝါသနာမပါဘူး ဆွေသဟာ ... အဲဒါကြောင့် နင့်လမ်း နင်လျှောက်တော့ ဆွေသဟာ ..."

မေမွန်ရယ် ... နင် တကယ်ပဲ ပြောရက်တယ်ဟာ။ င် အခုလိုပြောလိုက်ရင် ငါ ဘယ်လောက်ထိ ခံစားသွားရမလဲဆို ာ နင် မစဉ်းစားတော့ဘူးလား မေမွန်ရယ် ...။

ပြောပြီးတာနဲ့ မေမွန်တစ်ယောက် ဆွေသဟာကို န်ထားရစ်ကာ တိုက်ကြီးဆီသို့ သွက်လက်သော ခြေလှမ်းလေး တွေနှင့် လှမ်းလျှောက်ကာ ဝင်သွား၏။

ခြံကျယ်ကြီးထဲက ဒန်းလေးပေါ်မှာ ... ဆွေသဟာ တစ်ယောက်သာ ကြေကွဲနင့်သည်းမှုတွေနှင့် ကျန်နေရစ်ခဲ့တော့ သည်။

## အခန်း [ ၁၁ ]

"ကိုယ့်ကိုတွေ့ချင်တာ ဘာကိစ္စလဲ ဆွေသဟာ ... "

ဆွေသဟာ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ကြယ်စင်ခ မေးလိုက်မိသည်။ ရှပ်အင်္ကျီအကွက်ကျဲကျဲကို ဂျင်းဘောင်းဘီအပြာနုလေးနဲ့ တွဲဝတ်ထားပြီး ရှူးဖိနပ်လေး စီးထားသော ဆွေသဟာ့ပုံစံလေးက ... မသိလျှင် တကယ့်ကို ယောကျ်ားလေးတစ်ယောက်ဟု ထင်ကြမည်မှာ မလွဲချေ။

ဖြူနုသော ဖူးစင်းစင်းမျက်နှာလေးမှာ ကြေကွဲရိပ်တွေနှင့်အတူ ဒေါသရိပ်လေးတွေ ပါဝင်ရောယှက်နေသည်ဟု ထင်ရပေမဲ့ ချစ်စရာကောင်းလွန်းနေတာတော့ အမှန်ပင်ဖြစ်သည်။ နှင်းဆီပွင့်နှုတ်ခမ်းဖူးဖူးလေးကို ငေးကြည့်ပြီး ရင်ခုန်သံလေးတွေ မြန်ဆန်





ားရသည်။

ဆွေသဟာတစ်ယောက် ဘာတွေဖြစ်နေသလဲ ...။ က်နှာလှလှလေးပေါ်မှာ အလိုမကျမှုတွေက အထင်းသား ပေါ် ွင်နေခဲ့သည်။ တစ်ခါမျှ နှုတ်ဆက်ပြီးပြဖို့တောင် စိတ်ကူးမရှိတဲ့ ဆွေသဟာတစ်ယောက် ... သူ့ကို ဖုန်းဆက်ခေါ်ရလောက်တဲ့ အကြောင်းအရင်းက ဘာများပါလိမ့်။

သိချင်စိတ်တို့ ပြင်းထန်သော်လည်း ... ဆွေသဟာ့ ာက်မှ တိတ်ဆိတ်ငြိမ်သက်နေသေးတာကြောင့် ကြယ်စင်ခလည်း ငြိမ်နေရသည်။ ကန်တော်ကြီးစောင်းက ကန်ရေစပ် မြက်ခင်းပြင် ပေါ် ခြေပစ်လက်ပစ်လေးထိုင်ပြီး ကန်ရေပြင်စိမ်းစိမ်းကို ငေးမော ်က်ကြည့်နေတဲ့ ဆွေသဟာ့နံဘေးတွင် ကပ်ပြီး ထိုင်နေမိသည်။

"မေမွန့်ကို မင်း ဘယ်လိုမြင်လဲ ကြယ်စင်ခ ... "

"ဘာကိုဆိုလိုတာလဲ ဆွေသဟာ ... "

"မင်းရဲ့စိတ်ထဲမှာ မေမွန်နဲ့ပတ်သက်ပြီး ဘယ်လိုခံစားချက်တွေ ရှိနေသလဲလို့ မေးတာ ကြယ်စင်ခ ... မင်း ပွင့်ပွင့်လင်းလင်း ပြောနိုင်တယ် ... "

"အဟွန်း ... မင်းရဲ့ မေးပုံကြီးကလည်း အပြစ်လုပ်ထားတဲ့ တရားခံတစ်ယောက်ကို စစ်မေးနေတဲ့အတိုင်းပဲ ... အဲဒီအမေးကို ကိုယ် မဖြေချင်ဘူးဆိုရင်ရော ... "

"မရဘူး ... မင်း ငြင်းပိုင်ခွင့်မရှိဘူး ကြယ်စင်ခ ... မင်း

ဖြေရမယ် ... ”

“ပြဿနာပဲ ... ”

ကြယ်စင်ခရဲ့ မျက်ခုံးတန်းထူထူကြီးနှစ်ဖက် ကျုံ့တက်သွားရ၏။ သန္တာရောင်သမ်းစိုနေတဲ့ နှုတ်ခမ်းထူအိအိကြီးတွေပေါ်မှာ အပြုံးရိပ်လေးတွေ ယှက်သန်းသွားရသည်။ ဒေါသတွေနဲ့ ပေါက်ကွဲချင်နေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး တစ်စုံတစ်ခုကို သိပြီနားလည်လိုက်သလို ခံစားလိုက်မိ၏။

“ပြောလေကွာ ... ”

“ဘာကိုလဲ ဆွေသဟာရ ... ကိုယ်က ဘာကိုပြောရမှာလဲ”

“မင်း ... မေမွန့်အပေါ် ဆက်ဆံမှုက အရမ်းကို ရင်းနှီးလွန်းတယ်လို့ ထင်တယ် ... ဒါပေမဲ့ အဲဒီရင်းနှီးမှုရဲ့ အတိမ်အနက်ကို သိချင်တာ ... ”

“အဲဒါကို သိရတော့ရော မင်းအတွက် ဘာအကျိုးရှိလို့လဲ ဆွေသဟာ ... ပြီးတော့ အခု မင်းမေးနေတဲ့ မေးခွန်းဟာ ဘယ်လောက်ထိ လွန်ကဲနေသလဲဆိုတာရော မင်းကိုယ်မင်း ပြန်သုံးသပ်မိရဲ့လား ...

ဒါဟာ ... သူများရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကွ ... မင်း မေးပိုင်ခွင့်မရှိသလို ငါ ဖြေချင်မှ ဖြေပိုင်ခွင့်ရှိတယ်ဆိုတာလည်း သိထားစမ်းပါ ဦးဆွေသဟာ ... ”

ကြယ်စင်ခ ...





ဆွေသဟာရဲ့ အဖြစ်သည်းနေမှုကလေးကို အမြင်ကတ်လှစွာ အရွဲ့တိုက်စကားတွေ ရွေးချယ်ပြောလိုက်သည် ... ။ တစ်ချိန်လုံး မေမွန့်အတွက်ပဲ ခေါင်းထဲထည့် စဉ်းစားနေတတ်တဲ့ ဆွေသဟာကို အသည်းတွေ ယားနေမိ၏။ မေမွန့်အတွက် ... မင်းဘာဖြစ်လာတာလား ဆွေသဟာဟု မေးလိုက်ချင်မိသည်။

သိပ်သိတာပေါ့ ...

မေမွန့်အကြောင်းကို ဘာကြောင့် အခုလို ခေါ်မေးတာလဲဆိုတဲ့အဖြေကို သိနေရလို့လည်း ကြယ်စင်ခရဲ့စိတ်တွေ ကျင်နေရသည်။ ပြီးတော့ ... ရီဝေကြေကွဲနေတဲ့ မျက်နက်ဝန်းတွေ ... ။ ဒါတွေအားလုံး မေမွန့်ကြောင့်ဆိုတာ ကြယ်စင်ခ သိနေခဲ့သည်လေ။

ဆွေသဟာလေးရယ် ...

အိပ်မက်ကနေ မင်း နိုးထသင့်နေပါပြီကွာ။

မင်းရဲ့ ပင်ပန်းနွမ်းနယ်နေတဲ့ မျက်နှာလေးကို ကိုယ်ကြည့်ပဲ မမြင်ရက်တော့ဘူး မိန်းကလေးရယ်။

“ငါ သိပါတယ် ကြယ်စင်ခ ... ငါ့ဘက်က ဘယ်လောက်ထိ လွန်နေပြီလဲဆိုတဲ့အချက်ကို မသိလို့မဟုတ်ပါဘူး ... ဒါပေမဲ့ ငါ ... ငါလေ အရမ်းကို ခံစားနေရလို့ပါ ...

ဆောက်တည်ရာမရလောက်အောင် စိတ်တွေ ရှုပ်ထွေးပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင်ပဲ ဖြစ်နေရလို့ပါ ...

ငါ ရှူးနေပြီထင်တယ် ကြယ်စင်ခ ... ဟုတ်တယ် ... ငါ ရူး နေပြီ ... အဲဒါတွေအားလုံးရဲ့ အဓိကတရားခံက မင်းပဲ ကြယ်စင်ခ ...

မင်းကြောင့် အခုလို သွေးပျက်စရာကောင်းတဲ့ နေ့တွေ ဖြစ် လာခဲ့တာ ... "

"ဘာ ... "

ဟုတ်တယ် ကြယ်စင်ခ။

မင်းကြောင့်ပဲ ...

မင်းသာ မေမွန်နဲ့ ငါတို့ဘဝထဲ ဝင်ရောက်မလာခဲ့ ဘူးဆိုရင် ဒီနေ့လို အဖြစ်ဆိုးမျိုးတွေ ကြုံစရာအကြောင်း ရှိမှာမဟုတ် ဘူး ကြယ်စင်ခ ... ။ မေမွန်က ငါ့ကို သိပ်ချစ်တာ။ ဘယ်သူတွေ ဘယ်လောက်ခွဲခွဲ ငါ့လက်ကို ရဲရဲဆုပ်ကိုင်ပြီး ငါ့ဘက်ကနေ ရပ်တည် ခဲ့တာ ... ။

မေမွန့်ကြောင့် ငါ ဘယ်လောက် ပြဿနာတွေ ဖြေ ရှင်းရပါစေ ... မေမွန့် အားပေးမှုတစ်ခုတည်းနဲ့ အရာရာကို ခေါင်း မော့ရင်ကော့ပြီး ရဲရဲတုံ့တုံ့ ရင်ဆိုင်ရဲတဲ့သတ္တိတွေ အပြည့်ရှိတယ် ကြယ် စင်ခ ... ။

အခုတော့ ...

မင်းကြောင့် မေမွန့်ရဲ့စိတ်တွေ ပြောင်းလဲကုန်ပြီ ကြယ်စင်ခရယ်။





မေမွန်က အားလုံးထဲမှာမှ မင်းကို ရွေးပြီး စိတ်ဝင် းနေတာလေ။ အရင်ကောင်တွေတုန်းကလို ငါ့ရဲ့ တိုက်ခိုက်မှုကို းပေးဖို့ မေမွန် မကြိုးစားခဲ့ဘူး။ အဲဒီအကြောင်းလေးကို သိရ လေ ... ဆောက်တည်ရာမရလောက်အောင် ဖြစ်ရလေလေ ပဲ။

ငါ ...

အရှုံးခံစားရတယ် ကြယ်စင်ခရော။

ငါ့ရင့်တွေ တစ်စစီ ကွဲအက်ကုန်ရပြီကွာ။ ငါ့နှလုံး းတွေ တစ်စစီ ကြေမွပျက်စီးသွားရပြီ။ မေမွန်က ငါ့ကို ရက်ရက် စက် စွန့်ခွာဖို့ ဆုံးဖြတ်လိုက်ပြီ ကြယ်စင်ခ ... ။

"ကြယ်စင်ခ ... "

"ပြောကွာ ... "

"မင်း ... မေမွန့်ကို ချစ်နေပြီလား ... "

"ဟင် ... "

မေမွန့်ကို ချစ်နေပြီလားတဲ့။

ဆွေသဟာက သူ့မျက်ဝန်းတွေကို စူးစူးလေး စိုက် သို့ပြီး မေးနေချေပြီ။

ဘယ်လိုပြောရမလဲ ... ။

သူ ...

မေမွန့်ကို သူငယ်ချင်းမိတ်ဆွေတစ်ယောက်လိုပဲ

သဘောထားလို့ ရသည်။

သူ ချစ်နေတာ ... မေမွန် မဟုတ်။

ယောကျ်ားမကျ မိန်းမ,မဆန်တဲ့ ဆွေသဟာဆို

ကျွတ်ဆတ်ဆတ် မာကျောကျောကောင်မလေးကို ချစ်နေမိတ

လေ။ ဖြူနုနေတဲ့ မျက်နှာလှလှလေးပေါ်မှာ စိတ်ရှုပ်ထွေးမှုလေ

တွေနဲ့ တစ်ချိန်လုံး ဝမ်းနည်းကြေကွဲနေတတ်တဲ့ ဆွေသဟာဆို

ကောင်မလေးကို ချစ်နေမိတာပါ ... ။

"ဖြေလေ ကြယ်စင်ခ ... မင်း ယောကျ်ားမဟုတ်ဘူးလာ

ပွင့်ပွင့်လင်းလင်း ဝန်ခံစမ်းပါ ... "

အံ့မယ် ...

လာ ... လာချည်သေး။

ဒင်းကပဲ ပြောရတယ်လို့။ တော်တော်ရယ်ရ

ဆွေသဟာပဲ။

"ဆွေသဟာ ... "

"ဘာလဲ ... "

"မင်းကရော မေမွန့်ကို ချစ်နေလား ... "

"ချစ်တာပေါ့ကွ ... ငါ မရှက်ပါဘူး ... ယောကျ်ားချင်း

ပွင့်ပွင့်လင်းလင်း ဝန်ခံရဲတယ် ကြယ်စင်ခ ... ငါက မေ

ကို ... ဘဝတစ်သက်တာလုံး စွန့်လွှတ်ရမှာ သေလော

အောင် ကြောက်တဲ့သူပဲ ... ငါ့ဘဝ၊ ငါ့အနာဂတ်ကို မေ





လက်ထဲမှာ မြုပ်နှံထားတာ ... မေမွန့်အတွက်ဆို ဘာမဆို

လုပ်ရဲတယ် ကြယ်စင်ခ ... "

ဆွေသဟာရယ် ...

ကြယ်စင်ခ ... ဆွေသဟာ့မျက်နှာလေးကို ငေး

ကာ ပင့်သက်လေးကို ခိုးပြီး ရှိုက်လိုက်မိသည်။

"အဲဒီစကားတွေကို မင်း မေမွန့်ကို ပြောပြီးပြီလား ဆွေ

သဟာ ... "

"အင်း ... "

ခေါင်းလေးညိတ်ကာ ... မျက်နှာလေး မဝံ့မရဲနှင့်

ညှိလေး လွဲသွားသော ဆွေသဟာ့ကိုကြည့်ပြီး ကြယ်စင်ခရဲ့

တွေကို ပြန့်တင်းပစ်လိုက်သည်။ ဒီမိန်းကလေး ... အလျှော့

မဖြစ်တော့ဘူးဆိုတဲ့အသိက သူ့အာရုံထဲ တိုးဝင်လာ၏။

လေ အရှုးရင့်လေဆိုသလို ဖြစ်တော့မည်။

ကြယ်စင်ခ ခေါင်းလေးကို ဆတ်ခနဲ မတ်ထောင်

သည်။ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချပစ်လိုက်၏။ ဆွေ

ကို ရဲဝံ့စွာ ရင်ဆိုင်လိုက်ပြီး ...

"မင်းကို မလျှောင်လိုက်ဖူးလား ဆွေသဟာ ... "

"ဘာ ... "

"မေမွန် ... ဟားတိုက်မရယ်လိုက်ဘူးလား"

"မင်း ... မင်း ... "

"မင်းကို လုံးဝမချစ်နိုင်ပါဘူးလို့ တစ်ခါတည်း ငြင်းလိုက်

တယ်မဟုတ်လား ဆွေသဟာ ... "

" ... ... ... "

ကြယ်စင်ခ ပြောတာတွေအားလုံး ... မှန်နေတာ ကြောင့် ဆွေသဟာ ဘာပြန်ပြောရမှန်းမသိအောင်ပင် ဆွံ့အသွား ရသည်။

"ထားပါလေ ... အဲဒါတွေအားလုံး မင်း မဖြေလည်း ဖြစ် တယ် ... ဒါပေမဲ့ မင်းမေးတဲ့မေးခွန်းကိုတော့ ငါ သေချာ ပြန်စဉ်းစားရဦးမယ် ဆွေသဟာ ... ဘာဖြစ်လို့လဲဆိုတော့ မေမွန်က အရမ်းလှတယ်လေ ... မေမွန့်ရဲ့အလှကို မြ သူတိုင်း ယစ်မူးချင်ကြတာ မဆန်းဘူးမဟုတ်လား ... ဘာပဲပြောပြော ငါလည်း ယောကျ်ားထဲကယောကျ်ားသ ယောက်ဆိုတော့ ... အဟွန်း ... "

"ဟောကောင် ... ဘာအဟွန်းလဲ ... စကားကိုဆုံးအော ပြောလေ ... "

ကြယ်စင်ခတစ်ယောက် ...

ဆွေသဟာ အသည်းယားအောင် စကားစလေး တစ်ဝက်တစ်ပျက် ရပ်ပစ်လိုက်သည်။ လူကို စ,တွေ့ကတည်း အမြဲတမ်း စိတ်ရှုပ်ထွေးစရာတွေပေးပြီး အနိုင်ပိုင်းသွားတဲ့ ဆွေ သဟာ့ကိုဒီတစ်ခါပြန်ပြီးစိတ်ရှုပ်ထွေးအောင်ပညာပေးလိုက်မိသည်

မေမွန့်ကို ခင်မင်မိသော်လည်း ဆွေသဟာ့စိတ် အထင်အမြင်လွဲမှားစေရန် ဟိုလိုလို၊ သည်လိုလို ပုံစံလေး လုပ်ပြ





။ မေမွန့်ကိုပဲ စိတ်ဝင်စားနေတဲ့ ပုံစံလေး ဖမ်းပြလိုက်သည်။

မျက်နှာလေး ရှုံ့မဲ့ပြီး ညစ်တွန်းတွန်းနေတဲ့ ဆွေ ဘာ့ကိုကြည့်ပြီး ကြိတ်ပြုံးလိုက်မိ၏။

"ဆွေသဟာ ... "

"ဘာလဲကွ ... "

"မေမွန်နဲ့ ပတ်သက်တဲ့အကြောင်းတွေကို မင်း မမေးပါနဲ့ တော့ကွာ ... ဘာပဲပြောပြော ကိုယ့်ခံစားချက်အတိုင်း ကိုယ်နေတာ အကောင်းဆုံးပဲ မဟုတ်လား ... မင်းလည်း မင်းရဲ့ကြိုးစားမှုအတိုင်းနေ ... ကိုယ်လည်း ကိုယ် စိတ်ခံစား မှုအတိုင်းပဲနေမယ် ... တစ်ယောက်နဲ့တစ်ယောက် မနှောင့် ယှက်ရဘူး ... မတားဆီးရဘူး ... ဘယ့်နှယ်လဲ ... "

"မရဘူး ... "

"ဇဟ ... "

"မသေချာ မရေရာတဲ့စကားတွေနဲ့ မင်း လာပြီး အချိုး မသတ်နဲ့ ကြယ်စင်ခ ... ငါ မင်းကို အပြတ်သားဆုံး ပြော မယ် ... မင်း မေမွန့်ကို မချစ်ပါနဲ့ ... "

"ဘာ ... "

"မင်း သူ့ကို သိပ်မချစ်ဘူး မဟုတ်လား ... "

"ဘာကိုလဲ ဆွေသဟာ ... "

"မေမွန်နဲ့ ပတ်သက်ပြီး မင်းဘက်က အရမ်းကို အေးစက် နေသလိုပဲ ... မင်း သူ့ကို တကယ်စိတ်ဝင်စားတာမှ ဟုတ်

ရဲ့လား ကြယ်စင်ခ ... အပျော်တွဲတဲ့သဘောဆိုရင်တော့ အချိန်ရှိတုန်း မင်း နောက်ဆုတ်လိုက်နော် ... ငါ လုံးဝခွ လွှတ်မှာမဟုတ်ဘူး ... "

"ကျိန်းလှချည်လားကွ ... မင်း မရမ်းသီးတွေ တော်တော် စားလာသလိုပဲ ... "

"ပေါက်ကရတွေ လာပြောမနေနဲ့ ကြယ်စင်ခ ... ငါ ဆွဲထိုး မှာနော် ... "

"အမလေး ... ကြောက်စရာကြီးပါလား ... ကဲပါကွာ ... မင်းရဲ့လက်သီးကြီး ဖယ်စမ်းပါဦး ... ငါက အလကားစ,တာ ပါကွ ... "

သူ ...

တမင် ကြောက်ချင်ယောင်ဆောင်ပြီး ဆွေသဟာ လက်သီးလေးကို တွန်းဖယ်လိုက်မိသည်။ မကြည်မလင် မျက်နှာ လေးနဲ့ တစ်ဘက်ကို ပြန်လှည့်သွားတဲ့ ဆွေသဟာ့ကို ကြည့်ပြီး ပြုံးလိုက်မိ၏။

ပျော်စရာကောင်းလိုက်တာ ... ။

တစ်ယောက်တစ်ခွန်း စကားလေးတွေများပြီး ... ပန်းခြံထဲ ထိုင်နေကြတဲ့ ကြယ်စင်ခနဲ့ ဆွေသဟာ့အဖြစ်က တော့ ကြည့်တော့ စိတ်ညစ်စရာမကောင်းဘဲ ရယ်စရာပင် ကောင်းနေ သေးသည်။

"ကြယ်စင်ခ ... "





"ပြောစမ်းကွာ ... "

"ငါ ... မေမွန်ကို သိပ်ချစ်တယ် ... "

"အဲဒါ ဘာဖြစ်လဲ ... မင်းမှာလည်း ချစ်ခွင့်ရှိတာပဲဟာ ... ချစ်ပေါ့ ... "

"မင်း နောက်ဆုတ်ပေး ... "

"ဘာကိုလဲကွ ... "

"မေမွန်ကို တကယ်မချစ်ဘဲနဲ့ မေမွန်စိတ် တွေဝေအောင် မင်း မလုပ်ပါနဲ့ ကြယ်စင်ခ ... "

"မေမွန်ကို တကယ်မချစ်ဘူးလို့ မင်းကို ဘယ်သူပြောလဲ"

ဟင် ...

"ပြီးတော့ ... မေမွန်ကို မင်းလောက် ဘယ်သူမှ မချစ်နိုင် ဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ်လည်း အမွန်းတင်မနေနဲ့ဦး ... ယောက်ျားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကိုယ်စိတ်ဝင်စားတဲ့ အလုပ်ကိုပဲ နက်နက်နဲနဲ လုပ်တတ်ကြတာ ထုံးစံပဲ ... ဘားသင့်တဲ့ လေးနက်မှုတစ်ခုတော့ ထားတတ်ကြတာပဲ ဆွေသဟာ ... မင်းလိုပဲ မေမွန်ကို တကယ်ချစ်တဲ့သူက အရူးအမူး ချစ်နေလိမ့်မယ်ဆိုတာ ထည့်တွေးစမ်းပါ ... "

"မဖြစ်နိုင်ဘူး ... "

ဆွေသဟာ ခေါင်းလေးကို တအားပင် ခါယမ်းပစ် ...က်မိသည်။

မေမွန့်အပေါ် သူ့ထက် ပိုပြီး ချစ်နိုင်တဲ့သူ နောက်

တစ်ယောက် ဘယ်သောအခါမှ ရှိနိုင်မှာမဟုတ်ပါဘူး။

"ဒါကတော့ မင်းရဲ့ ခံယူချက်ပဲလေ ... ကိုယ် ဘာမှမ
ချင်ဘူး ... အဓိက မေမွန့်ဆုံးဖြတ်ချက်ပဲ ဆွေသဟာ
မင်းပဲဖြစ်ဖြစ် ကိုယ်ပဲဖြစ်ဖြစ် တခြားတစ်ယောက်ပဲဖြစ်
ရွေးချယ်ပိုင်ခွင့်ရှိတာက ... မေမွန်တစ်ယောက်တည်းပဲ
တယ် ... ကိုယ်တို့အားလုံးက မျှော်လင့်ခွင့်ပဲ ရှိတာ
သဟာ ... အဓိက,ကတော့ သိပ်ချစ်တတ်တဲ့သူက သူ
ထက်ပိုပြီးမျှော်လင့်ရတယ်ဆိုတာပဲ၊ အဲဒါကို မင်းနားလ
တယ် မဟုတ်လား ဆွေသဟာ ..."

ဆွေသဟာရယ် ...

ကိုယ့်နှလုံးသားလေးထဲမှာလည်း မင်းကို သိပ်ချ
လွန်းလို့ မင်းဆီက အချစ်လေးတွေ ပြန်ရဖို့ ဘယ်လောက်ထိ မျှေ
လင့်နေခဲ့ရသလဲဆိုတာ မင်းလေး သိရဲ့လားဟင် ... ။

ကိုယ်လေ ...

မင်းလေးကို အချိန်တိုင်း မျှော်လင့်နေရတယ် ဆွေ
သဟာရယ်။

ကြယ်စင်ခတစ်ယောက် ...

ရင်ထဲအသည်းထဲကနေ နင့်သည်းနေအောင် ချစ်
မိတဲ့ ဆွေသဟာ့ရဲ့ ချစ်စရာမျက်နှာလှလှလေးကို ငေးမော
သက်ပြင်းမောလေးတစ်ချက် ကြိတ်ပြီး ချလိုက်မိပါတော့သည်။





## အခန်း [ ၁၂ ]

ကြယ်စင်ခ စိတ်တွေ တအားကို ညစ်နေရသည်။

မေမွန်တစ်ယောက် ... သူ့အနားကို အတင်းတွယ်
ပ်နေ၏။ စာသင်ခန်းလေးထဲမှာ ထိုင်သာနေရတာ ကြယ်စင်ခရဲ့
ာ်တွေက ဆွေသဟာ့ဆီ ရောက်နေရသည်။ ဒီနေ့နဲ့ပါဆို ... ဆွေ
ဟာ ကျောင်းလာမတက်တာ နှစ်ရက်တောင်ရှိသွားပြီလေ။

မေမွန်နဲ့ ပတ်သက်လာရင် အမြဲတမ်း သွေးဆူကာ
်သူတစ်ယောက်သဖွယ် သတ်မှတ်ပြီး တိုက်ခိုက်ရန်စတတ်တဲ့
ဆွေသဟာရဲ့ ကျွတ်ဆတ်ဆတ်၊ မာကျောကျော ပုံစံလေးကို ပြန်
ာတိရပြီး ဆွေသဟာ ဘာဖြစ်လို့ ကျောင်းလာမတက်တာလဲဆိုတဲ့
ဖြေကို သိချင်နေမိ၏။

မေမွန့်ကိုမေးတော့ မသိဘူးတဲ့ … ။

မေမွန့်ကို ကြည့်ရတာ တစ်မျိုးပဲ … ။ ဆွေသဟာ့ အကြောင်း သိပ်မပြောချင်သလိုပုံစံမျိုး ဖြစ်နေသည်။ ပြဿန တစ်ခုခု တက်ထားပုံရ၏။ ဆွေသဟာ့အကြောင်း မေးလိုက်တုန်း က မေမွန့်မျက်နှာလေး သုန်မှုန်သွားသည်။

ဆွေသဟာကရော …

အခုလို … မေမွန်တစ်ယောက်တည်း ကျောင်းလာ တက်နိုင်အောင် ဘယ်တုန်းကများ အခွင့်အရေးပေးခဲ့ဖူးလို့လဲ … မေမွန့်ကို စိုးမချလွန်းလို့ တောက်တဲ့တစ်ကောင်လို တွယ်က နေချင်တဲ့ ဆွေသဟာတစ်ယောက် အခုလိုကျောင်းလာမတက်တာ သိပ်ပြီး ထူးဆန်းမနေဘူးလားဟင် … ။

စိတ်ပူလိုက်တာ …

ဆွေသဟာ ဘာဖြစ်နေပြီလဲ။

အတွေးလေးကြောင့် ကြယ်စင်ခရဲ့ရင်ထဲ ပို၍ ပူလောင်မြိုက်သွားရသည်။ ဆွေသဟာ့ကို သွားတွေ့ချင်စိတ် က ထိန်းချုပ်လို့မရတော့ချေ။

“ကြယ်စင်ခ … ”

“ … … … ”

“ကြယ်စင်ခ … ”

“ဟင် … ဘာ … ဘာလဲ မေမွန် … ”





“ရှင် ဘာတွေတွေးနေတာလဲဟင် … ရှင့်ကို မေမွန် ခေါ်နေတာ ကြာပြီ … ”

“သြော် … ဟုတ်လား၊ ဆောရီးပဲ မေမွန် … ကဲ … ပြောပါဦး … ကိုယ့်ကိုခေါ်တာ ဘာပြောမလို့လဲ … ”

“ဟို … ဟိုလေ … ဒီနေ့ ကြယ်စင်ခကို ကြည့်ရတာ သိပ်ပြီး မလန်းသလိုပဲ … ရှင် နေမကောင်းဘူးလားဟင်”

“ကောင်းပါတယ် မေမွန်ရဲ့ … ကိုယ် ဘာမှမဖြစ်ပါဘူး”

“ဒါပေမဲ့ … ရှင့်မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးမှုတွေကို မေမွန် တွေ့နေရတယ် … ရှင် အိမ်နဲ့ အဆင်မပြေဘူးလား”

“အဟွန်း … ဟွန်း၊ လူကဲခတ်တော်လိုက်တဲ့ မေမွန်ပဲ … ကိုယ် မင်းကိုတော့ လိမ်ညာလို့ရမယ်မထင်ဘူး … ”

“ဟယ် … ဒါ … ဒါဆို … ”

“ဟိုး … ဟိုး … အလကားပြောတာ … ကိုယ် အိမ်နဲ့ ဘာမှမဖြစ်ဘူး မေမွန်ရဲ့ … ”

“ဟုတ်ရဲ့လား ကြယ်စင်ခရယ် … ”

“တကယ်ပါ မေမွန်ရဲ့ … ကိုယ်က ဖေဖေ မေမေတို့ရဲ့ တစ်ဦးတည်းသော သားပဲဟာ … ဘယ်လိုလုပ်ပြီး အိမ်နဲ့ပြဿနာ ဖြစ်မှာလဲ … အဟွန်း ဟွန်း … ”

“အဲ … ဟုတ်သားပဲနော် … ဟင်း ဟင်း … ”

တည်တင်းချောမောလွန်းသော ကြယ်စင်ခရဲ့ မျက် လေးက အခုမှ လန်းဆန်းကာ ရယ်မောလိုက်တာကြောင့် …

မေမွန့်ရဲ့ စိုးရိမ်စိတ်လေးတွေ ကင်းစင်သွားရတော့သည်။ အခုမှ ကြယ်စင်ခနဲ့အတူ လိုက်ရယ်နိုင်တော့၏။

ကြယ်စင်ခရယ် ... ရှင် သိနေမလားဟင်။

မေမွန်လေ ... ရှင့်ရဲ့ မျက်နှာလေးကို စာအုပ်လေး တစ်အုပ်လို အသေးစိတ် အမြဲတမ်း ဖတ်ချင်နေတဲ့သူပါ။ ရှင့်မျက် ဝန်းရိပ်လေးတွေ ဖျတ်ခနဲ ပြောင်းလဲသွားတာကအစ ဂရုတစိုက် ကို စောင့်ကြည့်နေတတ်တဲ့အထိ ... ရှင်ဟာ မေမွန့်ရဲ့ စိတ်ခံစား တွေအားလုံးကို အနိုင်ယူ စိုးမိုးနေခဲ့ပြီ ကြယ်စင်ခရယ် ... ။

ဒါပေမဲ့လေ ...

မေမွန် ကျေနပ်ပါတယ်။

မေမွန့်ဘဝတစ်သက်တာမှာ ရှင့်လို အကြင်နာမျ ဝန်းရိပ်လေးတွေနဲ့ ငုံမိုးကြည့်တတ်တဲ့ ... သိပ်ကို ကြည်မွေ့ ချစ်စရာကောင်းတဲ့လူမျိုး တစ်ခါမှ မကြုံဆုံဘူးခဲ့တာပါ ... ။ ရှင့် အနီးကပ်ဆုံးမှာ အမြဲတမ်း နေခွင့်ရတဲ့အတွက်လည်း အရမ်းကို နပ်နေမိပါတယ် ကြယ်စင်ခရယ် ... ။

"မေမွန် ... "

"ရှင် ... "

"ဟိုလေ ... ကိုယ် ဒီနေ့ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်း ထားလို့ ... အဲဒါ နောက်အချိန်တွေ ဆက်ပြီးတက်နိုင် မဟုတ်ဘူး ... မေမွန် သေသေချာချာ လိုက်မှတ်ပေးထ ပါနော် ... ညနေကျမှ မေမွန့်ဆီ စာအုပ်လာငှားတော့မ





ကိုယ် သွားပြီ မေမွန် ... "

"ဟင် ... ကြိုယ် ... ကြယ်စင်ခ ... အို ... ခဏနေ ... ဇီနေ ဦးလေ ... "

ကြယ်စင်ခ မေမွန့်ရဲ့ တားဆီးသံကို လှည့်မကြည့် တော့ပါ။

သိပ်ပြီး စဉ်းစားမနေတော့ဘဲ မေမွန့်ကို ချန်ထားခဲ့ ပြီး သူ စာသင်ခန်းလေးထဲကနေ သွက်လက်စွာ ထွက်လာခဲ့မိတော့ သည်။ ဒီထက် စကားတွေရှည်နေလျှင် သူ အားနာပြီး ထနိုင်မှာ မဟုတ်တဲ့အတွက် ခပ်မြန်မြန်လေး စကားဖြတ်ကာ စာသင်ခန်း လေးထဲတွင် မေမွန့်ကို ထားရစ်ခဲ့လိုက်သည်။

ကြယ်စင်ခနောက်ကို မေမွန် လိုက်ချင်တယ်ဆိုရင် ဘယ့်နှယ်လုပ်မလဲ။ သူ သွားမှာက ဆွေသဟာ့ဆီကိုလေ ... ။ ဆွေသဟာ ကျောင်းမလာနိုင်လောက်တဲ့အထိ ဘာတွေဖြစ်နေ သလဲဆိုတာ ကြယ်စင်ခ အရမ်းကို သိချင်နေမိ၏။

နေလို့မရတော့ ...

ဆွေသဟာ အရိပ်လေးတွေ ကင်းမဲ့နေတဲ့ စာသင် ခန်းလေးက သူ စိတ်တွေ တက်ကြွလန်းဆန်းမှုမရှိအောင် ငြိုငွေ့ နေစေခဲ့သည်။

ကားလေးကို အမြန်နှုန်းနှင့် မောင်းထွက်လာခဲ့၏။

ဆွေသဟာရယ် ...

မင်း ... ဘာဖြစ်နေတာလဲဟင်။

ငါ ... မင်းကို အရမ်းစိတ်ပူနေလိမ့်မယ်ဆိုတာ မင်း နည်းနည်းလေးမှ မစဉ်းစားမိဘူးလား ဆွေသဟာရယ်။ မင်း ... ဘာကြောင့် ကျောင်းကိုလာမတက်ရတာလဲကွာ။ မင်းအလာကို မျှော်လင့်တကြီး စောင့်နေတဲ့ လူတစ်ယောက် ရှိနေပါလျက် အဲ လူရဲ့စိတ်တွေ ညစ်နွမ်းသွားအောင် ရက်ရက်စက်စက် မင်းမို့ လု ရက်တယ်နော် ... ။

ကိုယ်လေ ...

ဟန်မဆောင်ချင်တော့ဘူးကွာ။

ကိုယ် ... မင်းလေးကို သိပ်ချစ်နေမိပြီ ဆွေသဟာ ရယ်။

စကားလုံးစိမ်းစိမ်းကြီးတွေနဲ့ မင်းရဲ့ ဒေါသတွေ နှီးဆွခဲ့မိတဲ့ အပြစ်တွေကို တွေးမိတိုင်း နောင်တတွေ ရနေ ကောင်မလေးရယ်။ ကိုယ့်ကို ... ခွင့်လွှတ်ပါနော်။ ကိုယ့်ကို မုန်း နာကျင်မနေပါနဲ့ ဆွေသဟာလေးရယ်။

ဆွေသဟာမှာတော့ အခန်းလေးထဲတွင် တစ်ချိ လုံး အောင်းနေမိ၏။ ပြင်းရှသော ဒက်ဒီရဲ့ ပေါက်ကွဲမှုတွေကို ဒီတစ်ခါတော့ မာမီလည်း မတတ်သာဘဲ လက်လျှော့နေရသည် ဘယ်လိုမှ ဝင်ပြောလို့မရဘဲ မာမီပါ ငြိမ်သက်နေရ၏။

မေမွန်က သူ့ကို ရည်းစားစကား ပြောတယ်ဆိုပြီ ဒက်ဒီ့ကို သွားတိုင်တာလေ။

ဒက်ဒီ စိတ်ဆိုးလွန်းသဖြင့် ကိုယ်ထိလက်ရော





င် ဆုံးမသည်အထိ အရှိန်အဟုန်က မထင်မှတ်လောက်အောင် ကြီးထွားခဲ့သည်။ ကြယ်စင်ခနဲ့ လမ်းခွဲပြီး အိမ်ထဲ ပြန်ဝင်လာတော့ အိမ်မှာ ဒက်ဒီက ရောက်နေပြီ။

မေမွန့်ကိစ္စနှင့် ပတ်သက်ပြီးမေးတော့ ဆွေသဟာ ည်း အမှန်အတိုင်းပင် ဝန်ခံပစ်လိုက်သည်။ အဲဒီမှာတင် ဒက်ဒီ က်တွေ ပေါက်ကွဲတော့၏။ ဒက်ဒီ တစ်ခါမျှ အခုလောက် ဒေါသ ကြီးတာမျိုး မမြင်ခဲ့ဘူးပေမဲ့ မေမွန့်ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဆွေသဟာ အလျှော့မပေးချင်ပါ။

အဲဒီမှာတင် ဒက်ဒီ့ရဲ့ စည်းကမ်းချက်က တင်းကျပ် ချမှတ်ခြင်းကို ဆွေသဟာ ခံရတော့သည်။ ဒီနေ့ကစပြီး မိန်း လေးအဝတ်အစားတွေပဲ ဝတ်ဆင်ရမည်တဲ့ ... ။ ထိုအဝတ်အစား အပြင်ထွက်ရမယ်ဆိုလို့ ဆွေသဟာတစ်ယောက် အခန်းထဲက လုံးဝမထွက်ဘဲ နေပစ်လိုက်၏။

လုံးဝမဝတ်နိုင်ဘူး ... ။

မုန်းစရာကောင်းလိုက်တဲ့ အဝတ်အစားတွေကို ... ခြင်ချင်လွန်းလို့ လွှင့်ပစ်ထားတာ ... ဆွေသဟာ့အခန်းလေးထဲ ပြန့်ကြဲလို့။ မာမီကတော့ တစ်ချိန်လုံး ငိုနေသည်။ ဆွေသဟာ့ မကြာခဏ လာချော့တတ်၏။

ဒက်ဒီ စိတ်ကျေနပ်အောင် ဝတ်ဖို့ လာတိုက်တွန်း ပေမဲ့ မာမီကိုယ်တိုင်လည်း မေမွန့်ကိစ္စနှင့်ပတ်သက်ပြီး တော် က်လေး သွေးပျက်သွားပုံရသည်။ ဆွေသဟာ့ကို နားချတာ ခဏ

ခဏပဲ ... ။ ဆွေသဟာ လုံးဝလက်မခံဘဲ ငြင်းပယ်နေမိ၏။

“ဒေါက် ... ဒေါက် ... ”

တံခါးခေါက်သံကြောင့် ဆွေသဟာ မျက်ဝန်းလေးတွေ ဖိပိတ်ပစ်လိုက်သည်။

“ဒေါက် ... ဒေါက် ... ”

အသံလုံးဝမပေးဘဲ ငြိမ်သက်နေမိ၏။

မာမီပဲ နေမှာပါ။

မတွေ့ချင်ဘူး။ ဘယ်သူ့ကိုမှ ဆွေသဟာ မတွေ့ချင်ဘူး။ တွေ့လျှင် ဆွေသဟာ့ကို မိန်းကလေးတစ်ယောက်လို ဝတ်စားနေထိုင်ဖို့ နားချကြဦးမည်။ လက်မခံနိုင်ပါဘူး ... ။ မာမီ့ကို ဆွေသဟာ ချစ်ပေမဲ့ ဒီတစ်ခါတော့ ဆွေသဟာ တင်းခံထားမှဖြစ်မယ် ... ။

“ဒေါက် ... ဒေါက် ... ”

“ဆွေသဟာ ... ”

“မင်း ... အထဲမှာရှိနေတယ်မဟုတ်လား ဆွေသဟာ”

ဟင် ...

ဒါ ... ဒါ။

မာမီ့အသံမှ မဟုတ်တာ။

ကြယ်စင်ခအသံပဲ ... ။

ဟာ ...

ဒုက္ခပါပဲ။





ဒီကောင် ဆွေသဟာ့အကြောင်းတွေ သိပြီးလောက်...ပေါ့။ အောက်ထပ်မှာ မာမီက ရှိနေတာလေ။ ရှက်စရာကောင်း...တာ ... ။ သေသာ သေလိုက်ချင်တော့တာပဲ။ အရေးထဲမှ ...ယ်စင်ခဆိုတဲ့ ကောင်က အိမ်ကို ဘာလာလုပ်ရတာလဲ ... ။

“ဒေါက် ... ဒေါက်”

“ဆွေသဟာ ... မင်း ငါ့ကို ခဏလောက် တံခါးဖွင့်ပေးပါကွာ ... ငါ မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ပါ”

“ဟေ့ကောင် ... မင်းနဲ့ ဘာစကားမှ ပြောစရာမရှိဘူး ... သွားတော့ ... ”

အဲ ...

အထဲကနေ ဆောင့်ဆောင့်အောင့်အောင့် ထွက်လာ...သံလေး ... ။

မဆိုးဘူး ...

စကားပြန်ပြောသေးတယ်ဆိုတော့ ... သူ့အတွက် ...ခဲ့အနေ ကောင်းသေးတယ်ဆိုတဲ့သဘောပဲလေ။ ကြယ်စင်ခရဲ့ ...နှာချောချောလေးက ပြုံးသွားရ၏။

သူ ...

ဆွေသဟာ့ သတင်းလေးကို ကြားပြီးပါပြီ။

ဒေါ်သီတာဆွေကိုယ်တိုင်လည်း နောင်တတွေရပြီး ...သဟာရဲ့စိတ်ကို ပြောင်းလဲဖို့ ဒီတစ်ခါတော့ အလျှော့မပေး...ခဲ့ တင်းခံနေ၏။ ကြယ်စင်ခ ... မနည်းကြီး ဖျောင်းဖျနေရ

သည်။ အခုလို အတင်းအကျပ်ကြီး မလုပ်ဘဲ သူ့ဘာသာ ပြောင်းလဲလာမဲ့နေ့လေးအထိ စိတ်ရှည်လက်ရှည် စောင့်ဖို့ သူ မနည်းကြိုးစား တောင်းပန်ခဲ့ရသည်။

"ဆွေသဟာ ..."

"... ... ..."

"ဒီနေ့ ... မေမွန်ကို ကိုယ့်ရင်ထဲက ခံစားချက်တွေ ဖွင့်ဟပြီး ဆုံးဖြတ်လိုက်ပြီ ..."

"ဘာ ..."

ကျွိ ... ။

အခန်းတံခါးချပ်ကြီး ပွင့်လာပြီး ဆွေသဟာတစ်ယောက် ဒေါသတကြီး အခန်းလေးထဲကနေထွက်လာ၏။ ပွရောင်းရောင်းဆံပင်နှင့် ကျောတွန့်နေသောကြောင့် ဆွေသဟာ့ပုံစံလေးက အရူးလေးတစ်ယောက်လိုဖြစ်နေသည်။

"မင်းကို လာအသိပေးတာ ဆွေသဟာ ... ကဲ ... ကိုယ်သွားပြီ ..."

"ဟေ့ကောင် ... နေဦး"

ဆွေသဟာ့ တားဆီးသံကြောင့် လှည့်ထွက်သွားမည့် ခြေလှမ်းလေးတွေကို ရပ်တန့်ပစ်လိုက်သူက ကြယ်စင်ခရယ်ပါ။

လှည့်မကြည့်သော်လည်း ဆွေသဟာ ဘာပြောမလဲ ဆိုတဲ့အကြောင်းကို သူ ကောင်းကောင်းကြီး သိနေတယ်လေ။





"မင်း ... မင်း တကယ်ပြောတာလား ကြယ်စင်ခ"

"တကယ်ပေါ့ကွ ... ကိုယ်က မင်းကို ဘာကိစ္စနဲ့ ညာရမှာလဲ ..."

"မပြောရဘူး ... မင်း ... မင်း လုံးဝဖွင့်မပြောရဘူး ကြယ်စင်ခ ..."

"ဘာရယ် ..."

"ဟုတ်တယ် ကြယ်စင်ခ ... ငါက မင်းထက်အရင်ဆုံး ရင်ဖွင့်ပြီးသွားပြီ ... မင်း သိပ်နောက်ကျသွားပြီ ကြယ်စင်ခ"

"ဟား ... ဟား ..."

ဆွေသဟာ့စကားလေးကြောင့် ကြယ်စင်ခ အော်ဟစ်လိုက်သည်။

တော်တော်ရယ်စရာပြောတဲ့ ဆွေသဟာပဲ။ ကြယ်စင်ခက နောက်ကျသွားပြီတဲ့လေ ... ။ စူးတောက်တောက် မျက်လုံးလေးတွေနဲ့ မော့ကြည့်ပြီး ခပ်စွာစွာလေး ပြောနေတာပါ။ ဆွေသဟာ့ရဲ့ ချစ်စရာကောင်းလွန်းတဲ့ ပုံစံလေးကိုကြည့်ပြီး သူ စိတ်ထဲက တအားလှုပ်ရှားနေရသည်။

"မင်း ဘာရယ်တာလဲ ... ကြယ်စင်ခ ..."

မျက်စောင်းလှလှလေးက ဒိုင်းခနဲ ရောက်လာ၏။

ဒါ ...

ယောက်ျားလေးတစ်ယောက်ရဲ့ လုပ်ရပ်တဲ့လား။

အဟွန်း ...

တကယ်အသည်းယားဖို့ကောင်းတဲ့ ဆွေသဟာ
ပဲ ... ။

"ဘာလဲကွ ... ကိုယ့်ဘာသာတောင် ရယ်ချင်တိုင်း ရယ် မရှိတော့ဘူးလား ... "

ခပ်တည်တည်လေး ပြန်မေးမိ၏။

"မရှိဘူး ... "

"ဟာကွာ ... "

ဟင် ...

ဆွေသဟာ့ခန္ဓာကိုယ်လေး ယိုင်နဲ့သွားပြီး ... ကြ စင်ခရဲ့ ရင်ခွင်ကျယ်ကြီးထဲ ရောက်သွားရ၏။ သန်မာဖျတ်လ လွန်းတဲ့လက်ကြီးတွေက မထင်မှတ်စွာ ခန္ဓာကိုယ်လေးကို ရင် လာကြသည်။

ဆွေသဟာ့မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရ၏

ရုတ်တရက်မို့ ...

ကိုယ့်ကိုယ်ကိုယ် ... ဘာဖြစ်လို့ ဘာဖြစ်မှန်းမ လောက်အောင်ပင် အံ့ဩမင်သက်သွားရသည်။ ကြောင်တော တောင်လေး ကြယ်စင်ခရဲ့ ရင်ခွင်နွေးနွေးကြီးထဲတွင် ငြိမ်သက်နေ ၏။ နူးညံ့ညင်သာတဲ့ အနမ်းနုနုလေးတွေက ပါးပြင်မို့မို့လေးထ နူးညံ့ညင်သာစွာ တစ်ပွင့်ချင်း ကြွေဆင်းလာသည်။ နှင်းဆီနီနု ခမ်းလေးထက် ချစ်အနမ်းလေးက ရှည်ကြာစွာ ရပ်တန့်သွား၏။

ဆွေသဟာ ခန္ဓာကိုယ်လေး ကြက်သီးဖြန်းဖြန်းထ





ဘာ ရင်တစ်ခုလုံး လှိုက်မောဆို့နင့်လို့လာသည်။ ရင်ခုန်သံတွေ ချုပ်မရလောက်အောင် မြည်ဟည်းဟာ အသိကင်းမဲ့သူတစ်ယောက်လို ဖြစ်နေရ၏။

ဆန္ဒတွေ လွန်ကဲနေရာမှ အသိဝင်လာရသူက ... ကြယ်စင်ခရယ်ပါ။

"ကဲ ... ဆွေသဟာ၊ ငါ့ကို သိပ်နောက်ကျသွားပြီလို့ မင်း ပြောနိုင်ဦးမလား ... ဒါ ပထမသင်ခန်းစာပဲ မင်းကို သင် ပေးရသေးတာနော် ... ငါ နောက်ကျနိုင်သလား မကျနိုင် ဘူးလားဆိုတာ မင်းပဲ စဉ်းစားတော့ ... "

ဖျတ်ခနဲ ...

ရင်ခွင်လေးထဲကနေ တွန်းထုတ်ပြီး ဆွေသဟာ့ရဲ့ က်ဝန်းလေးတွေကို ခပ်စူးစူးလေးစိုက်ကြည့်ကာ ပြောလိုက်တဲ့ ကြယ်စင်ခကို တစ်ခါမျှ မမြင်ဘူးသော လူတစ်ယောက်လို ငေး ကြောင်ပြီး ကြည့်နေမိသည်။

နွေးမြနေသော ခန္ဓာကိုယ်လေးက အခုတော့ အေး ခဲ့သွားသလို ခံစားနေရ၏။

ပြူးကြောင်ကြောင်လေး မော့ကြည့်နေမိသည်။

ကြယ်စင်ခရဲ့ မျက်နှာချောချောကြီးက တည်ငြိမ် အေးဆေးလို့ ... ။

စိုရဲနေသော နှုတ်ခမ်းနှစ်လွှာဆီ မျက်ဝန်းလေး ရောက် ဆွေသဟာ့ခေါင်းလေး ဆတ်ခနဲ ငုံ့လျှိုးကျသွားရသည်။

"အချစ်အကြောင်း တကယ်မသိဘဲ ခဏခဏ ချစ်တယ်လို့ မပြောနဲ့ ဆွေသဟာ ... နားကြားပြင်းကတ်တယ်ကွ လား ..."

ပြောပြီးတာနှင့် ... ကြယ်စင်ခတစ်ယောက် ဆွေသဟာ့အနားကနေ ချာခနဲနေအောင် လှည့်ထွက်ခဲ့ပစ်လိုက်သည်။

တကယ်တော့ ...

သူ့ရင်ထဲကခံစားချက်တွေကို သိပ်ချစ်မိနေတဲ့ မိန်းကလေးဆီမှာ ရင်ဖွင့်ချင်နေတာ ကြာပြီလေ ...။ အကြောင်းအမျိုးမျိုးကြောင့် မျိုသိပ်ထိန်းချုပ်ထားရပေမဲ့ မထင်မှတ်တဲ့အချိန်လေးမှာပဲ ထိန်းချုပ်ထားမှုတွေ ပေါက်ကွဲကာသွားခဲ့ပြီ။

ဆွေသဟာရယ် ...

ကိုယ်လေ ...

မင်းလေးကို တကယ်ပဲ အမြတ်တနိုး တန်ဖိုးထားပြီး ချစ်နေမိတာပါကွာ ...။

ကိုယ့်ရဲ့အချစ်တွေကို မင်းလေး ယုံကြည်ပေးပါရယ် ...။ ကြောင်အအလေးဖြစ်ပြီး ကျန်နေရစ်ခဲ့တဲ့ ချစ်သူလေးကို တစ်ချက်မျှ လှည့်မကြည့်ဘဲ ကျောခိုင်းလိုက်မိပါတော့သည်။

❦ ♥ ❦



## အခန်း [ ၁၃ ]

မှန်တင်ခုံရှေ့လေးတွင် သူ ရပ်နေမိသည်မှာ အချိန်မည်ယ်လောက်ပင် ကြာသွားမှန်းမသိတော့ချေ။ ခန္ဓာကိုယ်တစ်ခုလုံး လေးလံထိုင်းမှိုင်းမှုတွေနှင့် ဖိစီးကာ ခြေလှမ်းလေးတွေ ရွှေ့ပြောင်းဖို့ပင် မတတ်နိုင်လောက်အောင် ဖြစ်နေရသည်။

အာရုံထဲမှာ ...

ရီဝေသောအကြည့်များနှင့် ငိုမိုးကျလာသော ကြယ်စင်ခရဲ့ မျက်နှာချောချောကြီးက အနေးပြကွက်တစ်ခုလို တဖျပ်ဖျပ် ပေါ်လာ၏။ မျက်ဝန်းနက်နက်ဝိုင်းဝိုင်းလေးတွေက မကြည့်ရဲစွာ မှိတ်ခနဲ မှိတ်ကျသွားသည်။

ဘုရား ... ဘုရား။

ရင်တွေ ...

ရင်တွေ တဒိန်းဒိန်း ခုန်နေပါလား။

ဆွေသဟာ ... ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်နေ
သလဲပင် မစဉ်းစားတတ်တော့ပါ။ ပါးပြင်လေးနှစ်ဖက်ကို ယော
ရမ်းစမ်းမိ၏။ ရှက်ရွံ့သလိုလို၊ နွေးထွေးလိုက်မောသလိုလို ခံစား
ချက်ကြီးက ရင်ထဲတိုးဝင်လာတော့ အလိုလို ငိုချင်စိတ်တွေ ပေါ်
သွားရသည်။

ဘာတွေဖြစ်နေတာလဲ ...

ဆွေသဟာ ... ဘာတွေဖြစ်နေပြီလဲ။

ထူးဆန်းလိုက်တာ ...

ဆွေသဟာတစ်ယောက် ... တစ်စုံတစ်ယောက်
အနိုင်ပိုင်းတဲ့ မျက်လုံးတွေနဲ့ စီးမိုးအကြည့်ခံရမှာ သွေးပျက်မော
တုန်လှုပ်နေမိသည်။ အခန်းလေးထဲမှာ တိတ်တိတ်လေး ငြိမ်သ
စွာ နေမိ၏။ ကိုယ့်အဖြစ်ကို ကိုယ်မယုံနိုင်လောက်အောင် ဖြစ်
အထိ အံ့သြမှင်သက်စွာ ရှိနေခဲ့ရသည်။

"နင်က ငါ့လိုပဲ မိန်းမဟဲ့ မိန်းမ ... ယောကျာ်းလေး
ယောက် မဟုတ်ဘူး ... "

ဟာ ...

မေမွန်ရဲ့ ဒေါသတကြီး အော်ဟစ်ပြောဆိုသံသေ
ပြန်လည်ကြားယောင်ပြီး အင်အားချည့်နဲ့စွာ နေရာလေးမှာ ထိုင်





သွားရသည်။

"နင်က ငါ့ကို ချစ်တယ် ... ဟုတ်လား သဟာ၊ ဟင်း ...
ဟင်း ... "

မကြားချင်ဘူး ...

မကြားချင်ဘူး ...

တော်ပါတော့ ... မေမွန်။

နင် ဆက်မပြောပါနဲ့တော့ဟာ ... ။ ငါ မကြားရဲလို့
မေမွန်။ ငါ ... ငါ ဘာကိုမှ ရင်မဆိုင်ရဲတော့လို့ပါ။ စိတ်ထဲကနေ
အော်ဟစ်ကာ တားဆီးနေမိသည်။ နားတွေကို ယောင်ယမ်းပြီး
ပိတ်ထားပစ်လိုက်၏။

သူ ဘယ်လောက်ပဲ တားဆီးနေနေ မေမွန့်အသံစူး
စူးလေးက ရပ်တန့်မသွားဘဲ အခန်းလေးထဲတွင် ပျံ့နှံ့နေဆဲရယ်ပါ။

"နင်က မိန်းမတစ်ယောက်ပဲ ဆွေသဟာ ... နင့်အမေရဲ့
အတွေ့ကြောင့် နင် အခုလို ပုံမကျပန်းမကျ ဖြစ်နေတာ ...
အရူးရဲ့ ... "

"မဟုတ်ဘူး ... မဟုတ်ဘူး ... နင်ပြောတာ တစ်ခုမှမဟုတ်
ဘူး မေမွန် ... ငါ မကြားချင်ဘူး ... လုံးဝမကြားချင်ဘူး
ကွာ ... "

ဆွေသဟာတစ်ယောက် ...

အခန်းလေးထဲကနေ တုန်လှုပ်ချောက်ချားစွာ ပြေး

ထွက်ခဲ့မိသည်။ အောက်ထပ်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ
လူရိပ်လူယောင်ပင် မမြင်ရချေ ... ။ ဆွေသဟာ ခြေဦးတည့်
လျှောက်သွားဖို့ ခြံပြင်သို့ ထွက်ခဲ့မိသည်။

မွန်းကျပ်ပိတ်လှောင်မှုတွေအတွက် ထွက်ပေါ
တစ်ခုကို ရှာဖွေဖို့ အပြင်းအထန် ကြိုးစားနေမိ၏။ ရှက်ရွံ့စိ
နာကျင်ဝမ်းနည်းစိတ်တွေကြောင့် ရင်တစ်ခုလုံး လှိုက်ခါနေခဲ့သည်
မေမွန့်ဆီလည်း မသွားရဲပါဘူး။ မေမွန့်ရဲ့ ဟားတိုက်လှောင်ရယ်
တွေကို ဆွေသဟာ ထပ်ပြီး မကြားလိုတော့ပါ။

တစ်ယောက်တည်း ဦးတည်ရာမဲ့ လျှောက်သွား
မိသည်။

ညအမှောင်မှာ လမ်းပျောက်နေသူတစ်ယောက်
ရည်ရွယ်ရာမရှိ လျှောက်သွားနေမိ၏။

"တီ ... တီ ... "

" ... ... "

"တီ ... "

အနောက်ဘက်ဆီမှ ကားဟွန်းသံကြောင့် ...
သဟာ လမ်းဘေးသို့ ဆင်းလျှောက်ပေးလိုက်၏။

"တီ ... "

သို့သော် ...

ကားဟွန်းသံက ရပ်မသွားချေ။





ချာခနဲ လှည့်ကြည့်လိုက်တော့ စူးလက်သော ကား
းရောင်ကြောင့် ဆွေသဟာ မျက်ဝန်းလေးတွေ ကျိန်းစပ်ကာ ...
က်ကလေးတစ်ဖက်ဖြင့် ကာလိုက်ရသည်။

ကားမီးရောင် ဖျတ်ခနဲ မှိတ်ကျသွား၏။ ကားပေါ်
လူတစ်ယောက် ဆင်းလာသည်။

"ဟော့ကောင် ဆွေသဟာ ... ဒါ ဘယ်သွားမလို့လဲ"

ဟင် ...

သစ်လွင်ပဲ။

ဆွေသဟာ ... တစ်စက်ကလေးမှ ကြည့်လို့မရတဲ့
ကောင် ... ။ ဘာကိစ္စနဲ့ လာပြီး အထူးတလည် နှုတ်ဆက်နေတာ
။ မေမွန့်ကို လိုက်နှောင့်ယှက်လွန်းလို့ ဆွေသဟာနဲ့ သစ်လွင်
ရန်ပွဲဖြစ်ရသည်။ ဒါကို အမှတ်သည်းခြေမရှိ လာအရောဝင်နေ
တော်တော် မျက်နှာပြောင်တိုက်ရဲတဲ့ကောင်ပဲ ... ။

"မင်းအပူ မပါပါဘူး ... ငါဘာသာ ဘယ်သွားသွားပေါ့"

သစ်လွင်ရဲ့ နှုတ်ခမ်းလေးတွေ ပြုံးသွားရသည်။

ဆွေသဟာရဲ့ ဖြူနုနေတဲ့ မျက်နှာလေးကို စူးရဲစွာ
ချက်စိုက်ကြည့်လိုက်ပြီး ဆွေသဟာပြောတဲ့ စကားလုံးကြမ်း
တွေကို နှစ်သက်စွာ ခံယူလိုက်၏။

သေချာကြည့်တော့မှ ... မေမွန်ဆိုတဲ့ မိန်းမချော
ဆက် ဆွေသဟာဆိုတဲ့ ယောက်ျားလျာမလေးက ပို၍ပင် စွဲ

ဆောင်မှုရှိသည်။ မေမွန်ကြောင့် သစ်လွင်ကို ဆွေသဟာ လုံး
ကြည့်မရပေမဲ့ သစ်လွင်ရဲ့ နှလုံးသားတွေကို ထူးထူးခြားခြား ခုန်
လှုပ်သွားစေတဲ့ ဆွေသဟာ့ကိုတော့ သစ်လွင် အမုန်းမပျက်နိုင်
ပါ။

ဆွေသဟာက စ,လို့အရမ်းကောင်းသည်။ သွေး
လွယ်လွန်းပြီး မခံမရပ်နိုင်ဖြစ်တတ်သဖြင့် မေမွန်ကိုစွနှင့်ပတ်သ
ပြီး ဆွေသဟာ့ကို စ,နောက်မိ၏။ ရပ်ကွက်ရုံးတွင် ဖြေရှင်းရသ
နေ့ကလေးတွေပင် သစ်လွင်နှင့် ဆွေသဟာ့ကြားတွင် ရှိခဲ့သည်

နောက်ပိုင်း ...

ဆွေသဟာ့ဘက်က သွေးအေးသွား၏။

ဘာရယ်ကြောင့်မှန်း မသိပေမဲ့ မေမွန့်ခြံရှေ့ သစ်
လွင် ဂစ်တာခေါက်ပြီး သီချင်းဆိုတာတောင် ဆွေသဟာ ဆင်း
မတားဆီးတော့ချေ။

ဆွေသဟာ့ကို မတွေ့တဲ့ရက်တွေ ဘယ်လော
တောင် များနေပြီလဲပင် မသိတော့။

မထင်မှတ်ဘဲ ... ခေါင်းလေးငိုက်စိုက်ချပြီး
အမှောင်မှာ တစ်ယောက်တည်း လမ်းလျှောက်နေတဲ့ ဆွေသ
ကို ကားမီးရောင်ဖြင့် လှမ်းမြင်လိုက်ရသည်။ သစ်လွင် အ
မြူးသွားရ၏။ ကားလေးကို ထိုးရပ်လိုက်ပြီး ... ဆွေသ
လျှောက်ခဲ့လိုက်သည်။

ထင်မှတ်ထားသည့်အတိုင်းပါပဲ ... သစ်လွင်ကိုမြင်
ဘာ့ ဆွေသဟာ့မျက်နှာလေး တင်းမာသွား၏။ သိပ်လှတဲ့ နှုတ်
ခမ်းလေးတွေက တင်းတင်းစေ့ကာ နှုတ်ဆက်မှုလေသံကမာကျော
နေခဲ့သည်။

"ဆွေသဟာကလည်းကွာ ... ငါက အကောင်းမေးတဲ့ဟာ
ကို ဘာဖြစ်လို့ ဒေါသတွေ စွတ်ကြီးချင်နေရတာလဲ ... ငါ
မင်းကို ပြဿနာရှာဖို့ လာတာမဟုတ်ပါဘူးကွာ ... မိတ်ဆွေ
ဖွဲ့ဖို့ လာတာပါကွ ..."

"ဘာ ..."

"ဟုတ်တယ် ဆွေသဟာ ... ငါ အခု မေမွန့်ကို လုံးဝစိတ်
မဝင်စားတော့ဘူး ..."

"အေး ... ကောင်းတယ်၊ အဲဒါ အဖြစ်သင့်ဆုံးအချက်ပဲ"

"ငါ အခု စိတ်ဝင်စားနေတဲ့ ကောင်မလေးက မေမွန့်ထက်
အဆတစ်ရာလောက်သာတယ် ဆွေသဟာ ..."

"ဟေ့ကောင် ... မင်းစကားကို ပြင်ပြောလိုက်စမ်း ... ဘာ
မေမွန့်ထက်လဲ ... ဟောဒီကမ္ဘာမှာ မေမွန့်လောက် လှတဲ့
သူ မရှိဘူး ... လာမနိုင်းနဲ့ သစ်လွင် ... မင်းရဲ့သွားတွေ
ကျိုးဖူးလည်သွားမယ် ..."

"ဟာ ... ဆောရီး ဆောရီး ... ဆွေသဟာ ငါ မှားတယ်၊
ကြိုက်တာ မပြောတော့ပါဘူးကွာ ... ယောင်ပြီး ထွက်


လင်းလက်အိမ်စာပေ

သွားတာပါ ... ခွင့်လွှတ်နော် ... ”

ဟင် ...

သစ်လွင်ဆိုတဲ့ကောင် ... တကယ့်ကို ရေမြေတ[illegible] ကောင်လို အဆိပ်တွေမွှဲနေတာပါလား။ အံ့သြစရာပဲ ... ဒီကော[illegible] က ဆွေသဟာ့ကို မြင်တာနဲ့ မထိတထိ စ,နောက်ရမှ ကျေနပ်[illegible] တတ်တဲ့ကောင်လေ ... ။ အပြောင်းလဲကြီး ပြောင်းလဲသွား[illegible] သစ်လွင်ကို ကြည့်ပြီး ဆွေသဟာ မယုံနိုင်လောက်အောင် ဖြစ်နေ[illegible] သည်။

“ဒါနဲ့ မင်း ဘယ်သွားမလို့လဲ ဆွေသဟာ ... မင်းကိုကြည့်[illegible] ရတာ ဝေါ်တီဝေါ်တောင်နဲ့ စိတ်ရှုပ်ထွေးနေသလိုပဲ ... နေမကောင်းဘူးလား ... ”

“ငါ ... ငါ ဘာမှမဖြစ်ပါဘူး ... ”

ရန်သူတောင် လက်နက်ချရင် ကြေအေးရသေးတာ[illegible] ပဲလေ။

ဘာပဲပြောပြော သစ်လွင်နဲ့ ဆွေသဟာက တစ်[illegible] ကွက်တည်းသားချင်းတွေပဲဟာ ... ။ သူ့ဘက်က အေးအေး[illegible] ဆေး ဆက်ဆံတော့လည်း ကိုယ့်ဘက်က လျှော့ပေးရတော့မှာ[illegible] လေ ... ။

“မင်း ... တစ်ခုခုဖြစ်နေတာတော့ အမှန်ပဲပဲကွာ ... [illegible] မနေစမ်းပါနဲ့ ... ဘာလဲ ... မေမွန်နဲ့ အဆင်မပြေဘူးလား[illegible]



ဟုတ်တယ်ဟု ဆွေသဟာ ဝန်မခံချင်ပါ။

မေမွန့်ကို ပုတ်ခတ်တဲ့စကားသံတွေ ထွက်လာမှာ [illegible]သဟာ လုံးဝမလိုလားချေ။

“မဖြေချင်လည်း မဖြေနဲ့တော့ ဆွေသဟာ ... ဒါနဲ့ မင်း အခု ဘယ်သွားမလို့လဲ ... ငါ လိုက်ပို့ပေးမယ် ... မင်းနဲ့ငါ ရန်စတွေ ပြေငြိမ်းပြီး မိတ်ဆွေဖွဲ့တဲ့အထိမ်းအမှတ်နဲ့ပေါ့ကွာ၊ လာ ... ကားပေါ်တက် ... ”

သစ်လွင် ...

ဆွေသဟာ စိတ်တွေ တည်ငြိမ်သွားအောင် စည်း[illegible]နေမိသည်။ ဆွေသဟာဆိုတဲ့ သူမလေးကို သစ်လွင် အရမ်းချစ်[illegible]ပြီလေ။ ဆွေသဟာရဲ့ လက်ရဲဆတ်ရဲနိုင်မှုကြောင့်သာ ရှောင်[illegible]တာ ... ။ အခုလို အခွင့်အရေးလေးရနေတုန်း အပိုင်ကပ်ထား[illegible]ဖြစ်မည်။

ဒါမှ ...

ရှေ့ခြေလှမ်းတွေ ဆက်လှမ်းလို့ရမှာပေါ့။

အတွေးလေးကြောင့် သစ်လွင်ရဲ့ မျက်နှာလေးက [illegible]ပြုံးတွေနှင့် လက်ဖြာသွားရ၏။ အချစ်ရည်တွေ ရွှန်းလက်နေ[illegible] မျက်လုံးကြီးတွေနှင့် ဆွေသဟာ့မျက်နှာလှလှလေးကို စိုက်[illegible]ကြည့်လိုက်သည်။

“ငါ ... ငါ ဘယ်သွားရမှန်းမသိဘူး သစ်လွင် ... ”

"ဟေ ... "

မျက်နှာလေး ရှုံ့မဲ့ကာ ညည်းတွားလိုက်တဲ့ စကား သံတိုးတိုးကြောင့် သစ်လွင်ရဲ့ မျက်ခုံးထူကြီးနှစ်ဖက် ကျုံ့တက် သွားရ၏။ ဆွေသဟာက ဘယ်သွားရမှန်းမသိဘူးတဲ့လေ။

အဟွန်း ...

ဒါ ...

အကွက်ပဲ။

သစ်လွင်တို့တော့ ဇာတာဆန်းလဒ် ထလာပြီထင် ပါရဲ့။

"မင်းကြည့်ရတာ စိတ်နဲ့ကိုယ် မကပ်သလိုပဲ ဆွေသဟာ ဘယ်သွားရမှန်းမသိ ဖြစ်နေရင်လည်း ငါနဲ့ အဖော်လိုက်ခဲ့ ပါလား ... အနည်းဆုံးတော့ မင်းရဲ့စိတ်တွေအတွက် ထွက် ပေါက်တစ်ခုတော့ ရနိုင်တယ်လို့ အာမခံတယ် ဆွေသဟာ"

ဟင် ...

သစ်လွင်ရဲ့ စကားကြောင့် ဆွေသဟာ့ မျက်ဝန်း လေးတွေ အရောင်လက်သွားရသည်။ စိတ်ထွက်ပေါက်တစ်ခု ရနိုင် တယ်တဲ့။ ဒါဆို ... မဆိုးဘူးပေ့။ ဆွေသဟာ စိတ်တွေ ထွက်ပေါက် မရှိသလို မွန်းကျပ်ပိတ်လှောင်နေတာလေ ... ။

ခက်တာက ...

အဖော်ခေါ်သူကသစ်လွင်ဆိုတဲ့ကောင်ဖြစ်နေတာ

မာမိနဲ့ဒက်ဒီက သစ်လွင်နဲ့ ပြဿနာတက်တာပင် ဆိုးဆီးနေသည်။ လိုင်းပေါင်းစုံ ... သစ်လွင်က ရပ်ကွက်ထဲ သည်ကောင်းတစ်ခုမှ ရတဲ့ကောင်မဟုတ်။ ဒီလိုကောင်နဲ့ ပေါင်း သွားလာတာကို မာမိနဲ့ဒက်ဒီက ကြိုက်ပါ့မလား။

"ဘယ်လိုလဲ ဆွေသဟာ ... အချိန်မရှိဘူးကွ ... ဟိုမှာ ချိန်းထားကြတာ နောက်တောင်ကျနေပြီ ... ငါ သွားရ တော့မယ် ... မင်း လိုက်မှာလား မလိုက်ဘူးလား ... "

သစ်လွင် ...

ဖျတ်ခနဲ ငိုင်တွေသွားသော ဆွေသဟာ့ကို ခပ်မြန်မြန် လေး လောမိသည်။ မခေါ်ချင်သလိုလို ခေါ်ချင်သလိုလို လုပ် လိုက်၏။ ဆွေသဟာ့ ကြည့်ရတာ သူနဲ့ လိုက်ရမှာ ရှုံ့နေပုံပဲလေ။ ကြောင့် အသည်းအသန် မခေါ်ဘဲ ထားလိုက်သည်။

"သစ်လွင် ... "

"ပြော ... "

"ငါ ... မင်းနဲ့အတူလိုက်မယ် ... "

"ဟေ ... "

"မင်းပြောတဲ့ စိတ်ထွက်ပေါက်ရှိနိုင်တဲ့နေရာကိုသာ ငါ့ကို အရောက်ပို့ပေးစမ်း သစ်လွင် ... "

"အိုကေ ဆွေသဟာ ... ဒါဆို မင်းနဲ့ငါ ပေါင်းလို့ရသွားပြီ၊ တားပေါ်တက် ဆွေသဟာ ... "

"အင်း ... "

ဆွေသဟာနဲ့ သစ်လွင်တို့ တစ်ယောက်လက်ကို တစ်ယောက် ဆွဲကာ နှုတ်ဆက်လိုက်ပြီး မဟာမိတ်ဖွဲ့လိုက်သည် ပြီးနောက်မှာတော့ သစ်လွင်ရဲ့ကားရှေ့ခန်းလေးတွင် ဇွဲ့ခနဲ ထိုင်လိုက်၏။

"ဆွေသဟာ ... "

"ဘာလဲ ... "

"ဆူညံချင်းကို ခုံမင်တယ်မဟုတ်လား ... "

"ဟင် ... "

ပြောပြောဆိုဆို သစ်လွင်က ကားကက်ဆ ခလုတ်ကလေးတစ်ခုကို အပြုံးလေးတွေနှင့် ကျေနပ်စွာ တစ်ချက် နှိပ်လိုက်သည်။ သီချင်းသံမြူးမြူးက အဲယားကွန်းဖွင့်ထားသော ကားလေးထဲတွင် ဝုန်းခနဲ နုန်ပေါက်ကာ ထွက်လာခဲ့သည်။

"ဝတ်ပဲ သစ်လွင် ... "

"ဒါပဲပေါ့ကွာ ... ဟား ဟား ... "

သစ်လွင်ရဲ့ ရယ်သံကြီးက ကားလေးထဲတွင် တက်လာပြီး ကားစက်နှိုးသံနှင့်အတူ ကားလေးက မြားတစ် ပစ်ခွင်းလိုက်သလို လေအဟုန်အတိုင်း ပြေးထွက်သွားတော့

ဆွေသဟာ့စိတ်တွေ ...

ရှုပ်ထွေးနောက်ကျိနေရာမှ ခဏတာ မေ့



သွားရတာတော့ အမှန်ပင်။ သီချင်းသံလေးကို နားထောင်နေဖြင့် မေမွန့်အသံစူးစူးကိုလည်း မကြားရတော့ ... ဒက်ဒီ ဆူပူမောင်းသံနဲ့လည်း ကင်းဝေး ... ကြယ်စင်ခရဲ့ သတိပေးခြိမ်းက်သံတွေကိုလည်း မေ့ပျောက်သွားရသည်။

မဆိုးဘူး ...

ပျော်စရာတော့ ကောင်းသားပဲ။

မင်းကို ကျေးဇူးတင်တယ် သစ်လွင် ... ။

ငါ့ရဲ့ စိတ်ထွက်ပေါက်ကို ရှာဖွေပေးတဲ့အတွက်ပေါ့။

အခု သူတို့အားလုံးရဲ့အသံတွေကို မကြားရတော့ဘူးကွ ... ။

တဲ့ သီချင်းသံတွေကိုပဲ ကြားရတော့တယ်။

ကောင်းတယ်ကွာ ...

ဟား ... ဟား ... ။

## အခန်း [ ၁၄ ]

"ဒါ … ငါ့ဘော်ဒါတွေပဲ ဆွေသဟာ၊ သူက အောက်ဆီ… သူက (Water) ရေပေါ့ကွာ … ငါ့အတွက် မရှိမဖြစ် လို… နေတဲ့ကောင်တွေမို့လို့ အဲဒီနာမည်ပြောင်တွေ ပေး… တာ … တကယ်တော့ ထက်နိုင်နဲ့ သန်းထိုက်တဲ့ … ထားပေါ့ … "

အဝတ်အစား ကြောင်ကြောင်ကြားကြားနဲ့ မ… နောက်စရာ ကွင်းတွေ ကြိုးတွေ တို့လိုတွဲလောင်းနဲ့ ကော… ယောက်က ခေါင်းအသာညိတ်ပြ၏။

"ဟေ့ကောင်တွေ … ဒါက ဆွေသဟာတဲ့၊ မှတ်ထား… နော် … "





"ဆွေသဟာပါ … "

အားနာပါးနာနှင့် ဆွေသဟာ ကိုယ့်ကိုယ်ကိုယ် မိတ်…က်လိုက်ရသည်။

"ဆန်းလှချည်လားကွ … နာမည်ရောလူရော ရေရေလည်လည် မိုက်တယ်နော် … မင်းနဲ့ သစ်လွင်က တစ်ရပ်ကွက်သားချင်းတွေလား ဆွေသဟာ … "

"ဟုတ်တယ် … "

"ဟာ … ဒါဆို မင်းလည်း ငလျှံတစ်ယောက်ပဲပေါ့"

"ဘာ … "

ထက်နိုင်စကားကြောင့် ဆွေသဟာ မျက်မှောင်ကြီး …က်သွားရသည်။

"ငလျှံဆိုတာ သူဌေးပဲလို့ ပြောတာ … "

"အဟွန်း … "

သူဌေးတဲ့။

လောလောဆယ် … စိတ်ညစ်ပြီး ထွက်လာရလို့ …အိတ်တောင် အခန်းထဲမှာ ကျန်ခဲ့သည်။ သို့သော် … ဘာမှ …တော့ဘဲ အသာငြိမ်နေလိုက်မိ၏။

"ကဲ … သွားရအောင် … အချိန်မရှိတော့ဘူး သစ်လွင် … ဆိုတိတို့ စောင့်နေပြီကွ … "

"ငါ မလိုက်တော့ဘူးကွာ … မင်းတို့ပဲ သွားကြတော့ … "

ဒီနေ့ ဆွေသဟာ့ကို အကောင်းဆုံး ညှော်ခံမှုနဲ့ အဖော်
လိုက်ဦးမယ် ... ဒီကောင် သူ့အိမ်နဲ့ အဆင်မပြေလို့ ညစ်နေ
တယ်လေ ... "

"ဟာကွာ ... မင်း မလိုက်လို့ ဘယ်ဖြစ်မလဲ သစ်လွင် ... မင်းက အဓိကဟာကို ... ဟိုမှာ ဆွိတီက မလာသေးသ မျှော်နေတာကွ ... ဒီကောင် ညစ်နေတယ်ဆိုလည်း ခေါ် လိုက်ပေါ့ကွာ ... ဆွိတီက ဒီလောက်တော့ ပိုင်ပါတယ်ကွ

"ဟာကွာ ... မင်းတို့ နားမလည်သေးပါဘူး ... ထ ထ ... ဆွေသဟာက အဲဒါမျိုးတွေ ဝါသနာပါတာမဟုတ်ဘူး ... ငါ့ကားကိုယူပြီး မင်းတို့ဘာသာပဲ လစ်ကြတော့ ... "

"မင်း တကယ်မလိုက်ဘူးနော် ... "

"တကယ်ပေါ့ကွ ... ငါတို့ ဒီမှာပဲ ရှိနေမယ် ... သိပ်ထေ အချိန်မကြာနဲ့နော် ... သဟာ့ကို သူ့ အိမ်ပြန်ပို့ပေးရမှာ

ထက်ခိုင်ရော သန်းထိုက်ပါ သစ်လွင်ကို နားမလ နိုင်သော မျက်ဝန်းကြီးတွေနဲ့ ငေးစိုက်ကြည့်နေသလောက် ... ကိုယ့်အကြံ ကိုယ်သိနေသော သစ်လွင်ကတော့ ငရှတ်နှစ် ကို ဇွတ်အတင်းပင် နှင်လွှတ်နေမိသည်။

ဒီကောင်တွေ ...

ဆွေသဟာ့ကို ယောကျ်ားလေးတစ်ယောက် ထင်နေကြ၏။ တကယ်လည်း ဆွေသဟာ့ပုံစံလေးက ယော



တစ်ယောက်လိုပါပဲ။ ဝတ်စားပုံကအစ ကျားကျားလျားလျား ဖြစ်နေသည်။

လည်ကုပ်ကနေ အတင်းဆွဲမ,ကာ အခန်းပြင်သို့ ထွက်ခဲ့၏။ ကြောင်စီစီနှင့် သစ်လွင် ဆွဲခေါ်ရာသို့ ထက်ခိုင်နှင့် လိုက် ပါလာကြသည်။

"ဘာလဲကွ ... ဘာလို့ အတင်းဆွဲခေါ်နေတာလဲ"

"အေးလေကွာ ... သစ်လွင်ကလည်း ... ဒီနေ့မှ ဘာတွေ ကြောင်နေပြီလဲ မသိဘူး ... "

"ရှူး ... "

နှုတ်ခမ်းပေါ် လက်ညှိုးလေး အသာတင်ပြီး အသံ မျက်ရိပ်ပြလိုက်သည်။ ဒီတော့မှ တစ်ယောက်တစ်ပေါက် လေးတွေ ရပ်သွားပြီး နားမလည်သော မျက်လုံးလေးတွေ ကို လှမ်းကြည့်၏။

"မင်းတို့ကလည်းကွာ ... အထူအပါး မနပ်လိုက်တာ ... ဆွေသဟာ့ကို မင်းတို့ ဘာထင်နေလဲ ... "

"ဘာထင်ရမှာလဲကွ ... ပျော့ဖွဲ့ဖွဲ့နဲ့ အခြောက်ကျနေတာ ပဲ ... "

"အဟွန်း ... မင်းတို့ ပါဝါတွေ တိုးဖို့လိုနေပြီ ... "

"ဘာ ... "

"ဘယ်လို ... သစ်လွင် ... "

"ဆွေသဟာဆိုတာ ... ကောင်ချောလေးမဟုတ်ဘူးကွ ... ကောင်မချောလေး ... ကောင်မချောလေး ... ပြီးတော ငါ့ရဲ့ ဟောဒီထဲက ချစ်သည်းလေး ... "

သစ်လွင်က ... ရင်ဘတ်လေးကို လက်ညှိုးထော ထောက်ပြကာ အပွင့်လင်းဆုံး ပြောလိုက်သည်။

"ဟင် ... "

"ဟာ ... "

"ကဲ ... ဒီလောက်ဆို သဘောပေါက်ကွာ ... "

"ဟာ ... ကြည့်စမ်း၊ ညှဲလိုက်တဲ့ မျက်လုံး ... ထားဖို့တော မကောင်းတော့ဘူး ... အထီးမှန်း အမမှန်းတောင် ခွဲခြား ခြား မမြင်တတ်ဘူး ... နောက်တစ်ခါလောက် သွားကြ ဦးမယ်ကွာ ... ဟဲ ဟဲ ... "

"ဟာ ... ဟေ့ ... ဟေ့ကောင် ... ဒါတော့ ဆောရီးပဲ ဆွေသဟာ ရိပ်မိသွားလိမ့်မယ်ကွ ... မင်းတို့ သွားကြ ကွာ ... ငါ ဒီတစ်ယောက်တော့ စိတ်ရှင်းရှင်းလေး စေ ... ဒါလေးက ငါ့နှလုံးသားလေးကွ ... လုံးဝ အနိုက် မခံနိုင်ဘူး ... မင်းတို့ သွားကြတော့ ... "

"အမလေး ... သူ့ပစ္စည်းကျတော့ သိတတ်နေလိုက် အမြင်ကတ်စရာကြီးကွာ ... "

"ငါကတော့ မထင်ပါဘူး သစ်လွင်ရာ ... အလွန်ဆုံး





အသုံးပြုရင် ဆယ်ရက်ပေါ့ ... နောက်တော့လည်း ဟား၊ ဟား ... "

"ဟာ ... ဟေ့ကောင် ... အသံကလည်း ပြလိုက်တာကွာ၊ သွား ... သွား ... သွားကြတော့ ... "

"သစ်လွင် ... "

"ဘာလဲကွ ... "

"မင်း ... ဒီည ဒီမှာအိပ်မှာလား ... "

"အခြေအနေအရပေါ့ကွာ ... "

"ဟာ ... ဒါဆို မင်း အတည်ဖြစ်သွားမှာပေါ့ ... "

"အဲဒါ ပိုမကောင်းဘူးလား သန်းထိုက် ... ငါက ဒီလိုအခြေအနေမျိုးရဖို့ တစ်ချိန်လုံး မျှော်လင့်နေတာကွ ... "

"မင်းဟာကလည်းကွာ ... ယောကျ်ားမကျ မိန်းမမကျ ပုံစံကြီးနဲ့ ... "

"အဲဒါ မင်းတို့အလုပ်မဟုတ်ဘူး ... မင်းတို့ ဒီနေရာကနေ ခွာတော့ ထက်နိုင် ... ငါ့အိမ်ကပဲ မေးမေး ... ဘယ်သူကပဲ အတင်းပို့နိုင်းပို့နိုင်း ဒီနေရာလေးကိုတော့ ဒီတစ်ညတာ ရှောင်ပေးထားစမ်းပါကွာနော် ... "

"အေးပါကွာ ... ငါတို့ သဘောပေါက်ပါပြီ ... ကဲ ... ငါတို့ သွားမယ် သစ်လွင် ... "

"အိုကေ ... "

ထက်ခိုင်နှင့် သန်းထိုက်တို့ သွားတော့မှပဲ သစ်လွ
တစ်ယောက် သက်ပြင်းလေးချနိုင်သွားတော့သည်။ တိုက်လေး
ပြန်ဝင်ခဲ့လိုက်၏။ ဧည့်ခန်းလေးထဲမှာ တစ်ယောက်တည်း တိ
ဆိတ်စွာ ထိုင်နေတဲ့ ဆွေသဟာ့ရှေ့ စားပွဲပေါ်သို့ စားသောက်ဖွ
ရာများ ချပေးလိုက်သည်။ ပုလင်းတွေ၊ ဖန်ခွက်တွေ စားပွဲပေါ်
ပြည့်သွား၏။

"ကဲ ... သဟာ၊ လုံးဝ အားမနာနဲ့နော် ... ကြိုက်သ
စားနိုင်သောက်နိုင်တယ် ... ဒါ ကိုယ့်မာမီ ကိုယ့်အတွ
သီးသန့်ဝယ်ပေးထားတဲ့ ခြံနဲ့တိုက်ပဲ ... မင်း ထင်တိုင်း
လို့ရတယ် သဟာ ... မင်းကို ဘယ်သူမှ တားဆီးထိန်းချ
ပိတ်ဆို့မဲ့သူ မရှိဘူး ... မင်းရဲ့ ညစ်နေသမျှတွေ အား
ဆေးပစ်လိုက်တော့ ..."

ပြောလည်းပြော ...

မျက်နှာချင်းဆိုင်မှ တီဗွီဓလုတ်ကိုဖွင့်ကာ နိုင်ငံ
ဖက်ရှင်ရှိုးလျှောက်ပုံလေးကို စလောင်းမှတစ်ဆင့် ဖွင့်ကြည့်
သည်။ ဆွေသဟာ ... ထိုပုံရိပ်များကို ကြည့်ပြီး ဒက်ဒီ့စကား
ကို ပြန်လည်ကြားယောင်လာမိသည်။

"ဒီနေ့ကစပြီး မိန်းကလေးပီသတဲ့ အဝတ်အစားပဲ ဝ
မယ် ..."

ဆွေသဟာ ...





ခေါင်းကို တအားခါယမ်းပစ်လိုက်သည်။

စားပွဲရှေ့တွင် အသင့်ငှဲ့ပေးထားသော ဖန်ခွက်လေး
ူပြီး တစ်ချက်မော့ချလိုက်၏။ မေ့ပစ်မှဖြစ်မယ် ... အရာအား
မေ့ပျောက်သွားမှဖြစ်မယ် ... ။ မကြားချင်ဘူး ... ဘာသံမှ
ားချင်ဘူး ... ။

ဒက်ဒီ့စကားသံ ...

မေမွန်ရဲ့စကားသံတွေ ...

ပြီးတော့ ...

ကြယ်စင်ခရဲ့ လှောင်ပြုံရယ်မြူးရိပ်တွေ ...

မုန်းတယ် ...

အားလုံးကို မုန်းတယ်။ သဟာ့စိတ်တွေ သွေးပျက်
ပ်သွားအောင် ဖန်တီးပေးခဲ့တဲ့ ကံကြမ္မာကို မုန်းတယ်။

မုန်းတယ် ...

အားလုံးကို မုန်းတယ်ကွာ။

ကိုယ့်ကိုယ်ကိုယ်လည်း မုန်းတယ်။

"ဆွေသဟာ ..."

"ဟင် ..."

"ဆွေသဟာ ..."

"အင်း ..."

အရိုင်းလေး ဆွေသဟာ။

ခေါင်းပင် မထောင်နိုင်တော့ချေ။

သစ်လွင် ...

ဆွေသဟာ ... ညစ်နေတာကိုသိလို့ တမင် အ...
အစည်နှင့် စားသောက်ပွဲကို ခင်းလိုက်တာလေ။ ထင်ထားသ...
အတိုင်းပင် ... ဆွေသဟာက တစိုက်မတ်မတ်လေး လျှောက်လှ...
လာ၏။ ကောင်းလိုက်တာ ... ဒီလို ကံကြမ္မာမျိုး အခါတစ်...
လောက် ရပါစေဟု ဆုတောင်းနေမိသည်။

စားပွဲလေးပေါ် ခေါင်းမထူနိုင်လောက်အောင် ...
လဲနေသော ဆွေသဟာ့ကိုကြည့်ပြီး သစ်လွင်ရဲ့ နှုတ်ခမ်းကြီး...
ကျေနပ်စွာ ပြုံးသွား၏။

"ဆွေသဟာ ... "

"ဟင် ... အင်း ... ဘယ် ... ဘယ်သူလဲ"

"ငါပါ ဆွေသဟာ ... သစ်လွင်လေ ... ဒုက္ခပါပဲကွာ၊ ...
ကတော့ စွတ်လုပ်တော့တာပဲ ... မင်းဒက်ဒီသာသိရင် ...
အပြစ်တင်တော့မယ် ... "

"သစ် ... သစ်လွင် ... "

"ဘာလဲ ဆွေသဟာ ... "

"ငါ အိမ်မပြန်ဘူး ... "

"ဟင် ... "

"ဒက်ဒီကိုလည်း ရင်မဆိုင်ချင်ဘူး ... မာမီကိုလည်း အ...
မတင်ချင်ဘူး ... မေမွန့်ဆီက မုန်းစရာကောင်းတဲ့ စကား
တွေလည်း ငါ မကြားချင်ဘူး ... ငါ အားလုံးကို မမြင်ရဖို့
မကြားရဖို့ ဒီမှာပဲနေမယ် ... "

ဟင် ...

ဆွေသဟာ ...

ဒီမှာပဲ နေမယ်တဲ့။

"မင်း တကယ်ပြောတာလား သဟာ ... "

" ... ... ... "

"သဟာ ... ဆွေသဟာ ... "

" ... ... ... "

ခေါ်မရတော့ ... ။

"ဟော့ကောင် ... "

ခန္ဓာကိုယ်လေးကိုအတင်းလှုပ်နှိုးပြီးခေါ်သော်လည်း
...ဟာ့ဘက်က နည်းနည်းလေးမျှပင် မလှုပ်တော့ချေ။

သစ်လွင်ရဲ့ မျက်နှာမှာ အပြုံးရိပ်လေးတွေ တဖြည်း
...တွယ်လာခဲ့သည်။ ဖက်ကလေး စောင်းကာ ခုံပေါ် အိပ်စက်
ဆွေသဟာဆိုတဲ့ မိန်းမချောလေးရဲ့ မျက်နှာလေးကို ခပ်စူး
... စိုက်ကြည့်လိုက်မိ၏။

ချစ်စရာကောင်းလိုက်တာ ...

မျက်နှာလေးက ဖူးစင်းနေတာပဲ။ ဝင်းနှစ်နေတဲ့


လင်းလက်အိမ်စာပေ

အသားအရေလေးနဲ့ လိုက်ဖက်စွာ ဘာဆေးရောင်မှ ခြယ်သ
ခြင်း မရှိတဲ့ ဆွေသဟာ့မျက်နှာ ပြောင်တင်းတင်းလေးက
ရောင်တောက်ကာ ခပ်တင်းတင်းလေး ဖြစ်နေသည်။ သစ်လွ
မျက်ဝန်းလေးတွေက လှပတဲ့ ဆွေသဟာ့မျက်နှာလေးကို
ကြည့်ရင်း ရမ္မက်ဇောတွေ ထန်လာရသည်။

ခန္ဓာကိုယ်အိအိလေးကို မရဲတရဲလေးပွေ့ချီလိုက်

"အင်း ... ဟင်း ..."

ဆွေသဟာ့ဆီက အသံလေး ထွက်လာတာမို့
နည်းနည်းလေးတော့ တုန်လှုပ်သွားရသည်။ သို့သော် ပြန်လည်
သက်သွားတာမို့ သက်ပြင်းမောကြီးကို မှုတ်ထုတ်နိုင်တော့၏။

"ဆွေသဟာ ..."

"မင်းလေးက ငါ ထင်ထားတာထက်ကို ပိုပြီး လှတာပါ
ကွာ ..."

အိပ်ခန်းလေးရှိရာသို့ သစ်လွင် ... ဆွေသဟာ
ခေါ်ဆောင်လာခဲ့သည်။ ဆွေသဟာကတော့ သူ့ကိုယ်သူ ဘာ
နေမှန်းပင် မသိအောင် သတိတွေ ကင်းလွတ်နေခဲ့သည်။

ဆေး ... အိပ်ဆေးရဲ့တန်ခိုးပဲ။

ဆွေသဟာ သောက်မဲ့ခွက်ထဲကို အိပ်ဆေးခပ်
ဘာလေ။ ဒါကြောင့် နည်းနည်းလေးသောက်ပြီး တစ်ချက်
မှောက်သွားတာပေါ့။





"ဟင်း ... ဟင်း ... စားရက်ကြိုတော့ မုတ်ဆိတ်ပျားစွဲတာ
ပဲကွာ ..."

တစ်ယောက်တည်း အတွေးလေးနဲ့ သစ်လွင်တစ်
ယောက် မြူးနေရသည်။ မွေ့ရာလေးထက် ဆွေသဟာ့ကို ညင်သာ
တင်လိုက်၏။

"တီနှောင် ... တီနှောင် ..."

"တီနှောင် ..."

ဟင် ...

ဘဲလ်နှိပ်သံပါလား။

"တောက် ... အရေးထဲကျမှကွာ ... ဘယ်ကောင်ကများ
လာရှုပ်သလဲ မသိဘူး ..."

"တီနှောင် ..."

"တီနှောင် ... တီနှောင် ..."

လူခေါ်ဘဲလ်သံက အဆက်မပြတ် ထွက်နေသည်မို့
သစ်လွင် ဘယ်လိုမှ မနေသာတော့ဘဲ အခန်းထဲကနေ မချင့်မရဲ
ထွက်ခဲ့ရသည်။

အိမ်တံခါးချပ်ကြီးကို ဆွဲဖွင့်လိုက်စဉ် ...

"ခွပ် ..."

"အ ..."

"ခွပ် ... ခွပ် ..."

"အား ... "

မထင်မှတ်ဘဲ ...

မျက်နှာဆီသို့ အဆက်မပြတ် ကျရောက်လာသော လက်သီးချက်များကြောင့် သစ်လွင် ပစ်လဲကျသွား၏။ မျက်လုံးထဲ ကြယ်တွေလတွေ မြင်သွားရသည်။

"ဟော့ကောင် လူယုတ်မာ ... ဘယ်မှာလဲ ဆွေသဟာ ... ပြောစမ်း ... ဆွေသဟာ့ကို မင်းကားနဲ့ ပါသွားတာ ငါ မြင်လိုက်တယ် ... ဆွေသဟာ ဘယ်မှာလဲ ... "

"မသိဘူး ... "

"ဘာ ... ကဲကွာ ... မသိချင်ဦး"

"ခွပ် ... "

"ခွပ် ... ခွပ် ... "

"အား ... ကြောက် ... ကြောက်ပါပြီ၊ ပြော ... ပြောပါ့မယ် ဆွေ ... ဆွေသဟာက အိပ်ခန်းထဲမှာ ... "

"ဘာ ... မင်း ... မင်း ... လူယုတ်မာ ... ခွေးကျင့်ခွေးကြံ ကြံတဲ့ကောင် ... သတ်မယ် ... မင်းကို ငါ သတ်မယ်"

"အ ... အ ... နေ ... နေပါဦး ... ငါ ... ငါ ဆွေသဟာ့ လက်ဖျားနဲ့တောင် မထိသေးပါဘူးကွာ ... မင်း ယုံပါ"

"ဟုတ်လို့လား ဟော့ကောင် ... "

"တကယ်ပါကွာ ... ဒါပေမဲ့ မင်းက ဘာကောင်လဲ ... ကောင် ဆွေသဟာနဲ့ ဘာတော်လို့လဲ ... "





"ငါကလား ... မင်း မသိရင် သေချာမှတ်ထား ... ငါ့နာမည် ကြယ်စင်ခတဲ့ ... ဆွေသဟာနဲ့ လူကြီးချင်း သဘောတူထားတဲ့ လူပဲ ... "

"ဟင် ... "

"မင်းအမေနဲ့ အဖေ အနောက်ကနေ လိုက်လာနေပြီ ... ကဲ ... ခြံထဲသွားစောင့်ပြီး တွေ့လိုက်ဦး ... သွား"

"အ ... "

တစ်ချက် ဆောင့်တွန်းလိုက်သဖြင့် ယိုင်နဲ့ကာ ခြံ :ထဲ သစ်လွင် ရောက်သွားစဉ် ခြံထဲသို့ မောင်းဝင်လာသော ကားလေးကြောင့် ... ဘယ်ပြေးလို့ ပြေးရမှန်းမသိအောင်ပင် ဘာခတ်သွားရတော့သည်။

မာဇ္ဒကားရဲ့နောက်မှာတော့ ...

ဆွေသဟာ့ ဒက်ဒီနဲ့ မာဇ္ဒကားလေး။

သွားပြီ ... အားလုံး ပြီးဆုံးသွားပြီပေါ့။

တောက် ... မကျေနိုင် မချမ်းနိုင် ရင်ထဲကနေ က်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်မိသူက သစ်လွင်ပင် တော့သည်။

## အခန်း [ ၁၅ ]

အဆိုးဝါးဆုံး အိပ်မက်ကြီးတစ်ခုကို ဆွေသဟာ့အ
တွင် အခိုင်အမာကြီး မက်ခဲ့ရပါသည်။ ဘယ်သူမပြု မိမိမှုဟု ဆိုေ
စကားအတိုင်း ဆွေသဟာ့ရဲ့ မှားယွင်းသော လုပ်ရပ်များကြေ
လည်း အခုလိုမျိုး စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အမည်းစက်
တစ်ခုက ဖြူစင်သော ဆွေသဟာ့ဘဝလေးတွင် ခြစ်ရာတစ်ခုအ
ထာဝရ ထင်ကျန်နေရတော့မည်။

နောင်တဆိုတဲ့အတိုင်း နောင်မှ တရတဲ့ အဖြ
ဆိုးဝါးလွန်းလှသော်လည်း ဒက်ဒီနဲ့မာမီတို့က ဆွေသဟာ့ကို
လည်ခွင့်လွှတ်ကာ အရင်ကထက်ပင် ပို၍ အားပေးနှစ်သိမ့်ကြ

ကြယ်စင်ခ ကယ်လို့တဲ့ ...





သစ်လွင်ရဲ့ ကားလေးပေါ် ဆွေသဟာ တက်လိုက်
းတာကို မြင်ပြီး အနောက်ကနေ သူ့ကားနဲ့ လိုက်လာတာတဲ့
... ။ ညအမှောင်မှာမို့ သစ်လွင်ရဲ့ကားကို မနည်းကြီး အမီလိုက်
င်းရခဲ့သော်လည်း လမ်းကွေ့ထဲ ချိုးဝင်သွားတဲ့အတွက် အရှေ့
ပိတ်နေတဲ့ကားတစ်စီးကြောင့် လွတ်သွားရလို့ အခုလို နောက်
ွားရတာတဲ့လေ ... ။ သူ သွားရှာတော့ ဆွေသဟာ ပါသွားတဲ့
းကို မတွေ့တော့ဘူးတဲ့။

သူ ...

စိတ်တွေပူပြီး လိုက်ပတ်ရှာနေတုန်း ပြန်ထွက်လာ
ားလေးကြောင့် ပြန်လိုက်သွားတာတဲ့လေ။ ကားက ဟိုတယ်
ရှေ့မှာ ရပ်သွားလို့ ကြည့်လိုက်တော့ ဆွေသဟာ ဆင်းလာ
မတွေ့ဘဲ ကောင်လေးနှစ်ယောက်ပဲ တွေ့ရတော့ ...

ကြယ်စင်ခက ... စိုးရိမ်စိတ်တွေ လွန်ကဲပြီး ထိုနှစ်
က်ကို ပြဿနာရှာ အတင်းမေးတော့မှ ခြံလိပ်စာရော မိဘ
နာမည်ရော သိရသည်တဲ့။ ကြည့်စမ်း ... ကြယ်စင်ခသာ
ဘူးဆိုရင် ဒီနေ့လို အခြေအနေတစ်ခုနဲ့ ဆွေသဟာ ရပ်တည်
တော့မလား ... ။

အိမ်ရောက်တော့ အသိတစ်ချက် မသိတစ်ချက် ဖြစ်
ပမှဲ့ ပြောနေတဲ့စကားသံတွေကိုတော့ တစ်ခွန်းစ နှစ်ခွန်းစ
နေရသည်။

သစ်လွင် ...

လူယုတ်မာ

ဆွေသဟာ သော့ကိုမည့်ခွက်ထဲ အိပ်ဆေးတွေ ...

ထားသည်။

ကြယ်စင်ခ အရောက်မြန်လို့သာ ... ဘဝမပျက်... ပါ။ ဒါကြောင့် တစ်ဖွတ်ထိုးဆန်သော ဆွေသဟာတစ်ယော... အမှားကို သိပြီး အမှန်ကိုပြင်ကာ မာမီ ဒက်ဒီတို့ရဲ့ ဆုံးမမှုအော... တွင် သမီးလိမ္မာလေးတစ်ယောက်လို နေထိုင်သွားဖို့ ဆုံးဖြတ်... ချလိုက်သည်။

မာမီ ... ဝယ်ပေးထားသော ထဘီလေးကို ... ယောက်တည်း အခန်းလေးထဲတွင် ဝတ်ကြည့်နေမိသည်။ စိတ်... ရှက်သလိုလိုကြီး ဖြစ်နေမိ၏။ တစ်ခါမျှ ဝတ်ကျင့်မရှိတာကြော... လည်း အချိုးမကျကာ ကိုယ့်ကိုယ်ကိုယ် ကြည့်ရရုပ်ဆိုးနေသ... ဟု ထင်မိ၏။

"သဟာရေ ... သဟာ ... "

ဟင် ...

မာမီခေါ်သံပါလား။

"သဟာရေ ... "

"ဗျာ ... အဲ ... ရှင် ... "

"အဟင်း ... ဟင်း၊ အောက်ထပ်ကို ဧည့်လောက် ...





ပါလား သဟာ ... အောက်မှာ ဘယ်သူတွေ ရောက်နေ သလဲဆိုတာ ... "

ဗုဒ္ဓေါ ...

ဘယ်သူတွေများ ရောက်နေကြပါလိမ့်။

စိတ်ညစ်လိုက်တာ ...

ဆွေသဟာ့ရဲ့ လက်ရှိပုံစံကြီးနဲ့ ထွက်တွေ့ရမှာ စိတ် ... ရှက်ရွံ့နေမိသည်။ သို့သော် ... တအားကို ပျော်ရွှင်နေကြသော ...ဒီ မာမီတို့ရဲ့ အိပ်မက်လေးကို မဖျက်ဆီးချင်တော့သည့်အတွက် ...မီ ခေါ်သံကြားလျှင် ဆင်းတွေ့ပေးရမည့်တာဝန်က ဆွေသဟာ ...နှာက်အသိရှားထဲတွင် နိုင်မာစွာ တွယ်ငြိနေလေသည်။

ထဘီလေးကို သေသေချာချာ ပြင်ဝတ်လိုက်ပြီး ...န်းလေးထဲကနေ ဆွေသဟာ ထွက်ခဲ့သည်။ စပို့ရှပ်လယ်ဒိုက် ...တိုလေးကို ပါတိတ်ထဘီလေးနဲ့ တွဲဝတ်ထားတဲ့ ဆွေသဟာ့ ...ိုင်ရင် အားလုံးက အံ့သြသွားကြလိမ့်မည်။ ယောကျ်ားလေး ...တဲ့ ဟန်ပန်တွေ ဆွေသဟာ့မှာ မရှိတော့။

ထိုအခါ ...

မာမီက သိပ်ကိုလှတဲ့ သမီးလေးအဖြစ် ဂုဏ်ယူဝင့် ...သော အပြုံးများနှင့် ဧည့်သည်တွေကို မိတ်ဆက်ပေးတော့ ...လေ။

ဆွေသဟာ့ခြေလှမ်းလေးတွေက ဧည့်ခန်းလေးဆီ

သို့ တရွေ့ရွေ့ လှမ်းလျှောက်သွား၏။

"ဟော ... သဟာ လာပြီ ... "

ဒေါ်သီတာဆွေ သတိပေးသံကြောင့် နောက်ကျေ

ဘက်ဆီမှ ဆွေသဟာထံသို့ လှည့်စောင်းကြည့်လေးတွေ အသီး

ရောက်လာခဲ့သည်။

"ဟင် ... ဆွေသဟာ ... "

"ဟယ် ... "

"ဟောဗျာ ... "

ကြယ်စင်ခ အပါအဝင် ... ဖေဖေနဲ့ မေမေပါ မျ

လုံးတွေ ပြူးဝိုင်းသွားရသည်။ ကြည့်ပါဦး ... ဆွေသဟာ့ပုံစံလေး

ထင်မထားလောက်အောင်ပဲ ပြောင်းလဲသွားတာကို။ မအံ့ဩ

ဘယ်သူနေနိုင်ပါ့မလဲလေ ... ။

ရှက်ရွံ့စွာ ခေါင်းလေးကို စွတ်ပြီး ငုံ့ထားတဲ့ ဆွေ

သဟာ့ကိုကြည့်ပြီး ကြယ်စင်ခရဲ့ နှုတ်ခမ်းကြီးတွေ ပြုံးမြသွား

ဆွေသဟာ့ကိစ္စ ဖြစ်ပွားပြီးနောက်တွင် ဆွေသဟာ့ဆီကို သူ လုံး

မသွားဖြစ်ခဲ့ပါ။ ဒါကလည်း ဆွေသဟာတစ်ယောက် သူ့ကို မြင်

စိတ်မလုံမလဲဖြစ်နေမည်စိုး၍ တမင် သွားတွေ့လိုစိတ်တွေကို

ချုပ်ပြီးနေခဲ့ရခြင်းပဲ ဖြစ်ပါသည်။

ဒီနေ့တော့ ...

အန်တီသီတာဆွေဆီက ဖုန်းဆက်သွယ်ပြီး မိသား





ာ် ညစာစားဖို့ ဖိတ်ကြားလာသည်။ သူ လာသာ လာရတာ

ထဲမှာတော့ တထင့်ထင့်။ ဆွေသဟာနဲ့တွေ့ရင် ဘယ်လိုများ

လဲဆိုပြီး အမျိုးစုံ တွေးတောလာခဲ့မိသည်။

အခုတော့ ...

ကိုယ့်မျက်လုံးကိုယ် မယုံနိုင်လောက်အောင်ပင် ဖြစ်

ပြီ။

ဆွေသဟာရယ်လေ ... မိန်းကလေးအဝတ်အစား

နဲ့ အလှကြီး လှနေခဲ့သည်။ ယောကျ်ားဆံပင် တိုရှင်းရှင်းလေး

င့် ဖြူနုဝင်းမွတ်နေတဲ့ လည်တိုင်နုနုလေးတွေကို အထင်း

မြင်တွေ့နေရသည်။ သွေးကြောစိမ်းလေးတွေ ယှက်သန်းနေ

းလေးတွေကို အနီးကပ် မြင်တွေ့ခွင့်ရနေတဲ့ ကြယ်စင်ခရဲ့

ကုလားဘုရားပွဲလှည့်သလိုပင် ရင်ခုန်သံတွေ မြည်ဟည်းနေရ

"သမီးလေး သဟာက လှလိုက်တာ ... "

"ဟုတ်ပါ့ကွာ ... တကယ့်ကို ကျက်သရေမင်္ဂလာရှိလိုက်တဲ့ သမီးလေးပဲ ... "

အို ...

ဆွေသဟာ့ကို မျက်လုံးပြူးကြီးတွေနဲ့ စိုက်ကြည့်ပြီး

ာက်တစ်ပေါက် ဝေဖန်နေကြတဲ့ ကြယ်စင်ခ အဖေနဲ့ အမေ

ကားလေးတွေကြောင့် ဆွေသဟာ မနေတတ် မထိုင်တတ်

လောက်အောင်ပင် အရက်သည်းသွားရတော့သည်။ အရင်ကထ
ဝင် ပို၍ နွေးထွေးစွာ ကြိုဆိုကြသဖြင့် ဝမ်းသာပီတိလည်း ဖြစ်ရ

ကြယ်စင်ခ ...

ရှင်ရော ...

ကျွန်မကို ဘယ်လိုပုံစံမြင်လဲဟင်။

ဒါမှမဟုတ် ...

အခုပုံစံကြီးကို ကြည့်ပြီး ... ရှင် အော်ရယ်ချင်
သလား။

စကားဝိုင်းလေးထဲမှာ ကြယ်စင်ခရဲ့အသံက
တစ်စက်ကလေးမှ မကြားရလောက်အောင်ဘဲ တိတ်ဆိတ်ငြိမ်သ
နေခဲ့ရတာလေ။ ရှင် ဘာဖြစ်လို့ ဝင်မပြောရတာလဲဟင်။ မာမ်
ရှင့်ကို ကျေးဇူးတင်တဲ့အကြောင်းတွေ ပြောနေခဲ့တာပါ။

ရှင့်ကြောင့် ...

ဆွေသဟာ့ဘဝလေး လှပခဲ့ရတာပါ ကြယ်စ
ရယ် ... ။

အဲဒီအတွက် ရှင့်ကို ကျေးဇူးတင်ထိုက်တာ အ
ပါပဲ။

အဲဒါကြောင့် မာမီ့စကားလေးတွေကို ထောက်
အနေနဲ့ ဆွေသဟာ ... ဘာမှ ဝင်မကန့်ကွက်ဘဲ ခေါင်းငုံ့ငြိမ်
နေခဲ့တာပေါ့ရှင်။ လူကြီးတွေရဲ့ စကားဝိုင်းလေးထဲတွင် ဆွေသ





သူပါ ကြောင်စီစီလေးထိုင်ပြီး နားထောင်နေခဲ့ကြသည်။

သူမတို့ရဲ့အဖြစ်ကို စတင် ရိပ်မိသူက မာမီပါပဲ။

"သဟာ ... "

"ရှင် မာမီ ... "

"မောင်ကြယ်စင်ခကို ခြံထဲလိုက်ပြလိုက်ပါဦးလားကွယ်၊ လူကြီးတွေကြားမှာ ထိုင်နေရတာ ပျင်းနေမှာပေါ့ ... သွား သွား ... ခြံထဲကို ခေါ်သွားလိုက် ... "

"ရှင် ... ဟို ... ဟို ... "

"သွားလေ သဟာ ... "

"ဟုတ် ... ဟုတ်ကဲ့ မာမီ ... "

မာမီ့အမိန့်ကို မလွန်ဆန်ရက်စွာ ရှိသော်လည်း ...
နဲ့အတူ သွားချင်ပါ့မလားဆိုတဲ့ ညှိုးငယ်စိတ်ကလေးနဲ့ မဝံ့မရဲ
း သူ့ဆီ လှမ်းကြည့်လိုက်တော့ နွေးမြကြည်လင်သော အပြုံး
းတွေနှင့် သူမ မျက်နှာလေးဆီ ငေးကြည့်နေတာလေးကို တွေ့
ရသည်။

သူမ ...

နေရာကနေ ထ,မရပ်ခင် သူက အရင်ဦးစွာ ထရပ်
ပြီ။

"အဟွန်း ... ဟိုနေ့က ပန်းပင်တွေ လိုက်ကြည့်ပေမဲ့ သိပ်ပြီး မစုံသေးတာနဲ့ အတော်ပဲပေါ့ သဟာ ... "

အဲ ...

ဒါဆို သူမနဲ့အတူ ခြံလေးထဲ ဆင်းမည့်သဘောပေ့
လေ။

ဘာကြောင့်မှန်းမသိ ... သူနဲ့ နှစ်ယောက်တွဲသွား ရမှာ ဆွေသဟာ့စိတ်ထဲ မဝံ့မရဲကြီး ဖြစ်နေရသည်။ လူကြီးတွေရှေ့ ကနေသာ ထွက်လာခဲ့ရတာ ... ပန်းနဲ့ ပတ်သက်ပြီး ဆွေသဟာ ဘာတစ်ခုမှ နားမလည်ချေ။ ပြဆိုလို့သာ လိုက်ပြပေးရမှာလေ

အရင်က ...

ဆွေသဟာ ပိုင်ဆိုင်ခဲ့ရတဲ့ဘဝက အခုလို အနုအလှ လေးတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု အင်မတန် နည်းပါးခဲ့သည် ... ။ ပန်း ဟစ်ပင် ပျိုးဖို့ထက် ဂစ်တာကြိုးညှိဖို့လောက်ပဲ စိတ်အားသန်ခဲ့၏ မေမွန် နိုင်းသမျှ အကုန်လုပ် ... မေမွန် လိုအပ်တာ အကုန်ဖြည့် ဆည်းနေရတာနှင့် ဆွေသဟာရဲ့ ကိုယ်ပိုင်အချိန်တွေအားလုံး မေမွန် အတွက်ချည်းသာ ဖြစ်ခဲ့သည်။

အဲဒီလို နေရတာလေးကိုပဲ ဆွေသဟာက ကျေနပ် နှစ်သက်နေခဲ့တာလေ။

ဆွေသဟာ ... မေမွန့်အပေါ် အဲဒီလောက်ထိ အရူး အမူး တွယ်တာခဲ့မိသည်။

"သဟာ ... "

"ဟင် ... "





"ကိုယ့်ကို ဘယ်အထိ ဆက်လျှောက်နိုင်းမလို့လဲဟင် ... ခြံထောင့်ကို ရောက်နေပြီ ဆွေသဟာ ... ဒီအုတ်တံတိုင်း ကို ဖောက်ထွက်နိုင်းမလို့တော့ မဟုတ်လောက်ပါဘူးနော်"

"ဟာကွာ ... မဟုတ်ကဟုတ်က ... အဲ ... အင်း ... "

"အဟွန်း ... "

ဆွေသဟာတစ်ယောက် သတိလက်လွှတ် ပြောမိ ပြီးတော့မှ ပါးစပ်လေးကို ကပျာကယာ ပိတ်လိုက်ရသည်။ တကယ် တော့ ... ဆွေသဟာ့စိတ်တွေ ဘာကြောင့်မှန်းမသိ တအားကို လှုပ်ရှားနေရ၏။ ခြံထဲ ဆင်းသာလာရတာ ဘယ်စကားကို စ,ပြော ရမလဲ စဉ်းစားမရချေ။ ပြီးတော့ ... ကြယ်စင်ခနဲ့ မျက်နှာချင်းဆိုင် ရမှာလည်း သေလောက်အောင် ရှက်နေတာကြောင့် ရှေ့ကနေ ပတ်ပြီး သွားနေမိတာလေ။

သူ သတိပေးလို့သာ ပတ်ဝန်းကျင်အခြေအနေကို ဆွေသဟာ ရိပ်မိသွားရတာပါ။ နောက်ပြန်လှည့်ဖို့ ဆွေသဟာလုပ် တော့ ...

"ဒီမှာ ထိုင်ရအောင် သဟာ ... "

ပြောပြောဆိုဆို ပိတောက်ပင်ကြီးရဲ့အမြစ်ပေါ် ထိုင် လိုက်တဲ့ ကြယ်စင်ခကို ကြည့်ပြီး ဆွေသဟာ့မျက်လုံးလေးတွေ ပြူးသွား၏။

"ဟင် ... "

"ရောက်လာပြီးမှတော့ အေးအေးဆေးဆေး ထိုင်ရအော
သဟာ ... "

"ဟိုလေ ... ဒီဘက်က ပန်းအလှပင်တွေ မရှိဘူး ... ဟိုဘ
အခြမ်းလေးမှာပဲ ရှိတာ ကြယ်စင်ခ ... "

"မရှိတော့လည်း ဘာဖြစ်လဲ သဟာ ... ကိုယ်က ပန်း
လေးတွေထက် ပိုလှပြီး ပိုချစ်စရာကောင်းတဲ့ ပန်းဘုရ
လေးကို မြင်နေရပြီပဲဟာ ... "

"ဘယ်လို ... "

"မင်း ဒီနေ့ အရမ်းလှတယ် သဟာ ... ကိုယ်နဲ့ ဆုံတွေ့ခဲ့
နေ့ရက်တစ်လျှောက်မှာ ဒီနေ့ အလှဆုံးပဲ ... "

"ဟာ ... "

ကြယ်စင်ခ စကားကြောင့် ခေါင်းလေး ငုံ့ကျသွား
သူက ဆွေသဟာရယ်ပါ။

"အဟွန်း ... ဟွန်း၊ သိပ်ပြီး ရှက်သွားပြီလား ဆွေသ
ကိုယ်က အမှန်အတိုင်း ပြောတာပါ ... အခုလို ပုံစံမျိုး
နဲ့ တွေ့လိုက်ရတော့လေ ... ကိုယ့်မျက်လုံးအကြည့်
တောင် ကိုယ် မယုံနိုင်ဘဲ ဖြစ်သွားရတာ သဟာရဲ့ ...
ကိုယ် အရမ်းဝမ်းသာတာပဲကွာ ... "

ဆွေသဟာ့ မျက်နှာလေး ရဲပလောင်းထကာ ကြ
စင်ခရဲ့ မျက်နှာလေးဆီ မော့မကြည့်တော့ပါချေ။ နံဘေးက 





စ်အဖျားပိုင်းလေးတွင် ခပ်ခွာခွာလေး ထိုင်နေတဲ့ ဆွေသဟာ့ရဲ့
န်မလုပ်တတ်လုပ်တတ်ပုံလေးကိုကြည့်ပြီး ကြယ်စင်ခ အသည်း
ဘွ ကျလိကျလိယားနေရသည်။

"သဟာ ... "

" ... ... "

ထူးသံမပေးဘဲ အသာလေး စောင်းငဲ့ကာ သူ့ဆီ
မ်းကြည့်၏။

"ကိုယ့်ကို ဘာစကားမှ ပြောစရာမရှိဘူးလားဟင် ... "

"ရှိတာပေါ့ ကြယ်စင်ခရယ် ... သိပ်ရှိတာပေါ့ ... ဒါ ... ဒါ
ပေမဲ့လေ သဟာ ဘယ်ကနေ စပြောရမှန်းမသိဘူး ... ရှင့်
ကို ကျေးဇူးတင်တာတော့ အမှန်ပါပဲ ... ရှင့်ကြောင့် ဆွေ
သဟာရဲ့ အနာဂတ်လမ်းတွေ ယိုယွင်းမသွားတာလေ ...
အဲဒီအချိန်က ရှင်သာ ရောက်မလာခဲ့ဘူးဆိုရင် ... "

"တော်ပါတော့ သဟာ ... ဆက်ပြီး မပြောပါနဲ့တော့ ...
မြန်မြင်ယောင်တမ်းတဖို့ မကောင်းတဲ့ ဘဝစာမျက်နှာကို
ဒုတိယအကြိမ် ပြန်မဖတ်ချင်စမ်းနဲ့ သဟာ ... အာရုံတွေ
စားပါတယ်ကွာ ... ထားခဲ့လိုက်ပါ ...
အတိတ်ဆိုတာ သယ်ဆောင်လို့ ကောင်းတဲ့အတိတ်ရှိသလို
ဖြုတ်ချချန်ရစ်ရမဲ့အတိတ်ဆိုရင်လည်း လှည့်မကြည့်စတမ်း
ထားရစ်ခဲ့လိုက်ရတယ် ဆွေသဟာ ... အဲဒါမှ မှန်းကျုပ်မှုတွေ

သက်သာသွားမှာပေါ့ ...

ကိုယ့်အတွက် အကျိုးအမြတ်မရှိ ... တသသနဲ့ စိတ်

ယိုင်နဲ့ဖို့ ဘယ်လိုနောင်တကြိုးနဲ့မှ ကိုယ့်ကိုယ်ကိုယ်

ပတ်မိစေနဲ့ သဟာ ... သူများ ချည်တာထက် ကိုယ့်စိ

ခတ်နဲ့ပတ်တဲ့ကြိုးက ပိုပြီးတင်းသလို ပိုပြီး နာကျင်စွာ ခံ

ရတယ်တဲ့ သဟာ ..."

"ကြယ်စင်ခရယ် ..."

ရှင် သိပ့်မလားဟင်။

ဒဏ်ရာတစ်ခု ရရှိထားပြီးသားလူတစ်ယောက်

ဘယ်လိုပဲ သက်သာပျောက်ကင်းအောင် ဆေးကောင်းတွေ

သုံး နောက်ဆုံး အကောင်းပကတိ ဖြစ်ရင်တောင် အရာသေး

လေးတော့ ထင်ကျန်ခဲ့မှာပဲလေ။

ဒါကို ...

ဆွေသဟာ ဘယ်လိုလုပ်မေ့ဖျောက်ရတော့မလဲ


အတွေးလေးကြောင့် ...

သက်ပြင်းငွေ့ငွေ့လေးကို သူ မကြားအောင်

ပြီး ရှိုက်မိတော့သည်။ စကားသံလေးတွေ တိတ်ဆိတ်ကာ

စလုံး ငြိမ်သက်စွာ ထိုင်နေမိတော့၏။





## အခန်း [ ၁၆ ]

"သဟာနဲ့ ကြယ်စင်ခရဲ့ကိစ္စကို ဘယ်လိုစီစဉ်ကြရင်ကောင်း မလဲလို့ တစ်ချိန်လုံး စိတ်ပူနေခဲ့ရတာ ... အခုမှပဲ သက်ပြင်း ချနိုင်တော့တယ် ဆွေဆွေရယ် ... ဟင်း ဟင်း ... "

"ဟုတ်ပ့ါ မမမူရယ် ... အဲဒါ ဆွေဆွေရဲ့အပြစ်ပါပဲ ... ဆွေ ဆွေရဲ့ တစ်ဇွတ်ထိုးလုပ်ရပ်တွေကြောင့် သမီးလေးရဲ့ ဘဝ မှာ မဖြစ်သင့် မဖြစ်ထိုက်တဲ့ အဖြစ်အပျက်ကြီးတွေ ကြုံ တွေ့ခဲ့ရတာပေ့ါ ... ဆွေဆွေလည်း အရမ်းကို နောင်တတွေ ရနေမိပါတယ် မမမူရယ် ... အဟင့် ဟင့် ... "

ပြောနေရင်း ဒေါ်သီတာဆွေတစ်ယောက် စိတ် ...န်းနိုင်စွာ ငိုရှိုက်မိပါတော့သည်။

"အို ... ဆွေဆွေ ... ဘာ ... ဘာဖြစ်လို့ ငိုနေရတာလဲကွ…

"မမမှုရယ် ... အဟင့် ... ဟင့် ..."

"တိတ်ပါ ဆွေဆွေရယ် ... စိတ်မကောင်းစရာတွေ လျှော… တွေးမနေပါနဲ့တော့ ..."

ဒေါ်မှုမှု စိတ်မကောင်းစွာပင် သီတာဆွေကို … ပေးနေမိသည်။ ကလေးတွေ မရှိတော့မှ ဘယ်အချိန်ကတည်း… မျိုသိပ်ထိန်းချုပ်မှန်းမသိတဲ့ သီတာဆွေတစ်ယောက် ဟန်မဆော… နိုင်တော့ဘဲ ခံစားချက်တွေ ရင်ဖွင့်နေတော့၏။

ဒေါ်မှုမှု စာနာနားလည်ပေးလို့ရပါသည်။

ဒါ ... ဖြစ်တတ်တာပဲလေ။

ဆွေသဟာနဲ့ ကြယ်စင်ခကိုလက်ထပ်ပေးဖို့ လူ… ချင်း ဆွေးနွေးတိုင်ပင်တော့ ယောကျ်ားပုံစံလေးဖြစ်နေတဲ့ … သဟာ့ကိုကြည့်ပြီး ဒေါ်မှုမှု စိတ်ခတ်တွေပင် ကျသွားရသည်။ … ယောကျ်ားရဲ့ သဘောဆန္ဒတစ်ခုကို ဘယ်တုန်းကမှ မငြင်း… ဘူးတဲ့ မိမိရဲ့ဘဝမှာ ခင်ပွန်းဖြစ်သူရဲ့ ငယ်သူချင်း သမီးလေးနှင့်… ကို အလွယ်တကူပဲ သဘောတူခဲ့မိသည်။

အခုလို ...

ယောကျ်ားလေးပုံစံမျိုး ဖြစ်နေလိမ့်မည်ဟု လုံး… မထင်ထားခဲ့တာပါ။ ဆွေသဟာ့ကို မြင်လိုက်တော့ ဒေါ်မှု… ယောက် အံ့ဩမှင်သက်သွားရသည်။ ပြီးတော့ ... ဆွေသဟာ…





…းဖြစ်သူ ကြယ်စင်ခက ရန်ဘက်တွေတဲ့။

ဒေါ်မှုမှုရင်ထဲ လေးမိသွားရသည်။ ခင်ပွန်းဖြစ်သူကို …ပါမလားဟု ကပ်မေးတော့ မင်းသား ဆွေသဟာ့ကို စိတ်ဝင်စား…ဘာ ဘယ်လိုလုပ် မဖြစ်နိုင်တာ ရှိမလဲဟုပင် အလျှောင်ခံလိုက်…သားသည်။ အစက မယုံနိုင်သော်လည်း အခုတော့ လက်မခံလို့…တော့ ... ။

မြွေမြွေချင်း ခြေမြင်ဆိုတာ ဒါမျိုးထင်ပါရဲ့။

သားဖြစ်သူရဲ့စိတ်ကို ... ခင်ပွန်း ဦးမိုးတိမ်ခက ရ…င် ဖတ်ပြနိုင်ခဲ့သည်။ အံ့ဩစရာကောင်းလောက်အောင် သား…ယ်စင်ခက ဆွေသဟာ့အပေါ် သံယောဇဉ်ထားတာလေ ... ။ …မှုမှုဖြင့် ယုံတောင် မယုံနိုင်ဘဲ ဖြစ်ရသည်။

တကယ့်ကို အံ့ဩစရာ အဖြစ်အပျက်ပါပဲ။

အခုတော့ ... ဆွေသဟာက နောင်တတွေရပြီး …မွေ့သော မိန်းကလေးပုံစံလေး ဖြစ်နေပြီလေ။ ဒေါ်မှုမှု သက်…းလေး ချနိုင်ရတော့၏။ သား ချစ်မြတ်နိုးသော မိန်းကလေးမို့ …း ပို၍ပင် ဝမ်းသာကျေနပ်နေမိသည်။

"ကျေးဇူးတင်ပါတယ် မမမှုရယ် ... ကိုမိုးတိမ်ခကိုရော မမမှု ကိုပါ ဆွေဆွေ အရမ်းကျေးဇူးတင်ပါတယ် ... ဝမ်းနည်းအား ငယ်စိတ်တွေနဲ့ ရှင်သန်နေရချိန်မှာ အဖော်ကောင်းတွေ အဖြစ် ရပ်တည်ပေးကြတဲ့အတွက် အရမ်းကိုပဲ ကျေးဇူးတင်

ပါတယ်ရှင် ... ”

“ဟာဗျာ ... ဒေါ်သီတာဆွေကလည်း ... အားနာစရာ[...] ကျွန်တော်တို့ကို အားနာနေပြန်ပြီ ... အဓိပ္ပာယ်မရှိ[...] ဗျာ ... ဘုန်းမိုး သိရင် မကောင်းပါဘူး ... ဘာပဲပြော[...] ကျေးဇူးဆိုတာ ဘုန်းမိုးနဲ့ ကျွန်တော်တို့မိသားစုကြား[...] ဘယ်လိုမှ မကင်းလွတ်တာတွေ အများကြီးပါ ... အပြန်အလှန် ရှိကြတာပါ ဒေါ်သီတာဆွေ ... သမီးလေး[...] အနာဂတ်ကို သား ကြယ်စင်ခကိုယ်တိုင် စောင့်ရှောက်[...] နိုင်တာကိုပဲ ကျွန်တော်တို့က ဝမ်းသာနေမိတာပါဗျ ... အဲဒီလိုမှမဟုတ်ရင် ကျေးဇူးရှင် ဘုန်းမိုး ကယ်တင်[...] ရှောက် လမ်းပြပေးခဲ့လို့ ဒီအခြေအနေထိ ရောက်လာခဲ့[...] ကျွန်တော်တို့မိသားစု ဘယ်လိုလုပ်ပြီး စိတ်ကောင်း[...] မလဲဗျာ ... ”

“ဒါ ... ဒါကတော့ ဦးမိုးတိမ်ခရယ် ... ကျွန်မ ... ”

“ကဲပါ ဒေါ်သီတာဆွေရယ် ... ဘာမှ ထပ်ပြီး စိတ်ညစ်[...] တွေ တွေးမနေပါနဲ့တော့ ... သားလေးနဲ့ သမီးလေး[...] အဆင်ပြေနေကြပြီပဲဟာ ... မင်္ဂလာကိစ္စသာ ဖြစ်မြော[...] အောင် စီစဉ်ကြစို့ရဲ့ဗျာ ... ”

“ဟုတ်သားပဲ ဆွေဆွေရယ် ... အားငယ်တဲ့ စကား[...] ကိုယ့်စိတ်ကို မညှဉ်းဆဲချင်စမ်းပါနဲ့ ... အလကားဟာ[...]



သမီးလေးနဲ့ ပတ်သက်ပြီး မမမူတို့အာရုံထဲမှာ တကယ့်ကို ရှင်းလင်းကြည်စင်နေပါတယ် ... စိတ်မပူနဲ့နော် ... သားကလည်း ဆွေသဟာ့ကိုပဲ မေတ္တာရှိနေတာပါကွယ် ... အခုလို ပုံစံလေး မြင်လိုက်ရတာ သူ အရမ်းအံ့သြသွားမှာပဲ၊ ပြီးတော့ ဝမ်းလည်း ဝမ်းသာနေမှာ ဆွေဆွေရဲ့ ... ”

ဟင် ...

မေမွန့် မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။

ခန္ဓာကိုယ်တစ်ခုလုံးအတွင်းရှိ လည်ပတ်စီးဆင်း[...]လုံးသွေးတို့ တဒင်္ဂ ရပ်တန့်သွားသလို ထင်မိ၏။

မထင်မှတ်ဘဲ ကြားလိုက်ရတဲ့ စကားသံလေးတွေ [...]ည့်ခန်းလေးထဲကို ဝင်တော့မည့် မေမွန့်ခြေလှမ်းလေးတွေ ရပ်တန့်သွားရတော့သည်။ ရှေ့ဆက်လျှောက်မည့် ခြေလှမ်း [...]အင်အားတွေကင်းမဲ့သွားရ၏။ နေရာလေးမှာတင် တောင့်[...]လေး ရပ်နေမိတော့သည်။

ဆွေသဟာ့အမေ ဒေါ်သီတာဆွေနဲ့ ကြယ်စင်ခရဲ့ [...]ဦးဖြစ်သော ဦးမိုးတိမ်ခနဲ့ ဒေါ်မူမူတို့ ... သုံးယောက်သား [...]င်းဆိုင်ကာ ဆွေးနွေးတိုင်ပင်နေသော အကြောင်းအရာတွေ [...]းထောင်ပြီး ကိုယ့်နားကိုပင် မယုံကြည်နိုင်လောက်အောင် [...]ရတော့သည်။ ခေါင်းလေးကို တအားခါယမ်းပစ်လိုက်မိ၏။

ဟုတ်ရဲ့လား ...

မေမွန် နားကြားများ လွဲသွားတာလား။

ဆွေသဟာနဲ့ ကြယ်စင်ခတဲ့ ...

ဒါ ... လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ။

ဟင့်အင်း ...

မေမွန် လက်မခံနိုင်ဘူး။

ကြယ်စင်ခဆိုတာ သာမန်လူတစ်ယောက်မှမဟုတ် တာ။ မေမွန်ရဲ့ ရင်ခုန်သံတွေကို အမြင့်ဆုံးရောက်အောင် စွဲဆော နိုင်ခဲ့တဲ့လူ ... ။ မေမွန့်ရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲက တစ် တည်းသော မင်းသားလေ။ မေမွန့်ရဲ့ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြ တွေကို ဖန်ဆင်းနိုင်တဲ့သူ ... ။ မေမွန့်ဘဝရဲ့ ရှင်သန်ခြင်းတွေအား လုံးက ကြယ်စင်ခရဲ့ လက်ထဲမှာပဲ ရှိတာလေ။

ပြီးတော့ ...

ကြယ်စင်ခကိုယ်တိုင်ကလည်း မေမွန့်ကိုပဲ ဦး ပေးပြီး အမြဲတစေ ဖေးမခဲ့သည်။ ဆွေသဟာ့အပေါ် ဆက်ဆံ ထက် မေမွန်နဲ့ ဆက်ဆံရေးက ပိုပြီး အဆင်ပြေချောမွေ့ခဲ့သည် ပဲ မဟုတ်လား ... ။

ဒါကို ...

ဘာကြောင့် ဆွေသဟာနဲ့မှ လူကြီးချင်း သ တူရတာလဲဟင်။

မဖြစ်နိုင်တဲ့ကိစ္စပဲ ... ။

တရားမျှတမှု မရှိတဲ့ကိစ္စပဲ။

ဆွေသဟာ ...

နင် မတရားဘူး။

နင် တမင် လူလည်ကျတာပဲ။ ငါ့လက်ထဲကနေ ... လုယူဖို့ ကြိုးစားတာ။

ဟင်း ... ဟင်း ...

လူကြီးချင်း ခင်မင်မှုကို အခွင့်ကောင်းယူပြီး ... ငါ့ ထဲကနေ ကြယ်စင်ခကို အရယူဖို့ နင် အရှေ့ကို တိုးလာတာ သ။ နင့်ကိုယ်နင် ဟုတ်လှပြီလို့ ထင်နေလား ဆွေသဟာ။ ရုပ်တွေအားလုံး မှန်ကန်လှပြီလို့ ထင်နေတာလားဟင်။

မရဘူး ...

နင်လုပ်ချင်တာတွေ နင်ဖြစ်ချင်တာတွေ ဖန်တီးဖို့ က်မခံနိုင်ဘူး။

ငါနဲ့ ကြယ်စင်ခကို ... ဝေးကွာသွားဖို့ ဘယ်လို ာင်းမျိုးကိုမှ ငါ လက်မခံနိုင်ဘူး ဆွေသဟာ။ ငါ သူ့ကို သိပ် ယ် ... ။ အဲဒီလိုပဲ သူလည်း ငါ့ကို စိတ်ဝင်စားနေတယ်ဆိုတာ ပ်အကဲကို ကြည့်တာနဲ့ ခန့်မှန်းလို့ရနေပြီလေ။

ကြယ်စင်ခကို ငါ ဘယ်တော့မှ လက်လွှတ်ဆုံးရှုံးခံ ဟုတ်ဘူး ဆွေသဟာ။ အဲဒါကို နင် မြဲမြဲ မှတ်ထားစမ်းပါ။ မျက်ဝန်းလေးတွေ ဂနာမငြိမ်တော့ ... စိတ်လှုပ်ရှားမှုကြောင့်

ခန္ဓာကိုယ်လေးပင် တဆတ်ဆတ်တုန်နေရပြီ။ ချောင်းနားထော နေသော နေရာလေးကနေ ဘေးဘီဝဲယာ တစ်ချက်ဝေ့ဝဲကြ လိုက်မိ၏။

တော်ပါသေးရဲ့ ...

သူမ ဝင်လာတာကို ဘယ်သူမှ သတိမထားမိကြ လို့ပဲ။

ခြေသံဖွဖွလေး နင်းပြီး ဆွေသဟာတို့ တိုက်ကြီး ကနေ ပြန်ထွက်လာခဲ့မိသည်။ တစ်ဘက်က သူမတို့ တိုက်ကြီး ပြန်လာခဲ့မိ၏။ ဝရန်တာလေးဘက် ထွက်ပြီး ဆွေသဟာတို့ ခြံ ထဲ ရူးရဲသော မျက်ဝန်းကြီးတွေနှင့် စိုက်ကြည့်နေမိသည်။

တကယ်တော့ ...

ဆွေသဟာရဲ့ သတင်းတွေကို မေမွန် ကြားပြီး သစ်လွင်ဆိုတဲ့ကောင် ... ဆွေသဟာ့ကို လိမ်ညာခေါ်သွားတာ လေ။ ဒါကို မေမွန့်ဆီ စာအုပ်လာငှားတဲ့ ကြယ်စင်ခရဲ့ ကား နဲ့တိုးသွားပြီး ဆွေသဟာ့ဘဝလေးကို ကြယ်စင်ခ ကယ်တင်ခဲ့ ဆိုတဲ့အကြောင်းကို မေမွန် ကြားထားပြီးသားပါ။

ပြီးတော့ ...

ဆွေသဟာ မိန်းကလေးပုံစံ ပြန်ဖြစ်သွားပြီ အကြောင်းလည်း မေမေ့ဆီက သိရလို့ မေမွန် ဝမ်းတောင်သာ မိသည်။ ဘာကြောင့်လဲဆိုတော့ ဆွေသဟာ အခုလို ပြောင်း



မှ မေမွန့်အပေါ် ပြိုလဲယိုင်နဲ့နေတဲ့စိတ်တွေ ကွယ်ပျောက်သွား ... ။

သို့သော် ...

မေမွန်တစ်ယောက် ဆွေသဟာ့ဆီသွားပြီး မတွေ့ သေးပါ။ မေမွန် အခုတလော ဆွေသဟာနှင့် သိပ်မတွဲဖြစ်ဘဲ းသူငယ်ချင်းတချို့နှင့် ပေါင်းမိနေသည်။ ပျော်ပါးပြီး လွတ်လွတ် ပ် နေထိုင်တတ်တဲ့ သူတို့ရဲ့ အမူအကျင့်လေးတွေကို နှစ် ပြီး သူတို့နဲ့ တွဲရတာ မေမွန့်အတွက် ပိုပြီးအဓိပ္ပာယ်ရှိလာသည် င်မိ၏။

ဆွေသဟာ့တုန်းကလို ဖျင်းရိပြီးငွေ့စရာမကောင်း ပျော်စရာအတိရှိနေခဲ့ရသည်။ ခေတ်ရှေ့တစ်လံလောက်ပြေး သူတို့နောက်ကို မေမွန် မီအောင်လိုက်နေရ၏။ ထိုသို့ လိုက် တာလေးကိုလည်း မေမွန် ကျေနပ်နှစ်သက်နေမိသည်။

သူငယ်ချင်းတွေက အများကြီးပဲ ကောင်လေးတွေ မလေးတွေ အားလုံး မေမွန်နဲ့ ရွယ်တူတွေပဲလေ ... ။ မိန်း း အားလုံးထဲမှာ မေမွန်က စတားပဲ ... ။

ထင်းခနဲ ပေါ်လွင်နေတတ်တဲ့ မေမွန့်အလှကို ... ကိုယ်တိုင်ပင် ဂုဏ်ယူနေမိသည်။ သူငယ်ချင်းတွေ တရုန်းရုန်း ပျော်လွန်နေတဲ့သူမ ဆွေသဟာ့ကို လုံးဝမေ့ပျောက်နေခဲ့၏။ _ အခွင့်အရေးတစ်ခုပေးသလို ဖြစ်သွားလိမ့်မည်ဟု မေမွန်

နည်းနည်းလေးမှ သံသယမရှိခဲ့ပါ။ ဒါ … သိပ်ကို မှားယွင်းသွား
အချက်တစ်ချက်ပါပဲ။

ကြယ်စင်ခကို မေမွန် မက်မောပေမဲ့ အခုတ
မေမွန် အဖော်ခေါ်တဲ့နေရာတွေအားလုံး ကြယ်စင်ခ ငြင်းပယ်
တာမို့ တခြားသူနှင့်ပဲ တွဲသွားတွဲလာနေဖြစ်ခဲ့သည်။ မေမွန် တွဲ
တဲ့သူနဲ့တွဲ … ကဲချင်သလိုကဲပေမဲ့ မေမွန် အလိုအပ်ဆုံးလူက ကြ
စင်ခပါပဲ။

ကန်တင်းမှာ အတူထိုင်ပြီး မနက်စာစားဖို့ နေ့
စာစားဖို့ပဲ ကမ်းလှမ်းတတ်တဲ့ ကြယ်စင်ခရဲ့ ရိုးစင်းမှုကို အ
အားမရ ဖြစ်ပေမဲ့ မေမွန် နှစ်သက်မိတာတော့ အမှန်ပါပဲ။ တ
နေ့ တစ်ချိန်ချိန် ဒီယောက်ျားကလေးရဲ့ ချစ်သူလေးဖြစ်လို့က
နှစ်ယောက်တွဲပြီး လျှောက်လည်ပတ်မည်ဟု ကိုယ့်စိတ်ထဲမှာ
ကြိမ်းဝါးပြီး သူ့ရှေ့တွင် မေမွန် ငြိမ်သက်နေခဲ့သည်။

အခုတော့ …

မေမွန့်ရဲ့ စိတ်ကူးယဉ်အိပ်မက်လေးတွေက
ချင်ချင် ဖြစ်နေရပြီ။

အဓိကတရားခံက …

ဆွေသဟာပဲ။

အရင်ကတော့ … ကြယ်စင်ခကို မြင်လျှင်ပဲ
ကြီးတစ်ယောက်လို တိုက်ခိုက်ချင်နေတဲ့သူက အခုတော့





င်ခမှ ကြယ်စင်ခ ဖြစ်နေပြီ။ သူ တောင်းဆိုလို့သာ အားနာပါးနာနဲ့
ကြယ်စင်ခမိဘတွေက လိုက်လျောရတာ နေမှာပေါ့။

ကြယ်စင်ခ အဖေရဲ့ စကားထဲမှာ အန်ကယ်ဘုန်းမိုး
၊ ကျေးဇူးတွေ ကြီးမားတဲ့အကြောင်း ပါလာတာလေ။

ဆွေသဟာဆုတ် …

တော်တော်ခြေလှမ်းသွက်တဲ့ ဟာမ … ။

နင်လုပ်ချင်တာလုပ်ဖို့ ငါက ခွင့်ပြုမယ်ထင်လား။

ဟွန်း …

ငါ့အကြောင်း နင် ကောင်းကောင်းကြီး သိစေရမယ်
ဆွေသဟာ။

မေမွန်တစ်ယောက် …

ဒေါသတွေ အကြီးအကျယ်ထွက်ကာ ဆွေသဟာ့
စိတ်ထဲကနေ နာနာကျင်ကျင်လေး ကြိမ်းဝါးလိုက်မိပါတော့
သည်။

ခြံထဲက သစ်မြစ်လေးပေါ် နှစ်ဦးသား ငြိမ်သက်စွာ
နေမိရာမှ ပထမဆုံး အသိဝင်လာသူကတော့ ဆွေသဟာရယ်

"ကြယ်စင်ခ … "
"ဟင် … "
"သဟာ့ကို စိတ်မနာဘူးလားဟင် … "

"ဘာကိုလဲ ဆွေသဟာ ... "

"သဟာက ကြယ်စင်ခအပေါ် ဘယ်တုန်းကမှ အကောင်းမြင်တတ်တဲ့သူ မဟုတ်ဘူးလေ ... ရန်လိုမုန်းထားနေတတ်တဲ့ သဟာ့ကို ... ဘာကြောင့် နာကျင်မနေတာလည်း ကြယ်စင်ခရယ် ... "

"အဟွန်း ... ဟွန်း ... "

ဆွေသဟာ့အမေးလေးကို ပြန်မဖြေဘဲ ကြယ်စင်ခရယ်၍သာနေမိသည်။

"တစ်ခါတလေ ... ကိုယ့်အဖြစ်ကို စဉ်းစားမိတိုင်း အံ့ဩမယုံကြည်နိုင်လောက်အောင်ပဲ ရှိနေရတယ် ကြယ်စင်ခရယ် ... "

"သဟာရယ် ... "

သိပ်လှတဲ့ ဆွေသဟာရဲ့မျက်နှာလေးကို ငေးကြည့်ပြီး ရင်ထဲကနေ တီးတိုးလေး ရေရွတ်မိသည်။

"မာမီနဲ့ဒက်ဒီတို့ရဲ့ အလိုလိုက်မှုအောက်မှာ ... ရသမျှအရာ အရေးအားလုံးကို သဟာယူခဲ့မိတယ်လေ ... ဒက်ဒီအသိုင်းမှာ အဆင်ပြေရဲ့လား ... မာမီအိမ်ကအလုပ်တွေနဲ့ ပင်ပန်းနေမလားလို့ ဆွေသဟာ တစ်ခါမျှ မတွေးခဲ့မိဘူး ... ကိုယ်နေချင်သလိုနေ ... ကိုယ်လုပ်ချင်ရာလုပ် ... ကိုယ်သွားချင်တဲ့နေရာလျှောက်သွားပြီး ... မာမီဆူရင်လည်း အ





စက်လေးမှုကို အရေးမစိုက်ခဲ့တာလေ ... အဲ့ဒါတွေအားလုံးအတွက် အရမ်းကို နောင်တတွေရနေမိတယ်သိလား ... သဟာက အဲ့ဒီလောက်တောင်ဆိုးခဲ့တာ ... သဟာသိပ်မိုက်တာပဲကြယ်စင်ခရယ် ... "

"နောင်တတွေရနေတာလား ... သဟာ"

"ဟင် ... "

ကြယ်စင်ခမျက်နှာလေးဆီ ဖျတ်ခနဲ မော့ကြည့်လိုက်မိ၏။ အကြင်နာတွေနဲ့ပြည့်နေတဲ့ ရွှန်းလက်သောညို့မျက်ဝန်းအစုံနှင့် အကြည့်ချင်းဆုံကာ ရင်ခုန်သွားရသူက ဆွေသဟာရယ်ပါ။

အာရုံထဲမှာ ...

ညာတာပါတေး အကြင်နာအနမ်းလေးတွေနဲ့ အိပ်မက်ညတွေကိုဖန်ဆင်းသွားတဲ့ ကြယ်စင်ခဆိုတဲ့ သူ့ကို မေ့ဖျောက်၍မရသေးပါ။ သို့သော် ရှောင်ရှားဖို့ကျတော့လည်း သူက ဆွေသဟာရဲ့ကျေးဇူးရှင်လေ။

သူ့ကြောင့် ...

ဆွေသဟာ့ဘဝလေး လူယုတ်မာ သစ်လွင်ရဲ့လက်ထဲ ကျရောက်မသွားရတာပါ။ သူသာ မကယ်တင်ခဲ့ဘူးဆိုရင် ဆွေသဟာအနာဂတ်က ဘယ်လိုပုံစံတွေဖြစ်သွားမလဲဆိုတာ စဉ်းတောင် မစဉ်းစားရဲတော့ပါဘူး။

"ကိုယ့်စိတ်ကို ချိုးနှိမ်ခြင်းဟာ ကိုယ့်ဘဝကိုကိုယ် သတ်နေ

ခြင်းပဲလို့ ကိုယ့်အဖေက အမြဲတမ်း ဆုံးမခဲ့ဖူးတယ်သဟာ
လောကမှာ အမှားမလုပ်ခဲ့သူမရှိဘူး ... အမှားလုပ်တာနည်း
တဲ့သူနဲ့များများလုပ်တဲ့သူပဲရှိတာတဲ့ ... အဲ ... နောင်တ
မရတတ်တဲ့သူမျိုးကသာ လောကမှာ အမိုက်မဲဆုံးပဲတဲ့လေ
အဲ့ဒီလိုလူမျိုးကို ကိုယ်တိုင်လည်းမဖြစ်စေနဲ့ ကိုယ့်ပတ်ဝန်း
ကျင်မှာတွေ့ဆုံခဲ့ရင်လည်း ရှောင်ရမယ်တဲ့သဟာ ... ကိုယ်
ငယ်ငယ်လေးထဲက အဖေက အဲ့ဒီလိုမှာထားတာ ... ဘာ
ပြောပြော အမှားကိုသိပြီဆိုရင် အမှန်ကိုပြင်ပေါ့သဟာ ...
အခုလို အသိစိတ်လေးရှိနေတာကိုက သဟာဘယ်လော
ထိ လိမ္မာရေးခြားရှိတယ်ဆိုတဲ့အချက်ကို ထောက်ပြနေတာ
ပါပဲ ... အားမငယ်ပါနဲ့ သဟာ ... သဟာ့အနားမှာ ဘယ်သူ
မှ အားပေးမယ့်သူမရှိဘူးဆိုရင်တောင် ကိုယ်ဆိုတဲ့ ကြယ်
စင်ခ အမြဲထာဝရရှိနေတယ်ဆိုတာ ယုံကြည်ထားလိုက်
သဟာ ... "

"ကြယ်စင်ရယ် ... "

"အခု ... ကိုယ် အရမ်းဝမ်းသာပျော်ရွှင်နေတယ်သဟာ ...
အဲဒါ ဘာကြောင့်လဲသိလား ... "

"ဟင့်အင်း ... "

ဆွေသဟာ ခေါင်းလေးကို ညင်သာစွာ ခါယမ်း
လိုက်တော့ နုသက်သော ကြယ်စင်ခရဲ့မျက်နှာချောချော





ငသောအပြုံးတွေနှင့် ဆွေသဟာ့မျက်နှာလေးအနီးသို့ ငုံ့ကျလာ
ပီးတိုးစကားသံလေး ထွက်လာသည်။

"ဆွေသဟာဆိုတဲ့ ... မိန်းမချောလေးနဲ့အတူရှိနေရလို့လေ"

အို ...

ဖြူနုနေတဲ့ ပါးပြင်လေးထက်တွင် ရက်သွေးလေး
သွားရကာ ခေါင်းလေးလည်း အလိုလို ငုံ့ကျသွားရတော့သည်။

ဆွေသဟာ ...

စိတ်မလုံမလဲ နေရာလေးကနေ ပြေးထွက်ခဲ့မိ၏။
ရဲ့နောက်ကျောလေးမှာတော့ ကြယ်စင်ခရဲ့ရယ်မောသံရှရှ
းက ကပ်ငြိ၍ပါလာတော့သည်။

# အခန်း [ ၁၇ ]

"မေမွန် ..."
"ဟင် ..."
"မောင့်ကို တကယ်ချစ်တာပါနော်"

မေမွန် ...

ခေါင်းလေးခါယမ်းမိမလိုဖြစ်သွားရတဲ့အထိ ...
တွေ ကင်းလွတ်သွားရသည်။ မေမွန် ချယ်ရီတို့အုပ်စုနဲ့ ...
အောင် အပျော်ရည်းစားတစ်ယောက်ထားခဲ့မိ၏။ ရင်ထဲက...
ထက် ရုပ်ရည်ချောမောလှန်းတဲ့ နေဝန်းကို သူမ စိတ်လိုလက်...
တာပါ။

အပြောကောင်းတဲ့မောင်။





စတိုင်လ်ကျတဲ့မောင်က မေမွန်ရဲ့စိတ်ကို ပျော်မွေ့...
...င် ဖမ်းစားနိုင်ခဲ့၏။

မောင်နဲ့အတူ နေရာအစုံ လက်ချင်းတွဲပြီး လျှောက်...
...ဖူးသည်။

ရုပ်ရှင်တွေလည်း အတူကြည့်ဖူး၏။

အစကတော့ ...

မောင့်ကို အဖြေပေးဖို့အထိ မေမွန်မစဉ်းစားခဲ့တာ...
...နဲ့ပါ။ မောင်နဲ့အတူသူငယ်ချင်းအဖြစ်တွဲသွားတွဲလာလုပ်ခဲ့သည်။
...းသားထဲမှာရှိနေတာက တခြားတစ်ယောက်လေ။ အဲ့ဒီလူက
...ားလူမဟုတ်။ ကြယ်စင်ခဆိုတဲ့ မေမွန်နဲ့အားကစားကွင်းလေး
...ာ အမှတ်မထင် မတော်တဆ ဝင်တိုက်ပြီး ခင်မင်သိကျွမ်းခဲ့ရတဲ့
...ချောလေးပါပဲ။

မေမွန်ရဲ့ရင်ခုန်သံတွေက ကြယ်စင်ခကြောင့် နိုးထ...
...ခဲ့ရတာလေ။

စိတ်ကူးယဉ်အိပ်မက်လေးတွေ တရေးရေးပုံဆေါ်...
...ပြီး ဘဝမှာ ရည်မှန်းချက်တွေ ရည်ရွယ်ချက်တွေ ကြီးမားလာခဲ့...
...သည်။ ဘာကြောင့်လဲဆိုတော့ ကြယ်စင်ခရဲ့ တရင်းတနှီး ဆက်ဆံ...
...းလေးက မေမွန့်ဘက်ကို အလေးသာခဲ့တာကို။

သို့သော် ...

မေမွန့်အထင်တွေ လွဲမှားခဲ့သည်။

ကြယ်စင်ခရဲ့စိတ်တွေက အချိန်ကြာလာသည်နှ
အမျှ တဖြည်းဖြည်း တည်ငြိမ်အေးစက်လာ၏။ မေမွန့်အ
သာမန်သူငယ်ချင်းတစ်ယောက်လိုပဲ ဆက်ဆံသည်။ မေမွန့်ဘ
ရေလာအောင် မြောင်းလေး ဘယ်လောက်ပဲဖောက်ဖောက် ကြ
စင်ဆီက အကြင်နာရေများက စီးဆင်းမလာချေ။

မေမွန့်မှာတော့ ... ။

သူ့အချစ်ကို တစ်နေ့နေ့တစ်ချိန်ချိန် လက်ခံမေ
မည်ဆိုတဲ့အသိလေးနဲ့ အပျော်ကြီးပျော်ကာ ရှိနေတုန်း ဆွေသဟာ
ဆီက မထင်မှတ်ဘဲ ချစ်ခွင့်ပန်ခြင်းခံခဲ့ရသည်။ မေမွန် ဒေါသထ
ထွက်လိုက်တာလေ မပြောပါနဲ့တော့။ ဆွေသဟာ့ကိုလည်း စိ
ဆိုးဆိုးနှင့် သူငယ်ချင်းအဖြစ်ကနေ ရပ်စဲပစ်လိုက်တဲ့အထိကို မေ
ရက်ရက်စက်စက် လုပ်ပစ်ခဲ့မိသည်။

မေမွန်ထင်ထားတာက ...

ဆွေသဟာကြားကနေ ကန့်လန့်ကန့်လန့်ရှိနေ
ကြယ်စင်ခရှေ့မတိုးဝံ့တာဟု ထင်မိတာလေ။ ဆွေသဟာနဲ့မေ
ကွဲသွားတော့မှပဲ အဖြေမှန်ကို မေမွန့်သိခွင့်ရခဲ့၏။ သူမရှေ့မှာ
တစ်ယောက်လို အမြဲတမ်းပြဿနာ မဖြစ်ဖြစ်အောင် ရန်စဖို့
တဲ့ ကြယ်စင်ခတစ်ယောက် ဆွေသဟာ့အကြောင်း တစ်ချိန်
ပြောနေခဲ့သည်။ မေမွန့်ဘက်က ပြန်ခေါ်သင့်ကြောင်းလည်း ကြ
စင်ခကိုယ်တိုင် တိုက်တွန်းလာ၏။

မေမွန် မအံ့သြဘဲ မနေနိုင်တော့ပါ။

တကယ်ဆို ...

ဆွေသဟာအနားမှာရှိမနေတာ အားလုံးအတွက်
င်ပြေတာမဟုတ်ဘူးလား။ ဒါဆို မေမွန့်ထက် ဆွေသဟာ့
ကိုပဲ တစ်ချိန်လုံးတောင်းတနေတာ ဘာကြောင့်လဲ။

မဟုတ်မှလွဲရော ... ကြ
ကြယ်စင်ခကိုယ်တိုင်ကိုကပဲ စိတ်တွေပြောင်းလဲနေ

ဘုရား ... ဘုရား ...

ကြယ်စင်ခ ဆွေသဟာ့ကို စိတ်ဝင်စားနေတာများ

ဆွေသဟာ ကျောင်းမလာတဲ့ကိစ္စကို မေမွန့်ဆီမှာ
သန်မေးနေခဲ့တဲ့ ကြယ်စင်ခ။ မေမွန့်ကို စာသင်ခန်းထဲမှာ
ဆွေသဟာအိမ်ကို လိုက်သွားတဲ့ ကြယ်စင်ခ။ ဆွေသဟာ
က်ရက်တွေတုန်းက သင်ခန်းစာတွေကို မေမွန့်စာအုပ်ထဲ
ကိုယ်တိုင်ရေးဖြည့်ပေးဖို့ ကြိုးစားခဲ့တဲ့ ကြယ်စင်ခရဲ့
ွက သူမအာရုံထဲတွင် အနှေးပြကွက်တစ်ခုလို ပြန်ပေါ်
ည်။

မေမွန့်စိတ်တွေ အလှုပ်ရှားကြီး လှုပ်ရှားလာခဲ့၏။
ြင်းပြမှုတွေကြောင့် ရင်တစ်ခုလုံး လောင်ကျွမ်းသွား

သလားပင် ထင်နေမိသည်။ ဘေးနားမှာရှိနေတဲ့ မောင့်ကိုလည်း
မေမွန်သတိမရတော့။

မေမွန့်အတွေးထဲမှာ ကြယ်စင်ခကို လက်လှ…
ဆုံးရှုံးရမည့်အရိပ်တွေမြင်ယောင်ကာ ... သွေးပျက်တုန်လှုပ်…
သည်။

"မေမွန် ... "

"ဟင် ... "

"ဘာတွေ ... ဒီလောက်တောင် တွေးနေရတာလဲကွာ…
မောင် ဘေးနားမှာရှိတယ်ဆိုတာရော မင်းသတိထား…
လား ... မေမွန်ရယ် ... မောင်မေးတာကိုလည်း မဖြေ…
ကွ... မောင်အသည်းယားလိုက်တာ ... အဟွန်း ... ဟ…

နူးညံ့ညင်သာစွာထွေးပွေ့လာသော အကြ…
လက်များနှင့်မေမွန်လေးကို ထွေးပွေ့လာရင်း မေးလာတဲ့မောင့်…
အလန့်တကြားမော့ကြည့်လိုက်မိသည်။ ရီဝေဝေမောသော …
မျက်ဝန်းလေးတွေနှင့် အကြည့်ချင်းဆုံသွား၏။ လက်ရဲဇက်ရဲ…
တဲ့ မောင့်လုပ်ရပ်ကို မေမွန် တအံ့တသြဖြစ်နေစဉ်။

"မေမွန်ရယ် ... ချစ်တယ်ကွာ"

"အို ... "

"မောင် ... "

"ဟင့်အင်း ... "

မေမွန့်ရဲ့ ...

အလန့်တကြားတားဆီးမှုလေးက နောက်ကျသွား

မောင့်မျက်နှာချောချောလေးက မေမွန့်ရဲ့မျက်နှာ
…ဘိ ဆတ်ခနဲ ငုံ့ကျလာပြီး ရစ်မူးပျော်မွေ့စရာကောင်းသော
…လေးတွေက မေမွန့်ရဲ့မျက်နှာပြင်လေးအနှံ့ ညင်သာစွာ ကြွေ
…ာကော့သည်။

မေမွန် ...

အံ့သြမယုံနိုင်သလို မောင့်ကို မျက်လုံးပြူးလေးတွေ
…သ့်မိ၏။ မောင်ကတော့ မေမွန့်ကို လုံးဝမကြည့်ပါ။ မှေးစင်း
…က မောင့်မျက်ဝန်းလေးတွေထဲက အတွေကို မေမွန် ဘယ်လိုမှ
…နိုင်ခဲ့ပါ။ ခန္ဓာကိုယ်တစ်ခုလုံး ထူးဆန်းတဲ့အတွေ့အထိ
… တောင့်တောင့်လေးဖြစ်ခဲ့သည်။ လှိုက်ဖိုမောလျှသော ရင်
…ုန်မြင့်တုန်ရှိနေရ၏။ ရင်ခုန်သံတွေကလည်း မြန်ဆန်နေရ

"မေမွန်ရယ် ... "

လှိုက်ဖြာတိုးရှလွန်းလှသော မောင့်အသံလေး
… မေမွန့်ကိုယ်လေး ကြက်သီးလေးများထကာ တဆတ်
…ုန်ယင်နေရသည်။ စိုးရိမ်စိတ်နှင့်အတူ မောင့်အချစ်တောထဲ
…လုဖြစ်နေသော မသိစိတ်တို့၏ လွန်ဆွဲမှုက ရင်ထဲမှာ တစ်

ပြိုင်တည်း ဖြစ်ပေါ်နေရ၏။

"မောင်တို့ လက်ထပ်ကြရအောင်နော် ... "

ဟင့်အင်း ...

ရှင့်ကို မေမွန် လက်မထပ်နိုင်ဘူး။

ရှင့်ကို မေမွန်ရင်ခုန်တာ မှန်ပေမယ့် မေမွန်... တစ်သက်တာလုံး ပေးအပ်ရလောက်တဲ့အထိတော့ မစွန့်စား... မောင်။

"ဟင် ... လွှတ် ... လွှတ်ပါဦးကွယ် ... မေမွန် အသ... ကြပ်နေပြီ ... "

"ဟင် ... ဟုတ်လား ... အပွန်း ... ပွန်း ... ဆော... ကွာ ... "

"သွားပါ ... "

တင်းကျပ်လွန်းသော အပွေ့အဖက်များအော... အနည်းငယ်ဖြေလျှော့သွားပေမယ့် သူမကိုယ်လုံးအိအိလေးကို... မောင်က မလွှတ်ပေးသေးပါ။ သူမရဲ့မျက်နှာကို ငုံ့မိုးစိုက်ကြည့်... တဲ့ မောင့်မျက်နှာချောချောကြီးကို စေ့စေ့မကြည့်ရဲစွာ မျက်... လေး ထိုးလိုက်မိသည်။

"မောင့်ကို စိတ်ဆိုးသွားပြီလားမေမွန် ... မောင်က ... ချစ်လွန်းလို့ပါဗျာ ... မောင့်ဘဝမှာ မေမွန်က ပထမဦး... နောက်ဆုံးချစ်သူလေ ... မေမွန့်ကို ဘယ်လိုနည်းနဲ့မှ ... လွှတ်ဆုံးရှုံးမခံနိုင်လို့ပါဗျာ ... အဲ့ဒါလေးတော့ ခွင့်လွှတ်ပါ။ အပွန်း ... ပွန်း"

"တော်ပါ ... မောင်အခုတလော ဘာတွေဖြစ်နေမှန်းမသိဘူး ... လူကိုတွေ့တာနဲ့ အဲဒီလိုချည်းပဲလုပ်နေ ... နောက်ဆို မောင့်ကို မေမွန်လာတွေ့မှာမဟုတ်တော့ဘူးနော် ... "

"လာမတွေ့လည်း ရတယ်လေ ... မောင်ကလည်း အခုချိန်ကစပြီး မေမွန့်ကို လုံးဝပြန်မလွှတ်တော့ဘူး ... အပိုင်ကို သိမ်းပစ်လိုက်မှာပေါ့ ... ကဲ ... "

"အို ... "

မေမွန့်ခန္ဓာကိုယ်လေး မောင့်ရင်ခွင်ထဲ ပြန်၍မွန်းသွားရသည်။

မောင့်ရင်ခွင်ထဲကနေ သူမအတင်းရုန်းကန်ထွက်မိ

"လွှတ် ... လွှတ်ပါ မောင်ရဲ့ ... "

"ချစ်တယ် ... မေမွန်ရယ်"

အချစ်ကြမ်းသမားကြီး နေဝန်းရဲ့ရင်ခွင်ထဲတွင် ... ...န်တစ်ယောက် မူးမေ့မတတ်ဖြစ်နေရသည်။ သန်မာလွန်းတဲ့ ...မောင်းတွေကြား မလှုပ်သာမလွန့်သာရှိကာ အသက်ရှူရပ် ...မတတ်ရှိနေရ၏။

နိုင်မာမြိုမြိုလှသော မောင့်လက်တွေက မေမွန့်တစ်

ကိုယ်လုံး လွတ်ထွက်သွားမှာစိုးသည့်အလား သိမ်းကျုံးထွေးပွေ့ထားသဖြင့် ရုန်းသာရုန်းနေရတာ တကယ်တမ်းကျတော့ မမွှေးရဲ့ လုပ်ရပ်လေးက အချည်းအနှီးဖြစ်နေရသည်။

ပိုပြီးဆိုးဝါးတာက ...

မမွှန်နဲ့မောင်က သူငယ်ချင်း ချယ်ရီတို့ တိုက်ခန်းလေးမှာ ချိန်းတွေ့ကြတာလေ။ ချယ်ရီက သူ့ကောင်လေး ဖုန်းဆက်ခေါ်သဖြင့် အခုလေးတင်ပဲ အောက်ထပ်ဆင်းသွားတာ။ တိုက်ခန်းလေးထဲတွင် မမွှန်နဲ့မောင် နှစ်ယောက်တည်းရှိနေသည်။ စိုးရိမ်ထိတ်လန့်စိတ်တွေက မမွှန့်ရင်ထဲ အစိုက်အခဲကြီးဖြစ်နေရ၏။

ထွက်ပေါက်တစ်ခုကို မမွှန်ရှာနေမိသည်။

မောင့်ကို ...

မမွှန်သွားကြမ်းလို့မရတော့ဘူးဆိုတဲ့အသိအောက် တိုးဝင်လာ၏။ ဓာတ်လမ်းစပြီးပြီလေ။ လက်ရှိမှာ မမွှန့်ချစ်သူ နေဝန်းဆိုတဲ့မောင်ပဲ။

"မောင် ... "

" "

...

မောင်က ဖျတ်ခနဲ မျက်လုံးလေးလှန်ကာ မမွှန့်ကို ကြည့်သည်။

"မမွှန်တို့ လက်ထပ်ရအောင် ... "

"ဘာရယ် ... "

မောင့်လက်တွေပြေလျော့သွား၏။ မောင့်အနမ်းမိုးမ်းလေးတွေရပ်သွားသည်။ အလှပဆုံး အပြုံးလေးတွေနဲ့ ဖြားယောင်းလိုက်တဲ့မမွှန့်မျက်နှာလေးဆီ တအံ့တသြငေးကြည့်နေ၏။ မမွှန့်စကားကို စိတ်ဝင်စားသွားတဲ့အတွက် မမွှန် ဝမ်းသာသွားရသည်။

"အဟင်း ... ဟင်း ... တကယ်ပြောတာ မောင်ရဲ့ ... မမွှန့် အိမ်ကလူကြီးတွေကို မမွှန်နဲ့မောင့်အကြောင်း ဖွင့်ပြောဖို့ မမွှန်စဉ်းစားထားတယ် ... ဒက်ဒီက နည်းနည်းစည်းကမ်းကြီးတော့ သူမသိအောင် မမွှန်တို့ဘက်က လွှန်ကျူးနေလို့ မဖြစ်ဘူးမောင် ... မဟုတ်ရင် ဒက်ဒီက အမြေဖြတ်ပြီး နှင်ချလိမ့်မယ် ... "

ဟင် ...

နေဝန်းလန့်သွားရသည်။ တစ်ချက်တည်းနဲ့ ပိုင်ကျ၏။

အမွေဖြတ်မည်ဆိုသည့်စကားက နေဝန်းရဲ့နားထဲ သက်ဆုံး တိုးဝင်လာခဲ့၏။ မမွှန့်ကို တကယ်ချစ်တာမှန်ပေမယ့် မိန်းမတစ်ယောက်ကိုယူပြီး လက်ကျောတင်းတင်းနဲ့ ရှာဖွေနိုင်တဲ့အင်အားတွေ သူ့ဆီမှာရှိမနေချေ။

"မမွှန် ... မောင်နဲ့ ဒက်ဒီ မာမီတို့နဲ့တွေ့ပေးမှာပါ"

"မေမွန် ... တကယ်ပြောတာလား"

"တကယ်ပေါ့ မောင်ရဲ့ ... မေမွန်က ညာပါ့မလား"

"ဒါပေမဲ့ မေမွန့်မိဘတွေက မောင်နဲ့သဘောမတူရင်[illegible]

အဟင်း ...

သေချာတာပေါ့ နေဝန်းရယ် ...

ရှင့်လို သာမန်အဆင့်အတန်းထဲကပေါက်ဖွားလာ[illegible] ရုပ်ရည်လေးတစ်ခုကလွဲပြီး ကျန်တာ ဘာမှမက်မောစရာမရှိတဲ့[illegible] တစ်ယောက်နဲ့ ဘယ်သမီးရှင်က သမက်တော်ချင်ပါ့မလဲ။

"မေမွန်က မောင့်ဘက်မှာရပ်ပေးမှာပဲဟာ ... ဒက်ဒီ[illegible] မတင်းမာလောက်ပါဘူး ... ပြီးတော့ မေမွန်က ဒက်ဒီ[illegible] တို့ရဲ့ တစ်ဦးတည်းသောသမီးပါ မောင် ..."

"အင်း ... အဲ့ဒါတော့ဟုတ်ပါပြီ ... မေမွန်က မောင့်ဘက်[illegible] ရပ်တည်မပေးရင်ရော ..."

ကြည့်စမ်း ...

လည်လိုက်တဲ့ နေဝန်း ...

မေမွန့်ကို သံသယမကင်းတဲ့မျက်လုံးတွေနဲ့ စ[illegible] စိုက်ကြည့်ပြီး မေးလိုက်တဲ့နေဝန်းကိုကြည့်ပြီး မျက်နှာလေး [illegible] ခနဲ မပျက်သွားအောင် မေမွန် မနည်းထိန်းချုပ်လိုက်ရသည်။

သူမ ...

ကြယ်စင်ခကိုအရွဲ့တိုက်ပြီး နေဝန်းဆိုတဲ့မော[illegible]

[illegible]ခဲ့တာပါ။

အခုတော့ ...

ကြယ်စင်ခ စိတ်မလည်လာသည့်အပြင် တောက်တဲ့[illegible]ပ်နေတဲ့ ငပွေလေးလို့ နာမည်ပေးခံရတဲ့ နေဝန်းက ခွာချမရ[illegible]ချေ။ မေမွန် ကိုယ့်အတက်ကိုယ်ဆူးနေရပြီ။ ဆုပ်လည်းစူး[illegible]ည်းရှူးဆိုတဲ့အဖြစ်မျိုးနှင့် ရင်ဆိုင်နေရ၏။

"မောင်က မေမွန့်ကို မယုံဘူးလား ..."

"အဟွန်း ... ယုံချင်တာပေါ့ချစ်ရယ် ... မောင်သိပ်ချစ်ရတဲ့ မေမွန့်ကို မယုံရင် ဘယ်သူ့ကိုယုံကြည်ရမှာလဲ ... ဒါပေမဲ့ မောင်က ကံကြမ္မာကို မယုံရဲဘူးမေမွန် ... လူတစ်ယောက်မှာ နှစ်ခါပြန်ကံမကောင်းနိုင်ဘူးတဲ့ ... ပြီးတော့ ... အခွင့်အရေးဆိုတာလည်း ရတုန်းယူရတယ်တဲ့ ... အခု မေမွန့်အချစ်ကို မောင်ပိုင်ဆိုင်ခဲ့ရပြီ ... အဲဒါကို မောင် ဘယ်လောက်ဝမ်းသာကျေနပ်နေမိသလဲဆိုတာ မေမွန်သိရဲ့လား ... ဟောဒီကမ္ဘာမှာ မောင်ဟာ သိပ်ကံကောင်းတဲ့လူပဲလို့ မှတ်ယူထားတဲ့အထိပဲမေမွန် ...

အခု မောင်အရမ်းကြောက်နေတာတစ်ခုက မေမွန့်မိဘတွေသိသွားပြီး မောင်တို့နှစ်ယောက်ကို ခွဲလိုက်မှာကိုပဲ ... ဓန[illegible]ကြီးတဲ့အသိုင်းအဝိုင်းရဲ့လုပ်ရိုးလုပ်စဉ်တွေနဲ့ စည်းခြား[illegible]စ်လိုက်မှာကို မောင်အရမ်းကြောက်နေတယ် ...

မောင် ...

နောက်တစ်ကြိမ် ကံမကောင်းမှာကို သွေးပျက်တုန်
လောက်အောင် ကြောက်ရွံ့နေမိတယ် မေမွန်ရယ် ...
ရည်းစားတွေထည်လဲတွဲခဲ့တာမှန်ပေမယ့် မောင် တ
ချစ်ခဲ့တာ မေမွန်ပါ ...

မောင်လက်ထပ်ပါရစေလို့ ခွင့်တောင်းမိတဲ့အထိ မိန်း
ယောက်ရဲ့ဘဝကို မက်မက်မောမော ပိုင်ချင်ခဲ့တာ
ပဲ ရှိတယ်မေမွန် ... ဒါကြောင့် မောင် မရှုံးနိမ့်ချင်
မောင် အလှည့်စားမခံနိုင်ဘူးမေမွန် ...

ဒါပေမဲ့ ...

မောင် တန်ဖိုးထားပြီးချစ်ရတဲ့ မေမွန်ရဲ့စကားကို
အနက်ထားတဲ့အနေနဲ့ မေမွန်တောင်းဆိုချက်အ
မောင့်ဘက်က ခြေတစ်လှမ်းဆုတ်ပေးမယ်မေမွန် ...
က ဆက်သွယ်လာမယ့်နေ့ကို မောင်ယုံယုံကြည်
စောင့်မယ် ... ဒါပေမဲ့ အချိန်အကန့်အသတ်ရှိတယ်
မင်းကို အချိန်ဆယ်ရက်ပဲပေးမယ်ဖြစ်တယ်မဟုတ်

"အို ... ဖြစ်တာပေါ့ ... သိပ်ကိုဖြစ်တာပေါ့မောင် ...
ဟင်း အဲ့ဒီရက်အတွင်းမှာ ဒက်ဒီတို့ မောင့်ကိုခေါ်
မယ်လို့ မေမွန်ကတိပေးတယ် ... "

"ကတိပေးတယ် ... ဟုတ်လား"

"အင်း ... "

"ဘယ်လိုကတိလဲ ... မေမွန်"

"ဒီလို ကတိလေးမောင်ရဲ့ ... "

မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို အခု
နှိမ်မှာ နေဝန်းယုံကြည်စိတ်ချဖို့ မေမွန်အစွမ်းကုန် ကြိုးစားနေမိ

မောင့်နဖူးပြင်လေးကို ညင်သာစွာ နမ်းလိုက်သည်။

"မေမွန်ရယ် ... "

"အို ... မောင်ရယ်"

မောင့်မျက်နှာချောချောကြီးက မေမွန့်မျက်နှာလေး
ဆတ်ခနဲ ငုံ့ကျလာ၏။ ချစ်သူနှစ်ဦးရဲ့ အချစ်လေးတွေက တစ်
လုံး ပြည့်လျှံသွားသည်။ ချစ်သူနှစ်ဦးရဲ့ ချစ်ကမ္ဘာလေးထဲမှာ
ချစ်ပန်းရောင်စုံပွင့်ဖူးကာ ချစ်ရနံ့လေးတွေနှင့် ထုံသင်းကြိုင်
နေတော့၏။

## အခန်း [ ၁၈ ]

"ဒါ ... ဘယ်ကပြန်လာတာလဲမေမွန် ... "

စိုးရိမ်စိတ်ကလေးတွေနှင့်အတူ မေမွန့်လက်
ပြီး ဆွေသဟာတစ်ယောက် ခြံထောင့်ကလေးဆီသို့ ခေါ်လာ
သည်။ မိန်းကလေးအဝတ်အစားတွေနှင့် အပြောင်းလဲကြီးပြောင်း
နေတဲ့ ဆွေသဟာ့ကို တစ်ခါမျှ မမြင်ဘူးသောလူတစ်ယော
တအံ့တသြငေးမောကြည့်ရင်းကပင်မေမွန်တစ်ယောက် ဆွေသ
နောက်သို့ လိုက်ပါလာ၏။

"မေးတာဖြေလေ ... မေမွန် ... ဒါ နေဝန်းနဲ့ချိန်း
ပြန်လာတာမဟုတ်လား ... "

ဟင် ...





ဆွေသဟာ့နှုတ်က နေဝန်းဆိုတဲ့ပီပီသသခေါ်လိုက်
နာမည်တစ်ခုကြောင့် ... မျက်ဝန်းလေးတွေပြူးဝိုင်းသွားရ၏။
ဝန်းနဲ့သူမအကြောင်းကို ဆွေသဟာသိနေပြီပေါ့။

"မေးနေတယ်လေ မေမွန် ... နင် ဘာဖြစ်လို့ မပြောတာ
လဲ ... "

"ဒီမှာ ... ဆွေသဟာ"

"ဟင် ... "

"ငါဟာငါ ဘယ်ကပဲပြန်လာပြန်လာ နင်နဲ့ဘာဆိုင်လို့လဲ၊
လေသံမာမာကြီးနဲ့မေးရလောက်အောင် နင်က ငါ့ရဲ့
အုပ်ထိန်းသူလား ဆွေသဟာ"

ဟင် ...

ဒေါသမျက်ဝန်းစိမ်းတွေနဲ့ ရန်သူတစ်ယောက်လို
ပြန်လိုက်တဲ့ မေမွန့်ကိုကြည့်ပြီး ဆွေသဟာ အံ့သြမှင်တက်သွားရ
သည်။

ဆွေသဟာ့ကို မေမွန် ဘယ်လိုကြီးဆက်ဆံလိုက်
လဲ။

တကယ်ဆို ...

မေမွန့်သတင်းတွေကြားပြီး ... ဆွေသဟာ ဘယ်
က်တောင် စိုးရိမ်ပူပန်နေရလဲဆိုတာ သိပါရဲ့လား။ နေဝန်းဆို
ကောင်ရှုပ်လေးတစ်ယောက်နဲ့ မေမွန်အတွဲမိနေတယ်ဆိုတဲ့

အကြောင်း ဆွေသဟာသိသိချင်း ဇာတ်လမ်းကိုရှေ့မဆက်အောင် တားဆီးဖို့ ဆွေသဟာ အသည်းအသန်ရှာနေခဲ့တာပါ။

မေမွန် သွားတတ်တဲ့နေရာလေးတွေကို လိုက်ရှာခဲ့ သည်။

သို့သော် ...

ပျောက်သောသူရှာရင်တွေ့ဆိုတာထက် ပုန်းနေတဲ့ သူကို ရှာရတာခက်ခဲလှ၏။ ဆွေသဟာ လက်မလျှော့နိုင်ပါဘူး မေမွန့်ဘဝလေး လှပသာယာအောင် ပြုပြင်ဖို့ သဟာ အစွမ်းကုန် ကြိုးစားမည်ဟု ဆုံးဖြတ်ထားသည်။

နေဝန်းကိုလမ်းခွဲဖို့ ဆွေသဟာတိုက်တွန်းမည်။

မိန်းကလေးတွေ ထည်လဲတွဲတက်တဲ့နေဝန်းဆိုတဲ့ နာမည်နဲ့လိုက်အောင် ပူလောင်မှုတွေပဲ ပေးစွမ်းတတ်တဲ့သူရဲ့လက် ထဲ အရည်ပျော်ပြိုလဲမသွားအောင် ဆွေသဟာ အတတ်နိုင်ဆုံး ထိန်း ချုပ်ဖို့ တစ်ချိန်လုံးစောင့်နေခဲ့တာလေ။

"ဘယ်လိုပြောလိုက်တာလဲ မေမွန် ... နင်နဲ့ငါ ဘာဆိုင်လို့ လဲဆိုတဲ့စကားကြီးကို နင်ဘာလို့ထည့်ပြောရတာလဲ ... နင်နဲ့ငါ အိမ်နီးချင်းငယ်သူငယ်ချင်းတွေမဟုတ်ဘူးလား မေမွန် ... နင့်အတွက် ငါစိုးရိမ်မိတာ အပြစ်လားဟာ ... နေဝန်းဆိုတဲ့လူက ဘယ်လိုလူစားမျိုးလဲဆိုတာ သိရဲ့လား မေမွန်ရယ် ... "





"စိုးရိမ်တယ် ... ဟုတ်လား ဆွေသဟာ ... ဟင်း ... ဟင်း တော်လိုက်တာဟာ ... နားထောင်လို့ကောင်းလိုက်တာ၊ နင် အခုလောက်ထိ စကားပြောကောင်းလိမ့်မယ်လို့ တစ်ခါမှ မတွေးမိတာ ... ငါ သိပ်ညံ့တာပဲ ဆွေသဟာရယ် ... ဟင်း ... ဟင်း"

မေမွန့်နှုတ်ခမ်းလေးတွေက မဲ့ကွေးသွားသလို ခပ်ရွဲ့ စကားတွေက ဆွေသဟာ့စိတ်ကို အုံ့သြတုန်လှုပ်သွားစေခဲ့ပါ သည်။

"နင် ... ဘာတွေဖြစ်နေတာလဲ မေမွန် ... စကားကို ကောင်းကောင်းပြောပါကွာ ... နင် ... ငါ့ကို ဘာတွေ မကျေမနပ်ဖြစ်နေလဲ မေမွန်ရယ် ... "

"သိပ်ဟုတ်တာပေါ့ ဆွေသဟာ ... ငါ နင့်ကို လုံးဝမကျေနပ် ဘူး ... သူငယ်ချင်း ဟုတ်လား ... ဘာသူငယ်ချင်းလဲ ... ဆွေသဟာ ... ငါသိပ်ချစ်တဲ့သူကို နည်းမျိုးစုံနဲ့အရယူဖို့ကြိုး စားတာ ... ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းကြီးတဲ့လား ... ငါ့ ခံစားချက်တွေအားလုံး မြောင်းထဲလွှင့်ပစ်ပြီး ငါ့နှလုံးသား အစိတ်စိတ်အမြွှာမြွှာကွဲအောင်ခွဲခဲ့တာ ... ငါသိပ်ခင်တွယ်ခဲ့ ရတဲ့ အိမ်နီးချင်းငယ်သူငယ်ချင်းတဲ့လား ဆွေသဟာ ... ပြောပါဦး ဆွေသဟာရဲ့ ... နင် ပြောသွားပါဦး ... ဟား ဟား ဟား ... "

"မေမွန် ... နင် ... နင် ... ဘာတွေပြောနေတာလဲ _ နင် ပြောတာတွေကို ငါ တစ်ခုမှနားမလည်ဘူးမေမွန်"

"သွားစမ်းပါ ဆွေသဟာရယ် ... ကိုယ့်ကိုယ်ကိုယ် ဘာ မသိနားမလည်တဲ့ပုံစံလေးနဲ့ ဖြူစင်ရိုးသားဟန်ဆောင် မနေစမ်းပါနဲ့ ... အဲ့ဒီအိုင်တင်တွေက ငါ့ရှေ့မှာအသုံးမဝင် လောက်ဘူးဆိုတာ နင်သိထားစမ်းပါ ဆွေသဟာ ..."

"မဟုတ်ဘူး မေမွန် ... ငါ တကယ် ဘာမှမသိတာပါ _ အဲ့ဒါကို နင်ယုံကြည်ပေးစမ်းပါ မေမွန်ရာ ... ခဏလေး ငါ့ကိုယုံပြီး မင်းဘာတွေဖြစ်နေသလဲဆိုတဲ့အချက်ကို ရှင်း စမ်းပါကွာ ... နော် ... မေမွန်"

"အဟင်း ... ဖြေရှင်းပြဆိုတော့လည်း ပြရသေးတာပေါ့ ဆွေ သဟာ ... ငါကတော့ ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက် ကြီးဆိုပြီး အားကိုးတကြီးရင်ဖွင့်လိုက်ရတာဟာ ငါ့ရင်ထဲ ခံစားချက်တွေ စာနာနိုင်အောင်ဆိုပြီး ဖွင့်ပြလိုက်ရတာ _ ဒါကို နင် ရက်ရက်စက်စက် နှောင့်ယှက်ရက်တယ်နော် _ အဲ့ဒီအချိန်တုန်းကတော့ ဆွေသဟာ ငါ့ကိုတစ်ဖက်သတ် ချစ်နေလို့ တားဆီးတာပဲလို့ ငါက ထင်ခဲ့တာ ... ဟင်း _ ဟင်း ... တကယ်မထင်ဘူး ... ဆွေသဟာ ကြယ်စင်ခ နင့်အနားခေါ်ထားချင်လို့ ... ငါနဲ့မကွဲကွဲအောင် နင်လုပ်တာ လို့ မထင်မိဘူး ဆွေသဟာရယ် ... နင်သိပ်တော်တာ





သိလား ...

နင် ... သိပ်ဟန်ဆောင်ကောင်းတာပဲဟာ ... နင့်ရဲ့သရုပ် ဆောင်မှုတွေက လက်ဖျားခါစရာပါပဲ ... နင့်လုပ်ရပ်ကြောင့် ငါ့မှာစိတ်တွေလေလွင့်နေရပြီလေ ... နင်ကျေနပ်တယ် မဟုတ်လား ... နင် အရမ်းအရမ်းကို ပျော်တယ်မဟုတ် လား ဆွေသဟာ၊ နင့်အပေါ် အနိုင်ယူထားသမျှ လက်စား ပြန်ချေရလို့ နင် အရမ်းကိုဝမ်းသာနေတယ် မဟုတ်လား"

"တော်တော့ ... မေမွန် ... တော်ပါတော့ ... မင်း ... မင်း ဆက်ပြီးမပြောပါနဲ့တော့ မေမွန်ရယ် ... မင်း ငါ့ကို အထင်လွဲနေပြီမေမွန် ... "

ဆွေသဟာ ... မေမွန့်စွပ်စွဲချက်တွေကို ဆက်ပြီး ထောင်နိုင်စွမ်းမရှိတာကြောင့် အလျင်အမြန်တားဆီးလိုက်မိ ည်။ ခန္ဓာကိုယ်လေးယိုင်နဲ့ကာ သစ်သားခုံတန်းလေးပေါ် ထိုင် သွားရတော့၏။ မေမွန်တစ်ယောက် ဆွေသဟာ့အပေါ် အထင် လွဲမှားနေပြီဆိုတာ သိရပြီ။

"ဘာလဲ ... နားမထောင်ရဲတော့ဘူးလား ဆွေသဟာ ... လူကြီးချင်း ခင်မင်ရင်းနှီးမှုနဲ့ကြယ်စင်ခမိဘတွေအပေါ်မှာ တင်နေတဲ့ ကျေးဇူးတရားတွေကို ဖိနင်းပြီး ဘဝမှာသန့်ရှင်း စင်ကြယ်မှုမရှိတဲ့ အမဲစက်ရာတစ်ခုကိုဖျက်ဖို့ ကြယ်စင်ခကို အသုံးချရက်တာ ငါ အံ့ဩမဆုံးဘူးဟာ ... "

"ဘာ ... ဘယ်လိုမေမွန် ... ငါ ... ငါက"

"ဘာလဲ ... အဲ့ဒါတွေလည်း မသိဘူးလို့ ငြင်းပြဦးမလို့လား ဆွေသဟာ ... တော်ပါတော့ဟာ ... နင့်ရဲ့ဟန်ဆောင်မှုတွေကို ရပ်တန်းကရပ်ပါတော့ ... ငါ ... ငါ ... နင့်ကို သိပ်ကြောက်လို့ပါ ... ဆွေသဟာရယ် ...

ငါ သိပ်ချစ်ပါးကြယ်စင်ခကို ငါ့ဘဝထဲကနေ မရရအောင် ထုတ်ပေးဖို့ နင့်ဒက်ဒီနဲ့မာမီကို အပူကပ်ခဲ့တာ မဟုတ်လား ဆွေသဟာ ... "

"မဟုတ်ဘူး ... မေမွန် ... ငါ ... ငါ့ကို နင်ယုံပါဟာ ... ငါ တကယ်ပဲ အပူမကပ်ခဲ့တာပါ ... ပြီးတော့ ... နင်အခုပြော တဲ့အကြောင်းအရာတွေကိုလည်း ငါ ငါလေ ဘာတစ်ခုမှ မသိရပါဘူးဟာ ... နင် ငါ့ကို အထင်မလွဲပါနဲ့မေမွန်ရာ"

"ဟင်း ... ဟင်း"

"ဟင်း ... ဟင်း"

"မေမွန် ... "

"သွားတော့ ... ဆွေသဟာ ... နင့်လိုရက်စက်တတ်တဲ့ နှလုံးသားရှိတဲ့သူငယ်ချင်းမျိုး နောင်သံသရာဘဝအဆက်ဆက် ငါမတွေ့ဆုံချင်ဘူး ... သူငယ်ချင်းဆိုတဲ့စည်းကိုမှ သစ္စာမစောင့်သိတဲ့နင့်ကို ငါ မုန်းတယ် ... ဆွေသဟာ ... ငါ နင့်ကို အရမ်းမုန်းတယ် ... "





"မေမွန် ... "

မေမွန့်ဆီက အမုန်းတရားတွေကို ခံနိုင်ရည်မရှိစွာ ဘားဆီးပစ်လိုက်မိသည်။

"မခေါ်နဲ့ ... ဆွေသဟာ ... ငါ ရင်ကိုခွဲပြီး ငါ့အသည်းကို ရက်ရက်စက်စက်ထုတ်ယူပြီးတော့မှ သနားတဲ့လေသံလေးနဲ့ လာမခေါ်နဲ့ ... မကြားချင်ဘူး ... လုံးဝမကြားချင်ဘူး ဆွေသဟာ ... သွား ... နင်အခုချက်ချင်းငါ့ခြံထဲကထွက်သွား ... ဆွေသဟာ ... နင့်မျက်နှာကို လုံးဝမမြင်ချင်ဘူး။ ငါ့ဘဝကို အားရအောင်ဖျက်ပြီးတော့မှ ... ဆရာမကြီးလိုလို ကယ်တင်ရှင်ကြီးလိုလိုပုံစံမျိုးနဲ့ လာလုပ်မနေနဲ့ ... ငါ့ဘဝနဲ့ ငါ ဘာဖြစ်ဖြစ် ... အေး ... နင်မြဲမြဲမှတ်ထားဖို့က ငါ အခုလို ဖြစ်ရတာတွေအားလုံးက နင့်ကြောင့်ချည်းပဲဆွေသဟာ ... နင်လုပ်လို့ ငါ အခုလိုဖြစ်ရတာ ... "

"မေမွန်ရယ် ... "

"တကယ်အံ့သြတယ် ... ဆွေသဟာ ... ကြယ်စင်ခရဲ့စိတ်အာရုံတွေက ဘယ်သူ့ဆီမှာရှိနေတယ်ဆိုတာ သိသိကြီးနဲ့ နင်မို့လို့ လုပ်ရက်တယ်ဟာ ... နင်မရှက်ဘူးလား ဆွေသဟာ ... ကြယ်စင်ခစိတ်ဝင်စားတဲ့သူက ငါ့ကိုဆိုတာ သိသိကြီးနဲ့များဟာ နင်မို့လို့ ... "

"မေမွန် ... မေမွန်ရယ် ... ငါ ရှင်းပြပါရစေဦးဟာ ... ငါ့ကို

ရှင်းပြခွင့်လေး ခဏလောက်ပေးပါ ... နင်ထင်တာတွေ နင်ပြောနေတာတွေ ဘာတစ်ခုမှ မသိခဲ့တာအမှန်ပါ ... မေမွန်ရယ် ...

အဲ့ဒါကို ငါ ကျိန်ဆိုပြောရဲပါတယ်ဟာ ... နင်နဲ့ကြယ်စင်ခတို့ အမြန်မြန်အလှန်လှန်နားလည်မှုရှိတယ်ဆိုတာ ငါသိပါတယ် အဲ့ဒီအတွက်လည်း ... ငါခံစားခဲ့ရတာပါပဲမေမွန် ... အဲ့ဒါ ကြယ်စင်ခကို နင့်အနားကနေ ဆွဲထုတ်ဖို့ဆိုတဲ့အကြံကြောင့် ဝမ်းနည်းကြေကွဲခဲ့တာ မဟုတ်ဘူးနော် ...

သိပ်ချစ်ရတဲ့ မေမွန်ဆိုတဲ့ ငါ့နှလုံးသားထဲမှာရှိတဲ့ နင့်ကို ဆုံးရှုံးရတော့မှာပါလားဆိုတဲ့အသိကြောင့်ပါ မေမွန်ရယ် ... ငါလေ ... ငါ ... နင်အခုလို ... စိတ်တွေလေလွင့်နေတာ တကယ်မမြင်ရက်ဘူး ... မေမွန် ... ငါ့ကို အရွဲ့တိုက်ပြီး နေဝန်းဆိုတဲ့ကောင်နဲ့တော့ မတွဲပါနဲ့ဟာ ...

နင်သိပ်ချစ်တာ ကြယ်စင်ခကိုပါ ... နောက်ပြီး ... ကြယ်စင် ခကိုယ်တိုင်ကလည်း နင့်ကိုပဲ စိတ်ဝင်စားတယ်ဆိုတာ ငါ ရိပ်မိပါတယ် ... ငါနဲ့ကြယ်စင်ခကို နင်အထင်မလွဲပါနဲ့ဟာ သူနဲ့ငါက သူငယ်ချင်းတွေလိုပဲ ရိုးရိုးသားသားခင်ကြတာ ပါ ... နေဝန်းဆိုတာ နင့်နှလုံးသားထဲမှာ တကယ်နေရာမရှိ တဲ့သူပါ မေမွန် ... ငါ့ကိုအရွဲ့တိုက်ချင်စိတ်နဲ့ လျှောက်မတွဲ ပါနဲ့ဟာ ... ကြယ်စင်ခနဲ့ငါ ဘာမှမဆိုင်ပါဘူး မေမွန်ရယ်"





"ဟုတ်ရဲ့လား ဆွေသဟာ ... နင် ... နင် တကယ်ပြောတာ လား ... ဒါဆို နင် သူ့ကို လုံးဝစိတ်မဝင်စားဘူးပေါ့နော်..." လူကြီးတွေ အတင်းစီစဉ်ရင်လည်း နင်ငြင်းမယ်ပေါ့ ဟုတ် လား ဆွေသဟာ ..."

လက်ဖြာသောမျက်ဝန်းလေးတွေနဲ့ အလေးတကြီး ...းလိုက်တဲ့ မေမွန့်ကိုကြည့်ပြီး ဆွေသဟာ့ရင်ထဲ နာကျင်စွာ ခံစား ...က်ရပါသည်။ မျှော်လင့်ချက်တွေက မေမွန့်မျက်နှာလှလှလေးမှာ ...ည့်နက်နေတာလေ။ ဒါကို ဆွေသဟာ ဘယ်လိုလုပ်ပြီး ခေါင်းခါ ...မှာလဲကွယ်။ အက်ကွဲတုန်ယင်တိုးလျှသော အသံလေးက ဆွေ ...ဟာနှုတ်ခမ်းလေးဆီမှ ထွက်ကျလာ၏။

"တကယ်ပါ မေမွန်ရယ် ... ငါ့ဘဝက နင့်ပြောသလိုပါပဲ... ဖြူစင်သန့်ရှင်းမှုမရှိတဲ့ အမဲစက်တွေထင်ကျန်နေတဲ့ဘဝ ပါ ... ဒါကို စိတ်သဘောထားဖြူစင်ရိုးသားတဲ့ ကြယ်စင်ခလို လူတစ်ယောက်လက်ထဲ ငါ ဘယ်လိုလုပ်ထည့်ရက်မလဲ မေမွန် ...

နောက်ပြီး ...

သူဟာ ... ငါ့ကျေးဇူးရှင်ပါ ... သူ့ကြောင့် ငါ့ဘဝလေး ဒုက္ခ နွံထဲနစ်မသွားတာပါ ... ဘယ်လိုပဲဖြစ်ဖြစ်ပါလေ ... ငါဟာ သွေးပျက်တုန်လှုပ်ချောက်ချားစရာကောင်းတဲ့ အိပ်မက် တစ်ခုထဲ ရောက်ဖူးခဲ့တဲ့သူပါပဲ ... မေမွန်ရယ် ..."

အားငယ်စိတ်များနှင့် ခေါင်းလေးငုံ့ကျသွားတဲ့ ဆွေ
သဟာ့ကိုကြည့်ပြီး မေမွန် ကြိတ်ပြီး ပြုံးလိုက်မိသည်။ မေမွန်တ
ယောက် စိတ်တွေလေနေတယ်လို့ ဆွေသဟာက ထင်နေတာကို

အဟင်း ... ဟင်း။

တော်တော်ရယ်ရတဲ့ ဆွေသဟာပဲ။

နေဝန်းနဲ့ချစ်သူတွေဖြစ်နေတယ်ဆိုတာ ဆွေသဟာ
လက်ခံယုံကြည်ထားပုံမရဘဲ ကြယ်စင်ခကိုစွန့်ပတ်သက်ပြီး စိတ်
လေကာ အပျော်လျှောက်တွဲနေသည်ဟု ထင်နေသည်။

ဒါ ...

မေမွန့်အတွက် အခွင့်အရေးပဲ။

မေမွန့်ဘဝမှာ နေဝန်းထက် ကြယ်စင်ခက ပို
လိုအပ်တာလေ။ ဥစ္စာပေါ ရုပ်ချော ပညာတတ် ကြယ်စင်လိုလူ
ကိုပဲ မေမွန်ရွေးချယ်မှာပေါ့။ ခက်နေတာ ကြယ်စင်ခပဲ။ မေမွန်
အခုတလော ရှောင်နေသည်။

နေဝန်းနဲ့စတွဲတုန်းက ဘာမှဝေဖန်ပြစ်တင်ခြင်း
ဘဲ အေးစက်စက်ကြည့်နေတက်ခဲ့တဲ့ ကြယ်စင်ခက ဆွေသဟာ
လူရှုပ်လူပွေ့သစ်လွင်ရဲ့လက်ထဲက ရအောင်ကယ်ခဲ့သည်။

ဟွန်း ...

ရှင် လုံးဝမတရားဘူး ကြယ်စင်ခ။

မေမွန့်အပေါ် ရှင် အရမ်းရက်စက်တယ်။ ရှင်





ခတွေးမိတိုင်း နာကြည်းမှုတွေက မေမွန့်ရင်ထဲမှာ အဆိုင်အခဲတစ်ခု
လို ဖြစ်နေရပြီရှင့် သိရဲ့လား

"မေမွန် ..."

"ဟင် ..."

"ငါပြောတာကို နင်ယုံပါမေမွန်ရယ် ... နင့်ရဲ့အနာဂတ်လေး
လှပသာယာနေတာကိုပဲ မြင်ချင်တဲ့သူပါဟာ ... နင်ပျော်နေ
တာကို မြင်ရင် ငါလည်း အရမ်းပျော်တယ် မေမွန် ... နင်
အခုလို စိတ်တွေလေပြီး ဝမ်းနည်းကြေကွဲနေတာမြင်ရတဲ့
ငါ နှလုံးသားမှာ မျက်ရည်တွေအပြည့်နဲ့ပါ မေမွန်ရယ်"

"ဆောရီးပဲ ... သဟာ ... မေမွန်စိတ်တွေမထိန်းချုပ်နိုင်ဘဲ
ပေါက်ကွဲသွားမိတယ် ... တကယ်ဆို ဆွေသဟာ့ကို အဲ့ဒီ
လောက်ထိ မစွပ်စွဲသင့်ဘူးဆိုတာ မေမွန်သိပါတယ် ...
ဒါပေမဲ့ ..."

"ရပါတယ် မေမွန် ... ငါ့ကို နင် တောင်းပန်စရာမလိုပါဘူး
ဟာ ... နင်ပြောတာတွေအားလုံးက မှန်နေတာပဲဟာ ...
နင် အခုအချိန်မှာ အရမ်းကို ထူပူနေတယ်ဆိုတာ ငါ နား
လည်ပေးလို့ရပါတယ် မေမွန်ရယ် ..."

"ကျေးဇူးပါပဲ ဆွေသဟာ ... ငါ့ကို နားလည်မှုအပေးနိုင်ဆုံး
နဲ့ အလိုလိုက်သည်းခံဆုံးဟာ ဟော့ဒီကမ္ဘာကြီးထဲမှာ နင်
တစ်ယောက်တည်း ရှိပါတယ်ဟာ ... အဲ့ဒီအတွက် ငါ အရမ်း

ကို ကျေးဇူးတင်ပါတယ်ဟာ ... ”

စိတ်ထဲကမပါလှသော်လည်း ... ဆွေသဟာ့ ကျေးဇူးတင်စကားတွေ ပြောနေမိသည်။ ဒါမှ မေမွန်အပေါ် စာနာ ငဲ့ညှာမှာလေ။

အဲ့ဒါကိုပဲ ...

မေမွန်လိုအပ်တာ မဟုတ်လား။

ဆွေသဟာ ...

အရေးကြီးတာ ... ကိုယ့်အသိစိတ်ဓာတ်နဲ့ကို နောက်ဆုတ်ဖို့ပဲလေ။ နင်သာငြင်းရင် အားလုံးပြီးတယ်ဆွေသဟာ အစိက နင့်ဘက်က ဘယ်တော့မှ ခေါင်းမညိတ်မိဖို့ပဲ လိုအပ်တာ ဆွေသဟာရဲ့။





## အခန်း [ ၁၉ ]

“ဘယ်လို ပြောလိုက်တာလဲမေမေ ... မဆွေသဟာက ငြင်း လိုက်တယ် ဟုတ်လား ... ”

မေမေ့စကားကြောင့် မယုံကြည်နိုင်သလိုပင် ဖြစ် ...းရသူက ကြယ်စင်ခရယ်ပါ။

“ဟုတ်တယ် သားရယ် ... မေမေဖြင့် အံ့ဩလို့မဆုံးနိုင်ဘူး၊ မေမေ့သားကို လက်မထပ်နိုင်ပါဘူးလို့ ငြင်းရတယ်လို့ ... ရင်နာလိုက်တာကွယ် ... သူက ဘာဖို့လို့ ငြင်းရတာလဲ... ကိုယ့်အကြောင်းကိုယ်မသိတာလည်းမဟုတ်ဘဲနဲ့... မေမေ့ သား လက်ထပ်ခွင့်တောင်းတာပဲ ကျေးဇူးတင်ပါဦး အခု တော့ ... ”

မေမေသည် သားဖြစ်သူဘက်ကနေ၍ အတော်
လေး မချိတင်ကဲဖြစ်နေခဲ့သည်။ မေမေ့ဘဝမှာ ကြယ်စင်ခဆို
သူ့ကို အကြီးမြတ်ဆုံးလူတစ်ယောက်အဖြစ် သတ်မှတ်ထားတာ
နှစ်ဖက်လူကြီးတွေရဲ့သဘောဆန္ဒအရဆိုတာထက် ကြယ်စင်ခကိုယ်
တိုင်က ဆွေသဟာ့ကို မြတ်နိုးလွန်းလို့ ခေါင်းညိတ်လက်ခံခဲ့တာ

ဆွေသဟာ့ဘက်ကလည်း ... ငြင်းဆန်လိမ့်မည်
ကြယ်စင်ခမထင်မိ။ ဆွေသဟာနဲ့ ဟိုနေ့ကစကားတွေ ပြောခဲ့
တာ အဆင်ပြေချောမွေ့ခဲ့တာပဲဟာ။

မဟုတ်သေးပါဘူး။

ဆွေသဟာကိုယ်တိုင်က ... ငြင်းပယ်တယ်ဆို
ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပါပဲ။ တစ်စုံတစ်ခုတော့ မှားယွင်းနေ
ဘာကြောင့်များလဲဆိုတာ မသိပေမယ့် ဆွေသဟာ့ဘက်က ခေါင်း
ခါငြင်းလိုက်ကာကိုတော့ ကြယ်စင်ခတစ်ယောက် လက်မခံနိုင်လော
အောင်ပင် ဖြစ်နေရသည်။

"အဲ့ဒါလည်း ကောင်းတာပါပဲ ... ဒီကလည်း ကိုမိုးတိမ်
သဘောဆန္ဒကို မလွန်ဆန်နိုင်လွန်းလို့သာ လက်ခံရတာ"

"နေ ... နေပါဦးမေမေ ... သားကို လက်မထပ်နိုင်ပါဘူး
ဆွေသဟာကိုယ်တိုင်က ငြင်းတာလား ... မေမေနဲ့သူ ဘယ်
တုန်းက ဆုံးဖြစ်ခဲ့တာလဲ မေမေ ... "

"အို ... သူကိုယ်တိုင် ဘယ်ဟုတ်ပါ့မလဲ ... သူက သူ့

ရှေ့မှာ မပြောရဲလို့တဲ့ ... သူ့သူငယ်ချင်း မေမွန်ဆိုတဲ့ကောင်
မလေးကို ဒီအိမ်လွှတ်ပြီး အပြောခိုင်းတာ သားရဲ့ ... "

ဟင် ...

မေမွန်တဲ့ ...

မေမွန့်ကိုတစ်ဆင့်ပြောခိုင်းတာတဲ့လေ။

"တော်တော်လူပါးဝတဲ့ကောင်မလေး ... လူကြီးတွေရဲ့စိတ်
ချမ်းသာမှုအတိုင်း နာခံလိုက်ရင် သူမချစ်တဲ့လူနဲ့ တစ်သက်
လုံးနေရမှာကို မလိုလားဘူးတဲ့ ... ဒက်ဒီကျေးဇူးတွေရှိတာ
မှန်ပေမယ့် ဒီလိုနည်းနဲ့တော့ လာမဆပ်ပါနဲ့တဲ့သားရယ်၊
ကြည့်စမ်း ... ဒင်းရဲ့စကားတွေက မေမေတို့ရဲ့စေတနာ
မေတ္တာတွေကို ဘယ်လောက်ထိစော်ကားလိုက်သလဲလို့"

"မဖြစ်နိုင်ဘူး မေမေ ... ဒီစကားတွေကို ဆွေသဟာပြော
ခိုင်းတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး ... "

"ဘာ ... "

"ဟုတ်တယ် မေမေ ... ဆွေသဟာ့စိတ်ဓာတ်ကို သားအသိ
ဆုံးပဲဟာ ... သူ ... အဲ့ဒီလိုပြောခိုင်းမှာမဟုတ်ပါဘူး"

"ဟင် ... ဒီလောက် အိမ်တိုင်ယာရောက် လာပြောခိုင်းတဲ့
ဟာ မင်းက မဖြစ်နိုင်ပါဘူးဆိုတော့ ဒါဆို မေမွန်ဆိုတဲ့
ကောင်မလေးက ကြားကနေ ကလိန်ကကျစ်လာပြောတာ
ပေါ့လေ ... ဟုတ်လား ... ကြယ်စင်ခ"

"အဲ ... ဒါ ... ဒါက"

"တော်တော့ ကြယ်စင်ခ ... မင်း ယောကျ်ားမာနမရှိတော
ဘူးလားဟင် ... အမှားအမှန်ခွဲခြားသုံးသပ်နိုင်တဲ့ ဦးနှော
အသိတွေ ဘယ်ရောက်ကုန်ပြီလဲ ... မင်းအဖေနဲ့မင်းက
တစ်ပါးရဲ့ကျေးဇူးတရားတွေကိုပဲ တစ်ချိန်လုံး ဦးထိပ်
ဆင်ချင်နေတယ် ...

ကျေးဇူးရှိတိုင်း အရာအားလုံး ခေါင်းငုံ့အရှုံးပေးရမလား
အမေကတော့ ရှင်းရှင်းပဲ ... မင်းနဲ့ဆွေသဟာ့ကို လုံး
သဘောမတူနိုင်တော့ဘူး ကြယ်စင်ခ ..."

"မေမေ ..."

"မင်း ... ဘာမှဖြေရှင်းဖို့ မကြိုးစားနဲ့ ... ငါ အခုချက်
မင်းအဖေဆီ လှမ်းပြီး ဖုန်းဆက်ပြောမယ် ... မင်း
ဒီနေ့ကစပြီး ဆွေသဟာဆိုတဲ့ကောင်မလေးနဲ့ လုံးဝ
သက်နဲ့... သတင်းပြန့်ကြားလို့ကတော့ မေမေ့အဆိုး
နော် ကြယ်စင်ခ ..."

ဒုက္ခပါပဲ။

ဘယ်လိုတွေဖြစ်ကုန်ရတာလဲ။

ဆွေသဟာနဲ့ မေမေ့ကြားတွင် အခြေအနေ
ထင်မှတ်မထားလောက်အောင်ပဲ တင်းမာနေချေပြီ။

ကြားကနေ စိတ်တွေအညစ်ကြီး ညစ်နေ





ကြယ်စင်ခရယ်ပါ။

"မင်း စဉ်းစားကြည့်လေ ... မေမေတို့အပေါ် ဦးဘုန်းမိုးရဲ့
ကျေးဇူးတွေရှိတဲ့အကြောင်း ဘယ်သူက အတွင်းကျကျ
သိလို့လဲ ... ဒါကို မေမွန်ဆိုတဲ့ကောင်မလေးရဲ့စကားထဲမှာ
ပါလာတော့ မေမေ အံ့ဩဘဲမနေနိုင်တော့ဘူး ကြယ်စင်ခ
ရယ် ...

ဟွန်း ...

မေမွန်က အားနာနာနဲ့ပြောသွားပေမဲ့ စိတ်မကောင်းပါဘူး
အန်တီရယ် ... ကြယ်စင်ခဆိုတာကလည်း သူ့သူငယ်ချင်းပါ
ပဲတဲ့လေ ... သားဘက်ကတောင် မခံမရပ်နိုင်ဘဲဖြစ်နေတဲ့
မေမွန်ကိုမှ မယုံကြည်ရင် ဘယ်သူ့စကားကို ယုံကြည်တော့
မလဲ ကြယ်စင်ခ ... မေမွန်ဆိုတာ ခပ်ရှုပ်ရှုပ်မိန်းကလေး
ပုံစံမှ မဟုတ်တာ ..."

မေမေက အချက်ကျကျ ဖြေရှင်းပြလိုက်တာမို့ ...
ကြယ်စင်ခ ဘယ်လိုဆက်ပြီး ငြင်းပယ်ရမှန်းမသိတော့ချေ။

"အဟွန်း ... ပုံစံကိုကြည့်တော့ ယောကျ်ားလိုလို မိန်းမလို
လိုနဲ့ ဒင်းလိုလူမျိုးက ငါ့သားကိုများ ငြင်းရတယ်လို့ ရင်နာ
စရာကောင်းလိုက်တာ ..."

မေမေသည် ...

ဘယ်လိုမှ ဖြေသိမ့်မရသူတစ်ယောက်လို တတွတ်

တွတ် ရေရွတ်လိုက် ဒေါသတွေထွက်လိုက် ဆောက်တည်ရာမရ ဖြစ်နေ၏။ ကြယ်စင်ခရဲ့ဦးနှောက်ထဲမှာ ရှုပ်ထွေးနှောက်ကျနေရသည်။ ဆွေသဟာ တကယ်ပဲ မေမွန့်ကိုပြောခိုင်းခဲ့သလား။ စိတ်ဆတ်တဲ့ဆွေသဟာက ပြောလို့ရတာမဟုတ်။ ဆွေသဟာ မပြောခိုင်းဘဲ မေမွန်က အမုန်းခံပြီး လာပြောမှာမဟုတ်ချေ။

ဒုက္ခပါပဲ။

မေမွန်ကရော ... ။

ဒီလိုစကားတွေကို ဘာကြောင့် မေမေ့ကိုမှ တိုက်ရိုက် သွားပြောရတာလဲ။ အတွေးတွေနှင့် ရှုပ်ယှက်ခတ်နေရသည်။ တစ်စုံတစ်ခုကို စိုးရိမ်စိတ်များက ရင်ကို ပြင်းထန်စွာ လောင်မြိုက်စေခဲ့၏။ ကြေကွဲဝမ်းနည်းမှုတွေက ရင်တစ်ခုလုံး တင်းကျပ်နေရသည်။

မျှိုသိပ်မှုတွေက တဖြည်းဖြည်းသိပ်သည်းလာတော့ ကြယ်စင်ခတစ်ယောက် နေရာလေးကနေ ဝုန်းခနဲ ထရပ်ပစ်လိုက်ပြီး နေရာကနေ ခြေလှမ်းကျဲကြီးတွေနှင့် လှမ်းထွက်ခဲ့တော့၏။

"ဟဲ့ ... သား ... ဒါ ဘယ်လဲ"

ကြယ်စင်ခ ပြန်မဖြေမိ။

သွက်လက်သောခြေလှမ်းတွေနှင့် တိုက်ကြီးထဲက နေထွက်ကာ ခြံထဲရပ်ထားသော သူ့ကားလေးပေါ်တက်ပြီး ဝေါခနဲနေအောင် မောင်းထွက်လာခဲ့တော့သည်။





ဆွေသဟာ့မှာတော့ ...

အနောက်ဘက်ကနေ ကားဟွန်းတီးကာ ရပ်ခိုင်းနေ ကားလေးကြောင့် စိတ်တွေတုန်လှုပ်ချောက်ချားသွားရ ကားဘက်ကြည့်မှန်လေးမှတစ်ဆင့် လှမ်းကြည့်လိုက်တော့ ...င်ရဲ့ကားဖြစ်နေ၏။

ကားကိုတေပေပြီး ဆွေသဟာမောင်းနေမိသည်။ ...ရပ်ပေးဖို့ အတင်း အချက်ပြနေတဲ့ သစ်လွင်ကားကို လွှတ် မောင်းနေမိသော်လည်း လမ်းတစ်နေရာတွင်တော့ သစ် ...ားလေးက သူမကားလေးကို ဘေးချင်းယှဉ်ကာ ရှေ့ကနေ ...ပြီး ထိုးရပ်လိုက်တာမို့ ဆွေသဟာ ဘယ်လိုမှ မတတ်နိုင် ...ဲ ကားလေကို ရပ်တန့်လိုက်ရတော့သည်။

ဆွေသဟာ ကားလေးထဲတွင် ထိုင်နေမိ၏။

"ဒေါက် ... ဒေါက်"

ကားမှန်တံခါးချပ်လေးကို လာခေါက်တဲ့ သစ်လွင် ...ီးစက်ဆုပ်စွာ တစ်ချက်လှမ်းကြည့်လိုက်ပြီး မှန်တံခါးချပ် ဖွင့်လိုက်မိသည်။

"ဘာကိစ္စလဲ သစ်လွင် ... "

"...လေသံကမာလှချည်လား ဆွေသဟာ ... ဘာလဲ ကိုယ့်ကို ...ခုချိန်ထိ နာကြည်းမုန်းတီးနေတုန်းလား ... "

"...ှင့်လုပ်ရပ်တွေကရော လေးစားစရာကောင်းနေလို့လား

သစ်လွင် ... "

"ရှင်က ဟုတ်လား ... အဟွန်း ... ဟွန်း ... ဒါဆို ဆွေသဟာ တော်တော်ကြီး ပြောင်းလဲသွားတာပဲ ... "

ဆွေသဟာ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး ပြေ လာတဲ့သစ်လွင်ရဲ့မျက်နှာကြီးကို ကုတ်ဆွဲပစ်ချင်လောက်အောင် ဒေါသတွေ ပေါက်ကွဲနေရ၏။ သို့သော် ထစ်ခနဲဆို လက်ပါတ သောအကျင့်ကို အတိတ်ဟောင်းက ပုံစံဟောင်းနှင့်အတူ ဆွေ သဟာ စွန့်ခွာခဲ့ပါပြီ။

"သဟာ ... "

" ... "

"ကိုယ် မင်းကို တောင်းပန်ပါတယ်"

ဟင် ... ။

"ကိုယ် ... သိပ်မှားသွားတယ် ဆွေသဟာ ... ဒါပေမဲ့ အ အမှားကလည်း မင်းကို မုန်းတီးလွန်းလို့ မဟုတ်ဘူးဆိုတာ တော့ မှတ်ထားပေးပါ ... ကိုယ် မင်းကို တကယ်ချစ်ခဲ့ ပါ ဆွေသဟာ ... အဲ့ဒါကို မင်း အကြွင်းမဲ့ ယုံကြည် လိုက်ပါ ... တဒင်္ဂ ကိုယ့်စိတ်တွေ လွတ်ထွက်သွား မင်းကိုချစ်တဲ့စိတ်တွေက ရင်ထဲမှာ အပြည့်ပါပဲဆွေသ

"အဲ့ဒါတွေ လာပြောနေတော့ရော ဘာတွေထက်ပြီး ထူး လာမှာမို့လဲသစ်လွင် ... နောက်ပြီး ... ရှင်နဲ့လည်း





မဖြစ်ချင်တော့ဘူး ... သွေးပျက်တုန်လှုပ်စရာကောင်းတဲ့ အတိတ်ကနေ့ရက်တွေကို ဆွေသဟာ ပြန်မသွားတော့ဘူး သစ်လွင် ... "

"ကိုယ်နားလည်ပါတယ် ဆွေသဟာ ... ကိုယ်ကလည်း မင်းကို ပြန်မသွားစေချင်ပါဘူး ... မင်းမှာ လူကြီးချင်းသဘောတူထားတဲ့ ကြယ်စင်ခဆိုတဲ့ သူရဲကောင်းတစ်ယောက် အနားမှာရှိနေတယ်ဆိုတာသိပေမယ့် ကိုယ့်စိတ်ထဲမှာ မင်း တစ်နေ့နေ့ ကိုယ့်ဆီများ ပြန်လာမလားဆိုတဲ့ မျှော်လင့်ချက်တစ်ခုထားမိတယ် ဆွေသဟာ ... ဒီတစ်ခါတော့ ကိုယ့်ရဲ့ ကြိုဆိုမှုက မင်းလေးစားလောက်အောင်ရှိနေပါ့မယ်ဆိုတာ မင်းကို အသိပေးချင်လို့ ကားကို ရပ်ခိုင်းလိုက်တာပါ။ မင်းကို နှောင့်ယှက်ဖို့မဟုတ်ပါဘူး ဆွေသဟာ ... နောက်ပြီး ကိုယ်ဆိုတဲ့ သစ်လွင်ကလည်း မင်းထင်ထားသလောက် မယုတ်မာပါဘူးဆိုတဲ့အကြောင်းပြောချင်လို့ပါ ... "

"မင်းပြောချင်တာ ဒါပဲလားသစ်လွင် ... ဒါပဲဆိုရင်တော့ ရှေ့ကကားကို ဖယ်ပေးတော့ ... "

"ဖယ်ပေးပါ့မယ်ဆွေသဟာ ... မင်းစိတ်ချပါ"

ပြောပြီးတာနဲ့ ချာခနဲနေအောင်လှည့်ထွက်သွားတဲ့ ်လွင်ကိုကြည့်ပြီး ဆွေသဟာတစ်ယောက် သက်ပြင်းမောလေး င်သွားတော့သည်။

သစ်လွင်ရဲ့ကားလေး ပိတ်ရပ်နေရာမှ လမ်းဖယ်ကာပေး၏။ ဆွေသဟာ့ကားကို လမ်းမပေါ်ပြန်တက်ကာ နေရာကနေ ဝေါခနဲနေအောင် မောင်းထွက်ခဲ့မိပါတော့သည်။ ကားထဲကနေ လက်ကလေးပြနေသော သစ်လွင်ကိုလည်း လှည့်မကြည့်ဖြစ်တော့။

အခုမှ ...

လာတောင်းပန်နေလို့ ဘာထူးဦးမှာလဲ သစ်လွင်။

အားနည်းချက်တစ်ခုကို အနိုင်မာဆုံးပေးဆပ်ခဲ့တဲ့ရှင့်ကို ရန်သူတစ်ယောက်လို မဆက်ဆံချင်ရင်တောင် မဟာမိတ်ဖွဲ့ဖို့ ဘယ်တော့မှ စိတ်ကူးဖြစ်မှာမဟုတ်ဘူးဆိုတာ မှတ်ထားလိုက်စမ်းပါ။ ဆွေသဟာ့စိတ်တွေ စောစောကလောက် ရှင်လန်း မနေတော့ပါချေ။

သစ်လွင်ဆိုတဲ့လူနဲ့တွေ့ဆုံလိုက်တဲ့အချိန်ကစပြီး အတိတ်ကဖြစ်ရပ်တွေက မတွေးပါပဲ ဦးနှောက်မှတစ်ဆင့် အတွေးတွေထဲ ပြန်အစပျိုးကာ ဖော်နေသည်။

ကြယ်စင်ခကို သတိရလာမိ၏။

ဆွေသဟာ ဘယ်လောက်ပဲ ရန်ရှာနေပါစေ ... တကယ်တမ်း အရေးကြုံတော့ စိုးရိမ်ပူပန်မှုတွေနဲ့ ဖေးမကူညီခဲ့သည်။ စိတ်ဓာတ်တွေ လဲပြိုမကျသွားအောင် အားပေးစကားတွေဆိုခဲ့၏။





ကြယ်စင်ခရယ် ရှင့်အကြောင်းလေးတွေကို မတွေးဖို့ အတန်တန်သတိထားပါလျက် တွေးမိပြန်ပြီ ကြယ်စင်ခရယ်။ ငှ်ကို ဆွေသဟာ ဘယ်လိုမှ မေ့ဖျောက်လို့မရဘူးရှင်ရယ်။

ဘယ်လိုလုပ်ရမလဲဟင်။

မေမွန်က ရှင့်ကို တစ်ဖက်သတ်စွဲလမ်းနေတာလေ။

မေမွန်ရဲ့ရင်ထဲကခံစားချက်တွေကို သိသိကြီးနဲ့ ဘာ့ ဆွေသဟာ အတ္တမကြီးချင်ဘူး ကြယ်စင်ခရယ်။ ပြီးတော့ က်ရာတွေနဲ့နာကျင်နေရတဲ့ဆွေသဟာ့ရဲ့နှလုံးသားကိုလည်း ရှင့် ာထဲ မမြှုပ်နှံချင်ဘူး။

မေမွန်ပြောတာလည်း မှန်ပါတယ်။

ဖြူစင်ရှင်းသန့်မှုမရှိတဲ့ အတိတ်ရဲ့ပုံရိပ်တွေနဲ့ ကြယ် ခလို စိတ်သဘောထားပြည့်ဝတဲ့သူကို ဒက်ဒီတို့တင်ရှိနေတဲ့ ူးဖူးလေးအပေါ် ဖိနင်းပြီး အတ္တကြီးကြီးနဲ့ သိမ်းပိုက်တာမျိုး ာ မဖြစ်သင့်ဘူးဆိုတာလေ။

ဒါကြောင့် ...

မာမီဘက်က ဖွင့်ဟပြောလာမယ့်အချိန်လေးကျရင် သဟာဘက်က ငြင်းပယ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။

ဒါပေမဲ့လည်း ...

ကြယ်စင်ခရယ် ...

သဟာလေ ရှင့်ကိုချစ်တယ်။ ရှင်ဟာ သဟာရဲ့

ရင်ထဲကို ဘယ်အချိန်တုန်းကများ တိုးသွားလဲဆိုတာ မသိခင်မှာပဲ နှလုံးသားတစ်ခုကို နေရာအပြည့်ယူသွားခဲ့ပြီလေ။ သဟာ့ဘဝထဲကို မထင်မှတ်တဲ့ ချဉ်းကပ်မှုတွေနဲ့ တိုးဝင်လာတဲ့ရှင့်ကို ဘယ်လိုမှ မေ့ဖျောက်လို့ မရအောင်ပဲ စွဲလမ်းနေမိပြီရှင်ရယ်။ တစ်သက်မှာ တစ်ကြိမ်တစ်ခါသာ ပွင့်ဖူးခဲ့တဲ့ ရင်ထဲကအချစ်ပန်းပွင့်လေးက အမျိုးကြီးသူတစ်ယောက်ရဲ့ လက်ဖဝါးအောက်မှာ အပြစ်အနာအဆာတွေ ဗရပွနဲ့ ကျန်ခဲ့ရပေမယ့် ရိုးသားစစ်မှန်တဲ့ချစ်ခြင်းလေးတွေနဲ့ ရှင့်အပေါ်မှာ တွယ်တာမိသွားတာပါ။

အားမငယ်ပါနဲ့လို့ ရှင်ဘယ်လောက်ပဲပြောပြော ဆွေသဟာ့ရင်ထဲက သိမ်ငယ်မှုကြီးကိုတော့ မဖျောက်ဖျက်နိုင်ခဲ့ဘူး။

ဆွေသဟာ ...

ကိုယ့်ဘဝ ကိုယ်သိပါတယ်။

ဒါ့ကြောင့် ... ရင်နာနာနဲ့ပဲ ရှင့်ကို စွန့်လွှတ်ပါတော့မယ် ကြယ်စင်ခရယ်။

## အခန်း [၂၀]

ကားလေးကို ခြံထဲကွေ့ဝင်လိုက်တော့ အသင့်ရပ်ထားသော ကြယ်စင်ခရဲ့ကားလေးကို မြင်ရသည်။ ဆွေသဟာ့ရင် ...တ်ခနဲ လှိုက်ခုန်ကာ သွားရ၏။ တိုက်ဆိုင်တာက အခုလေး ဆွေသဟာတစ်ယောက် ကြည်စင်ခရဲ့အကြောင်းလေးတွေ ...နေမိတာလေ။ အတွေးလေးပင် မဆုံးသေး သူ့ကားလေး ခြံထဲ ...်နေတာမြင်ရတော့ ဆွေသဟာပင် အံ့သြသွားရ၏။

ကားလေးပေါ်ကဆင်းပြီး တိုက်ကြီးဆီသို့ ခြေလှမ်း...တွေ လှမ်းလိုက်ရပေမယ့် လေးလံထိုင်းမှိုင်းကာ တုံ့နှေးနေ...င် စိတ်ထဲမှာထင်နေမိသည်။ သူနဲ့မျက်နှာချင်းမဆိုင်ရဲ့ရှာ...ိမ်းဖို့ စိတ်ကူးလိုက်၏။

"ဟော ... သဟာပြန်လာပြီ"

ညှော့ခန်းလေးရှေ့မှအဖြတ် မာမိုအသံကြောင့် အပေါ်ထပ်သို့ တစ်ခါတည်းတက်ဖို့ ဟန်ပြင်လိုက်တဲ့ ဆွေသဟာ ခြေလှမ်းလေးတွေ တုန့်ခနဲ ရပ်သွားရ၏။ ခပ်စူးစူးလေးစိုက်ကြည့် နေတဲ့ ကြယ်စင်ခရဲ့မျက်ဝန်းအကြည့်အောက်တွင် ဆွေသဟာ စိတ်ကူးလေးတွေ အရည်ပျော်သွားရကာ ညှော့ခန်းလေးဆီသို့ မိသည်။

"ရောက်နေတာ ကြာပြီလားဟင် ... "

"အခုပဲရောက် ဆွေသဟာ"

ဟင် ...

ပြန်ဖြေလိုက်တဲ့ ကြယ်စင်ရဲ့လေသံက အနည်း မာဆတ်နေသလိုပင်။

သူမ ...

စိတ်ထင်လို့များလား။ သူ့နှုတ်ခမ်းအိအိလေး အပြီးပြင်ဆုံးအပြုံးတွေနဲ့ မာမီရှေ့မှာရှိနေခဲ့တာကြောင့် ဆွေသ ထင်သလို မဟုတ်လောက်ပါဘူးဟု စိတ်တွေကို ပြန်ဖြေ

"သဟာ ... နောက်ကျလှချည်လား ... "

"အင်း ... ဟုတ်တယ် ... ဟို ... သဟာ ... သဟာ လေးတွေရှိနေလို့ ဝယ်တာ နည်းနည်းများပြီး ကြာသွား လေ ကြယ်စင်ခ ... "





ဟုတ်ရဲ့လား ... ဆွေသဟာရယ်။

မင်း အိုင်တင်လည်းမကောင်းဘဲနဲ့များ ဟန်ဆောင် မိမ်ညာဖုံးကွယ်ချင်သေးတယ်နော်။ လမ်းမှာ မင်းရဲ့ကားလေးရပ် း သစ်လွင်ဆိုတဲ့ကောင်နဲ့ စကားတွေပြောနေတာ မမြင်ခဲ့ဘူးလို့ င်နေလား ဆွေသဟာ။

ကိုယ့်ကားလေး မင်းတို့ဘေးကနေ ဖြတ်ကျော် ွားတာကို သတိမထားမိလောက်အောင် မင်းရဲ့စိတ်တွေကို ဘယ် အရာမျိုးကများ စွဲဆောင်ထားလို့လဲ ဆွေသဟာ။

သံသယရိပ်တွေက ကြယ်စင်ခရဲ့မျက်ဝန်းထဲတွင် ်းထင်နေရ၏။ မိန်းကလေးအဝတ်အစားလေးတွေနှင့် တစ်နေ ခြား အချိုးကျလှပလာသော ဆွေသဟာ့ကို ငေးကြည့်ပြီး မချင့် ရဲစိတ်တွေ တိုးဝင်လာခဲ့သည်။

ဒီမိန်းကလေး ...

ဦးနှောက်မှကောင်းသေးရဲ့လား

သစ်လွင်ဆိုတဲ့ကောင်က ဘယ်လိုလူစားမျိုးလဲဆို ာ မသိတာလည်းမဟုတ်ပါပဲ အရေးတယူ စကားရပ်ပြောတာ ာသဘောလဲ။ နောက်ပြီး သူနဲ့လူကြီးချင်းသဘောတူထားတဲ့ လာကိစ္စကို မေမွန်ကတစ်ဆင့် ငြင်းပယ်ခိုင်းတာကရော ဘယ် အကြောင်းမျိုးတွေကြောင့်လဲ ဆွေသဟာ။

ဆောက်တည်ရာမရလောက်အောင် ကြယ်စင်ခရဲ့

စိတ်တွေ လှုပ်ရှားနေရသည်။ ဒေါ်သီတာဆွေရှေ့မှာမို့ မနည်းထိန်းချုပ်ပြီး ရှိနေရသော်လည်း သစ်လွင်ဆိုတဲ့ကောင်နဲ့ စကားပြောကောင်းနေတဲ့ ဆွေသဟာ့ပုံစံလေးကို ပြန်မြင်ယောင်ပြီး ဒေါသတွေက ပေါက်ကွဲချင်နေရ၏။

"ကဲ ... သားတို့ စကားပြောနှင့်ကြဦးနော် ... အန်တီ ... ဟင်းချွေးစရာတွေရှိနေသေးလို့ ခွင့်ပြုဦး ... "

"ဟုတ်ကဲ့ အန်တီ ... "

အလိုက်သိစွာပင် ရှောင်ပေးသွားသော အန်တီဆွေကို ကျေးဇူးတင်သွားမိသည်။ အန်တီဆွေ အရိပ်လေးပျောက်ကွယ်သွားတာနှင့်ကြယ်စင်ခတစ်ယောက် ဆွေသဟာ အကြည့်လေး ရောက်သွား၏။

"ဒေါ်ဆွေသဟာ ... ကိုယ်တို့ခြံထဲဆင်းပြီး စကားပြောရအောင် ... "

"ရှင် ... "

"လာလေ ... ဘာကြောင်တောင်တောင်လုပ်နေတာလဲ"

အို ...

လက်မောင်းလေးတစ်ဖက်ကို ဆတ်ခနဲဆုပ်ကိုင်ပြီး ထရပ်စေလိုက်တဲ့ ကြယ်စင်ခရဲ့လုပ်ရပ်ကြောင့် ဆွေသဟာ မျက်လုံးလေးတွေ ပြူးဝိုင်းသွားရသည်။ သူ ဘာဖြစ်လာပါလိမ့်။ တည်တင်းချောမောလွန်းတဲ့ သူ့မျက်နှာလေးက မကျေနပ်ရိပ်တွေနှင့် မှုန်





တ်ကုတ်ကြီးဖြစ်နေသည်။

ဒေါသရောင်ကြောင့် ညို့ငင်အားပြင်းသောမျက်ဝန်းကြီးတွေက စိမ်းတောက်နေခဲ့သည်။

ဘာရယ်ကြောင့်မှန်းမသိပေမယ့် ဆွေသဟာတစ်က် သူ့နောက်ကနေ ကပျာကယာကပ်လိုက်သွားမိ၏။ ည်းငယ်မှောင်ရိပ်ကြီးစိုးလာသဖြင့် သစ်ရိပ်အားကောင်းသော ွသဟာတို့ခြံကြီးက တိတ်ဆိတ်ငြိမ်သက်ကာ အမှောင်ထုက်တွင်ရှိနေခဲ့သည်။ ခြံထောင့်ကလေးဆီသို့ ဦးတည်နေတဲ့ ခြေလှမ်းတွေကို တားဆီးဖို့ထက် သူ ဘာဖြစ်လာသလဲဆိုတဲ့ ျင်ဇောလေးက ပိုများနေတာကြောင့် ဆွေသဟာ စိတ်တွေ ာနေမိ၏။

ပိတောက်ပင်ကြီးအောက်ရောက်တော့ သူ့ခြေလှမ်း အလိုလိုရပ်တန့်သွား၏။

ဆွေသဟာလည်း သူနှင့်မလှမ်းမကမ်းလေးတွင် ရပ််သည်။

အံ့သြနားမလည်စွာ ... စိတ်ရှုပ်ထွေးဟန်ရှိသော ယ်စင်ခကို မော့ကြည့်လိုက်၏။ မျက်ဝန်းအကြည့်ချင်းဆုံကာ ဘွအခုန်မြန်သွားရသည်။

"ဆွေသဟာ ... "

"ရှင် ... "

"မင်း ကိုယ့်ကို ညာတယ်"

"ရှင် ... "

"မင်း ... မင်း ... ဘာတွေလျှောက်လုပ်နေတာလဲ ဆွေသဟာ ... ကိုယ့်စိတ်တွေ တုန်လှုပ်ချောက်ချားသွားအောင် ကိုယ် ရင်ထဲက နှလုံးသားလေး နာကျင်ကြေကွဲအောင် ဘာကြောင့် ရက်စက်ချင်ရတာလဲဆွေသဟာ ... "

"အို ... ရှင် ... ရှင် ... ဘာတွေလာပြောနေတာလဲ ကြယ်စင်ခ ... ရှင်ပြောတာတွေ တစ်ခုမှ သဟာနားမလည်ဘူး ... "

"နားမလည်ဘူး ... နားမလည်ဘူး ... ဟုတ်လား ဆွေသဟာ ... အဟွန်း ... ဟွန်း ... ဟုတ်ရဲ့လား ဆွေသဟာရယ် ... တကယ်နားမလည်တာမှဟုတ်ရဲ့လား ... နားမလည်ချင်ယောင်တော့ မင်းမဆောင်လောက်ပါဘူးနော် ဆွေသဟာ ... "

"ကြယ်စင်ခ ... ရှင် ... ဘာဖြစ်နေတာလဲ"

"ရူးနေတာလေ ... တစ်စုံတစ်ခုကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလားဆိုတဲ့အသိစိတ်ကြောင့် ကိုယ်ရူးနေတာ"

"ပြဿနာပဲ ... "

ဆွေသဟာ လိုက်မမီလောက်အောင်ကိုဖြစ်ရသည်။ ဒေါသတွေနဲ့ပေါက်ကွဲချင်နေတဲ့ ကြယ်စင်ရဲ့လုပ်ရပ်ကို ဆွေသဟာ





ာယ်လိုမှနားမလည်နိုင်ပါချေ။

"မင်း ... မင်း ... သစ်လွင်ဆိုတဲ့ကောင်နဲ့ ပြန်ဆက်သွယ်နေတယ်မဟုတ်လားဆွေသဟာ ... တောက် ... မင်းတော်တော်အမှတ်မရှိတဲ့မိန်းမပဲ ... ကိုယ့်အပေါ် ကောက်ကျစ်ယုတ်မာတဲ့ကောင်နဲ့မှ ခိုးပြီး ချိန်းတွေ့ရတယ်လို့ကွာ ... ကိုယ့်မျက်စိနဲ့သာမမြင်ရင် ယုံတောင်မယုံချင်ဘူး ... "

အို ...

ဆွေသဟာ နှုတ်ခမ်းလေးတွေ ဝိုင်းဟသွားရသည်။

စိတ်တုန်လှုပ်ချောက်ချားစွာ အလန့်တကြားလေး ြယ်စင်ခရဲ့မျက်နှာချောချောကြီးဆီ လှမ်းကြည့်မိသွား၏။

"ဘာလဲ ... မဟုတ်ပါဘူးလို့ ငြင်းဦးမလို့လားဆွေသဟာ"

ဆွေသဟာ ...

ငြိမ်သက်သွားရပြီ ...

ဆွေသဟာတိတ်ဆိတ်သွား၏။ ဘာစကားသံလေး ထွက်နိုင်လောက်အောင် နှုတ်ခမ်းသားလေးတွေက ဆွံ့အသွားသည်။

"ရက်စက်တယ် ဆွေသဟာရယ် ... မင်း ... မင်း သိပ်ဆိုးတာပဲကွာ ... မင်း ... အပေါ်မှာ ငါက အထင်တွေအရမ်းကြီးခဲ့တာ ... နောင်တတွေရပြီး မင်းလိမ္မာနေပြီလို့ထင်ထားတာ ... အခုတော့"

"ဪတော့ ... ရှင် ... ရှင် ... ဆက်မပြောနဲ့တော့ ကြ
စင်ခ ... ရှင်ထင်တာ တစ်ခုမှမဟုတ်ဘူး ... ရှင် ... ကျွန်
ကို အထင်လွဲနေပြီ ... "

"ဘာ ... ဘာရယ် ... ဟွန်း ... ဟွန်း မျက်စိနဲ့တပ်အပ်မြ
တာတောင် မင်းက လိမ်ညာချင်နေသေးတယ်ပေါ့လေ ...
ဟုတ်လား ဆွေသဟာ ... "

ဒုက္ခပါပဲ။

ဆွေသဟာ ဘယ်လိုဖြေရှင်းပြရတော့မလဲ။

သူ့ပုံစံကြည့်ရတာ ဆွေသဟာ့ကိုနည်းနည်းမှ အယ
အကြည်ရှိပုံမရချေ။

ဆွေသဟာ ဒေါကန်ချင်လာရသည်။ သူပြောချ
တာတွေ စွတ်ပြောနေတာကို ဘယ်လိုမှ သည်းညည်းမခံနိုင်တော့

"ဟုတ်တယ် ... ရှင်ထင်ချင်သလိုသာထင်တော့ ကြယ်စ
ခ ... ဆွေသဟာ လိမ်တယ် ... ညာတယ် ... ဆွေသဟာ
က ဆိုးတယ် ... အမှတ်မရှိတဲ့မိန်းမ ... ပြော ... ပြော ...
ရှင်ကြိုက်သလိုသာစွပ်စွဲတော့ ... ကြယ်စင်ခ ... "

ဆံပင်တိုလေးတွေ ပွသွားသည့်အထိ ခေါင်း
ကို တအားခါယမ်းကာ အရူးမလေးတစ်ယောက်လို မခံမရ
ပြန်အော်နေတဲ့ ဆွေသဟာ့ပုံစံလေးကို ငေးကြည့်ရင်း အခံရခက်
နှင့်အတူ မချင့်မရဲဒေါသစိတ်များရင်မှာတဖွားဖွားဖြစ်ပေါ်နေရသည်





"ရှင့်ရဲ့စွပ်စွဲမှုတွေအားလုံး ... အမှန်တွေချည်းပဲ ... ကဲ ...
အဲ့ဒါ ဘာဖြစ်လဲ ... "

"ဘာဖြစ်လဲ ... ဟုတ်လား ... ကဲကွာ ... အဲ့ဒါဖြစ်တယ်၊
အဲ့ဒါဖြစ်တယ် ... "

"အို ... "

"ဟင့်အင်း ... "

"လွှတ် ... လွှတ်နော် ... ကြယ်စင်ခ ... "

"မလွှတ်ဘူးကွာ ... မလွှတ်ဘူး ... ငါ့နှလုံးသားတွေ တစ်စ
စီကွဲကြေအောင်လုပ်တဲ့မိန်းကလေး ငါ့ရင်ခုန်သံတွေ သွေး
ပျက်ချောက်ချားသွားအောင် ပြောတဲ့ ဟော့ဒီနှုတ်ခမ်းလေး
ကို ခွင့်မလွှတ်နိုင်ဘူး ... "

အို ... ။

ဗလုံးဗထွေးစကားသံများနှင့်အတူ တစ်ချိန်လုံး မျို
သိပ်ထိန်းချုပ်ထားရသော ခံစားချက်များကို ... ကြယ်စင်ခတစ်
ယောက် လွှတ်ပေးလိုက်မိတော့သည်။

ဆွေသဟာ့အသံလေးတိတ်ကာစကားသံလေးလည်း
ထွက်နိုင်တော့။

ကိုယ်လုံးအိအိလေးကို ရင်ခွင်ထဲဆွဲယူကာ ခပ်တင်း
င်းလေး ပွေ့ဖက်ထားလိုက်ပြီး ... ရင်ခုန်သံများစီးမျောနေသော
ချစ်မာယာတောကြီးထဲသို့ ဆွဲခေါ်လိုက်မိတော့သည်။ ကြည်

မွှေ့သော ကြယ်စင်ခရဲ့မျက်နှာချောချောကြီးက ဆွေသဟာဆိုတဲ့ ရင်ပွင့်မတတ်ချစ်ရသော ချစ်သူလေးရဲ့မျက်နှာလေးနှင့် တစ်သားတည်းပူးယှက်သွားတော့သည်။

"သဟာရယ် ..."

အချစ်ရည်မွှန်းသော ခေါ်သံလေးက ကြယ်စင်ခရဲ့ နှုတ်ခမ်းလေးပေါ်က တီးတိုးရေရွတ်ရင်း ဆွေသဟာနားသည်စပ်က ဆံနွယ်နုနုလေးဆီသို့ ရွေ့လာ၏။ ပြီးနောက် လည်တိုင်နုနု ကုပ်သားအိအိဆီသို့ တရွေ့ရွေ့ နိမ့်ဆင်းကာ တရှိုက်မက်မက်လေးနမ်းလိုက်မိသည်။

ကျယ်ပြန့်နွေးထွေးလွန်းတဲ့ ရင်ခွင်နွေးနွေးကြီးထဲ သတိမေ့မျောသူတစ်ယောက်လို အသိမဲ့နေရာမှ မွန်းကျပ်ကျပ်ခံစားမှုကြောင့် ဆွေသဟာ ကိုယ်လေးလွန့်လူးကာ ရုန်းဒထွင်မိ၏။

"လွှတ် ... လွှတ်ပါ ... ကြယ်စင်ရဲ့ ... သဟာ့ကို လွှတ်ပါ"

"အို ... ဘယ်လိုဖြစ် ... အို"

ဆွေသဟာတစ်ယောက် ကြယ်စင်ခရဲ့မထင်မှတ်သော အပြုအမူလေးကြားတွင် ရှက်သွေးလေးရဲဖြာသွားရသည်။ နှုတ်ခမ်းချွန်ချွန်လေးတွေက ထပ်ပြီးရန်မစွာနိုင်ရှာတော့။ အချစ်ကြီးချစ်တတ်လွန်းတဲ့ ကြယ်စင်ခရဲ့နွေးထွေးတဲ့ရင်ခွင်ကျယ်ကြီးထဲမှာ ဆွေသဟာ့ကိုယ်လေး သေးကွေ့နေရတော့သည်။

သန်မာလွန်းတဲ့သူ့လက်မောင်းတွေကြား မလှုပ်





မလွန့်သာဖြစ်ကာ သတိလစ်မေ့မျောမတတ်ဖြစ်နေရသည်။ ဘယ်လိုပဲ ရုန်းထွက်ရုန်းထွက် ဘယ်လောက်ပဲထုရိုက်ကုတ်ဖဲ့ပါစေ သူ့လက်တွေက မြဲမြဲနေဆဲပင်။

"လွှတ် ... လွှတ်ပါရှင့်"

"ချစ်တယ် ... သဟာရယ် ... ကိုယ် မင်းလေးကို သိပ်ချစ်နေမိပြီကွာ ... ကိုယ့်ကိုပြန်ချစ်ပါနော်... ကိုယ့်ကို လက်ထပ်ပါကွာ ... ကိုယ်တောင်းပန်ပါတယ် သဟာရယ် ... ကိုယ့်ရင်ခုန်သံတွေ အေးစက်သေဆုံးသွားအောင် မရက်စက်ပါနဲ့ ချစ်ရယ် ..."

အို ...

ကြယ်စင်ခရယ်။

အထိတ်တလန့်တားဆီးနေတဲ့ ကြယ်စင်ခရဲ့စကားလေးတွေကို နားထောင်နေရင်း ဆွေသဟာ့ရင်ထဲ ဝမ်းနည်းကြွစိတ်တွေနှင့် နင့်သည်းသွားရသည်။ မျက်ဝန်းလေးတွေထဲ မျက်ရည်ကြည်လေးများ ရုတ်ချည်းဝေ့တက်လာရ၏။

"ကိုယ်ဘယ်လောက်ထိ ကြောက်နေသလဲဆိုတာ မင်းသိရဲ့လား သဟာ ... မေမွှန်လာပြောတဲ့စကားတွေ မေမေ့ဆီက တစ်ဆင့်ကြားရကတည်းက စိတ်နဲ့ကိုယ် မကပ်သလိုဖြစ်သွားခဲ့ရတာလေ ...

ကိုယ့်မျက်လုံးတွေပြာဝေပြီး ... ကိုယ့်အာရုံတွေ ရှုပ်ထွေး

နောက်ကျိသွားရတယ် ဆွေသဟာရယ် ... မင်းတက
ပြောတာ မဟုတ်ပါစေနဲ့လို့ ဆုတောင်းလိုက်ရတာလ
အမောပဲ ဆွေသဟာ ...

ကိုယ် ... မင်းဆီက ခေါင်းခါပြီး ငြင်းပယ်သံလေး
ကြားချင်လွန်းလို့ အရှုးအမူး ဒီကိုအရောက်လာခဲ့
သဟာ... ဒီရောက် တော့ မင်း ... မင်းက သစ်လွင်နဲ့

မြတ်စွာဘုရားရေ ...

ဘာတွေလဲ ... သူဘာတွေပြောနေတာလဲ။

မေမွန်ပြောတဲ့စကားတွေတဲ့ ...

မေမွန် ... အန့်တီမွှကို ဘာတွေသွားပြောလို့လဲ

သေချာတာကတော့ ...

ဆွေသဟာ ဘာဆိုဘာမှမသိတာဘဲ။ သစ်လွင်
လမ်းမှာ စကားခဏရပ်ပြောမိတယ်ဆိုပေမယ့် ဆွေသဟာ
ပေါ်ကဆင်းခဲ့တာမှမဟုတ်တာ။ တစ်ဘက်က ဖွတ်အတင်းတော
ဆိုလွန်းလို့သာ မလွဲသာဘဲ ကားရပ်လိုက်ရတာလေ။

ပြီးတော့ ...

ရန်ပွဲတွေ၊ ပြဿနာတွေဖြစ်မှာကိုလည်း ဆွေသ
မလိုလားလို့။ အေးအေးဆေးဆေးစကားပြောတဲ့ သစ်လွင်ရဲ့
လှမ်းချက်ကို လက်ခံမိခြင်းဖြစ်သည်။ ဒါကို သစ်လွင်နဲ့ချိန်း
တယ်ဆိုပြီး အထင်လွဲနေသည်။



"သဟာ ... "

"ရှင် ... "

"ကိုယ့်ကို လက်ထပ်မယ် မဟုတ်လား သဟာ"

" ... "

"ကိုယ်တို့နှစ်ယောက်ကို လူကြီးချင်းသဘောတူထားတဲ့
ကိစ္စကို ဆွေသဟာ့ဘက်က ငြင်းတယ်ဆိုတာ မဟုတ်ပါဘူး
နော် ... "

ဟင် ...

ကြယ်စင်ခအမေးကိုဆွေသဟာပင်အံ့သြသွားရသည်။

"ဖြေပါ ... သဟာ ... မင်းရဲ့နှုတ်ခမ်းသားလေးက ဖြေလာ
မယ့်အဖြေလေးကို ရင်ခုန်ခြင်းကြီးစွာနဲ့ ကိုယ်စောင့်မျှော်နေ
ပါတယ် သဟာ ... ကိုယ့်ကို လက်ထပ်ပါ့မယ်လို့ ကတိပေး
ပါလား သဟာရယ် ... "

ကြယ်စင်ခရယ် ...

သဟာလေ ...

သဟာ ...

အဲ့ဒီအဖြေလေးကို ရှင်စိတ်ချမ်းသာသွားအောင် ပေး
ပါတယ်ရှင်။ ဒါပေမဲ့ မေမွန့်ရဲ့မျှော်လင့်ချက်တွေကို သဟာ
သေမသတ်ရက်ဘူး ကြယ်စင်ခရယ်။ မေမွန်က သဟာ့လို စိတ်
ကျောတဲ့သူမဟုတ်ဘူး။

မေမွန်က ရှင့်ကို တစ်ဖက်သတ်စွဲလမ်းတဲ့သူလေ

ပြီးတော့ ...

မေမွန်က သဟာ ဟိုးငယ်ငယ်လေးထဲက အသ
မကစွဲလမ်းမြတ်နိုးခဲ့ရတဲ့ အချစ်ဆုံးသူငယ်ချင်းမလေးပါ။ မေမွ
လိုချင်တာမှန်သမျှ ဆွေသဟာ အမြဲအနစ်နာခံပြီး ပေးဆပ်ခဲ့တာ
ချည်းပါပဲ ကြယ်စင်ခရယ်။

အခုလည်း ...

မေမွန် သိပ်တန်ဖိုးထားတဲ့ရှင့်ကို သဟာလေ ...
သဟာ။

"သဟာ ... ဖြေလေ ... မေမွန်ပြောတာတွေအားလုံး
သဟာ ပြောခိုင်းတာမဟုတ်ပါဘူးလို့ ... "

"ကြယ်စင်ခ ... "

"ဟင် ... "

"မေမွန့်စကားကို ယုံကြည်လိုက်ပါ ကြယ်စင်ခရယ် ... "

"ဘာ ... "

အသံနက်ကြီးက တိတ်ဆိတ်နေသောပတ်ဝန်းကျ
လေးတွင် ဟိန်းတက်သွား၏။ ပွေ့ဖက်ထားသော လက်က
တွေ ပြေလျော့ကာသွားပြီး မြေလှမ်းလေးတွေ နောက်ဆုတ်သွာ
သော ကြယ်စင်ခရဲ့ဆောက်တည်ရာမရဖြစ်နေသော ပုံစံလေး
ကြည့်ပြီး ဆွေသဟာ့ရင်ထဲ နာကျင်စူးရှသွားရသည်။



"သဟာ ... ရှင့်ကို လုံးဝလက်မထပ်နိုင်ပါဘူး ကြယ်စင်ခ"

"မင်း ... မင်း ... "

"ရှင့်ရဲ့စိတ်ကူးယဉ်ရူးသွပ်မှုကို အဆုံးသတ်လိုက်ပါတော့"

"မင်း ... မင်း ... ရက်စက်လှချည်လား သဟာ ... မင်း...
မင်း ... ငါ့ရင်ထဲကအချစ်တွေကို စော်ကားလှချည်လား...
မင်း ... မင်းရင်ထဲမှာ ရင်ခုန်တတ်တဲ့နှလုံးသားရောရှိရဲ့လား
သဟာ ... မင်းမို့လို့ အခုလို သွေးအေးအေးနဲ့ပြောနိုင်တယ်
နော် ...

အဟွန်း ... ကိုယ်သိလိုက်ပြီ ... ကိုယ်နားလည်လိုက်ပြီ
သဟာ ... မင်းရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသားမှမရှိတာ...
ရက်စက်တတ်တဲ့အသည်းနှလုံးပဲရှိတာ ... ဟုတ်တယ် ...
ရက်စက်တတ်တဲ့အသည်းနှလုံးပဲရှိတာ ... တောက်"

အို ...

နေရာကနေ ချာခနဲနေအောင်လှည့်ကာ ခြေလှမ်း
ကြီးများနှင့်ထွက်ခွာသွားသော ကြယ်စင်ခရဲ့နောက်ကျောပြင်
ကိုကြည့်ပြီး မျက်ဝန်းလေးတွေထဲက မျက်ရည်စီးကြောင်းကြီး
တစ်ပေါက်ချင်း စီးကျလာတော့သည်။

ကြယ်စင်ခရယ်။ သဟာ့ကို ခွင့်မလွှတ်ပါနဲ့ရှင်။

ဘယ်တော့မှ ခွင့်မလွှတ်လိုက်ပါနဲ့ ကြယ်စင်ခရယ်။

## အခန်း [ ၂၁ ]

ကြယ်စင်ခတစ်ယောက် ပြန်သွားပြီဆိုတဲ့အတွက် မာမီက သံသယစိတ်ကြီးစွာပင် ဆွေသဟာ့ကို ခေါ်မေးသော်လည်း တိကျသောအဖြေတစ်ခုကို မရတာမို့ ... ကြယ်စင်ခတို့အိမ် ဖုန်းဆက်ကာ မေးနေချေပြီ။

သဟာ ... ဘာလုပ်ရမလဲ။

အန်တီမူက စိတ်ဆိုးဆိုးနဲ့ မာမီ့ကို တိုင်မှာ သေချာနေသည်။

မေမွန် ...

အန်တီမူ့ဆီသွားပြီး ဘာတွေပြောခဲ့သလဲဆိုတာ ဆွေသဟာ မသိပေမဲ့ ကောင်းမွန်တဲ့အလားအလာ မရှိချေ။ သေချာ





ကတော့ ... ဆွေသဟာ မေမွန့်ကို ဘာတစ်ခုမှ သွားမပြောခိုင်းဘူးဆိုတာပဲ။ သူမစိတ်တွေ တအားလှုပ်ရှားနေရသည်။ ဖုန်းသြကြီး ပြောနေတဲ့ မာမီ့ဆီ မဝံ့မရဲလေး လှမ်းကြည့်ပြီး ဒိုချင်တွေပင် ပေါက်လာရ၏။

ခဏကြာတော့ ...

မာမီက ဖုန်းခွက်ကလေးကို ညင်သာစွာ ချလိုက်ခြင်ရသည်။

ဆွေသဟာ ... ဘယ်ကိုရှောင်ပြေးရမလဲ စဉ်းစား

...

"ဆွေသဟာ ... "

မာမီခေါ်သံကြောင့် နေရာလေးကနေ လစ်ထွက်ြင်နေသော ဆွေသဟာ့အကြံအစည်လေးပျက်သွားရတော့၏။

"ရှင် မာမီ ... "

"အန်တီမူ့ဆီ ဘာတွေ မဟုတ်မဟတ် လျှောက်ပြောခိုင်းရတာလဲ ဆွေသဟာ ... "

"ရှင် ... ဟို ... ဟို ... "

"နေပါဦး ... ဆွေသဟာ အိမ်အလုပ်တွေနဲ့ ဒီလောက်များနေတဲ့ကြားက ဘယ်အချိန်တုန်းကများ မေမွန်နဲ့တွေ့ပြီး အဓိပ္ပာယ်မရှိတာတွေ သွားပြောခိုင်းခဲ့တာလဲ ဆွေသဟာ၊ ဘကယ် စိတ်ထဲကပါလို့ သွားပြောခိုင်းတာလား ... "

"ဟို ... ဟိုလေ ... မာမီ ... ဟို ... "

"ကြယ်စင်ခမှာ ဘာအပြစ်တွေ ရှိနေလဲ ဆွေသဟာ ...

"ရှင် ... "

"ကြယ်စင်ခကို လက်မထပ်ချင်ပါဘူးလို့ ငြင်းပယ်ရခြင်း

အဓိကအချက်က ဘာများလဲလို့ မေးတာပါ ... "

" ... ... ... "

ဆွေသဟာ့မှာ ပြန်ဖြေဖို့ အဖြေမရှိပါ။

"သူ့ကို အဲဒီလောက်တောင် ငြင်းလိုက်ရတဲ့ နာကြည်း

ကို ပြောပြပါလား သဟာ ... ဘာပဲပြောပြော ... မာ

ဆွေသဟာ့ဘက်ကပဲ လိုက်မှာပါ ... သဟာက မာမီ့

လေ ...

ကိုယ့်သားသမီးဘက်ကမှ မရပ်ရင် ... မာမီက ဘယ်

ကောင်း ဗီသပ္ပါမလဲ သဟာ ... အပွင့်လင်းဆုံးပဲ မာ

ပြောပြပါ သဟာ ... မာမီ သဟာ့ကို စာနာနားလည်

နိုင်ပါတယ် ... "

"မာမီရယ် ... ဟင့် ဟင့် ... "

"အို ... သမီးလေးရယ် ... "

ဒေါ်သီတာဆွေတစ်ယောက် ဝမ်းနည်းကြေ

တသိမ့်သိမ့် ရှိုက်ငိုနေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး စိတ်မကောင်း

နေမိသည်။ မိမိရဲ့ အတွေ့ကြောင့် ဆွေသဟာ့ဘဝမှာ ပြင်ဆင်

လဲလို့ မရတော့တဲ့ အတိတ်ကပုံရိပ်ဆိုးတွေ ထင်ကျန်နေခဲ့





... ။ အခုတစ်ခါတော့ ...

ဆွေသဟာ့စိတ်တွေကို အပျော်ရွှင်ဆုံး၊ အချမ်းမြေ့

ဖြစ်အောင် ဖန်တီးပေးဖို့ ဒေါ်သီတာဆွေ ဆုံးဖြတ်ထားမိသည်။

စ်ဘက်က ဒေါ်မူမူ့စကားတွေကို နားထောင်ပြီး ပထမတော့

သဟာ့အပေါ် အထင်လွဲမိသေးသည်။ ဒေါသတွေ ထွက်မိ၏။

သို့သော် ...

တဖြည်းဖြည်းချင်း ပြန်စဉ်းစားမိတော့မှ ဆွေသဟာ

စကားမျိုးတွေ မပြောနိုင်ဘူးဆိုတာ တွေးမိလာသည် ... ။

ကျိုးလေးလို ရှုးရှုးဒိုင်းဒိုင်း ပေါက်ကွဲတတ်သော ဆွေသဟာ

မိန်းမဆန်ဆန် တစ်ဘက်သား ခံရခက်လောက်မည့် စကား

တွေကို ပြောလိမ့်မည်မဟုတ်ပါချေ။ ထိုကိစ္စတွင် တစ်ခုခုတော့

ချော်နေတာ အမှန်ပင်။

"မငိုပါနဲ့ သဟာ ... မာမီ သဟာ့ကို အခုလို ဝမ်းနည်းကြေ

ကွဲပြီး ငိုနေတာကို လုံးဝမမြင်ရက်ဘူး သဟာရယ် ... "

"မာမီရယ် ... ဟင့် ဟင့် ... "

"မောင်ကြယ်စင်ခကို သဟာ မချစ်လို့လားဟင် ... "

" ... ... "

"တကယ်တော့ ... သဟာ အရမ်းကို စိတ်အားငယ်နေလိမ့်

မယ်ဆိုတာ မာမီ သိပါတယ် ... အားနည်းချက်ရှိတဲ့သူရဲ့

နှလုံးသားဟာ သိပ်ကို အပြစ်ကင်းစင်တဲ့သူလောက်တော့

ဘယ်လိုလုပ်ပြီး ပျော်ရွှင်နိုင်ပါ့မလဲလေ ...

ဒါပေမဲ့ … သဟာ သိထားဖို့က ကိုယ့်ကို အားပေးမဲ့ … ကိုယ့်ခံစားချက်တွေကို ဝေမျှယူမဲ့ စာနာထောက်ထား နား လည်မှုရှိတဲ့ အကြင်နာလက်တစ်စုံရဲ့ ကမ်းလှမ်းမှုကိုတော့ သေချာစဉ်းစားပြီးမှ ပုတ်ထုတ်သင့်တာပေါ့ …

မောင်ကြွယ်စင်ခရဲ့ ရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ … သဟာ သေသေချာချာ မလေ့လာဘဲ အခုလို ငြင်းပယ်လိုက် တယ်ဆိုတော့ … ”

“တော်ပါတော့ … တော်ပါတော့ မာမီရယ် … ဆွေသဟာ ဆွေသဟာ ဘာမှ ထပ်ပြီးမကြားပါရစေနဲ့တော့ရှင် … ဟင့် ဟင့် … ”

“တကယ်တော့ … သဟာ့ရဲ့ အရင်ပုံစံလေးကတည်းက ကြွယ်စင်ခက တစ်ဖက်သတ် မြတ်နိုးနေခဲ့တာပါ သဟာ”

“ရှင် … ”

“ဟုတ်တယ် သမီးရယ် … သမီးလေး မကြားချင်ဘူးဆိုပေ သိထားသင့်တာလေးတွေကိုတော့ သိထားမှဖြစ်မယ်လေ ဟိုးတစ်ခါ သမီးကို ခြံထဲ ခိုးဝင်လာတဲ့သူနဲ့ မှားပြီး ဖမ်း နေ့ကလေ မောင်ကြွယ်စင်ခက … သူနဲ့ လက်ထပ်ပေး မဲ့ မိန်းကလေးကို လာပြီးလေ့လာတာ သဟာ … ”

ဟင် … မာမီ့စကားလေးကြောင့် ဆွေသဟာ အံ့သြသွားရသည်။

“ဟုတ်တယ် သဟာ … အဲဒီနေ့ကတည်းက သဟာ့ကို





လက်ထပ်ပါရစေလို့ မောင်ကြွယ်စင်ခကိုယ်တိုင်က မာမီနဲ့ ဒက်ဒီကို တောင်းဆိုသွားတာလေ … ”

“အို … ”

“သဟာရဲ့ ပုံစံလေး ပြောင်းလဲလာမဲ့နေ့ရက်လေးကို စိတ် ရှည်လက်ရှည်နဲ့ သူ စောင့်ပါ့မယ်တဲ့ သဟာ … ”

ကြွယ်စင်ခရယ် …

“သဟာ့ရှေ့မှာ ဘာမှမပြောပေမဲ့ … သဟာ့ကွယ်ရာလေး မှာ မာမီတို့ကို ကတိပေးသွားတာလေ … ”

“မာမီရယ် … ”

“ဟင့် … ဟင့် … ”

“မေမွန်ကနေတစ်ဆင့် ပြောခိုင်းတယ်ဆိုတော့ … မာမီ အရမ်းကို အံ့သြသွားတာပဲ … တကယ်ဆို သဟာ မကျေနပ် ဘူး၊ လက်မခံနိုင်ပါဘူးဆိုရင် မာမီ့ကို အပွင့်လင်းဆုံး မေး ပြီး ငြင်းပယ်ရမှာပေါ့ … ”

“မှားပါတယ် … သမီး အရမ်းကိုပဲမှားသွားပါတယ်မာမီရယ်”

“မမှားပါဘူး သဟာ … ကိုယ့်စိတ်ထဲမှာရှိတဲ့အတိုင်း ဝန်ခံ တာ အမှန်ကန်ဆုံးလုပ်ရပ်တစ်ခုပါ … ဒါနဲ့ မာမီက သဟာ နဲ့ မောင်ကြွယ်စင်ခကို ရည်ရွယ်ထားတဲ့ကိစ္စ ဘာတစ်ခုမှ အသိမပေးပါဘဲ … သဟာ ဘယ်က ကြားလာတာလဲဟင်”

“ရှင် … ”

“မာမီနဲ့ဒက်ဒီက ဖွင့်မပြောပါဘဲ ဒီအကြောင်းကို သဟာ

ဘယ်လိုလုပ်ပြီး သိသွားတာလဲ ... ”

ဆွေသဟာ့မျက်နှာလေးကို စေ့စေ့ကြည့်ပြီး အချ ကျကျ မေးလိုက်တဲ့ မာမီ့အမေးကို ဘယ်လို ပြန်ဖြေရမှန်းမ တော့။ ဒီအကြောင်းတွေကို မေမွန် ပြောပြလို့ ဆွေသဟာ သိခဲ့ တာလေ ... ။ မေမွန်ကရော ဘယ်ကနေ ကြားလာတာလဲ ...

ဒုက္ခပါပဲ ...

မာမီ့ရှေ့မှာ မျက်ရည်တွေနှင့်အတူ ခေါင်းငြိမ့်တွေ ပျံ့လာရသည်။

ဆွေသဟာ့မှာ မာမီ ကျေနပ်လောက်အောင် ဖြေ နိုင်မည့်အဖြေမရှိချေ။

“သဟာ ... ”

“ရှင် ... ”

“မေမွန့်ကို မူမူ့လိပ်စာ ပေးလိုက်ရအောင် သဟာက မူ လိပ်စာကို ဘယ်အချိန်တုန်းက စိတ်ဝင်တစားနဲ့ မှတ်ထား ခဲ့တာလဲ သဟာ ... မူမူ့လိပ်စာကို သဟာ သိနေလို့လား”

“ရှင် ... ”

အဲဒါလည်း

ဆွေသဟာ မသိပါ။

ကြယ်စင်ခကို အမြင်ကတ်လွန်းလို့ သူ ဘယ်မှာ လဲဆိုတာ ဆွေသဟာ လုံးဝစိတ်မဝင်စားခဲ့။ တကယ်တမ်းကျ ဆွေသဟာနဲ့ ကြယ်စင်ခတို့ ရင်းနှီးတာထက် မေမွန်နဲ့ ကြယ်





ရဲ့ ရင်းနှီးမှုက ပိုခဲ့တာလေ ... ။ မေမွန်ကသာ သိလိုစိတ်တွေနဲ့ မ်းထားခဲ့တာ ဖြစ်မှာပေါ့။

“သဟာ ... ”

“ရှင် ... ”

“သွားအနားယူလိုက်တော့ သဟာ ... ”

“ရှင် ... ”

“သဟာ မဖြေနိုင်တဲ့ မေးခွန်းတွေရဲ့အဖြေကို မာမီ စိတ်နဲ့ ဖြေဆိုနိုင်ခဲ့ပါပြီ ... အဲဒီအတွက် သဟာ အနားယူတော့ နော် ... ”

“မာမီ ... ”

“ဘာမှ စိုးရိမ်ပူပန်စိတ်တွေမထားနဲ့တော့ သဟာ ... သဟာ ဘာဖြစ်နေတယ် ... ဘာတွေ ပြောချင်နေတယ်ဆိုတာ မာမီ သိပါတယ်ကွယ် ... ”

“မာမီ ... ”

“ပြောပါ သဟာ ... ”

“မေမွန့်ကို သဟာ ဘယ်လောက်ချစ်တယ်ဆိုတာ မာမီ သိ ပါတယ်နော် ... ”

“ဟင် ... ”

“မေမွန့်ဆန္ဒက ထာဝရ သဟာ့ဆန္ဒပါပဲ မာမီ ... ”

“သဟာ ... ”

အံ့ဩမယုံနိုင်သလို မာမီက လှမ်းတား၏။

"သဟာ့ကို မာမီ နားလည်ခွင့်မလွှတ်ချင်နေပါ ... မေမွန့် အပေါ်မှာ နားလည်မှုပေးလိုက်ပါ မာမီ ..."

"သဟာရယ် ..."

"မေမွန် ပျော်ရွှင်နေတာလေးကိုပဲ သဟာမြင်တွေ့ချင်လို့ပါ"

သဟာလေးရယ် ...

ငယ်ငယ်လေးတည်းက မေမွန့်အပေါ် သံယောဇဉ် ကြီးသော ဆွေသဟာ့ကို ... အပြစ်မတင်ရက်စွာ သက်ပြင်းမော ကလေးကိုပဲ ကြိတ်ချလိုက်မိသည်။ လေ့ကားထစ်လေးတွေအတိုင်း တစ်ထစ်ချင်းနင်းကာ အပေါ်ထပ်လေးသို့တက်သွားတဲ့ ဆွေသဟာ ရဲ့ နောက်ကျောပြင်လေးကိုကြည့်ပြီး ခေါင်းလေးကို ညင်သာစွာ ခါယမ်းလိုက်မိပါတော့သည်။

❤

မေမွန့်မှာတော့ ကားရှေ့ကနေ တေတေပေပေ လေး ဝိတ်ကာ ရပ်နေတဲ့ နေဝန်းကိုကြည့်ပြီး စိတ်ဓာတ်တွေ အပြီး အကျယ် ကျသွားရသည်။

ဒင်းကို မဆုံချင်လို့ အားလုံးနဲ့ အဆက်အသွယ်ဖြတ် ပြီးနေတာတောင်မှ ရှောင်ပုန်းလို့ မလွတ်စွာပင် တည့်တည့်ကြီး ဆုံတွေ့နေသည့်အဖြစ်က ဒေါသဖြစ်စရာပါ။ မေမွန့်ရဲ့ ကြီးလာ ကြောင့် အခုဆိုရင် ဆွေသဟာနဲ့ ကြယ်စင်ခတို့ကြားတွင် အဆ





ပြေမှုတွေနှင့်အတူ ဝေးကွာသွားချေပြီ။ စိတ်တွေလေနေတဲ့ ကြယ် ခနှင့် မေမွန်တို့ တွဲမိနေ၏။

ကြယ်စင်ခရဲ့ မိခင်ကို သွားတွေ့ပြီး မေမွန့်ကို ဆွေ ဟာ လွှတ်လိုက်သည့်ဟန်နှင့် မဟုတ်ကဟုတ်ကတွေ လျှောက် ခဲ့မိသည်။ အစကတော့ ... ဆွေသဟာ လက်မထပ်နိုင်ပါဘူး ငြင်းပယ်တဲ့အကြောင်းပဲ ပြောမလို့ပါ။ နောက်တော့ ... ကြယ် ခမာမီရဲ့ စကားထဲမှာ ... ဆွေသဟာ့အပေါ် ကြယ်စင်ခရဲ့ ဖက်သတ်စွဲလမ်းနေမှုလေးတွေအကြောင်း ကြားရတော့ ဆွေ ဟာ မနာလိုစိတ်တွေ၊ ဝန်တိုစိတ်တွေဖြစ်ပြီး ဒေါသထွက်ထွက် မဟုတ်ကဟုတ်ကတွေ ထည့်ပြောမိ၏။

ကြယ်စင်ခ မိခင်ရဲ့ ဆတ်ဆတ်ခါနာနေတဲ့ ပုံစံလေး ကြည့်ပြီး မေမွန် အရမ်းကို ပျော်ရွှင်ဝမ်းသာနေမိသည်။ အခုဆို ကြယ်စင်ခရဲ့ မိခင်ကအစ မေမွန့်ကို အရေးတယူ ဆက်ဆံကာ တော်လေးပင် အဆင်ပြေနေခဲ့သည်။

ကိုယ့်အကြံနဲ့ကိုယ် ပျော်မယ်ရှိသေး ... မထင်မှတ် ကားရှေ့တည့်တည့်ရပ်ကာ တားဆီးနေတဲ့ နေဝန်းကြောင့် စီး နေသော အပျော်ကလေးများ ... ကြက်ပျောက်ငှက်ပျောက် က်သွားရသည်။ စိတ်ထဲမှာတော့ လီဗာကို တအားဖိနင်းကာ င်းထွက်လိုက်ချင်စိတ်များက တဖွားဖွား ဖြစ်ပေါ်နေရ၏။

သို့သော် လက်တွေ့မှာတော့ ကားလေးကို မေမွန် ပေးလိုက်မိသည်။

"အဟွန်း ... မောင် ... ဘယ်ကနေဘယ်လို ... ဟင်"

မေမွန် ပြောလို့မှမဆုံးသေး ... ဆတ်ခနဲ ကားတံခါးဆွဲဖွင့်သံနှင့်အတူ ကားခေါင်းခန်းလေးထဲသို့ဝင်ထိုင်လိုက်တဲ့ နေဝန်းရဲ့ လုပ်ရပ်ကြောင့် မေမွန့်နှုတ်ခမ်းလေး ပိုင်းဟကာ မျက်ဝန်းလေးတွေ ပြူးပိုင်းသွားရသည်။

"မောင် ... ဒါ ... ဒါက ... "

"ဘာလဲ ... ဘာဖြစ်လို့ အဲဒီလောက်တောင် အံ့သြနေတာလဲ မေမွန် ... မောင်က မင်းစိတ်ထဲမှာ သိပ်ပြီး အံ့သြစရာကောင်းတဲ့သူ ဖြစ်နေလို့လား ... "

"ဟို ... ဟို ... "

"မောင့်ကို လမ်းခွဲဖို့ မေမွန် ပြင်ဆင်နေတဲ့သတင်းရလို့ ... မောင် မင်းကို တွေ့ချင်နေတာ မေမွန် ... "

"ဘာ ... ဘာရယ် ... ဘယ်သူက ... ဘယ်သူက မဟုတ်မဟုတ်တွေ ပြောလို့ မောင်က ကြားလာရတာလဲ ... အဓိပ္ပာယ်မရှိလိုက်တာ ... "

သွေးပျက်တုန်လှုပ်မတတ် စိုးရိမ်ထိတ်လန့်သွားပေမဲ့ မောင် ရိပ်မိသွားမှာစိုး၍ မနည်းသတိထားကာ မျက်နှာသေမပျက်အောင် ဟန်ဆောင်ထိန်းချုပ်ပြီး အုတ္တုတ္တုလေး ပြန်မေးလိုက်၏။

"မောင့်ရှေ့မှာ ဟန်ဆောင်ဖုံးကွယ်ဖို့ မကြိုးစားနဲ့ မေမွန်





မင်း ... အခုတလော ကြယ်စင်ခဆိုတဲ့ကောင်နဲ့ တတွဲတွဲလုပ်နေတာ မြင်တဲ့သူ ရှိတယ်ကွ ... "

ဟင် ...

ကြယ်စင်ခဆိုတဲ့ နာမည်လေးကို ... ကြားလိုက်ရဖြင့် မေမွန့် ခန္ဓာကိုယ်လေး ဆတ်ခနဲပင် တုန်တက်သွားရသည်။ ...င်လိုက်တဲ့နေဝန်း ... ။ ကြယ်စင်ခနဲ့ မေမွန်တို့ တွဲဖြစ်နေတယ် ...ပြီး သူမကို တွေ့ဖို့ အသည်းအသန် ကြိုးစားနေတာကို။

"မေမွန် ... "

"ရှင် ... "

"မင်း ... တစ်ခုခုကို ဖြေရှင်းပြသင့်တယ် ... "

"ဘာ ... ဘာကိုလဲ မောင် ... "

"ကြယ်စင်ခဆိုတဲ့ လူနဲ့ကိစ္စ ... "

"အဟွန်း ... ဟွန်း ... ဒါလား ... အဲ ... အဲဒါက ... ဘာဘာမှမဟုတ်ပါဘူး မောင်ရဲ့ ... ကြယ်စင်ခက မေမွန့်ရဲ့ ကျောင်းနေဖက်သူငယ်ချင်းပါ ... "

"သူငယ်ချင်းနဲ့ အဲဒီလောက်တောင် တွဲသွားတွဲလာ လုပ်ဖို့လိုလို့လား မေမွန် ... မင်းမှာ မင်းရဲ့ တရားဝင်ရည်းစား နေဝန်းဆိုတဲ့ ငါ တစ်ယောက်လုံး ရှိသေးတယ်ကွ ... ပြီးတော့ မင်းနဲ့ငါက သာမန်ချစ်သူ မဟုတ်ဘူးနော် မေမွန် ဒါကို မင်း အသိဆုံးပဲ ... "

"အို ... မောင်ကလည်း ... အဲဒီလောက်တောင် ဘာကြောင့် လေသံကြီးက မာရတာတုန်း ... အဟင်း ဟင်း မောင့်မျက်နှာကြီးကို ကြည့်ပြီး မေမွန်တောင် လန့်လာပြီကဲပါ ... ဒေါသလေးကို နည်းနည်းလျှော့ပါဦး မောင်ရယ် မောင် ကျေနပ်လောက်တဲ့အဖြေမျိုးအထိ မေမွန် ဖြေရှင်းပြပါ့မယ် ... "

မျက်နှာတစ်ပြင်လုံး နီရဲကာ လူတစ်ယောက်ကို စိတ်လိုလက်ရ တိုက်ခိုက်ရန်ပြုလိုတဲ့ ... ခက်ထန်မာကျောသော မျက်နှာထားကြီးကြောင့် ခြေဖျားလက်ဖျားလေးတွေ အေးစက်ကာ မေမွန် အလန့်ကြီး လန့်နေရသည်။ သို့သော် ... စိတ်တွေကိုတော့ တင်းထားမိသည်။

ဦးနှောက်ထဲက ရှိသမျှ အကြံဉာဏ်ကလေးများကို စုဆောင်းနေမိ၏။

နေဝန်း ...

ရှင်က မေမွန့်ကို လာပြီး ခြိမ်းခြောက်တာလား

အဟွန်း ...

ရှင် သိထားဖို့က မေမွန်ဆိုတဲ့ မိန်းမက သူတစ်ပါး ခြိမ်းခြောက်တိုင်း ကြောက်ရွံ့တုန်လှုပ်နေမဲ့ သွေးကြောင်တဲ့ မိန်းမမျိုး မဟုတ်ဘူး။ အခု ... ကျွန်မ ရှင့်ကို အလိုက်အထိုက် ဆက်ဆံ ပြောဆိုနေတာဆိုတာ ကျွန်မ လိုလားတဲ့အချိန်တစ်ခု မရောက်သေး





ဒ့် ရှင့်ကို အလျှော့ပေးပြီး နေရတာရှင့် သိရဲ့လား ... ။

ကျွန်မလို ပညာတတ်၊ ရုပ်ရည်ရှိပြီး ပိုက်ဆံချမ်းသာ မိန်းမတစ်ယောက်က ရှင့်လို ဆယ်တန်းတာဘုန်းဘုန်းကျနေတဲ့ ာကျားတစ်ယောက်ကို ဘယ်လိုစိတ်ကူးယဉ်မှုတွေနဲ့ အားကိုး လဲ ... ။ သိပ်ပြီး အရူးထမနေနဲ့ ... နေဝန်း။

ကျွန်မဘဝရဲ့ ထာဝရလက်တွဲဖော်က ရှင် မဟုတ် း နေဝန်း။

ကျွန်မ လက်ထပ်မဲ့သူက ကြယ်စင်ခပဲ ... ။

ကျွန်မ ပိုင်ဆိုင်ချင်တဲ့သူက ကြယ်စင်ခဆိုတဲ့လူပဲ။

ရှင်မဟုတ်ဘူး နေဝန်း။

မေမွန် စိတ်ထဲကနေ ကြိတ်ပြီး ပြောနေမိပေမဲ့ ... င်မှာတော့ ... အလှပဆုံး အပြုံးလေးတွေနှင့် နေဝန်းကို ဖြား ာင်းဖို့ ကြိုးစားလိုက်သည်။

"တကယ်တမ်း ပြောရမယ်ဆိုရင်တော့ ... ကြယ်စင်ခ ဆိုတာ တခြားသူ မဟုတ်ဘူး မောင် ... မေမွန့်သူငယ်ချင်း ဆွေသဟာနဲ့ လူကြီးချင်း သဘောတူထားသူလေ ... အခု သူတို့ တစ်ယောက်နဲ့တစ်ယောက် မင်္ဂလာကိစ္စအတွက် စီစဉ်ဖို့ဆွေးနွေးတာ အခန့်မသင့်ဖြစ်နေလို့ မေမွန်က ကြားကနေ ဝင်ကူညီနေတာပါ ... မေမွန်ပြောတာ ယုံပါ မောင်ရယ် ... မေမွန်နဲ့ ဘာမှ မပတ်သက်ပါဘူး ... "

"ဟုတ်ရဲ့လား မေမွန် ..."

"အဟင်း ဟင်း ... တကယ်ပေါ့ မောင်ရဲ့ ... မေမွန်က မောင့်ကို ဘာလို့ လိမ်ညာနေရမှာလဲ ... မောင်နဲ့ မေမွန်က တစ်ယောက်ကိုတစ်ယောက် အစွမ်းကုန် ချစ်ကြတဲ့သူတွေ ပဲဟာ ... မေမွန့်ကို မောင် ချန်ထားခဲ့မဲ့ကိစ္စတွေ လုပ်မှ မလား ..."

"အဟွန်း ဟွန်း ... ဟုတ်သားပဲ ... ဟူး ... အခုမှပဲ အသက် ရှူချောင်တော့တယ် ... မေမွန်နဲ့ ဒီကောင့်ကို တွဲပြီး တွေ့ လိုက်ရလို့ မောင် အရမ်းကို စိတ်ပူသွားတာ ... မောင့်ကို ကျောသွားပြီထင်ပြီး မင်းကို လိုက်ရှာနေတာလေ ..."

မြတ်စွာဘုရား ...

တော်ပါသေးရဲ့။ နေဝန်းတစ်ယောက် မေမွန့်စကား ကို ယုံကြည်သွားပေလို့ပဲ။ မေမွန်တစ်ယောက် အခုမှပဲ အသက်ကို ရှဲရှဲရှူရဲတော့၏။

"မေမွန် ..."

"ပြောလေ မောင် ..."

"မေမွန့်မိဘတွေနဲ့ မောင့်ကို တွေ့ခိုင်းမယ်ဆိုတာလေ ... မေမွန့်ကို ပေးထားတဲ့ရက်ချိန်းက မနက်ဖြန်ဆို ပြည့်ပြီနော် မောင်က မေမွန်တို့အိမ်ကို လာခဲ့ရမလား ..."

ဟင် ... မနက်ဖြန်ဆို ရက်ချိန်းပြည့်ပြီတဲ့။





သူမ မေမေနဲ့ ဖေဖေ့ကို လုံးဝမပြောရသေးပါ ...။ ပြောရသေးတာထက် တမင် မပြောဘဲထားတာလေ ...။ မေမွန် ကယ်လက်ထပ်မဲ့လူကိုပဲ မေမေတို့နဲ့ ဆုံတွေ့ပေးမှာပါ။

"မေမွန် ..."

"မောင် ..."

"မောင် ဘယ်အချိန်လာတွေ့ရမလဲ မေမွန် ..."

"မနက်ပိုင်းလောက်ပေါ့ မောင် ... ဆယ်နာရီလောက်ပေါ့"

"ဟာ ... တ ... တကယ်နော် ... မေမွန်"

"အင်း ..."

"ဟာကွာ ... ပျော်လိုက်တာ ... အဲဒီလိုကျတော့လည်း မေမွန်က သိပ်လိမ္မာပြီး သိပ်ချစ်ဖို့ကောင်းသွားပြန်ရောကွာ၊ အဟွန်း ... ဟွန်း"

"အို ... မောင်နော် ..."

တားဆီးသံလေးတွေက တိခနဲ ပိတ်ကျသွား၏။

နေဝန်းဆီက ပေးအပ်လာတဲ့ အကြင်နာများကို ခါး က်စွာပင် မေမွန် ခံယူနေရသည်။

တိတ်ဆိတ်တဲ့ ... ကားလေးထဲမှာတော့ အသက်ရှူ ျင်းသဲ့သဲ့လေးက ကြီးစိုးလို့ ...။

## အခန်း [၂၂]

"ဆွေသဟာ ..."
"ဟင် မေမွန် ... လာလေ ထိုင် ..."
"ခြံထဲမှာ ထိုင်နေတာ မအေးဘူးလား ဆွေသဟာ ... ဆေး
စိမ်းတွေ တအားကို တိုက်နေတယ်လေ ..."

မေမွန်ရယ် ...

နင် မသိပါဘူးဟာ။

ငါ့ရင်ထဲကို နင် ဝင်ပြီးကြည့်ပါလား မေမွန်။ ငါ့နှလုံး
သားတွေ ဘယ်လောက်ထိ ပူလောင်ကျွမ်းနေရသလဲဆိုတာ ...
ခန္ဓာကိုယ်တစ်ခုလုံး အေးစက်တောင့်တင်းသွားရင်တောင် ငါ့နှလုံး
သားရဲ့ ပူလောင်မှုက လျော့ကျသွားမှာမဟုတ်ဘူး မေမွန်။ ငါ...





... ဘာကြောင့် အခုလောက်ထိ ခံစားသွားရသလဲဆိုတာ စဉ်း
...ဘင် မစဉ်းစားတတ်တော့ပါဘူးဟာ။

"ငါပြောတာ ကြားရဲ့လား ဆွေသဟာ ..."

"ကြား ... ကြားပါတယ် မေမွန်ရဲ့ ... ဒါပေမဲ့ ငါ အအေး
ဘယ်လောက် ကြိုက်တယ်ဆိုတာ ... နင် မသိတာလည်း
မဟုတ်ဘဲနဲ့ဟာ ... အခုလို လေညင်းလေးခံပြီး ကောင်း
ကင်က ကြယ်တွေကို မော့ကြည့်ရတာ ဘယ်လောက် စိတ်
ချမ်းသာစရာကောင်းလဲ မေမွန် ... လောကကြီးက ဖန်တီး
ပေးတဲ့ သဘာဝတရားလေးတွေကို လက်တွေ့ကျကျ ခံစား
ကြည့်ရင် နင် သိလိမ့်မယ် မေမွန် ..."

ဆွေသဟာ ...

နင် မဆိုးဘူး သိလား။

တဖြည်းဖြည်းနဲ့ နင်လည်း ဟန်ဆောင်တတ်လာပြီ။
...မဲ့ သိပ်တော့ မပီပြင်ဘူး ဆွေသဟာ။ နင်တစ်ယောက်တည်း
...ပြီး ဆွေးနေတာမဟုတ်လား။ ကြယ်စင်ခ နင့်အနားကို မလာ
...လို့ နင် သတိရပြီး လွမ်းနေတာ မဟုတ်လား ဆွေသဟာ။
...က်ဝန်းတွေထဲက ကြေကွဲဝမ်းနည်းရိပ်တွေကို ငါ မြင်နေရပါ
...ဟာ ... ။

ဒါပေမဲ့ ...

ငါ ဘယ်လိုမှ မတတ်နိုင်ဘူး ဆွေသဟာ။

ငါ ကြယ်စင်ခကို ပိုင်ဆိုင်ချင်တယ်။

သူ့လက်ကို ဆုပ်ကိုင်ပြီး ... အနာဂတ်လမ်းတွေကို အပျော်ရွှင်ဆုံး ဖြတ်သန်းချင်တယ် ဆွေသဟာ။ အဲဒီအတွက် ငါ့ အတွက်ကြီးမှုဖြစ်မယ်။ စာနာထောက်ထားမှုနည်းမှု ဖြစ်မယ် ဆွေ သဟာ။

ပြီးတော့ ...

အချိန်သိပ်မရတော့တဲ့ ငါ့အတွက် သူ့ကို ပိုင်ဆိုင်ရဖို့ က နင် ကူညီမှုဖြစ်မှာပါလေ။ ဒါကြောင့် ငါ နင့်ဆီကို အရောက် လာခဲ့ရတာပေါ့ ဆွေသဟာရယ် ... ။

"ဆွေသဟာ ... "

"ပြောလေ မေမွန် ... "

မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း ထူးမိသည်။

"ကြယ်စင်ခနဲ့ငါ ချစ်သူတွေ ဖြစ်သွားပြီ ဆွေသဟာ ...

"ဘာ ... ဘာရယ် ... "

တထိတ်ထိတ် စောင့်ခုန်သွားသော နှလုံးသားလေး နှင့်အတူ အံ့သြမယုံကြည်နိုင်သော မျက်ဝန်းအကြည့်လေးတွေက မေမွန့်ဆီသို့ ဆတ်ခနဲ ရောက်သွား၏။

"နင် ... ငါ့ကို စိတ်ဆိုးသွားလား ဆွေသဟာ ... "

"ငါ ... ငါက ... "

"နင် လက်မထပ်ချင်ဘူးလို့ သူ့အမေကို သွားပြောပြီးနောက်





မှာပဲ ငါတို့နှစ်ယောက် ပြန်ဆုံမိကြတာလေ ... အဖော်မဲ့နေ တဲ့ သူ့ကမ္ဘာလေး စိမ်းလန်းစိုပြည်ဖို့ ငါ့ကို ရွေးချယ်လိုက်ပြီ ဆွေသဟာ ... "

ဘာစကားမှ မပြောနိုင်လောက်အောင် ကြောင်အ အ,လေး ဖြစ်နေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး မေမွန် ကျိတ်ပြီးပြုံး ...က်မိသည်။ တကယ်တော့ ... ကြယ်စင်ခနဲ့ မေမွန် ဘာမှဆက်စပ် ...ရှိပါ။ ကြယ်စင်ခ ... မေမွန့်ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ် ...လည်း မဟုတ်ချေ။

အစွဲအလမ်းကြီးတဲ့ ကြယ်စင်ခ။

ဆွေသဟာမှ ဆွေသဟာတစ်ချိန်လုံးတမ်းတနေ၏။

မေမွန် ဘယ်လောက်ပဲ မြူဆွယ်ဖြားယောင်းနေပါ ... ကြယ်စင်ခ စိတ်မဝင်စားခဲ့ပါ။ ဆွေသဟာရဲ့ ရက်စက်မှုတွေ ရင်ဖွင့်ပြီး တစ်ချိန်လုံး ခံစားနေသည်။ ကြာတော့ ... မေမွန် ...ကန့်ချင်လာ၏။ မနာလိုဝန်တိုမှုတွေပင် ဖြစ်လာရသည်။ သူငယ် ...းတစ်ယောက်လိုပဲ ဆက်ဆံတတ်တဲ့ ကြယ်စင်ခကို ... မေမွန် ...သည်းတွေပင် ယားမိ၏။

ရတာမလို လိုတာမရ ဆိုသလို မရနိုင်ဘူးဆိုတာကို ...၍ မက်မက်မောမော လိုချင်လာရသည်။

"မေမွန် ... "

"ဟင် ... "

"နင် အရမ်းကို ဝမ်းသာနေလားဟင် ... "

"ဘာကိုလဲ ဆွေသဟာ ... "

"ကြယ်စင်ခဆီက အချစ်တွေကို ပိုင်ဆိုင်ရလို့လေ ... "

"အဟင်း ဟင်း ... ဒါပေါ့ သဟာရယ် ... ငါ အခု အရမ်းကို ပျော်ရွှင်နေရတယ် ... သူက အရင်လို မဟုတ်တော့ဘူး သဟာ ... တစ်နေ့တခြား ပိုပိုပြီး ချစ်တတ်နေလို့ ... ငါလေ ငါ ... အဟင်း ဟင်း ... "

"မေမွန် ... နင် ... နင်နဲ့သူ ... "

"ဟုတ်တယ် ဆွေသဟာ ... အဲဒါကြောင့် ငါ သူ့ကို ပိုင်ဆိုင်ရမှ ဖြစ်တော့မယ် ... "

အို ...

ဆွေသဟာ့ခေါင်းပေါ် မိုးကြိုးအစင်းတစ်ရာ ပစ်ချခံလိုက်ရသလို ခံစားလိုက်ရသည်။ ရင်တစ်ခုလုံး တင်းကျပ်ကာ ... အသည်းနှလုံးတွေ ကြေမွသွားသလိုပါပဲ ... ။ မေမွန့်စကားတွေက သွေးပျက်တုန်လှုပ်စရာ ကောင်းလွန်းလှသည်။

ကြယ်စင်ခရယ် ... ရက်စက်လိုက်တာရှင်။

ဆွေသဟာ့ရင်ထဲက ... အထင်ကြီးလေးစားမှုတွေ အားလုံး မြောင်းထဲရောက်သွားပြီ ကြယ်စင်ခရယ်။ ရှင့်ကြောင့် ခံစားနေရတဲ့ ရင်ထဲက နှလုံးသားလေးတွေကို တစ်စက်ကလေးတော့ ငဲ့ညှာသင့်ပါတယ် ကြယ်စင်ခရယ်။





လိုချင်ပြင်းပြလွန်းသော အရာဝတ္ထုတစ်ခု လက်လွှတ်ဆုံးရှုံးလိုက်ရသလို ... ဘယ်အရာကို ကိုင်ဆွဲလို့ ဆွဲရမှန်းမသိအောင် စိတ်ဓာတ်တွေက တဝုန်းဝုန်း လဲပြိုသွားရသည်။

"သဟာ ... "

"ဟင် ... "

"နင် ... ငါ့ကို တစ်ခုလောက် ကူညီပါဦးဟာ ... "

"ဘယ် ဘယ်လိုမေမွန် ... ငါ ငါက ဘာကူညီရမှာလဲမေမွန်"

"နင့်ဟမ်းဖုန်း ခဏလောက်ငှားပါလား သဟာ ... ငါ ခဏပဲ ယူသုံးမှာပါ ... "

"ဟင် ... "

"ငါ့ဖုန်းက ဘယ်မှာကျန်ခဲ့မှန်းမသိလို့ သဟာရဲ့ ... မနက်ကျမှ နင် ပြန်ယူပါဟာ ... "

"သြော် ... အင်း ... ယူလေ မေမွန်ရဲ့ ... ရပါတယ်"

"ကျေးဇူးပဲ သဟာရယ် ... သူနဲ့ငါက အမြဲတမ်း ညဆို ဖုန်းပြောနေကျဟ ... အဲ့ွန်း ... အဲဒါကြောင့်ပါ သဟာ"

"သြော် ... "

ညတိုင်း ဖုန်းပြောနေကျတဲ့လားကွယ်။

"ကဲ ... ငါ သွားတော့မယ် သဟာ ... နင်လည်း အိမ်ထဲဝင်တော့နော် ... အပြင်မှာ အရမ်းအေးနေတာ ... တော်ကြာ ဖျားနာနေမှဖြင့် ... "

"မေမွန် ... "

"ဟင် ... "

"ငါ့အတွက် စိတ်ပူနေတယ်နော် ... "

"အဟင်း ဟင်း ... ဘာလဲ သဟာ ... ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းအရင်းခေါက်ခေါက်ကြီးအတွက် စိတ်မပူပေးရဘူးလား"

"ကျေးဇူးတင်ပါတယ် မေမွန် ... "

"အဟင်း ... ဟင်း ... "

"သွားတော့လေ မေမွန် ... မင်းက အအေးအရမ်းကြောက်တဲ့သူဆိုတော့ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး ... "

"အင်း ... ဟုတ်တယ် သဟာ ... ငါ သွားတော့မယ်နော်"

" ... ... ... "

ဆွေသဟာ ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

ကျောခိုင်းထွက်သွားတဲ့ မေမွန့်ရဲ့ သွယ်ပျောင်းနွဲ့နှောင်းလွန်းတဲ့ ခန္ဓာကိုယ်နောက်ပိုင်းလေးကို ငေးကြည့်ရင်း ... မျက်ရည်လေးတွေ တစ်ပေါက်ချင်း လိမ့်ဆင်းကျလာရသည်။

ဘာကြောင့်လဲ ...

ဒီမျက်ရည်တွေကဘာကြောင့်စီးကျလာရတာလဲကွယ်။

တွေးရင်းတွေးရင်း ... ဆွေသဟာတစ်ယောက် တသိမ့်သိမ့် ငိုချလိုက်မိပါ တော့သည်။





# အခန်း [၂၃]

"ကြယ်စင်ခ ... ဆွေသဟာ အသည်းအသန်ဖြစ်နေ... အမြန်လာခဲ့ပါ" ဆိုတဲ့ မေမွန့်ဆီက ဖုန်းအဆက်အသွယ်လေး ...ကြောင့် ခန္ဓာကိုယ်တစ်ခုလုံးက သွေးတွေ ဗလောင်ဆူသွားရသည်။

ဟမ်းဖုန်းနံပါတ်လေးက ဆွေသဟာ့ရဲ့ ဟမ်းဖုန်း...ါတ်လေးဖြစ်နေပြီး စိုးရိမ်စိတ်လွန်ကဲမှုကြောင့် ကားသော့ကိုဆွဲ... မေမွန် ပြောသောနေရာလေးဆီသို့ မောင်းထွက်လာခဲ့မိ၏။ ...းလေးက မည်းနက်သော ကတ္တရာလမ်းလေးထက် တရိပ်ရိပ် ...းနေသည်။

စိုးရိမ်စိတ်တွေက အထွတ်အထိပ် ရောက်နေရတာ ...ဘာကိုမှ ဂရုမစိုက်နိုင်အားတော့။

သဟာ့ဘက်က ဘယ်လောက်ပဲ စိမ်းကားစိမ်းကား တကယ်တမ်း ဖြစ်လာတော့လည်း ကြယ်စင်ခ မနေနိုင်ခဲ့ပါ။ စိတ်ဆိုးဆိုးနှင့် သဟာ့ဆီ မသွားဘဲ တေတေပေပေ နေမိသော်လည်း စိတ်ကလေး ပြန်လည်လို လည်ပြား မေမွန်ကတစ်ဆင့် အောင်သွယ်နိုင်းမိသေး၏။

မေမွန့်ကို အားနာလှသော်လည်း ရင်ထဲမှာ ခံစားနေရတဲ့ ဝေဒနာက ပြင်းထန်ဆိုးဝါးနေတာကြောင့် ဆွေသဟာ့ဆီက ပြေလည်မှုလေးရရန် ကြိုးစားမိသည်။ ရက်စက်သလောက် အသည်းမာတဲ့ ဆွေသဟာ့ဘက်က လုံးဝမလျှော့ချေ။

ကြယ်စင်ခ ...

ဒီမိန်းကလေးကိုမှ တမ်းတမ်းစွဲချစ်မိတဲ့ သူ့နှလုံးသားတွေကိုပဲ ကျိန်ဆဲနေမိတော့သည်။ မေမွန့်ပြောစကားအရ ဒီနေ့ ဆွေသဟာနဲ့ မေမွန်တို့ ထောက်ကြန့်ဘက်က အမျိုးအိမ်ကို သွားလည်တာတဲ့လေ။ လမ်းတစ်ဝက်မှာ ရုတ်တရက်ကြီး ဆွေသဟာ ဗိုက်အောင့်တယ်ဆိုပြီး အော်နေလို့တဲ့ ... ။

အဲဒါ ...

အမြန်ဆုံး ကြယ်စင်ခ လိုက်ခဲ့ပါဆိုလို့ သူ အမြန်ဆုံး လိုက်သွားဖို့လုပ်တော့၏။ ကားလေးကို မေမွန် ပြောသောနေရာလေးဆီ အမြန်ရောက်အောင် မိုင်နှုန်းကို အမြင့်ဆုံးသို့ တင်ပစ်လိုက်သည်။





ဟိုင်းဝေးလမ်းမကြီးဆီ ရောက်ချင်စောတွေက ... ကြယ်စင်ခရဲ့ စိတ်အာရုံထဲ ပြည့်နှက်နေတော့သည်။

မေမွန့်မှာတော့ ...

အခုချက်ချင်း ကိုယ်လိုက်လာခဲ့မယ် မေမွန်ဆိုတဲ့ ရှိမ်ပူပန်မှုတွေကြီးမားနေတဲ့ အသံလေးကြောင့် အပျော်ကြီးပျော်သွားရသည်။ ဆွေသဟာ့ဆီက ညက ငှားလာခဲ့သော လက်ကိုင်ဖုန်းဆီ တစ်ချက်စိုက်ကြည့်ကာ ရွှတ်ခနဲ နမ်းရှုံ့လိုက်ပြီး လက်ကိုင်အိတ်လေးထဲသို့ ပြန်ထိုးထည့်ထားလိုက်သည်။

ကြည့်စမ်း ...

မေမွန့်အကြံ ဘယ်လောက်တောင် ပိုင်လိုက်သလဲ။ ကြယ်စင်ခ ... မေမွန့်ဆီကို မကြာခင် ရောက်လာတော့မည်။ အခါ ဆွေသဟာရှိတဲ့နေရာကို ခေါ်သွားမည်ဆိုပြီး တစ်နေရာရာ မောင်းနိုင်းမည်။ ဒါဆို ကြယ်စင်ခ ဘယ်လိုမျှ ငြင်းပယ်လို့ရတော့ မဟုတ်တော့။ နောက်ပြီး ... မေမွန့်အိမ်မှာလည်း သမီးချစ်သူကကို လိုက်သွားပါပြီဆိုတဲ့ အကြောင်းကြားစာကလေး ရေးခဲ့သည်။

ဒါဆို ...

မေမွန့်ချစ်သူက ဘယ်သူလဲလို့ ဆွေသဟာ့ဆီ သွားမှာပဲ။ သေချာတာကတော့ မေမွန် ညက ပြောခဲ့သလို ကြယ်စင်ခနဲ့ ချစ်သူတွေပါလို့ မေမေတို့ကို ဆွေသဟာ ရှင်းပြမှာပဲ ... ။

ဒါဆို အားလုံး ပြီးပြီပေါ့။

နေဝန်းကို ဆယ်နာရီ ချိန်းထားသည်။

အိမ်ကိုလာတာနှင့် မေမွန့်သတင်းကို ကြားမှာပဲ။ အသည်းဆတ်ဆတ်ခါအောင်နာပြီး ဒေါသတွေ အကြီးအကျယ် ပေါက်ကွဲမှာ မြင်ယောင်မိပါသေးရဲ့။ အတွေးလေးတွေနှင့်ပင် မေမွန့် မျက်နှာလေးမှာ အပြုံးပန်းလေးတွေနှင့် ဝေဆာနေရသည်။

လက်ဆွဲအိတ်အသေးလေးကို တစ်ချက်ဖွင့်ကြည့်လိုက်၏။

အိတ်ကလေးထဲတွင် သူမအတွက် ဝတ်စုံနှစ်စုံ … ကြယ်စင်ခ ဝတ်ဖို့ ဖေဖေ့ဗီရိုထဲက ဆွဲထုတ်လာတဲ့ တီရှပ်နှစ်ထည်နဲ့ ပလေကပ်ပုဆိုးနှစ်ထည်။ သွားတိုက်ဆေးဘူး၊ သွားပွတ်တံနှစ်ချောင်း၊ ကိုယ်တိုက်ဆပ်ပြာလေးတစ်တုံး၊ မျက်နှာသုတ်ပဝါတစ်ထည်၊ အလှပြင်ပစ္စည်းအချို့နဲ့ ဘီးလေးတစ်ချောင်း။

ဒါတွေအားလုံး မနေ့ကညကတည်းက ကြိုတင်ပြီး အဆင်သင့် ထည့်ထားတာလေ။ မေမွန့်ပိုက်ဆံအိတ်လေးထဲတွင် ငွေစက္ကူပါကင်ထုပ်၊ လက်ဝတ်လက်စားအနည်းငယ်နဲ့ မှတ်ပုံတင်ကတ်ပြားလေးတစ်ခု ရှိနေ၏။

ဒီလောက်ဆို …

သူမတို့နှစ်ယောက်အတွက် အတော်လေး အဆင်ပြေပြီလေ။





ပိုက်ဆံအိတ်လေးကို အသာဆွဲပိတ်ပြီး ရင်မှာ ခပ် ်င်းတင်းလေး ပိုက်ထားလိုက်၏။ ကြယ်စင်ခကားလေး လာမည့် က်လှည့်ကာ ငေးမောမျှော်နေမိတော့သည်။ မကြာခင် ပိုင်ဆိုင် ာ့မဲ့ အချစ်ဆုံးသူနဲ့အတူ ဖြတ်သန်းရမဲ့ ရင်ခုန်စရာနေ့ရက်လေး ၃ကို မြင်ယောင်ရင်း မေမွန့်ရင်တွေ တသိမ့်သိမ့် ခါယမ်းနေရတော့ ည်။

ဟော …

ကြယ်စင်ခရဲ့ကား လာနေပြီ။

ခပ်ပြပြလေးတွင် မောင်းနှင်လာသော ကြယ်စင်ခရဲ့ ကြီးကို မြင်လိုက်တာနှင့် မေမွန် ထခုန်မိမတတ်ပင် ဝမ်းသာ ရွှင်သွားရသည်။ မှတ်မိပါသည် … ။ ခဲရောင် ပါရာဒိုကားကြီးကို ်န် မှတ်မိနေပါသည်။ အရှေ့က စတီးချောင်းအကာကြီးတွေနဲ့ ယ်စင်ခရဲ့ ကားကြီးကို မေမွန် ကောင်းကောင်းကြီး သိနေခဲ့တာ … ။

ကားကြီးကို မြင်လိုက်တာနှင့် မေမွန် အဝေးကနေ ာလေး လှမ်းတားလိုက်မိသည်။ ကြယ်စင်ခရဲ့ ကားကြီးက ဒ် မြင်လိုက်သည်ဆိုလျှင်ပဲ ခပ်လှမ်းလှမ်းလေးတွင် ရပ်တန့် ၏။

မေမွန် အဝတ်အစားအိတ်လေးကိုဆွဲပြီး ကြယ်စင်ခ ်ဆီ အပြေးတစ်ပိုင်းသွားကာ ကားပေါ်သို့ တက်လိုက်သည်။

စောစောက ပျော်ရွှင်နေသော မျက်နှာလေးကို ချက်ချင်းပဲ အိုစ
လိုက်ပြီး ...

"မောင်းတော့လေ ကြယ်စင်ခ ... "

"ကိုယ်က ဘယ်ကိုမောင်းရမှာလဲ မေမွန် ... "

"ဟင် ... "

"ရှင် ... ရှင် ... "

"မောင့်ကို မှတ်မိသားပဲ ... "

ပြန်မေးလိုက်တဲ့ အသံက တစ်မျိုးကြီးဖြစ်နေတာနဲ့ ကားမောင်းသူနေရာတွင် ထိုင်နေသောလူကို ကြည့်လိုက်တော့ ... ကြယ်စင်ခ မဟုတ်ဘဲ နေဝန်းဖြစ်နေ၏။ မေမွန့်မျက်လုံးလေးတွေ ပြူးပြီး ခေါင်းတွေပင် ချာလည်လည်အောင် မူးနောက်သွားရသည်။

"သိပ်အံ့သြသွားလား မေမွန် ... "

"ဒီကားက ကြယ်စင်ခရဲ့ကား မဟုတ်ဘူးလား နေဝန်း"

"သိပ်ဟုတ်တာပေါ့ မေမွန် ... ကြယ်စင်ခရဲ့ကားကိုတောင် မှတ်မိသေးတယ်ဆိုရင် မင်းရဲ့ဦးနှောက်က အလုပ်လုပ်သေးတာပဲ ... ဒါဆို ကိုယ့်ကို ခေါ်ဝေါ်လိုက်တဲ့ အသုံးအနှုန်းကို ပြန်ပြင်သင့်တယ် မေမွန် ... "

"မောင် ... မောင်ရယ်၊ အဟင့် ... ဟင့် ... မေ ... မေမွန် မှားပါတယ် ... မေမွန့်ကို ခွင့်လွှတ်ပါနော် ... အဟင့် ... ဟင့် ... မေ ... မေမွန်လေ ... အဟီး ဟီး ... "





"ဟာ ... "

ပြောလည်းပြော တအီးအီးနှင့် ငိုချလိုက်တဲ့ မေမွန့်
...လေးကိုကြည့်ပြီး နေဝန်း ရယ်လည်းရယ်ချင် ... စိတ်လည်းဆိုး
...သည်။ ရုပ်ကလေးနဲ့မလိုက်အောင် လိမ်ညာတတ်လွန်းတဲ့ မေမွန်။
...န်ဆောင်ကောင်းတဲ့နေရာမှာလည်း နှစ်ယောက်မရှိချေ။

အခုလည်း ...

မှားပြီဆိုပြီး ငိုနေလေရဲ့။

အဟွန်း ...

ဒင်းအကြောင်းကို မသိရင်ခက်မယ်။ ကြယ်စင်ခ ...
...က်လာတယ်ထင်ပြီး ကျိတ်ပျော်နေတုန်း သူ့ကို မြင်လိုက်၍
...ာ်လန့်တုန်လှုပ်သွားတာလေ။ သူ့ကို ဆယ်နာရီလာဖို့ မှာထား
...မှဲ့ စိတ်တွေလောပြီး ခပ်စောစောထွက်လာတုန်း မထင်မှတ်ဘဲ
...်းမှာ ကားဘီးပေါက်နေ၏။

ထိုစဉ် ...

သူ့ကားအနီးသို့ ရောက်လာတဲ့ ကြယ်စင်ခရဲ့ ပါရာဒို
...းကြီးကြောင့် နေဝန်း အံ့အားသင့်နေစဉ် ... သူ့ကားသော့ကို
...န်းဆီ လှမ်းပေးပြီး မေမွန် ထောက်ကြန့်ဘက်မှာ စောင့်နေ
...ပ် လိုက်သွားပါဆိုပြီး ပြောလို့ နေဝန်း ကြောင်တောင်တောင်နှင့်
...းသော့ လှမ်းယူမိ၏။

သူ့ကားကိုတော့ ကြယ်စင်ခက ဝပ်ရှော့တစ်ခုကို

ဖုန်းဆက်ပြီး လာယူခိုင်းနေသည်။ အစကတော့ နေဝန်း ဘာမှနား မလည်သော်လည်း မေမွန် မျက်လှည့်ပြပြီဆိုတာကိုတော့ ရိပ်စား၏။ နောက်တော့မှ အကြောင်းစုံကို သိခွင့်ရ၏။

ဆွေသဟာ တစ်ခုခုဖြစ်တယ်ဆိုပြီး ကြယ်စင်ခကို လှမ်းခေါ်တာလေ။ မေမွန် ကံဆိုးချင်တော့ ကားကို အပြင်းမောင်းနှင်နေရင်း ကြယ်စင်ခဆီ ဖုန်းဝင်လာ၏။ ဆွေသဟာတစ်ယောက် အိမ်မှာ အဖျားတွေတက်နေလို့ အားရင် လာခဲ့ပါလားဆိုတဲ့ ဆွေသဟာ့အမေ ဒေါ်သီတာဆွေရဲ့ဖုန်း ဖြစ်နေ၏။

ဆွေသဟာ့ ဟမ်းဖုန်းရောလို့မေးတော့ ဒေါ်သီတာဆွေက မေမွန် ညက ငှားသွားတယ်တဲ့။ တော်သေးတာက ကြယ်စင်ခက နေဝန်းကို မြင်မြင်ချင်း မှတ်မိနေသည်။ မေမွန်ဆီ လိုက်သွားဖို့ သူ့ကားကို ပေးလိုက်၏။

အဟွန်း ... ။

နေဝန်းကလည်း ဘယ်အလျှော့ပေးလိမ့်မလဲ ... အညာသူမလေး မေမွန့်ဆီ ရောက်အောင်ကို လာခဲ့တာပေါ့။ အခုတော့ နေဝန်းရဲ့လက်ထဲမှာ ဘာမှမဖြေရှင်းနိုင်တော့ဘဲ တအီးအီးကို ငိုနေတော့၏။

"အဟင့် ... ဟင့် ... အီး ... ဟီး ... ဟီး"

"ဟော့ ဟော့ ... ဘယ်သူသေလို့ အဲဒီလောက်တောင် ငိုနေရတာလဲ ... မနက်စောစောစီးစီး မင်္ဂလာမရှိလိုက်တာကွာ





တိတ်စမ်း ... "

"ရှင် ... ဟုတ် ... ဟုတ် ... ကဲ့ ... ဒီး ... ဖတ် ... အစ် ... အစ် ... အီး ... အီး ... "

ခေါင်းသာညိတ်တာ ပါးစပ်လေးကို လက်ဝါးလေး ...ပိတ်ပြီး ငိုနေဆဲ ... ။

နေဝန်း ...

တမင်ဟောက်လိုက်တာပါ။ ဒင်းက အလျှော့ပေး...တဲ့ ကောင်မလေးမဟုတ်ဘူးလေ။ ကိုယ့်ဘက်က တစ်ချက် ...လိုက်တာနဲ့ သူက ပတ်မှာ ... ။

"မေမွန် ... "

"ရှင် ... "

"မောင့်ကို ချစ်လား ... "

"ရှင် ... "

"မောင့်ကို လက်ထပ်မှာလားလို့ မေးနေတာ ... "

"အဟင့် ... ဟင့် ... အီး ဟီး ဟီး ... "

မေမွန် ငိုမိပြန်ပါပြီ။

မောင်က သူ့ကို လက်ထပ်မှာလားတဲ့။ ဟင့်အင်း ... ရှင့်ကို လက်မထပ်ချင်ဘူး။ မေမွန် လက်ထပ်ချင်တာ ... ...င်ခကိုပါ။ ကြယ်စင်ခကိုပဲ မေမွန် ပိုင်ဆိုင်ချင်တာ။ ဒါကြောင့် ... အများကြီး ကြိုးစားခဲ့တာလေ ... ။

မထင်မှတ်ဘဲ ...

မေမွန့်အကြံအစည်တွေက ပျက်စီးသွားရသည်။

ဘယ်လိုတွေ ဖြစ်ကုန်မှန်းမသိပေမဲ့ မေမွန့်အနားမှာ လက်ရှိရောက်နေတဲ့သူက နေဝန်းဆိုတဲ့ မေမွန့်ချစ်သူ ဖြစ်နေ... ကားက ကြယ်စင်ခရဲ့ကားဆိုတော့ ... မေမွန့်အကြံအစည်အားလုံး ကြယ်စင်ခ သိသွားပြီဆိုတဲ့သဘောပေါ့။

"ဖြေလေ ..."

"မောင် ..."

"ပြော ..."

"သူ ... သူရောဟင် ..."

"ဘယ်သူလဲ ..."

"ကြယ်စင်ခ ..."

"ဘာ ..."

"အမလေး ..."

မောင့်အော်သံကြီးကြောင့် မေမွန် လန့်ဖျပ်... အသံလေးထွက်သည့်အထိ လန့်အော်မိသွားရ၏။ စိမ်းသက်... မျက်ဝန်းများအောက်တွင် ခန္ဓာကိုယ်လေး သေးကျုံ့သွားရသည်...

"မင်းကွာ ... တောက် ..."

"ဟို ... ဟို ... မေ ... မေမွန်က သိချင်လို့ပါ"

"ပြောမယ် ... ပြောမယ်၊ မင်း အဲဒီလောက်တောင် သိ...





ရင် ကိုယ်က ပြောရမှာပေါ့ ... အဟွန်း ... ဟွန်း ... ဉာဏ်... ကြီးရှင် ... အကြံကြီးရှင်ကြီး ဒေါ်မေမွန်ရဲ့ ..."

"... ... ..."

"မင်းက ... ကြယ်စင်ခကို ဆွေသဟာ့ဆီက ဖုန်းခဏငှား ပြီး မြို့ပြင်ကို လိမ်ညာခေါ်ပေမဲ့ မင်းရဲ့ အကြံအစည်ကို မသိတဲ့ ကြယ်စင်ခက မင်းစကားကို ယုံကြည်ပြီး တကယ် လာတာကွ ... အဟွန်း ...

မင်း ကံဆိုးချင်လို့လားတော့ မသိဘူး ... လမ်းတစ်ဝက်မှာ ဒေါ်သီတာဆွေဆီက ဖုန်းလှမ်းဆက်တာလေ ... ဆွေသဟာ နေမကောင်းဖြစ်နေလို့တဲ့ ..."

"အမလေး ... တိုက်ဆိုင်လိုက်တာ ... တိုက်ဆိုင်လိုက်တာ၊ အခုမှပဲ တိုက်ဆိုင်နေလိုက်ကြတာ ... ဟင့် ဟင့် ..."

"အခုလောက်ဆိုရင် ကြယ်စင်ခတစ်ယောက် ဆွေသဟာ့ အနားကို ရောက်ပြီး ... ဆွေသဟာနဲ့ ... ဟား ဟား"

"မကြားချင်ဘူး ... မကြားချင်ဘူး ... တော်ပါတော့ ... မေမွန် ဆက်ပြီး မကြားပါရစေနဲ့တော့ ... ဟင့် ဟင့်"

ဆုံးရှုံးခြင်းဒဏ်ကို နာကျင်စရာကောင်းလောက် ...င် ခံယူနေရသည်။ နေဝန်းရဲ့ ပြောစကားအရဆိုရင် အားလုံး ...်းသွားပြီပေါ့။

"နောက်ပြီး ... ဒေါ်မူမူကလည်း ရုပ်ရည်လေးနဲ့မလိုက်

အောင် သူငယ်ချင်းအပေါ် ချောက်ချလွှန်းတဲ့ မင်းကို စိတ်တွေ အရမ်းဆိုးနေတယ် ...”

ဟင် ...

သွားပြီ။

သူမ အားခဲထားသမျှ အားလုံး သဲထဲရေသွန်ချလိုက်သလို အရာမထင်တော့ချေ။ မှားယွင်းတဲ့လုပ်ရပ်တွေရဲ့ ဆိုးကျိုးလေးကို ခံယူနေရသည်။

“ကဲ ... ဘယ်လိုလဲ ဒေါ်မေမွန် ... ရှေ့ကို ဘယ်လိုဆက်ပြီး စခန်းသွားမလဲ ... အဟွန်း ... မင်း သိပ်ပြီးကံကောင်းတယ် မေမွန် ... ငါ့နှလုံးသားတွေက မင်းကိုမှ တန်းတန်းစွဲချစ်နေမိတာလေ ...

ဒါပေမဲ့ ... ငါက သဘောတော့ ခဏခဏမကောင်းနိုင်ဘူးနော် ... ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ ... နောက်ပြီး အနောက်ဆို မင်းမိဘတွေဆီကို ကြယ်စင်ခ ငါနဲ့လိုက်သွားကြောင်း ပြောပြီးနေလောက်ရောပေါ့ မေမွန် ... မင်း မိဘတွေရဲ့ ဂုဏ်သိက္ခာကို ငဲ့ညှာသောအားဖြင့် ငါ့ကို မင်း လက်ထပ်ဖို့ ပြင်ဆင်ထားပါ မေမွန် ...”

“အဟင့် ... ဟင့် ... အီး ... ဟီး ... ဟီး ...”

“ငို ... ငို ... သေအောင်သာ ငိုတော့ကွာ ... ငါကတော့ ရန်ကုန်မြေနဲ့ အဝေးဆုံးကို မောင်းတော့မယ် ...”





“အဟင့် ... ဟင့် ...”

“ဟင့် ... ဟင့် ...”

နေဝန်းကတော့ ...

တစ်ငိုတည်း ငိုနေတဲ့ မေမွန့်ကိုကြည့်ပြီး စိတ်ပျက်စွာ ခေါင်းကို တအားခါယမ်းလိုက်ပြီး ကားလေးကို ဆောင့်ကြီးအောင့်ကြီး ဝေါခနဲနေအောင် နေရာလေးကနေ မောင်းထွက်ပစ်လိုက်မိတော့သည်။

ကားလေးက ...

ရန်ကုန်မြေနှင့် တဖြည်းဖြည်း အဝေးဆုံးဆီသို့ ပြေးထွက်သွားတော့၏။

## အခန်း [၂၄]

"ဆွေသဟာ ..."

"... ..."

"သဟာလေးရယ် ..."

အိပ်ရာလေးထက် အဖျားရှိန်နှင့် မျက်လုံးလေး နေ စင်းကာ မှိန်းနေသော ချစ်ရသူလေးရဲ့ မျက်နှာလေးကို ငေးကြည့် ပြီး မြတ်နိုးကြင်နာသနားနေမိသည်။ ဖြူစင်ရိုးသားလွန်းတဲ့ သဟာ သူငယ်ချင်းအပေါ် အနစ်နာခံလွန်းတဲ့ သဟာ့ကို ... ကြယ်စင်း အပြစ်တွေလည်း မတင်ရက်တော့ပါ။

မေမွန်ရဲ့ လှည့်စားမှုအောက်တွင် သဟာ လုလု ကြီး အမိခံလိုက်ရသလို ... မေမွန်နှင့် ကြယ်စင်ခလည်း ပါဝင်ခဲ့





၏။ လူတွေကို ယုံကြည်မိသော အယုံလွယ်သည့်စိတ်ကြောင့် ... သဟာ့အပေါ် အထင်လွဲမိခဲ့တဲ့ မေမေကလည်း နောင်တတွေရကာ ဒေါ်သီတာဆွေကို တောင်းပန်ခဲ့ပြီးပြီလေ ... ။

မေမွန်ကတော့ ... နေဝန်းနဲ့အတူ ရန်ကုန်မြေနဲ့ အဝေးဆုံးကို ပြေးလောက်ရောပေါ့ ... ။

တော်တော်ဆိုးတဲ့ မေမွန် ... ။

သူမ ကြားထဲကနေ ဝင်ရှုပ်တာနဲ့ သဟာနဲ့ကြယ်စင် ကို တစ်ယောက်ကိုတစ်ယောက် အထင်တွေလွဲမှားပြီး အဝေးဆုံး ကို ဝေးကွာရတော့မလို့ ... ။

"သဟာ ..."

"ဟင် ... ရှင် ... ရှင် ..."

"ဟုတ်ပါတယ် သဟာ ... ကိုယ်ပါ ... ကြယ်စင်ခလေ"

"အို ... ရှင် ... ရှင် ဘယ်လိုလုပ်ပြီး ကျွန်မအခန်းထဲကို ရောက်နေရတာလဲ ..."

"သဟာ နေမကောင်းဘူးဆိုပြီး ကိုယ့်ကို အန်တီ အန်တီ ဖုန်းဆက်အကြောင်းကြားလို့ လာခဲ့တာလေ ... တော်သေး တာပေါ့ သဟာ ... စောစောကလေးတင် ဆရာဝန်က ရိုး ရိုး အအေးပတ်ပြီး ဖျားတာပါပြောလို့ ကိုယ် သက်ပြင်းချနိုင် တော့တယ် ..."

"အဲဒါတွေ ထားလိုက်ပါ ... ရှင် အခုချက်ချင်း သဟာ့အခန်း ထဲက ထွက်တော့ ..."

"ဗျာ ..."

"ထွက်တော့လို့ ပြောတာ ..."

မျက်နှာရဲရဲလေးနဲ့ မနေတတ်မထိုင်တတ်လေး ဖြ ကာ ဆွေသဟာတစ်ယောက် အခန်းလေးထဲကနေ သူ့ကို ထွက်ခိုင်း နေမိသည်။

စိတ်ထဲမှာ ...

မေမွန်သာ မြင်ရင်ဆိုတဲ့အသိကြောင့် တအားကို ရိမ်ထိတ်လန့်နေရ၏။ ပြီးတော့ ... မေမွန့်ရဲ့ ချစ်သူတစ်ယော အနေနှင့် ဆွေသဟာလို အပျိုဖျန်းကလေးရဲ့ အခန်းထဲမှာ ရှိနေတ ဘယ်လိုမှ မသင့်လျော်ချေ။

"ဆွေသဟာ ..."

"... ..."

"ကိုယ့်ကို အန့်တီသိတာဆွေကိုယ်တိုင်က စောင့်ခိုင်းထာ တာဗျ ... ဒါကို ဘယ့်နှယ်ကြောင့် အတင်းကြီး အခန်းပြ ကို ထွက်ခိုင်းနေရတာလဲ ..."

"အို ... မသိဘူး မသိဘူး ... ဘယ်သူ စောင့်ခိုင်းစောင့်ခို ဆွေသဟာပိုင်တဲ့အခန်းထဲ ဆွေသဟာ့ခွင့်ပြုချက်မရဘဲ ဘယ်သူမှ မရှိနေရဘူး ... သွား ... ရှင် အခုချက်ချင်း ထွ သွား ..."

"ဟောဗျာ ..."

"မဗျာနဲ့နော် ... မဗျာနဲ့၊ ရှင် အခုလို ရှိနေတာမြင်ရင် ဆွေ သဟာ့ကို အထင်လွဲနေမှာ ... သွား ... သွား ... ရှင် ထွ သွားတော့ ..."





စောင်ကြီးကို ခပ်တင်းတင်းလေး ခေါင်းပေါ်ဆွဲခြုံ း ဖွတ်တရွတ်လေး နှင်ထုတ်နေတဲ့ ဆွေသဟာ့ကိုကြည့်ပြီး ... သည်းလေးတွေပင် ယားသွားရသည်။ ဒီမိန်းကလေးရဲ့ အပြုအမူ လေးတွေက သိပ်ပြီး ကလေးဆန်လွန်းတာကြောင့် ရင်မှာ ပို၍ပင် စ်မြတ်နိုးနေမိသည်။

ဆွေသဟာတစ်ယောက် ... စောင်ခေါင်းမြီးခြုံလေး ကနေ တိတ်ဆိတ်ငြိမ်သက်သွားသော အသံလေးကို နားထောင် း သူ တကယ်ပဲ ထွက် သွားပြီလာဆိုတဲ့ အသိလေးကြောင့် ရင်မှာ ကျင်စူးရှသွားရ၏။ နှင်သာ ထုတ်နေရတာပါ ... အရမ်းကို စိတ် းငယ်နေချိန်တွင် ကြယ်စင်ခဆိုတဲ့ ... သူ့ကို သူမအနားလေး ် ရှိနေစေချင်စိတ်ကလေးနှင့် တမ်းတမ်းတတလေး ဆုတောင်း မိသည်။

မထင်မှတ်ဘဲ ... ချိုမြိန်သြရှရှ ခေါ်သံလေးတစ်ခု ကြောင့် လေးလံပိကျနေတဲ့ မျက်ခွံလေးကို ရအောင်ဖွင့်ပြီး ကြည့်မိ ာ့ ... ကြယ်စင်ခကို တွေ့လိုက်ရ၏။ အကြင်နာမျက်ဝန်းလေး ဒ့နဲ့ စိုးရိမ်တကြီး ငုံ့မိုးစိုက်ကြည့်နေတဲ့ သူ့ကို မြင်လိုက်ချိန်တွင် ွေသဟာရင်လေး ထိတ်ခနဲခုန်ကာ အပျော်ကြီး ပျော်သွားရသည်။

ပြီးတော့မှ ဖျတ်ခနဲ သတိရလိုက်မိတာက ညတုန်း မေမွန် ပြောသွားတဲ့စကားလေးတွေကိုပါပဲ။ မေမွန်နဲ့ ကြယ် ခက တကယ့်ချစ်သူတွေ ဖြစ်သွားကြပြီတဲ့လေ။ ပြီးတော့ ... ွန်နဲ့သူ ... အို ... ဆွေသဟာ ဆက်ပြီးတော့တော မတွေးရဲ ာ့ပါဘူး။

မျက်ဝန်းလေးတွေကို အလျင်အမြန် ဖျတ်ခနဲ မှိတ်ချလိုက်သော်လည်း မမီတော့ချေ။ ဝမ်းနည်းကြေကွဲမှုနှင့်အတူ မျက်ရည်လေးများက နားထင်စပ်ဆီသို့ တဖြည်းဖြည်း စီးကျသွားရသည်။

ဟာ ...

ခေါင်းကြီး အတင်းဆွဲခြံ့ထားတဲ့ ဆွေသဟာတစ်ယောက် အသက်ရှုရှုမှန်းကျပ်သွားမည်စိုးသဖြင့် စောင်လေးကို ဆွဲဖယ်လိုက်စဉ် မျက်ဝန်းလေးစေ့ပိတ်ကာ မျက်ရည်စီးကြောင်းလေးတွေနဲ့အငိုမျက်နှာလေးကို မြင်လိုက်ရ၍ ကြယ်စင်ခရဲ့ မျက်နှာလေးတွင် သနားကြင်နာစိတ်များ စီးမျောသွားရလေတော့သည်။

"သဟာရယ် ... မငိုပါနဲ့ကွာ ... ခေါင်းတွေ ကိုက်နေပါဦးမယ် သဟာလေးရယ် ..."

"မသုတ်နဲ့ ကြယ်စင်ခ ... ကျွန်မရဲ့မျက်ရည်တွေကို ရှင်သုတ်ပေးဖို့ မကြိုးစားပါနဲ့ ... သဟာ လက်မခံဘူး ..."

ဟင် ...

တပေါက်ပေါက် စီးကျနေတဲ့ မျက်ရည်ကြည်လေးများကို သုတ်ပေးဖို့ တိုးကပ်သွားသော သူ့လက်ကလေး တစ်ခက်တစ်ပျက်မှာပင် ရပ်တန့်သွားရသည်။

"သွားပါ ... ရှင် ထွက်သွားပါ၊ ကျွန်မကို စာနာသနားစရာမလိုပါဘူး ... ကျွန်မ ဘာဖြစ်ဖြစ် ဘယ်လောက်ပဲ လဲပြိုနေပါစေ ရှင် ဖေးမတွဲထူစရာမလိုပါဘူး ... ရှင့်ဘဝလမ်းကို စိတ်ဖြောင့်ဖြောင့်တန်းတန်း စိတ်ချလက်ချသာ လျှောက်လှမ်းသွားပါ ကြယ်စင်ခ ..."





ဟာ ...

ဘာတွေလဲ ...

ဆွေသဟာ ဘာတွေလျှောက်ပြောနေတာလဲ။

ဆွေသဟာ ပြောနေတာတွေ သူ ဘာတစ်ခုမှ နားလည်ပါ။ ဘာကြောင့် ... အခုလောက်ကြီး ခါးသက်စိမ်းကားပြီး လွှတ်နေရသလဲဆိုတာလည်း ကြယ်စင်ခ မသိ။ သူ သိတာ ... ဆွေသဟာ့ကို စိတ်မချဘူး။ ဆွေသဟာ့ကို အရမ်းချစ်တယ်။ သဟာ ဘယ်လောက် ငြင်းဆန်နေနေ ... ဆွေသဟာ့ဘေးမှာ ထာဝရနေဖို့ သူ ဆုံးဖြတ်ချက် ချထားပြီးသားဆိုတာပဲလေ။

"သဟာ ..."

"မပြောနဲ့တော့ ကြယ်စင်ခ ... သဟာ အားလုံး သိပြီးပါပြီ"

"ဟင် ... ဘာ ... ဘာတွေ မင်းက သိနေတာလဲ ..."

"မေမွန်နဲ့ရှင် အချစ်ကြီး ချစ်တဲ့ချစ်သူတွေ ဖြစ်နေကြပြီဆိုတာကိုလေ ..."

"ဘာ ..."

"ရှင် အရမ်းကို အံ့သြသွားပြီလား ... အဟွန်း ... မေမွန်က ရင်ဖွင့်သွားပြီးပါပြီ ကြယ်စင်ခရယ် ... ဒါကြောင့် ရှင်တို့နှစ်ယောက်အတွက် ဆွေသဟာ ဝမ်းသာပါတယ် ..."

"ဘာတွေလဲ သဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ မေမွန်နဲ့ ကိုယ် ဘာမှမဆိုင်ဘူးကွ ..."

"ရှင် ..."

"မင်းတော့ ... မေမွန့်ရဲ့အညာ မိပြန်ပြီ ... အဲဒါကြောင့်

ကိုယ် မင်းကို စိတ်မချနိုင်တာပေါ့ ... တကယ့်ကို တုံးလွန်း အလွန်းတဲ့ ကောင်မလေး ...”

“အို ... ရှင် ဘယ်လိုကြီး ပြောလိုက်တာလဲ ...”

“ဟုတ်တာတွေ ပြောတာလေ ... အမှန်ကန်ဆုံးစကားတွေကို ပြောနေတာ ... ဘယ်လိုလဲ ... နားမခံသာဘူးလား၊ တကယ်ပဲကွာ ... စိတ်ရှိလက်ရှိ ထုထည့်လိုက်ရ ... ဒီခေါင်းတော့ ချိုင့်ဝင်သွားတော့မှာပဲ ...”

“ရှင်နော် ...”

မျက်နှာကြီး မှုန်တေတေနှင့် တကယ်လည်း ဒေါသမထွက်ပါဘဲ သူမခေါင်းလေးဆီ လက်သီးဆုပ်လေး ဝဲလျက် ကြိမ်းလားမောင်းလား လုပ်နေတဲ့ ကြယ်စင်ခကို မျက်စောင်းလေး ရွယ်ပစ်လိုက်သည်။

“ဘာလဲ ... မကျေနပ်ဘူးလား ...”

“မကျေနပ်ဘူး ... ရှင်က ကြိမ်းဝါးနေရအောင် ဘာမို့လို့လဲ၊ ဟွန်း ...”

“ငါက ဘာလဲဆိုတာ မင်း တကယ်မသိဘူးလား သဟာ”

“... ...”

“ငါက ဆွေသဟာဆိုတဲ့ မင်းရဲ့ ခင်ပွန်းလောင်းလေ ... မင်းနဲ့ မကြာခင် လက်ထပ်မဲ့ မင်းရဲ့ ခင်ပွန်းလောင်းပဲ ဆွေသဟာ ...”

“ဘာ ... ဘာရယ် ... ရှင် ... ရှင်နော် ... ပေါက်ကရတွေ လျှောက်မပြောနဲ့ မေမွန်ကြားရင်တစ်မျိုးထင်နေဦးမယ်ရှင့်”





“မေမွန်ကြားရင် ဟုတ်လား ... ဘာကြားရင်လဲ ... သူလား အခုချိန်မှာ ကြားနိုင်မှာ ... အခုလောက်ဆို နေဝန်းရဲ့ရင်ခွင်ထဲမှာ အပျော်ကြီးပျော်ပြီး လောကကြီးကိုတောင် မေ့ချင်မေ့နေမှာကွ ...”

“ဘယ် ... ဘယ်လို ...”

“မင်း တကယ့်ကို ရိုးတယ် သဟာ ... ဒါကြောင့်လည်း မေမွန့်ရဲ့ လှည့်စားမှုကို အလူးအလဲ ခံလိုက်ရတာ ... တကယ်တော့ ... မေမွန်က မင်းထင်သလောက် ရိုးစင်း မနေခဲ့ဘူး သဟာရယ် ...”

ကြယ်စင်ခ ... အကြောင်းစုံကို ခပ်ဖြည်းဖြည်းချင်း ပြနေမိသည်။ ပထမတော့ ဆွေသဟာ အရမ်းကို အံ့သြသွားပုံ ။ သူ ပြောပြတဲ့အကြောင်းအရာလေးတွေကို မျက်လုံးလေးပြူး နားထောင်နေ၏။ စောစောကလို စောင်ကြီးခေါင်းမြီးခြုံမထား ့ပါ။ ခုတင်နောက်မှီလေးကို မှီထိုင်ပြီး သူ့ကို ခပ်စူးစူးလေး ကြည့်ကာနေသည်။

အဖျားရှိန်ကြောင့် ... ပန်းနုရောင်မျက်နှာလေးက ည်းငယ် ရဲစိုနေ၏။ စိန်ပွင့်လေးလို လက်ဖြာနေတဲ့ မျက်နက် ိုင်းဝိုင်းလေးတွေကညို့ငင်မှုပြင်းကာ သူ့ရင်ခုန်သံတွေကို အမြင့် ဆွဲတင်နေသည်။

အပူရှိန်ကြောင့် အနည်းငယ် သွေ့ခြောက်နေတဲ့ ဆိုင့်နှုတ်ခမ်းဖူးဖူးလေးဆီ သူ့အကြည့်တွေအရောက် ခန္ဓာကိုယ် ခုလုံး လှိုက်ခုန်နွေးမြကာ အကြည့်စူးစူးလေးတွေက အကြာ

ကြီး ရပ်တန့်သွားရတော့၏။

"သဟာ ..."

"ရှင် ..."

"ကိုယ့်အပေါ် အထင်မလွဲတော့လောက်ပါဘူးနော် ..."

"... ..."

"ဖြေလေ သဟာ ..."

"... ... ..."

"သဟာ့အပေါ် ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သိပြီ မဟုတ်လားဟင် ..."

"ဟာ ... ဘာတွေလာမေးနေတာလဲ ... မသိဘူး သွား"

"သိပါတယ်ကွာ ... ဟောဒီနှုတ်ခမ်းလေးက မောင် ဘယ်လောက်ထိ ချစ်တတ်တယ်ဆိုတာ သိနေပြီးသားပါ ..."

အို ... ရဲတင်းလွန်းတဲ့ သူ့စကားလေးကြောင့် ဆွေသဟာ့ မျက်နှာလေး ဖျတ်ခနဲ ငုံ့ကျသွားရသလို ရင်ထဲမှာလည်း အေးတလှည့် နွေးတလှည့် ခံစားချက်များနှင့် ရင်ခုန်သံတွေ မြန်ဆန်နေရတော့သည်။

"သဟာ ..."

"မောင်မေးတာ ဖြေလေ ..."

"အို ... ဘာတွေလဲ ... ဘာတွေလာမေးနေတာလဲ"

"သဟာနော် ... မောင် အသည်းယားလာပြီ ... ခေါင်းကြီးကို တအားစွတ်ငုံ့မထားနဲ့လေ ... မောင့်မျက်နှာကို မော့ကြည့်ပြီး မောင်မေးတာကိုဖြေ ... သဟာ ... မောင့်ကို





ချစ်တယ်မဟုတ်လား ..."

"... ... ..."

"သဟာ ... ဟေ့ ..."

"အို ... ဘာလို့ အသံကျယ်ကြီးနဲ့ အော်ရတာလဲ ... မာမီ ကြားသွားမှ ..."

"ကြားတော့ ဘာဖြစ်လဲ ... ယောက္ခမကြီးက မောင့်ဘက်က ပါပြီးသားပဲ ..."

"ရှင်နော် ..."

"မောင်ပါ ..."

"ဘာ မောင်လဲ ..."

"ဟာ ... ကြည့်စမ်း ... မောင်လို့ ခေါ်လိုက်တယ် ... ဟားဟား ... ငါကွ ... မောင်တဲ့ ... ဆွေသဟာက မောင်လို့ခေါ်တယ် ..."

"အို ... ရှင် ... ရှင် ဘယ်မှာခေါ်လို့လဲ ... မခေါ်မိဘဲနဲ့ ... အို ... ရှင့်အသံကျယ်ကြီးနဲ့ အော်မရယ်နဲ့လေ ..."

ဝမ်းသာအားရ တဟားဟား အော်ရယ်နေတဲ့ သူ့ ...ပ်ကြီးကို လက်ဖဝါးနုနုလေးတွေနှင့် ဆွေသဟာ အတင်းလိုက် ...နေမိသည်။ သူက ဇွတ်အတင်း ဆွဲချာပြီး ရအောင်အော်လေ ... ဆွေသဟာ အရှက်ကြီး ရှက်ကာ လိုက်တားဆီးလေလေ ...ီးသား လုံးထွေးနေတော့သည်။ သူနှင့်အတူ သဟာပါ လိုက် ...မိတော့၏။

ခဏကြာတော့ ...

ကြယ်စင်ခရဲ့ ရယ်သံလေးတွေက ရပ်သွား၏။ မျက်ဝန်းအကြည့်လေးတွေက အချစ်ရည်တို့ဖြင့် တလက်လက်ထကာ ရီဝေလာသည်။ မျက်လုံးအကြည့်လေးတွေ တွေ့ဆုံသွား၏။ နှစ်ဦးသားရဲ့ ရင်ခုန်သံလေးတွေ ဆူညံသွားရသည်။

သဟာ့မျက်နှာလေးဆီ ...

တဖြည်းဖြည်း ငုံ့မိုးကျလာသော ကြယ်စင်ခရဲ့ မျက်နှာချောချောကြီးကို ရင်မဆိုင်ရဲစွာ မျက်ဝန်းလေးအစုံကို မှိတ်ပစ်လိုက်သည်။ နွေးအိလှိုက်မောလွန်းတဲ့ ခံစားချက်လေးနှင့်အတူ ... သဟာ့နှုတ်ခမ်းအိအိလေးက သူ့အနမ်းများအောက်တွင် ယစ်မူးသွားရတော့သည်။

"သဟာရယ် ... "

"မောင်လေ ... သဟာ့ကို သိပ်ချစ်တယ် ချစ်ရယ်"

မောင်ရယ် ...

သန်မာမြိမြိလွန်းသော မောင့်လက်များက ဆွေသဟာ့ကိုယ်လေးကို ခပ်တင်းတင်းလေး ပွေ့ဖက်လာသည်။ ဆွေသဟာ့ကိုယ်လုံးအိအိလေးက သူ့ရင်ခွင်နွေးနွေးကြီးထဲနစ်မြုပ်သွားရ၏။

ရင်ခုန်လှိုက်မောဖွယ်ရာ အချစ်များနှင့် ... သိပ်ကိုကြင်နာတတ်သော မောင်က ဆွေသဟာ့စိတ်တွေကို အကောင်းဆုံး ညှို့ယူနေခဲ့သည်။

"မောင် ... "

"ဟင် ... "

အနမ်းလေးတွေကို မရပ်ဘဲ မောင်က ထူး၏။





"မောင့်ကို ချစ်တယ် ... "

"ဟင် ... "

"မောင့်ကို သဟာ ချစ်တယ်လို့ ပြောတာ ... "

"ဘာရယ် ... "

"မောင်နော် ... ကြားရဲ့သားနဲ့ ... "

"အပွန်း ... အလကား စ,တာပါကွာ ... မောင် ကြားပါတယ် ... မောင့်အချစ်သဟာလေးက အရမ်းကို ချစ်ချစ်တတ်လွန်းလို့ ဒီတစ်ခါ မောင့်အလှည့် တကယ်ရောက်တာ သေချာပြီလားလို့ ပြန်မေးမိတာပါ ... "

"ဟင် ... "

"ဟုတ်တယ်လေ ... အစွဲအလမ်းကြီးလွန်းတဲ့ ချစ်က ... အလကားနေ မေမွန့်အတွက်ချည်းပဲ တစ်ချိန်လုံး စဉ်းစားနေတတ်တာလေ ... "

မေမွန်ဆိုတဲ့ နာမည်လေးကို ကြားလိုက်ရတာနှင့် ဆွေသဟာ့မျက်နှာလေး ညှိုးနွမ်းသွားရသည်။ မောင့်ကို ... မေမွန်ဘယ်လောက်ထိစွဲလမ်းခဲ့ဖူးတယ်ဆိုတာဆွေသဟာအသိဆုံးပဲလေ။

"ဟောကြည့် ... မေမွန့်အကြောင်း ပြောမိတာနဲ့ မျက်နှာကြီးက ငိုင်ကျသွားပြန်ပြီ၊ တော် တော် မျက်နှာကြီးကို မောင့်ဘက်လှည့်တော့၊ ဒီတစ်ခါတော့ မောင်လုံးဝအလျှော့မပေးနိုင်တော့ဘူးနော် သဟာ၊ မင်းရဲ့အဓိပ္ပာယ်မရှိတဲ့လုပ်ရပ်တွေကို ဒီတင်ပဲရပ်တန်းကရပ်တော့ မောင် နည်းနည်းလေးမှ သည်းမခံနိုင်တော့ဘူး ... မင်းရင်ထဲက ရှင်သန်

ပေါက်ဖွားလာတဲ့ချစ်ခြင်းမေတ္တာတွေအားလုံး မောင်တစ်ယောက်တည်းပဲပိုင်ဆိုင်စေရမယ်၊ မင်းမောင့်ကိုပဲချစ်ရမယ်"

"အို ... "

"ဘာလဲ ... မောင်ပြောတာ မဟုတ်လို့လား ... "

"ဟုတ်တယ် ... "

"ဟာကွာ ... "

"အို ... မောင်ရယ် ... "

စိတ်ဆိုးမာန်ဆိုး မောင့်ခေါင်းလေးက နောက်တစ်ကြိမ် ငုံ့မိုးကျလာတာမို့ ဆွေသဟာ အလန့်တကြားလေးပင် တားဆီးလိုက်မိသည်။ သို့သော် ... အင်မတန် လျင်မြန်သွက်လက်လွန်းတဲ့ မောင့်ကို လိုက်မမီစွာ ဆွေသဟာ့ တားဆီးမှုတွေက အချည်းနှီး ဖြစ်သွားရတော့၏။

မောင်ရယ် ... ရှင် စိတ်ချပါနော်။

ဒီတစ်ခါတော့ ... ဆွေသဟာ့ဘဝရဲ့ ထာဝရအချစ်တော်က ... ဇွေ သဟာ သိပ်ချစ်တဲ့ မောင်ပဲ ဖြစ်ရမှာပါ။

ဆွေသဟာပိုင်ဆိုင်ထားတဲ့အချစ်တွေအားလုံးဟာ ဆွေသဟာသိပ်ချစ်ရတဲ့မောင့်အတွက်ပဲ ထာဝရဖြစ်စေရပါ့မယ်။

မောင့်ကို ဆွေသဟာသိပ်ချစ်မိသွားပါပြီမောင်ရယ်

ရင်ခုန်သံမရပ်သရွေ့

အမြဲချစ်တတ်နေမယ် ---

ရှင်မြတ်နိုး





## စာရေးဆရာမ ရှင်မြတ်နိုး၏
## ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ


(၁) နှလုံးသားမျက်ရည်ထဲကနှင်းဆီ
(၂) ညို့မျက်ဝန်းမှထွက်ခွာခွင့်
(အိုရိုက်တာဇော့ထွန်းသက်လွင်မှ ရုပ်ရှင်ရိုက်ကူးရန် ဝယ်ယူထားပါသည်)
(၃) မင်းစေသမျှအမိန့်တွေရဲ့နာခံရာ
(၄) နှလုံးသားစေညွှန်းရာသို့ (ဗီဒီယိုရိုက်ကူးရန် စီစဉ်နေပါသည်)
(၅) ရှင့်ကိုချစ်တယ် (ဗီဒီယိုရိုက်ကူးရန် စီစဉ်နေပါသည်)
(၆) မိုးကောင်းကင်ကြီးသိပါတယ်
(၇) နှလုံးသားရှိရင် ခံစားကြည့်ပါ
(၈) ကြွေမိုရဲ့ ဒဏ္ဍာရီ
(၉) ရဲရဲချစ် ရဲရဲမုန်း
(၁၀) ကြင်နာသူရဲ့ချစ်ခြင်း
(၁၁) ချစ်သူဇန်ဆင်းသော

ယခုလ

* ရင်ခုန်ခဲ့ဖူးတယ်

ရှေ့လ

* မျက်ရည်လွယ်သူမဇတ်ရ
* မာယာကင်းသောချစ်ခြင်းဖြင့်သာ